
www.burmeseclassic.com

တူဒေးစာအုပ်တိုက်

နေဇင်လတ်

# လူ သို့မဟုတ် အနာဂတ်ဖြင့်ရှင်သန်သူ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

**တူဒေးစာအုပ်တိုက်**

အမှတ် စီ-၂၊ အဏ္ဏဝါလမ်းသွယ်(၂)၊ ညောင်တန်းအိမ်ရာ
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၅၈၈၆၊ ၂၉၉၇၉၇
စာတိုက်သေတ္တာအမှတ် - ၁၂၇၇
အမှတ်-၄၈၂၊ ၈၀ လမ်း၊ ၂၉ × ၃၀ လမ်းကြား မန္တလေးမြို့။
ဖုန်း - ၃၈၇၇၉

www.burmeseclassic.com

www.burmeseclassic.com

တူဒေးစာအုပ်တိုက်

ပထမအကြိမ်
၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ

အုပ်ရေ (၅၀၀)
တန်ဖိုး (၈၅၀) ကျပ်

မျက်နှာဖုံးသရုပ်ဖော်
ဘငွေးကြည်

ထုတ်ဝေသူ
ဒေါက်တာသာထွန်းဦး
တူဒေးစာအုပ်တိုက်
အမှတ်စီ-၂ အဏ္ဏဝါလမ်းသွယ်(၂)၊ ညောင်တန်းအိမ်ရာ၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးဝင်းအောင်
သန်းထိုက်ရတနာ ပုံနှိပ်တိုက်
၈၄/၈၆၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်။

စာမူခွင့်ပြုချက် - ၅၄၃/၂၀၀၄ (၆)
မျက်နှာဖုံးခွင့်ပြုချက် - ၁၀၅၈/၂၀၀၄ (၁၂)

ဖြန့်ချိရေး
တူဒေးစာအုပ်တိုက်
အမှတ် စီ-၂ အဏ္ဏဝါလမ်းသွယ်(၂)၊ ညောင်တန်းအိမ်ရာ၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၉၅၈၈၆၊ ၂၉၄၇၉၇
စာတိုက်သေတ္တာအမှတ် - ၁၂၇၇
အမှတ် ၁၁၇၊ ၂၉ လမ်း၊ ၈၀ × ၈၁ လမ်းကြား၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း - ၀၂-၃၈၇၇၉

လူမှုစီးပွားစာစဉ် (၂၂)

# လူ၊ သို့မဟုတ် အနာဂတ်ဖြင့်ရှင်သန်သူ

နေဇင်လတ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

## မာတိကာ


၁။ စွန့်စားခြင်းသည်လောင်းကစားမဟုတ် ... ၁
စွန့်လွှတ်ခြင်းသည်ဆုံးရှုံးခြင်းမမည်
၂။ မိုခိုစိတ် ... ၉
၃။ ဖြစ်ထွန်းမှုနှင့်အခြေခံသဘောတရား ... ၁၇
၄။ ဘဝဆိုသည်ပြောင်းလဲခြင်းဖြစ်၏ ... ၂၄
၅။ အသိမှန်ရာ ... ၃၀
၆။ နားလည်ခြင်း ... ၃၈
၇။ လူနပ်ချမ်းသာ ... ၄၅
၈။ ပြောင်းလဲခြင်းနှင့်တိုးတက်သောအသိ ... ၅၅
၉။ အဆင့်မြင့် ၊ အမြင့်ဆင့် ... ၆၃
၁၀။ ပညာသည်သာအနာဂတ် ... ၇၁
၁၁။ တန်ဖိုး ... ၈၀
၁၂။ ပြောင်းလဲခြင်း ... ၉၀
၁၃။ ကိုယ့်ကိုယ်ကိုကိုး ... ၁၀၀
၁၄။ အနာဂတ်ဖြင့်ချမ်းသာခြင်း ... ၁၀၉
၁၅။ အကောင်းကျင့်မှအကျင့်ကောင်းသည် ... ၁၂၂
၁၆။ အနာဂတ်သို့ကြိုတင်ရောက်ရှိခြင်း ... ၁၃၁
၁၇။ သတိမှုလျှင် ... ၁၄၀
၁၈။ လူ (သို့) အနာဂတ်ဖြင့်ရှင်သန်သူ ... ၁၅၀
၁၉။ ယုံကြည်မှု ... ၁၅၈
၂၀။ အမြင်မရှိဘဝမဖြစ် ... ၁၆၈
၂၁။ လွှန်သွားသလား ... ၁၇၆


www.burmeseclassic.com

www.burmeseclassic.com



## ထုတ်ဝေသူအမှာ

လူ ဟူသည်မှာ အခြားသတ္တဝါများကဲ့သို့ 'အိပ်-စား-ကာမ' ဤသုံးဝဖြင့်သာ ကျင်လည်လှုပ်ရှား အချိန်ကုန်သွားသည့် သက်ရှိတစ်မျိုး မဟုတ်၊ လှပသောဘဝတစ်ခု တည်ဆောက်နိုင်ရေးအတွက် မဆုံးနိုင်သော မျှော်လင့်ချက်တွေ တစ်လှေကြီးဖြင့် ဘဝခရီးကို မညည်းမညူ လျှောက်လှမ်းပုံဖော်နေသည့် 'အသိရှိ' သတ္တဝါတစ်မျိုးသာ ဖြစ်သည်။

လူ မှန်လျှင် အနာဂတ်ကို မျှော်တွေး၍ မိမိ၏အနာဂတ် မည်သို့မည်ပုံရှိရမည်ကို (အကြမ်းဖျင်းပဲဖြစ်စေ) ပုံဖော် ဆောက်တည်ကြစမြဲဖြစ်သည်။ သို့သော် အချို့ လူသားများမှာမူ အနာဂတ်အတွက် မည်သို့သော ဦးတည်ရည်မှန်းချက်မျှ မချမှတ်ဘဲ ဖြစ်သလို ရင်ဆိုင်ဖြတ်သန်းသွားကြသည်ကို တွေ့နိုင်ပေသည်။

လူ ဟူသော သက်ရှိဘဝကို ရရှိခြင်းသည် ရတောင့်ရခဲ ဒုလ္လဘတစ်ရပ် ဖြစ်ကြောင်း ဘာသာတရား၏အဆုံးအမတွင် အတိအလင်းပါရှိပြီး ဖြစ်ပေသည်။ ထိုသို့ ရခဲလှသောလူ့ဘဝကို အခွင့်အရေးကြုံစွာ ရရှိပိုင်ဆိုင်ထားပါလျက် မိမိအနာဂတ်အတွက်ပင် စီမံကိန်း ကြိုတင်ချမှတ်မထားနိုင်သောသူသည် နိုင်ငံ့အကျိုး၊ လူမျိုးအကျိုး၊ လောကအကျိုးတို့ကို မည်သို့မည်ပုံ ဆောင်ရွက်ဖြည့်ဆည်းပေးနိုင်ပါမည်နည်း။

( မိမိအနာဂတ်ကို လှပစွာပုံဖော်နိုင်ရန်အတွက် လူ၌ လုံလောက်သော 'ပညာ' ရှိရန်လိုသည်။ 'ပညာ' နှင့်ပြည့်စုံမှသာ 'အသိ' ကုံလုံပြီး ထို ပညာ-အသိ တို့ဖြင့် မိမိအနာဂတ်အတွက် မျှော်လင့်အာရုံများဖြင့် ရှင်သန်ရပ်တည်နိုင်ပေမည်။ )

ထိုသဘောတရားများကို အသေးစိတ် ရေးသားဖော်ထုတ်ရှင်းလင်းထားသော လူ၊ သို့မဟုတ် အနာဂတ်ဖြင့်ရှင်သန်သူ ဆောင်းပါးများသည် မိမိအနာဂတ်ကိုမိမိတတ်စွမ်းသလောက် ပုံကောင်းပုံလှဖြစ်အောင် သွန်းလောင်းလိုသူများအတွက် အမှန်တကယ် အကျိုးရှိစေမည့် အသုံးချစာအုပ်ကောင်းတစ်အုပ် ဖြစ်သည်ဟု သတ်မှတ်ထုတ်ဝေလိုက်ရပါသည်။

တူဒေး စာအုပ်တိုက်

## စွန့်စားခြင်းသည်လောင်းကစားမဟုတ်
## စွန့်လွှတ်ခြင်းသည်ဆုံးရှုံးခြင်းမမည်

ဘဝတစ်ခုတွင် စွန့်စားခြင်း၊ သို့မဟုတ် စွန့်လွှတ်ခြင်းတစ်ခုခုကို ကြုံဖူးကြမည်ဟုယုံကြည်သည်။ စီးပွားရေးတွင်လည်းကောင်း၊ နိုင်ငံရေးတွင်လည်းကောင်း စွန့်စားမှုရှိစမြဲဖြစ်ကာ Risk Factor ဟု ယေဘုယျနားလည်ထားကြပြီး ဖြစ်သည်။ လောင်းကစားခြင်းကို Gambling ဟုသတ်မှတ်ပြီး Risk နှင့် Gambling သဘောအားဖြင့်မတူညီပါ။ ဆယ်ကျော်သက်များနှင့် ဆွဲအားကြီး၍ ပညာငယ်သူများက အယူအဆလွဲမှားတတ်ပြီး ယင်းနှစ်ခုကို အတူတူဟု ခံယူတတ်ကြပါသည်။ စွန့်စားခြင်း၏ Risk Factor များလာလျှင်မူ လောင်းကစားဆန်ဆန်နယ်နိမိတ်သို့ ရောက်ရှိတတ်သည်ကို သတိပြုသင့်၏။

( 'သေလျှင်မြေကြီး၊ ရှင်လျှင်ရွှေထီး' ဟူသောစကားပုံမှာ စိတ်ဓာတ်အင်အား တိုးပွားစေရန် ကျားကန်ခြင်းသာ ဖြစ်ပြီး ဇွဲဖြတ်ထိုးဆောင်ရွက်ခြင်းကို အားပေးခြင်း မမည်ပါ။) အောင်မြင်ခြင်းနှင့် ဆုံးရှုံးခြင်း ရာခိုင်နှုန်းအနည်းအများ မိမိဘက်မှာ မည်မျှရှိသည်ကို တွက်ချက်ဟတ်ဖို့လိုသည်။ ရှုထောင့်တစ်ခု အသေကိုင်၍ ဆုံးဖြတ်ချက်ခြင်းမျိုးကို ရှောင်သင့်ပြီး ဘက်စုံထောင့်စုံမှ အမြင်ရှိဖို့

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ပရိယာယ်ကြွယ်သော ယနေ့လောကကြီးတွင် အခြားသူများ၏ ဉာဏ်ရည်ဉာဏ်သွေး၊ အတွေ့အကြုံ၊ အတွေးအခေါ်နှင့် အမြင်များသည် မိမိထက်မညံ့နိုင် ဟူသောခံယူချက်ဖြင့် ပိုမိုမြင်တတ်၊ တွေးတတ်၊ ပြင်ဆင်တတ်လျှင် Risk Factor ကို အနိမ့်စပ်ဆုံး ရရှိနိုင်မည် ဖြစ်၏။)

ပကတိအမြင်ကိုမြင်တတ်ဖို့အရေးကြီးပြီး ကိုယ့်ထက်တော်ကြသူများဟု Over Estimate လုပ်လျှင် တဖြည်းဖြည်း မိမိကိုယ်ကိုအနိမ့်စိတ်၊ သိမ်ငယ်စိတ် (Inferior Complex) သွတ်သွင်းသလိုဖြစ်နိုင်သည်ကို သတိချပ်သင့်ပြီး ငါ့ထက် အားလုံးညံ့တာပဲဟု အထင်ရှိလျှင်လည်း Superiority စိတ် ဟူသော ဘဝင်စိတ်ဝင်တတ်ပါသည်။ (ပကတိအမြင်သည် အရေးသုံးပါးသော တိုက်ပွဲအတွက် အရေးကြီးသော Data ဟုနားလည်ထားပြီး ပြင်ဆင်တတ်ရန်လိုပါသည်။) သိမ်ငယ်စိတ်ဝင်ခြင်းဖြင့် လူတော မတိုးတော့ဘဲ ဝန်းကျင်နှင့်ဝေးတတ်ပြီး ဘဝင်စိတ်များလာလျှင် အန္တရာယ် နယ်နိမိတ်သို့ စတင်ဝင်ရောက်ပြီဟု နားလည်ရန်လိုသည်။ 'တတ်ပြီ-သိပြီ' ဟု ခံယူသောနေ့သည် ထပ်မံအရည်အချင်း မတိုးတက်ဘဲ စတင်ရပ်တန့်သောနေ့ဟု နက်နက်နဲနဲသိထားရန် လိုသည်။) အတုမရှိသော ဗုဒ္ဓမှတစ်ပါး ရဟန္တာများပင် အကုန်မသိလျှင် လူသားအားလုံးသည် သိရန်အများကြီးကျန်သေးသည်ဟု ခံယူရန်ဖြစ်သည်။

နှစ်ဆယ်ရာစု၏ အကြီးကျယ်ဆုံး သိပ္ပံပညာရှင် အဲလ်ဘတ်အိုင်းစတိုင်းနှင့် နှစ်ဆယ့်တစ်ရာစု၏ အထင်ရှားဆုံး သိပ္ပံပညာရှင်ကြီး စတီဖင်ဟော့ကင်းတို့သည် ပိုလေ့လာလေ သိရန်တွေ အများကြီးရှိလာလေဟု ခံယူထားကြသူများ ဖြစ်ပါသည်။

စိတ္တဗေဒအလိုအရပင် လူတို့၏ အပြောင်းအလဲအပေါ် သာယာခြင်းက ဒီနေ့အသိနှင့် မနက်ဖြန်အသိ မတူညီခြင်းကို



ဖြစ်နေသဖြင့် ဘယ်တော့မှ ပြည့်စုံခြင်းမရှိနိုင်ဟု ရှေးပညာရှိများက ဆိုခဲ့ခြင်းဖြစ်သည်။ (စွန့်စားခြင်းသည် ပညာပေါ် အခြေခံပြီး လောင်းကစားခြင်းသည်ပညာမဲ့ခြင်း၊ ဆင်ခြင်တုံတရားခေါင်းပါးခြင်းအပေါ် အခြေခံသည်။) စွန့်စားသူတို့၏ ဆောင်ရွက်ချက်များစုသည် Risk Factor နည်းပါးကြပြီး အကျိုးအမြတ်အားဖြင့် လောင်းကစားသူတို့လောက် ရနိုင်မည်မဟုတ်၊ သို့သော် ဆုတ်တက် လွယ်မှုကို အရန်ထားသဖြင့် ဆုံးရှုံးလျှင်ပင် လောင်းကစားသူ၏ အရှုံးမျှ ရှိမည်မဟုတ်။

အောင်မြင်လျှင်မာစီဒီးစီးမည်ဟု ကြုံးဝါးပြီး ကန်စွန်းရွက် ကိုက်ခဲ့ရသော အရေအတွက်သည် မည်သည့်လမ်းစဉ်ကို လိုက်သင့်သည်ဟု ထင်ရှားစွာပြဆိုသော ညွှန်းကိန်း (Index) တစ်ခုဖြစ်သည်။ ထိုကိုအခြေခံသော လောင်းကစားဆန်သူများအရေအတွက်မှ အလွန့်အလွန်နည်းပါးသော အောင်မြင်သူအရေအတွက်တွင် မိမိ ပါနိုင်မပါနိုင်ကို အလွယ်တကူသိနိုင်မည် ဖြစ်သည်။ 'မှော်'ဟု ခေါ်သော ကျောက်တွင်း၌ လူပေါင်း သောင်းသိန်းချီ၍တွေ့နိုင်ပြီး ချမ်းသာသွားသူအရေအတွက် လက်ချိုးရေတွက်နိုင်ခြင်းသည် အောင်မြင်မှုရာခိုင်နှုန်းမည်မျှသာရှိသည်ကို ထင်ရှားစွာ တွေ့နိုင်သော သာဓကတစ်ခု ဖြစ်သည်။

ဈေးကွက်ရှိသော ထုတ်ကုန်တစ်ခုအပေါ် အရောင်းအဝယ် လုပ်ခြင်းဖြင့် နေ့ချင်းညချင်း သူဌေးမဖြစ်နိုင်သလို ဆိုးဆိုးဝါးဝါးလည်းမဖြစ်နိုင်ပါ။ လောဘအခြေခံ၍ တစ်ဖက်စွန်း ဘက်ခေတ်ဖြင့် ဘဏ်စားပြတိုက်သူအတွက် လွတ်လျှင် ကုဋေကြွယ် ပြုနိုင်သော်လည်း မိလျှင်ကား ထောင်နန်းစံ၍ ဘဝပျက်မည်ကို သတိမူလျှင် လောင်းကစားတွင် High Risk Factor ရှိကြောင်း တွေ့ရမည်ဖြစ်သည်။ နိုင်ငံရေး အပြောင်းအလဲ များသော အိမ်နီးချင်းနိုင်ငံတစ်ခုတွင် နိုင်ငံရေးအခြေခံ စီးပွားရေးသမားများ အကြီး

www.burmeseclassic.com

www.burmeseclassic.com



အကျယ်အလုပ်ဖြစ်ကြသော်လည်း အပြောင်းအလဲတွင် တရားခံဖြစ်၍ ပြုတ်ပြုတ်ပြုန်းသွားသောသာဓကများကိုကြည့်လျှင် Risk Factor အတွက်ထပ်မံထည့်သွင်းသင့်သည့်ရှုထောင့်တစ်ခုလည်း ဖြစ်ပါသည်။

စွန့်စားခြင်းသည် ကံ၊ ဉာဏ်၊ ဝီရိယအပေါ်အခြေခံသည်ဖြစ်၍ ကံပယ်လျှင်ပင် ဉာဏ်ဟူသောပညာနှင့် ဝီရိယအကျိုးခံစားနိုင်သေးသည်ကို သတိပြုသင့်သည်။ Knowledge Base Society နှင့်လိုက်လျောသောအယူအဆလည်းဖြစ်ပါသည်။ လောင်းကစားခြင်းသည် ကံတစ်ခုသက်သက်အပေါ်သာ အခြေခံသည်ဖြစ်ရာ ကံကောင်းစဉ် တစ်ခဏ၌သာ တိုင်ထိပ်ပေါ် ရောက်နိုင်ပြီး ကံပယ်သည့်တစ်ခဏ အံကျနာနိုင်သည်။ မည်သူမျှ တစ်သက်တာ ပတ်လုံးကံကောင်းမည်ဟု ဘုရားပင် အာမခံချက်မပေးနိုင်။

မျိုးဆက်အဆင့်ဆင့်ကိုမျှော်ကြည့်လျှင် စွန့်စားသူက ပညာပေါ် အခြေခံသည်ဖြစ်၍ ဥစ္စာနှင့်ပညာကို လက်ဆင့်ကမ်းနိုင်မည်ဖြစ်သော်လည်း ကံကိုသာအခြေခံသော လောင်းကစားသူက ပညာနှင့်အတွေ့အကြုံကို မျိုးဆက်သစ်သို့ မျှဝေနိုင်မည်မဟုတ်၊ ဥစ္စာပင်လျှင်ရေရာသည်ဟုအတပ်မသိနိုင်။

အင်ဒိုနီးရှား၏အရေးအခင်းတစ်ခုတွင် ဗိုလ်ချုပ်ကြီးဝီရန်တို၏ ဓာတ်ပုံများသည် နိုင်ငံတကာသတင်းစာ ရှေ့စာမျက်နှာတွင် ရက်ပေါင်းများစွာပါခဲ့ဖူး၏။ High Risk Factor ကိုယူ၍ တိုင်ထိပ်တက်ရန် အစပျိုးခဲ့သော်လည်း အခြေအနေမှန်ကိုရိပ်စားမိသည့်တစ်ခဏဝယ် Low Risk Factor သို့ ပြောင်းနိုင်ခဲ့သည်။ ဖိလစ်ပိုင်၌ သမ္မတ မားကို့စ်သည် နောက်ဆုံးအချိန်အထိ High Risk ယူခဲ့သဖြင့် ဘဝဇာတ်သိမ်းမလှနိုင်ရှာခြင်းသည်ဟု ယူတတ်လျှင် သင်ခန်းစာတွေ တစ်ထမ်းကြီးရမည်ဖြစ်သည်။



၊ စွန့်လွှတ်ခြင်းကို အချို့က ဆုံးရှုံးခြင်းဟုခံယူလေ့ရှိကြသည်။ ပုံသေ အတွေးအခေါ်သမားများ၏ ခေတ်မမီတော့သည့် အယူ အဆသာ ဖြစ်သည်။ (စွန့်လွှတ်ခြင်းတိုင်းသည် ဆုံးရှုံးခြင်းမည်ပါ။) ပညာရှိသူတို့၏စွန့်လွှတ်ခြင်းများသည် တစ်ဖက်မှကြီးစွာသော အောင်မြင်မှုများအတွက်ဖြစ်သည်ကို ဖော်ယူတွေးနိုင်သင့်သည်။) သိဒ္ဓတ္ထမင်းသားဘဝက အိမ်ရှေ့အရာစည်းစိမ်ကို စွန့်လွှတ်ခဲ့ခြင်းကြောင့် 'ဗုဒ္ဓ'ဟူသောအတုမရှိဘုရားဖြစ်ခဲ့ခြင်းကသာအောင်မြင်မှု တစ်ခုဖြစ်ကြောင်း သမိုင်းမှာအထင်အရှားတွေ့နိုင်မည်ဖြစ်သည်။ ဝါတော် ၄၅ ဝါကာလပတ်လုံး ဆင်းရဲဒုက္ခခံကာလူသားအားလုံး၏ လွတ်မြောက်ရာနိဗ္ဗာန်ကို ဟောကြားခဲ့သော စွန့်လွှတ်ခြင်းသည် သန်းပေါင်းများစွာသော လူသားတို့၏ကျေးဇူးတော်ကို ရယူအောင်နိုင်ခဲ့ခြင်းမည်သည်။

ငယ်စဉ်က မြန်မာ့သမိုင်းမှာ သင်ကြားခဲ့ဖူးသော နန်းသူဌေးကြီး ဦးနာအောက်သည် အင်္ဂလိပ်တို့နှင့် ရေလမ်း စီးပွားပြိုင်ပွဲတွင် ခေါင်းမာစွာမစွန့်လွှတ်နိုင်ခဲ့မှုကြောင့် နောက်ဆုံး မွဲတေသွားရခြင်းသည်လည်း သင်ခန်းစာယူဖွယ် ဖြစ်သည်။ အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသဖြင့် ချီးကျူးဖွယ်ဖြစ်သော်လည်း ညာအမြော်အမြင်သာရှိခဲ့လျှင် မဟာဗျူဟာပြောင်းခြင်းဖြင့် အမျိုးသားရေးစိတ်ဓာတ် ပြည့်ဝသူအဖြစ်သာမက အခြား ကောင်းကျိုးများကိုလည်း ကျန်ရှိသောနေဖြင့် ဆက်လက် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

〈သားသမီး၏ရှေ့ပညာရေးအတွက် ခြိုးခြံသုံးစွဲ စွန့်လွှတ်သောမိဘသည် မမျှော်ကိုးသော်လည်း တစ်ချိန် သက်သောင့်သက်သာရှိမှုဟူသော အောင်မြင်မှုကို ပြန်လည်ရရှိမည်သာဖြစ်သည်〉 အမျိုးပေါင်းများစွာသော စွန့်လွှတ်ခြင်းများကို ပုံမဖော်လိုသည်း(တစ်ဦးတစ်ယောက်သည် မိမိဘဝအနာဂတ်လုပ်ရေး

www.burmeseclassic.com

www.burmeseclassic.com



အတွက် အနည်းဆုံး 'သာယာ' မှုကို စွန့်လွှတ်သင့်သည်။) လူ
သဘာဝအရ လောလောဆယ် သက်သောင့်သက်သာရှိမှုကို
ဘပ်မက်သာယာကြသည်။ ဖြစ်နိုင်လျှင် ဘာမှမလုပ်ချင်ဘဲ အဆင်
အတန်းမြင့်မြင့်နေလိုကြသည်။ အသိမဲ့သူအတွက် ပစ္စုပ္ပန်သာယာမှု
သက်သောင့်သက်သာရှိမှုကို တတ်နိုင်သမျှခံစားရန် ကြိုးစားမည်
ဖြစ်သော်လည်း ထိုသို့ဖြစ်ရန် ဖန်တီးနိုင်မည့် အရည်အချင်းကို
ဖြည့်ဆည်းရန်ကိုကား ကြိုးစားလိုစိတ်မရှိကြ။ ပင်ပန်းခံခြင်း၊ ဝီရိယ
ထားခြင်း၊ ပညာရှိရန်ကြိုးစားခြင်းဟူသော စွန့်လွှတ်ခြင်းမျိုးကို
ထားသင့်သည်။ တစ်နေ့ ၁၆ နာရီအလုပ် လုပ်သော Nissa
Motor ကယ်တင်ရှင် 'ကားလိုဂျုန်း' ကိုမဲ့ပြုံး ပြုံးကြမည် ဖြစ်ပြီ
စားသောက်ဆိုင်နှင့် ညကလပ်များတွင် ထိုထက်ပိုသောအချိန်ကို
ဖြုန်း၍ သာယာမှုရှာချင်ကြသည်။ (ယနေ့ အပင်ပန်းခံခြင်းဟူသော
စွန့်လွှတ်မှုသည် ဆုံးရှုံးခြင်းမဟုတ်ဘဲ တစ်ချိန် ကောင်းကောင်း
နေနိုင်ဖို့ဖြစ်သည်။) ပိုမိုတွေးတောနိုင်သူတို့က ၂၄ နာရီဟူသော
အချိန်ကို မည်သို့ အကောင်းဆုံးအသုံးချရမည်ဟူသော Effec
tiveness ကိုပါ ထည့်သွင်းစဉ်းစားကြပြီ ဖြစ်သည်။

ယှဉ်ပြိုင်မှု ပြင်းထန်ပြီး အသိပေါက်ကွဲသောခေတ်တွင်
သာမန်ကြိုးစားမှုဖြင့် မလုံလောက်တော့၊ နာတစ်ဖျားသာလိုလျှင်
ခေါင်းတစ်လုံးပို၍ ကြိုးစားရန် ဖြစ်သည့်ခေတ်တွင် အချိန်ပို၍
တစ်နေကုန် လက်ဖက်ရည်ဆိုင် ထိုင်နိုင်သူ၊ မော်တော်ကား
တစ်စီးဖြင့် ကလပ်ပေါင်းများစွာ လှည့်လည်နေသူများအတွက်
ချီးကျူးဖွယ်ရာဖြစ်သည်။ (လုပ်ငန်းနှင့် နေ့စဉ် မထိတွေ့သူတစ်ဦး
အတွက် အတွေ့အကြုံသည် မရင့်ကျက်နိုင်၊ မှန်ကန်သော
အဆုံးအဖြတ်ထက် ပျက်စီးစေမည့် အဆုံးအဖြတ်များသာ
ဖြစ်ဖို့ရှိမည် ဖြစ်သည်။) လူတိုင်း တစ်မရေးနိုးထ၍ပေးသော အခ



အဖြေဘာသာ မှန်နေလျှင် မည်သူမျှ အလုပ်အကြောင်း တရေးတယူ
ပြောမည်မဟုတ်၊ ပညာခေတ်လည်းရောက်လာရန်မလို။

(စွန့်လွှတ်ခြင်းတွင် ရည်ရွယ်ချက်နှင့် ဆုံးဖြတ်ချက်
မှန်ကန်ရန်သာ အရေးကြီးသည်။) မိုက်ရူးရဲဆန်ခြင်း၊ အဓိပ္ပာယ်မဲ့
သောစွန့်လွှတ်ခြင်းမျိုးကို မဆိုလို၊ ဦးဖာ ဒေါ်စုတို့မှမွေးသော
ဦးအောင်ဆန်းသည် သက်သောင့်သက်သာနေနိုင်သော ဘဝကို
စွန့်၍ ရဲဘော်သုံးကျိပ်ကို ဦးဆောင်ကာ မြန်မာ့လွတ်လပ်ရေး
အတွက် တိုက်ပွဲဝင်စွန့်လွှတ်ခဲ့ခြင်းအတွက် သမိုင်းမှာ 'လွတ်လပ်
ရေး ဗိသုကာ' ဟူ၍ ကမ္ဘည်းတွင် ကျန်ရစ်စေသည်။ စွန့်လွှတ်နိုင်ရန်
လည်း အရည်အချင်းရှိဖို့ လိုသည်။ ပညာရှိသူတို့၏ စွန့်လွှတ်ခြင်း
သည် မည်မျှပညာရှိသည်အပေါ်မူတည်၍ သမိုင်းတွင်ရစ်ကြသည်။
သာမန်အိမ်ထောင်ဦးစီးတစ်ဦးက မိသားစုအတွက်စွန့်လွှတ်ခြင်း
သည် မပြောပလောက်သော်လည်း နေစကြဝဠာနှင့် မဟာစကြ
ဝဠာကိုလေ့လာရန် အချိန်စွန့် စွန့်လွှတ်ကြသူများမှာ သိပ္ပံပညာ၏
ခေါင်းဆောင်များအဖြစ် သမိုင်းဝင်သွားကြသည်။ နိုင်ငံတစ်နိုင်ငံ၏
ခေါင်းဆောင်များ စွန့်လွှတ်ခြင်းသည်ကား ဆိုဖွယ်ရာ မရှိ၊ ရလဒ်နှင့်
အများ၏လက်ခံနိုင်ခြင်းဟူသော အောင်မြင်မှုသည် စွန့်လွှတ်ကြ
သူတို့၏တန်ဖိုး ဖြစ်သည်။ အမှန်တန်ဖိုးရရန် မှန်ကန်သော
စွန့်လွှတ်မှုမျိုး ဖြစ်သင့်သည်။ အချိန်နှင့် အခြေအနေသည်လည်း
စွန့်လွှတ်မှုမှန်ကန်စေရန် အရေးကြီးသော အချက်များ ဖြစ်သည်
အချိန်အခါမဲ့စွန့်လွှတ်ခြင်းသည် တန်ဖိုးအမှန်ကို မရနိုင်သည့်အပြင်
ဆန့်ကျင်ဘက်လားရာကိုပင် ရနိုင်မည် ဖြစ်သည်။

Know ledge Explosion ဟူသောအသိဉာဏ်ပေါက်ကွဲရာ
သောခေတ်တွင် စွန့်စားခြင်းသည်လည်းကောင်း၊ စွန့်လွှတ်ခြင်း
သည်လည်းကောင်း ပညာအခြေခံအဆုံးအဖြတ်များသာ ဖြစ်ရမည်ဖြစ်ပြီး
အရာရာသည် Right Time ဟူသော အချိန်၏ မှန်ကန်မှု Right

www.burmeseclassic.com

www.burmeseclassic.com



Condition ဟူသော အခြေအနေ၏မှန်ကန်မှုအပေါ် အခြေခံသင့်သည်။ သို့မှသာ တန်ဖိုးအမှန်ကို ပြည့်ဝစွာရမည်ဖြစ်သည်။

လူတိုင်းသည် အခြေခံအားဖြင့် လောင်းကစားမဆန်သော စွန့်စားခြင်းမျိုးနှင့် ဆုံးရှုံးခြင်းမမည်သောစွန့်လွှတ်ခြင်းမျိုးကို အသိစွဲနိုင်သင့်ပြီး တန်ဖိုးအမှန် ရနိုင်ရန် အသိရှိသင့်ကြပါသည်။

■

## မှီခိုစိတ်

အညံ့စားစိတ်တွေထဲကတစ်ခုဖြစ်၏။ ပျော့ပျော့လေးနှင့် နုံသော စိတ်လည်း ဖြစ်သည်။ ဥမမည် စာမမြောက်မီ သဘာဝ အလျောက် အာဝါသတစ်ခုတွင်မှီခိုရမည် ဖြစ်သော်လည်း အတောင်စုံက ကြိုးစား၍ပျံရမည်သာ ဖြစ်သည်။ (နိုင်ငံ တစ်ခု တိုးတက်သည်ဆိုရာတွင် တစ်ဦးချင်း တိုးတက်ပါမှ ထိုသူများ ပေါင်းထားသော နိုင်ငံ တိုးတက်မည်သာဖြစ်သည်။ မှီခိုစိတ်များ သောသူများ တိုးတက်သည်ကို မတွေ့ဖူးချေ။) တိုးတက်သော နိုင်ငံများမှ လူငယ်များ ဆယ့်လေးငါးနှစ်တွင် အတော်များများ အချိန်ပိုင်းအလုပ်လုပ်ကြပြီဖြစ်သည်။ မိဘများအပေါ် မှီခိုစိတ် လည်း တော်တော်ပင် လျော့ပါးသွားကြပြီ ဖြစ်သည်။ (တိုးတက် သည့်စိတ်နည်းသည်ထားဦး မှီခိုလိုစိတ်မများရန် အထူးလိုအပ်ပါသည်။) အာရှတွင် ဂျပန်၊ တောင်ကိုရီးယား၊ စင်ကာပူစသည်တို့ရှိ လူငယ် များသည် အနောက်နိုင်ငံလူငယ်များကဲ့သို့ မှီခိုစိတ် နည်းပါးကြ သည်။ နောက်မှ အရှိန်ယူ တက်လာသော ဗီယက်နမ်နှင့် ကမ္ဘောဒီးယားတွင်ပင် အတောင်မစုံမီကြိုးစား၍ပျံကြည့်ကြပေပြီ။

အချို့အရွယ် အသက်သုံးဆယ်ကျော် လေးဆယ်အထိ သက်ဖြန့်တုန်းရှိသေးသည်ကို အလွန်ဝမ်းနည်းဖွယ်ရာ တွေ့နေရသေး သည်။ လူပျိုအပျိုဘဝတွင် ကြိုးစား၍ ခွင့်လွှတ်နိုင်သေးသည်

www.burmeseclassic.com

www.burmeseclassic.com



ဘာဥ်း၊ အိမ်ထောင်ပြု သားမွေးပြီး ကလေးတွဲလောင်းရသည်အထိ မှီခိုစိတ် အပြည့်အဝရှိနေသေးသူကို တွေ့ရသေးသည်။ ရှာကြံ၍ ဘွဲ့တစ်ခုပေးရန်ပင် ကောင်းသေးတော့သည်။

အရာရာ မှီခိုလိုစိတ်ရှိသဖြင့် အကြံဉာဏ်လည်းမရှိတတ်၊ အနာဂတ်ကိုလည်း မတွေးတောနိုင်၊ အတိတ်က ဘာဖြစ်ခဲ့သည်ကိုလည်း မစဉ်းစား၊ ဦးဆောင်လိုသည့်ဆန္ဒမျိုးကတော့ ဝေလာဝေး။ ငယ်စဉ်က လူတစ်ဦးကိုသတိထားမိဖူး၏။ အသက်သုံးဆယ်ကျော်သည့်တိုင် မိဘထံမှနေ့သုံးကို တောင်းကောင်းတုန်း။ မိဘက အလုပ်အတင်းသွင်းပေး၍ အလုပ်လုပ်နေရသော်လည်း ဖျတ်လတ်သွက်လက်မှုမရှိ၊ ဝတ်ကျေတန်းကျေမျှသော လုပ်အားကိုသာ ထုတ်သုံး၏။ အရွယ်မလွန်တလွန်ရှိ၍ အတင်း အိမ်ထောင်ချပေးသဖြင့်သာ မိန်းမရလိုက်သည်။ အိမ်ထောင့်တာဝန်မသိ၊ ကလေးကတော့ အမွေးသား၊ လေးယောက်။ ဆီတစ်ပိဿာ နှစ်ကျပ်ခွဲခေတ်၌ လခသုံးရာကျော်မှ အရက်ဖိုးတစ်ရာနုတ်ပြီး ကျန်တာမိန်းမပေးလိုက်လျှင် တာဝန် ကျေပြီဟု ယူဆပုံရသည်။ ရက်နှစ်ဆယ် အစိတ်လောက်မှာ မီးဖိုချောင်သုံးပြတ်လျှင် အမေ့ဆီ လက်ဖြန့်တောင်းတတ်သည်။ မြန်မာ့ယဉ်ကျေးမှုအရ ယောက်ျားဖြစ်၍ အိမ်ထောင်ဦးစီးအမည်ခံသော်လည်း အကယ်စင်စစ် ဦးစီးနိုင်စွမ်းမရှိ။ သမီးအပျိုပေါက်ဖြစ်လာပြီး မိမိကိုယ်တိုင် အသက်လေးဆယ်ကျော်ငါးဆယ်နီးသည့်တိုင် ကုန်စုံရောင်းသော အသက်ခုနစ်ဆယ်နီးပါးအမေဆီက လက်ဖြန့်တောင်း၍ ကောင်းတုန်း။ နောက်ဆုံးကလေးများ လူဖြစ်ရန် မိန်းမက မီးဖိုချောင်တစ်ဖက်ဖြင့်ဈေးရောင်းကျွေးရတော့သည်။ ကိုယ်တိုင်က မှီခိုစိတ်များသဖြင့် အရာရာ ယူရမည့်တာဝန်ကိုမသိ၊ အသက်ရလာလေလေ အိမ်ထောင်ဦးစီးမှု နောက်ဆွဲ ဖြစ်မှန်းမသိဖြစ်လာခဲ့သည်။ ကိုယ်တိုင် မှီခိုလိုစိတ်သာရှိသဖြင့် သားသမီးတို့အတွက် ဦးဆောင်မှု



ပေးနိုင်၊ သွန်သင်ဆုံးမနိုင်မှုလည်း မရှိ၊ မိရိုးဖလာ "မတော်ရာမလုပ်ကြနဲ့" ဟူသော ဆုံးမစကားလောက် ပြောနိုင်ရုံဖြင့် လူ့လောကနှင့် အိမ်ထောင့်တာဝန် ကျေပြီဟု ယူဆထားပုံလည်း ရသည်။

အချို့က မလျော်ရာဆင်ခြေ ပေးတတ်သေးသည်။ ချမ်းသာသောမိဘများမှ ပေါက်ဖွားလာသော သားသမီးများ မှီခိုလိုစိတ်မကင်းကြဟု။ လူမှုဒုက္ခ အတန်ငယ်လျော့နည်းသဖြင့် အထိုက်အလျောက်မျှသာ လက်ခံနိုင်ပြီး ဗိုဇ် ပတ်ဝန်းကျင်နှင့်သာ သက်ဆိုင်သည်ဟု ခံယူသည်။ မိတ်ဆွေ ဘဏ်လုပ်ငန်းရှင် တစ်ဦး၏သားမှာ အသက်နှစ်ဆယ်ကျော်မျှဖြင့်ဘဏ်ခွဲပေါင်း များစွာကိုဦးစီးနေရပြီဖြစ်သည်။ ဦးဆောင်လိုစိတ်၊ ကြိုးစားလိုစိတ် လည်းရှိသဖြင့် အချိန်သည်လောက်ငပုံမပေါ်။ ထိုအသက်အရွယ် မှာ လောကီသုခများခံစားချိန်ဖြစ်ပြီး ငွေကြေးသုံးစွဲနိုင်သူလည်း ဖြစ်လင့်ကစား လူကြီးတစ်ဦးလိုသာ တွေ့ရသဖြင့် သနားစရာပင် ကောင်းလှသေးသည်။ ပြည်ပမှာ ပညာသင်ကြားခွင့်ရခဲ့သဖြင့် ...က ပတ်ဝန်းကျင်၏ ဩဇာသက်ရောက်ခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ သို့သော် အသိသာ အဓိကဖြစ်သည်။

အခြားမိတ်ဆွေတစ်ဦး၏ သားသမီးများမှာဆန့်ကျင်ဘက်၊ လုပ်ငန်း မြားမြောင်စွာရှိသော်လည်း သားသမီးများ စိတ်ဝင်စားမှု မရှိ။ သမီးများ အိမ်ထောင်ကျ၍ သမက်များ ရသော်လည်း အားကိုးမရ။ အသိရော၊ အတတ်ရော၊ အတွေးအခေါ်နှင့် အတွေ့အကြုံရော သူလောက်ပေးသူကိုပင် မကြုံဖူး။ ပထမ မိတ်ဆွေက ပညာအခြေခံနည်း၍ သားသမီးအပေါ် လောက ...ကို မသင်ကြားနိုင်သော်လည်း သားသမီးက သူ့အသိဖြင့်သူ ...သွား၏။ ကျောင်းကသင်လာသော သီအိုရီကို လောက ...ဖြင့်ချင့်ချိန်၍ အတွေ့အကြုံကိုရှာကြံ၏။ ဒုတိယမိတ်ဆွေမှာ

www.burmeseclassic.com

www.burmeseclassic.com



ပညာအခြေခံမြင့်မားပြီး နိုင်ငံတကာအတွေ့အကြုံပြည့်ဝသူ ဖြစ်၏။ သီအိုရီနှင့် လက်တွေ့ကို ပေါင်းစပ်နိုင်ပြီး အသုံးချမှုကို ကျွမ်းကျင်နိုင်နင်းသူ ဖြစ်၏။ ပြည်တွင်းစီးပွားရေး၏အတွေးအခေါ်နှင့် နိုင်ငံတကာစီးပွားရေး၏ လက်တွေ့ အတွေ့အကြုံများကိုပင် ကြိုးစား၍ပေး၏။ သားသမီးများအနေဖြင့် သင်ပေးတုန်းခဏသာ စိတ်အနည်းငယ်တိုးတက်သည်မှတစ်ပါး ဆယ်စုနှစ်တစ်ခုတိုင်အောင် သင်ပေးသော်လည်း နောက်က လိုက်မလာခဲ့။ မြေးဦးကိုးနှစ်ရသည့်တိုင် လက်ဖြန့်တောင်းကောင်းတုန်း ဖြစ်သည်။ ချမ်းသာသော အိမ်ထောင်နှစ်စုမှ ဆင်းသက်ကြသော်လည်း စိတ်ဓာတ်ခံယူပုံ၊ ပြုပြင်ပုံ မတူကြ။ တစ်ဖက်ကို အထက်တန်းစားစိတ်ဓာတ်ဟု သတ်မှတ်သော်လည်း ကျန်တစ်ဖက်က အောက်တန်းစားစိတ်ဓာတ်ဟု ခေါ်ရမည်မှတစ်ပါး အခြားမရှိ။ သခ်ီရသဘောနှင့် ဥစ္စာဆိုသည် မြဲမြံမှုမရှိကြောင်း၊ မှီခိုစိတ်ဓာတ်သည်အညံ့စားအောက်တန်းစား စိတ်ဓာတ် ဖြစ်ကြောင်းပြောရင်း အတွင်းစိတ်ကို ကြိုးစားလှုပ်နှိုးသည်အထိ တုံ့ကိုဘာဝေ၊ မပြောင်းလဲခဲ့။ သားသမီးများရှေ့ရေးနှင့် ခြိမ်းခြောက် သည်ကိုပင် မတုန်လှုပ်၊ သည်နေ့ထိ လုပ်ငန်းသဘောပါ စာရေးခြင်းကိုပင် မတတ်မြောက်ကြသေး။

မှီခိုစိတ်သည် လောကီ-လောကုတ္တရာ နှစ်ဖြာလုံးတွင် ထားကောင်းသည်မဟုတ်၊ နိဗ္ဗာန်ရလိုလျှင် ကြိုးစားကျင့်ကြံမှသာ ရမည်ဖြစ်သည်။ ပွားများကျင့်ကြံခြင်းသည် မှီခိုစိတ်နှင့် ဆန့်ကျင်ရာ ဖြစ်သည်။ တရားပြသူကိုမှီခို၍မကျင့်ကြံဘဲ နိဗ္ဗာန်ရမည်ဟု ဘယ်ဘုရားမှမဟောခဲ့။ ဆုတောင်းခြင်းကိုသာ မှီခိုပြီး ကောင်းရာတို့ကို ကြိုးစားမဆောင်ရွက်ခဲ့လျှင် လားရာပင် ကောင်းမည်မဟုတ်၊ ကာလာမသုတ်တွင် အမှန်ဟုယူဆရန်မသင့်သော အကြောင်းတရားများကို ဟောကြားခဲ့ပြီး မိမိ အသိဖြင့်သာ အမှားအမှန်ဝေဖန်လက်ခံကျင့်သုံးရန် ဗုဒ္ဓကအသိထားခြင်းမှာ မှီခိုစိတ်ကင်း၍



ကိုယ်တိုင် ပညာရှိရန် ဖြစ်သည်။

လောကီတွင်လည်း တစ်သက်လုံး မှီခိုစိတ်ထားခဲ့သော ဘုရှေ့ရှစ်ဆယ်သူဌေးသား နောက်ဆုံး မွဲသွားသည်ကို ပြဒ္ဒါန်းဘအုပ်တွင် ထည့်သွင်းခဲ့ခြင်းမှာ သင်ခန်းစာယူတတ်ရန် ဖြစ်သည်။ မှီခိုစိတ်ရှိသူများသည် ၎င်းတို့ မှီခိုရာ ကွယ်ပျောက်သည့်ခဏ လောကီဒုက္ခများကို အစုလိုက်အပြုံလိုက်ခံစားရလေ့ ရှိသည်။ နောက်ဆုံး ဘဝပျက် နိဂုံးမကောင်းသည်အထိ တွေ့ရမည်လည်း ဖြစ်သည်။ အသိအရာတွင်လည်း အဆုံးစွန်အထိမိုက်မဲကြသူများ ဖြစ်သည်။

မှီခိုစိတ်သည် တစ်ဦးတစ်ယောက်တွင်မျှသာ မကောင်းသည်မဟုတ်။ နိုင်ငံဟူသော အတိုင်းအတာအထိပင် ဖြစ်သည်။ တစ်ဦးတစ်ယောက် ကိစ္စရပ်များတွင် အမှီခိုခံသူများက မိဘဆွေမျိုးဖြစ်၍ သက်ရှိထင်ရှားရှိစဉ် ဆိုးဆိုးဝါးဝါးမဖြစ်တတ်ကြသေးသော်လည်း နိုင်ငံတစ်ခုအဆင့်တွင်မူ လုံးဝသြဇာခံအဖြစ်ရောက်သွား၏။ ရေနံထွက်သောနိုင်ငံတစ်ခုကိုအခြားနိုင်ငံတစ်ခုကဝင်ရောက်တိုက်ခိုက် သိမ်းပိုက်ခဲ့ဖူး၏။ လွန်ခဲ့သောဆယ်နှစ်ခန့်ကဖြစ်သည်။ ဘုရင်ဖြစ်သူက မိမိနိုင်ငံကို အိမ်နီးချင်း နိုင်ငံ၏သိမ်းပိုက်မှုခံရစဉ်အတွင်း အခြားနိုင်ငံတစ်ခုသို့ တိမ်းရှောင်ခဲ့ရ၏။ အင်အားကြီး တစ်နိုင်ငံက ပြန်လည်သိမ်းပိုက်ပြီး ထီးနန်းပြန်အပ်ခဲ့၏။ စစ်စရိတ် တစ်ဝက်ကျခံခိုင်းခဲ့သည်ကို လိုက်လျောခဲ့ရ၏။ ရေနံကိုလက်နက်အဖြစ်မသုံးရန် တားမြစ်ခဲ့သည်ကိုလည်း လိုက်နာခဲ့ရသည်။ ယနေ့ WTC Attack ဟု နာမည်ကြီးသော World Trade Centre တိုက်ခိုက်မှုတွင် အကြမ်းဖက်သူကို နှိမ်နင်းသောအခါ ဘာသာတူသော်လည်း တုတ်တုတ်မျှပင် မလှုပ်ရဲတော့။ သင်ခန်းစာမှာ တစ်ချိန်က မှီခိုမှုလွန်ကဲခြင်း၏ မဆုံးနိုင်သောဆိုးကျိုးများဖြစ်၏။ မည်မျှရှည်ကြာသောကာလ၊ မည်မျှနက်နဲ

www.burmeseclassic.com

www.burmeseclassic.com



သိမ်မွေ့သော သင်ခန်းစာများကို ရဦးမည်မသိ။ စာအုပ်ထူထူကို အသင့် ဖွင့်ထားပြီး သင်ခန်းစာခေါင်းစဉ်များတပ်၍ မှတ်သားရန်သာရှိတော့သည်။

မှိုခိုစိတ်ကို တစ်မနက်စာ တစ်ဦးချင်းတွေးလျှင် အတိုင်းအတာတစ်ခုအထိ ဆိုးကျိုးမြင်နိုင်ပြီး တစ်နိုင်ငံစာဖြင့် ကြည့်နိုင်လျှင်လည်း ရာဇဝင်ကိုပင် ကြိုတင်မြင်နိုင်သောအသိ ပေး၏။ မှိုခိုစိတ် လွန်ကဲခြင်းအကြောင်း၏ အကျိုးတရားများသာ ဖြစ်သည်။

ယနေ့ လမ်းဘေးလက်ဖက်ရည်ဆိုင်ယဉ်ကျေးမှု အလွန်အမင်း ထွန်းကားနေသည်။ နိုင်ငံတကာမှာလည်း ရှိသည်။ မြန်မြန်စားမြန်မြန်သွား ဖြစ်သော်လည်း ဤမှာ နေ့တစ်ဝက်မျှ ထိုင်ကြသည်။ မည်မည်ရရ မဟုတ်သော အကြောင်းအရာကို ဆွေးနွေးကြသည်။ လက်တွေ့မဆန်သော အတွေးအခေါ်များဖြင့် ဖေဖန်၍ လေကန်ကြသည်။ လန်ဘားကျောက်ကလား အကြောင်းအရာတို့ကို စကားလုံးကြီးကြီးများဖြင့် မစားရဝခမန်းလေကန်ကြသည်ကို ဦးဆောင်သူဟုထင်မှတ်ကြသည် (အားလုံးကိုမဆိုလိုချေ)။ ဆန်အိုးကြွက်တက်သည်ကို မသိကျိုးကျွန်ပြုသူများသည် မိမိကိုယ်ကိုလိမ်ညာ၍ လောကကြီးကိုမှိုခိုသူများ ဖြစ်မှန်းမသိ ဖြစ်နေသည်ကို သိဟန်မတူ။ မိဘ၊ ကြီးသူကိုမှိုခိုခြင်းမှပင် အကျိုးအမြတ် လက်တွေ့ရနိုင်သေးသော်လည်း စကားမပြောတတ်သော လောကကြီးကို လိမ်ညာမှိုခိုသူများမှာ ဘာမှ အကျိုးအမြတ် ရ မည်မဟုတ်။ အတုမြင်အတတ်သင်တတ်သော နုနယ်ပျိုရွယ်သူများကိုပင် မကောင်းသောအမွေပေးရာ ကျပါသည်။

ငယ်စဉ်ပညာသင်ကြားရာ၌ သင်ခန်းစာများကို မှိုခို အဖြစ်ထားကြသည်။ ပညာစုံသောအခါ လောကပညာကို မှို ဘာသာ ဆည်းပူးရ၏။ အတတ်ပညာပြည့်စုံသောအခါ အသ ပညာကို ရရာကြိုးစား၍ ဖြည့်ဆည်းရသည်။ တစ်ပါးသူကို မှိုခိုသည်



ထက် မိမိကိုယ်ကိုသာမှိုခိုသင့်၏။ အကောင်းအဆိုးမသုံးသပ်ဘဲ ကိုးကွယ်လွန်ခြင်းသည်လည်း မှိုခိုမှုတစ်မျိုးဖြစ်သည်။ မှိုခိုမှုများသောအခါ ကိုယ့်အား ကိုယ်ကိုး စိတ်များ ပျောက်ကွယ်ကြရသည်။ အလုပ်အကိုင် ရရှိရေးအတွက် လည်းကောင်း၊ ရာထူးတိုးတက်ရေးအတွက်လည်းကောင်း မှိုခိုကြရ၏။ ဆင့်ထက်ကဲမှိုခိုကြရင်း အရည်အချင်းများလျော့ပါးသော မျိုးဆက်သို့ ရောက်လာကြလျှင် ပြင်ရန်အချိန် နှောင်းပြီဖြစ်သည်။ အငယ်တန်းမှ အကြီးတန်းအုပ်ချုပ်ရေးအရာရှိများအဖြစ် မှိုခိုရင်းတက်လာကြသူတို့မှာ ငယ်သားများကို ဦးဆောင်လမ်းပြ မပေးနိုင်ကြတော့။ အိတ်ဆွဲ၊ ဖုန်သုတ်မျှသာ တတ်ကြသဖြင့် အိတ်ဆွဲ၊ ဖုန်သုတ်မျှသော အတတ်ကိုသာ ပေးနိုင်ကြသည်။ အသိမရှိကြသဖြင့်လည်း "ငါတော်လို့" ဟု ထင်လိုက်ကြသေးသည်။ ခေတ်ပေါ်ဝေါဟာရများကို ကျက်မှတ်၍ လူသူရှေ့ ဘွင် သာလိကာကို ရွတ်ပြတတ်သည့်အပေါ် နားထောင်သူတို့ ရင်ထဲမှပြုံးသည်ကိုပင် မြင်နိုင်စွမ်းမရှိ။ မှိုခိုရင်းတက်လာကြသဖြင့်လည်း ဆုံးဖြတ်ချက်မှားတတ်သည်။ ထို့ထက် ကြီးသူတို့၏ လမ်းပြမှုသော ခံတတ်ကြသည်။ လွတ်လပ်စွာဆုံးဖြတ်၍ ဦးဆောင်ခိုင်းပါက အမှားများသော၊ လက်တွေ့မကျသော အဆုံးအဖြတ်နှင့် အလုပ်သော လုပ်သွားကြဖွယ်ရာရှိမည် ဖြစ်သည်။ တိုးတက်သော နိုင်ငံကြီးများတွင်အခြေခံနှင့်အထက်တန်းကျောင်းများကို အခြေခံသင်ကြားရာကျောင်းအဖြစ်သာ ခံယူပို့ချကြပြီး တက္ကသိုလ်၊ ကောလိပ်နှင့် ထို့ထက်မြင့်သောအဆင့်များကို ဘဝအတွက် လေ့လာမှတ်သားဆည်းပူးရာ နေရာဌာနအဖြစ် အသုံးချကြသည်။ စာကြည့်တိုက်များ ထားပေးကြသည်။ မိမိကိုယ်ကိုအားကိုး၍ ရှာဖွေဆည်းပူးကြရသည်။ ပိုမိုနက်နဲသိမ်မွေ့သော ဘဝအသိကိုပင် ကျောင်းသားနှင့် တက္ကသိုလ်တွင် ကျမ်းပြုခွင့်ရသူ၏ အသိအတွေးအခေါ်နှင့် ကျမ်းပြုခွင့်မရသူတို့ မတူနိုင်ကြတော့။ မှိုခိုစိတ်များ

www.burmeseclassic.com

www.burmeseclassic.com



စီမံကိန်းချမှတ် ဆောင်ရွက်တတ်သူ၊ ကြိုးစားသူများကိုပင် "နောက်ဆုံးတော့ ထမင်းနှစ်နပ်ပါပဲ" ဟု ကဲ့ရဲ့ကြသေးသည်။ ထမင်းနှစ်နပ်သည် ဘဝမဟုတ်သည်ကိုပင် အသိမရှိသူအတွက် အတော်ပင် ရင်လေးစရာကောင်းသည်။ ထေရဝါဒထွန်းကားသော မြန်မာနိုင်ငံ ဘုန်းကြီးကျောင်းများသည် ထမင်းနှစ်နပ်အတွက်မျှသာဆိုလျှင် တာဝန်ယူနိုင်သည်ကို မမြင်မိ၍ ဖြစ်ပေမည်။

သာသနာ့ဝန် ထမ်းသော သံဃာများပင်လျှင် ဆွမ်းကပ်လျှင် တရားဟောရသေးသည်။ ကျင့်ကြံရသေးသည်။ သာသနာတော် ပြန့်ပွားတိုးတက်စေရန်၊ ခိုင်မြဲစေရန် ကြိုးစားကြရသေးသည်။ ဝိနည်းနှင့်အညီ နေထိုင်ကြရသေးသည်။ လောကီကိုလည်း စိတ်မကုန် လောကုတ္တရာကိုလည်းမကူးဘဲ တစ်ပါးသူကိုပင် မှီခိုလိုသူများ အထူး အသိတရားထားရှိသင့်ကြပြီဖြစ်သည်။ အရွယ်သုံးပါး ရှိသည့်အနက် ငယ်ရွယ်လွန်းသောအရွယ်နှင့် အိုမင်းမစွမ်း အရွယ်များတွင် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ မပြည့်စုံမှု၊ ကျဆင်းမှုများကြောင့် မှီခိုအရွယ်များအဖြစ် သဘာဝက ခွင့်ပြုထား၏။ (မှီခိုမှု လွတ်ကင်းသည့်အရွယ်မှာ လူလတ်ပိုင်း တစ်ခုသာရှိသည်။ ဤ လူ လတ်ပိုင်းဖြစ်သော ရုပ်ပိုင်း၊ စိတ်ပိုင်း ဂုဏ်အင်္ဂါပြည့်စုံသည့် အရွယ်တစ်ခုမျှတွင်တော့ မှီခိုစိတ်ကင်းကင်းဖြင့် ဘဝကိုတည်ဆောက် သင့်၏။)

■

## ဖြစ်ထွန်းမှုနှင့်အခြေခံသဘောတရား

ကျယ်လောင်သော Globalization ၏ Knowledge Base Community တွင် အရာရာ၌ ပညာအခြေခံ တွေးခေါ်မှု၊ ဆောင်ရွက်မှု၊ ရှင်သန်မှုတို့နှင့်သာ ပြီးနှင့်သည်။ အနာဂတ်သားရှိသောလူတိုင်းအတွက် ဖြစ်ထွန်းမှုကို ရှာကြံကြသည်။ လောကုတ္တရာဖြစ်ထွန်းမှုထက် လောကီဖြစ်ထွန်းမှုနောက် လိုက်ကြသူက များသည်။ စာရွက်ပေါ်အရုပ်ရေး၍ မြင်ရမှ ကျေနပ်သူ၊ ကိုင်တွယ်၍ရမှ လက်ခံသူ၊ ခံစားမှုရှိမှ ယုံကြည်သူများအတွက် ရုပ်ဝတ္ထုတိုးတက်ပွားများဖြစ်ထွန်းမှုကို ရှာကြံကြရာတွင် ဓမ္မဓိဋ္ဌာန်ကျကျ အခြေခံအချက်များကို အချို့သတိမမူမိကြ။ ပညာရှိ သတိဖြစ်ခဲ ဆိုသကဲ့သို့ ဖြစ်ချိမ့်မည်။ အခေါ်အဝေါ် အသုံးအနှုန်း မကြာခဏ ပြောင်းကြသော်လည်း အချုပ်အားဖြင့် Higher Management ခေါ် အပေါ်ထပ် စီမံကွပ်ကဲမှုအတွက် ပိုမိုကောင်းမွန်သောနည်းလမ်းများကို သူ့ထက်ငါ အလုအယက် ကြံဆရှာဖွေကြသည်။ More Requirements for Modern World အတွက်လိုအပ်ချက်ပိုမိုများပြားလာပြီး ရှုပ်ထွေးမှုရှိလှသည့်ခံစားမှု၊ တောင့်တမှု၊ တပ်မက်မှုများအတွက် ဖြည့်ဆည်းနိုင်ရေး ကြိုးပမ်းကြရသည်။ နှစ်ဆယ်ရာစုအလယ်ခန့်က နိုင်ငံတစ်နိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးမှုအတွက် စီးပွားရေးမူဝါဒများ၊ တိုင်းတာသည့်ကိန်းနှုန်း

www.burmeseclassic.com



များ၊ နည်းဥပဒေများ၊ ပုံသေနည်းများမှာ ပရမတ္ထသဖွယ်ဖြစ်ခဲ့သော်လည်း ၁၉၉၀ ကျော် နှစ်များတွင် ပြန်လည်ဆန်းစစ်ရန် အခြေအနေဖန်လာသည်။

နှစ်ဆယ်ရာစုမဝင်မီမှာပင် တစ်နေ့တခြား လိုအပ်ချက်များပြားလာမှု၊ လျင်မြန်စွာပြောင်းလဲလာမှု၊ ဆက်သွယ် လွယ်ကူမှု၊ နည်းပညာ တဟုန်ထိုးတိုးတက်လာမှု စသောဝိသေသထူးများ ယခင်တစ်ဦးချင်းဖြစ်ထွန်းမှုမှသည် နိုင်ငံတစ်ခုတိုင်အောင် အကျုံးဝင်စွာချမှတ်ခဲ့သော နည်းနာနိဿယများကို သွေဖည်လာ၍ ပြန်လည်ဆန်းစစ်ရန် တွန်းအားပေးပြီး ဖြစ်သည်။ ဖြစ်ထွန်းမှုတစ်ခုအတွက် New Formulation ကို စမ်းသပ်နေရသော အချိန်အခါလည်းဖြစ်သည်။ ယခင်က မြေအောက်သယံဇာတ ချမ်းသာ၍ မော်ကြွားခဲ့သော နိုင်ငံများ နည်းပညာတိုးတက်သော နိုင်ငံများကို မယှဉ်နိုင်တော့။ လက်သီးဆုပ်လောက်နည်းပညာကို ရောင်းစားလျှင် ဒေါ်လာ သန်းပေါင်းများစွာရနိုင်ခြင်းကို အမီလိုက်နိုင်ရန် ရောမ ဂိုဒေါင်ကြီး အလုံးပေါင်းများစွာ ကုန်ကြမ်းများကို ပေးဆပ်နေရပြီ ဖြစ်သည်။ နည်းပညာရပ်သည် အစဉ်ပြောင်းလဲ၍ ပိုမိုထိရောက် လာပြီး ကုန်ကြမ်းရရှိမှုဟူသည် အကန့်အသတ်နှင့် ဖြစ်သည်။ Productive ဖြစ်သော Technology ၏တန်ဖိုးနှင့် Non-Productive Material တို့၏တန်ဖိုးကွာခြားမှုနှင့် အသုံးချခြင်းဆိုင်ရာ နည်းစဉ် ကွာခြားမှု၏ သင်္ကေတဖြစ်သည်။ (နည်းပညာကို ထုတ်လုပ်သော သူများ၏တာဝန်မှာ ပိုမိုကောင်းမွန်သော နည်းပညာများ တွေ့ရှိရန် ဖြစ်သည်။) ဇာတ်ရုပ်တစ်ခုဟု သဘောထားနိုင်သည်။

အချို့ဇာတ်ရုပ်များမှာ လူနည်းစုဖြစ်ပြီး အသိပညာကို အခြေခံသော သူများ ဖြစ်သည်။ နည်းပညာမှ ထွက်ပေါ်လာသော ရလဒ်ကို အသုံးချ၍ အသိပညာနှင့်ပေါင်းစပ်ကာ ဖြစ်ထွန်းမှု



တစ်ခုခုကို ရှာကြကြ၏။ တစ်ဦးချင်းမှသည် တစ်အိမ်ထောင်၊ တစ်နိုင်ငံ၊ တစ်ကမ္ဘာအထိ အသီးသီးရည်မှန်းချက်များဖြင့် ဖြစ်ထွန်းမှုကို ကြိုးစားကြသည်။ 'အရေအတွက်မှသည် အရည်အချင်းသို့' ဟုသောဆောင်ပုဒ်၏အနှစ်သာရသည် ယနေ့ ပိုမိုပီပြင်လာ၏။ ဆေးသားအရောင် ပိုမိုတောက်ပလာ၏။ ပိုမိုထင်ရှားလာ၏။ ယခင်က လူဦးရေနည်းပါးသည့်နိုင်ငံများက လူဦးရေ တိုးပွားသည်နှင့် တစ်ဦးချင်းထုတ်လုပ်မှုတန်ဖိုး တက်လာနိုင်သည် ဟူသော Concept ကိုလက်ခံခဲ့သည်။ ယခု တရုတ်ကဲ့သို့ လူဦးရေအမဟာအင်အားကြီးနိုင်ငံမှာ Family Planning ထားရှိနေရပြီး (လူဦးရေ သန်း ၁၃၀၀ ၏ ထုတ်လုပ်မှုသည် လူဦးရေသန်းနှစ်ရာကျော်သာရှိသောနိုင်ငံကို မမီခဲ့) စစ်ရေးတွင်ပင် ၁၉၇၀ ကျော်အထိ အသံကျယ်ခဲ့သော လူလှိုင်းစစ်ဆင်ရေးသည် ယနေ့ နည်းပညာ၏ ထိရောက်မှုကို တွေ့ရှိသည့်အခါ သေနင်္ဂဗျူဟာမှ ဖယ်ရှားခဲ့ရပြီး ဖြစ်သည်။

တစ်ဦးချင်းဖြစ်ထွန်းမှုသည် အစုအဝေးနိုင်ငံ၊ ကမ္ဘာဟူ၍ ဖြစ်လာရသည်။ အတတ်ပညာပေါ် အခြေခံသော ဖြစ်ထွန်းမှုနှင့် အသိပညာပေါ်အခြေခံသော ဖြစ်ထွန်းမှုတို့၏ ထိရောက်မှု၊ ပမာဏ၊ တန်ဖိုးများမှာ လွန်စွာကွာခြားကြသည်။ အသိပညာအခြေခံသောဖြစ်ထွန်းမှုအတွက် ကြိုးစားသူများတွင် မူဝါဒ၊ ဗျူဟာများ နက်နဲသိမ်မွေ့စွာရှိတတ်သည်။ မြင်ချင်းငှာမစွမ်းသည်လည်းဖြစ်သည်။ ကာလတစ်ခု ကျော်လွန်ပါမှ ၎င်းတို့၏ ဖြစ်ထွန်းမှုရလဒ်ကို တွေ့ကြရသည်။ နှစ်ခုလုံးသည် ဉာဏ်အရာကို အသုံးချကြသော်လည်း အသိသည် အတတ်ကို ဦးဆောင်မှုပေးသည်။ အသိကြောင့် တတ်ရကောင်းမှန်းလည်းဖြစ်သည်။

စမ်းသပ်မှုတစ်ခုတွင် သုတေသနပြု၍ထွက်ပေါ်လာသော ရလဒ်သည် အတတ်ပညာကိုအခြေခံ၍ ပေါ်ထွက်လာသော

www.burmeseclassic.com



ဖြစ်ထွန်းမှုတစ်ခု ဖြစ်သည်။ စမ်းသပ်ပြီးသည်နှင့်တစ်ပြိုင်နက် ရလဒ်ကိုလည်း သိလာရ၏။ အသိကိုအခြေခံရသော လုပ်ရပ်တစ်ခုတွင်ကား ရလဒ်ချက်ချင်းမထွက်ပေါ်နိုင်သေး။ အုပ်ချုပ်မှုလုပ်ငန်းစဉ်အတွက် မူဝါဒရေးဆွဲစီစဉ်ဆောင်ရွက်သော်လည်း ကာလတစ်ခုကို ကျော်ဖြတ်ပြီးပါမှ အောင်မြင်ခြင်း၊ ဆုံးရှုံးခြင်းကို သိနိုင်သည်။ ထင်ရှားသော ဥပမာတစ်ခုမှာ အမေရိကန် သမ္မတများ၏ အဓိကတာဝန်တစ်ခုမှာ မဟာအင်အားကြီးနိုင်ငံဖြစ်ရေးနှင့် Americanization ဖြစ်ထွန်းရေးအတွက် အသိကိုအခြေခံ၍ကြိုးစားကြရာ နှစ်ပေါင်း ၅၀ ကျော်ကြာမှ ယင်းရလဒ်ကို ရရှိကြသည်။ ယင်းအသိကို အခြေခံ၍ကြိုးစားရာတွင် အတတ်ပညာကို အသုံးချခဲ့ကြသည်။ ဦးစွာ နည်းပညာဦးဆောင်သူအဖြစ် ဂျာမန်မှ သိပ္ပံပညာရှင်များကို စုစည်းခဲ့ကြသည်။ ကုန်ထုတ်လုပ်မှု တိုးတက်အောင် ကြံဆောင်ခဲ့ကြသည်။ တစ်စ တစ်စနှင့် လိုချင်သောပန်းတိုင်သို့ ရောက်ခဲ့ကြပြီဖြစ်သည်။ မလွဲသာလွန်းသော အချို့ကိစ္စရပ်များမှ တစ်ပါး (ဥပမာ-ကိုဆိုဗို) စစ်ရေးအရ အရေးယူခြင်းမျိုးကို ရှောင်ရှားခြင်းဖြင့် သမိုင်းအရေးကောင်းစေခဲ့သည်။ စီးပွားရေးစစ်ကိုသာ ဆင်နွှဲကြသည်။ အသိပညာအရ ပလတ်စတစ်ကျည်တစ်တောင့် (စီးပွားရေး)သည် ကြေးဝါထိပ်ဖူးတပ်ကျည်တစ်တောင့်ထက် စွမ်းအားပိုထိရောက်သည်ကို လက်ခံခဲ့ကြသောကြောင့် ဖြစ်သည်။

လူမှုအဖွဲ့အစည်းတစ်ခု၏ တိုးတက်ဖြစ်ထွန်းမှုသည် လူတစ်ဦးချင်းစီမှ စသည်။ တစ်ဦးချင်းစီတွင် နေရာဒေသ၊ လူမှုနောက်ခံပေါ်မူတည်၍ အရှေ့နိုင်ငံများနှင့် အနောက်နိုင်ငံများ၏ Basic Concept များ ကွာခြားကြသည်။ အရှေ့တိုင်းသားများ၏ အတွေးအခေါ်မှာ လူမှုရေးနှင့်ဘာသာရေး လွှမ်းမိုးမှုအရှိန် များ၍ အနောက်နိုင်ငံများတွင်မူ နည်းပါးသည်။ သို့သော်လည်း



(နှစ်ဆယ်ရာစုအတွင်း အဲလဘတ် အိုင်းစတိုင်းနှင့် သက်ရှိထင်ရှားရှိနေသော Stephen Hawking စသော သိပ္ပံပညာရှင်များ၏ တွေ့ရှိချက်များက သွယ်ဝိုက်၍လည်းကောင်း၊ အချို့နေရာများတွင် တိုက်ရိုက်သော်လည်းကောင်း ဗုဒ္ဓဟောပြောချက်များနှင့် တိုက်ဆိုင်နေ၍ အရှေ့တိုင်းသားတို့၏ ဘာသာရေးအယူအဆကိုအခြေခံသော Concept များကို မပစ်ပယ်ဝံ့ကြတော့။ သက်ရှိ-သက်မဲ့ တစ်ဦးချင်း တစ်ခုချင်း၏ တည်ဆောက်ဖြစ်ပေါ်မှုမှ မဟာစကြဝဠာနှင့် အနန္တစကြဝဠာအထိ အတိအကျဟောခဲ့ပြီးဖြစ်သည်။ ရုပ်နှင့်နာမ်တို့အကြောင်းလည်း အနုလုံအငြိလုံ အဘိဓမ္မာတွင် ထည့်သွင်းခဲ့ပြီးဖြစ်သည်။) ထပ်မံခွဲခြားမရနိုင်တော့သော အသေးဆုံးဒြပ်မှုန်တစ်ခုတွင်ပင် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဟူသော မဟာဘုတ်ဓာတ်ကြီးလေးပါးပါဝင်ကာ ယင်းမဟာဘုတ်ဓာတ်ကြီးလေးပါးကို တစ်ခုချင်း ထပ်မံ မခွဲခြားနိုင်တော့ခြင်း၊ ယင်းတို့၏ ပေါင်းစည်းမှုတွင် လေဟာနယ်ရှိခြင်းကိုမျှပင် ဗုဒ္ဓက အသိ အခြေခံ၍ ဟောကြားခဲ့ပြီးဖြစ်သည်။) ယခု ရာစုနှစ်အတွင်း သိပ္ပံပညာရှင်တို့ စမ်းသပ်တွေ့ရှိနိုင်မည်ဟု မျှော်လင့်ရသည်။ အချိန်ကို Dimension တစ်ခုအဖြစ် ဟောကြားချက်ကို အတတ်ပညာအခြေခံသူတို့အဖို့ ၁၉ ရာစု ကုန်ခါနီးမှ တွေ့ရှိကြသည်။ လေတွင်အဆင်းအနံ့ရှိသည်ကိုမူ စမ်းသပ်သက်သေပြရန် အတတ်ပညာမလုံလောက်သေး။ အလင်းရောင် ဖြောင့်တန်းစွာ မသွားခြင်းကို တွေ့ရှိပြီဖြစ်၍ အခြားအချက်များကိုတွေ့ရှိရန် မဝေးပြီဟု ထင်မှတ်ဖွယ်ရာတော့ ရှိသည်။

တိုးတက်ဖြစ်ထွန်းမှုတစ်ခုအတွက် လှုံ့ဆော်သော အခြေခံသဘောတရားတွင် ဆောင်ရွက်သူ၏ (Concept) အယူအဆ အရသာ ဖြစ်သည်။ မြင်သာသောရုပ်ဝတ္ထုတို့၏ တိုးတက်ဖြစ်ထွန်းမှုနှုန်းခြင်း၏အကျိုးဆက်များ၊ မည်မျှရှည်ကြာစွာတည်တံ့မည် ဆိုသော

www.burmeseclassic.com

www.burmeseclassic.com



ရည်မှန်းချက်များအပေါ် မူတည်၏။ ဓားပြတိုက်၍ ရုတ်တရက် ချမ်းသာသော လုပ်ဆောင်မှုနှင့် မျှတသော နှစ်ဖက်အကျိုးစီးပွားဖြင့် ချမ်းသာခြင်းတို့၏ ရလဒ် အခြေခံသဘော မတူနိုင်ကြချေ။ ယနေ့ ခေတ်စားသော Win-Win Situation သည်ပင် ဗုဒ္ဓ၏ အခြေခံ အတ္တ-ပရကို ဦးညွှတ်ရာ ရောက်ပါသည်။ Win-Win Situation သည် ယနေ့ စီးပွားရေးတွင် အခြေခံ Concept အဖြစ် ထားရှိကြသော်လည်း မကြာခင်ကာလတွင် နိုင်ငံရေးနှင့် လူသားကမ္ဘာ တည်တံ့ရေးတွင်ပင် အခြေခံဖြစ်လာမည်ဟု မျှော်လင့်ရပါသည်။ အနောက်တိုင်းသားတို့၏ တိုးတက်ဖြစ်ထွန်းမှုအတွက် အခြေခံ သဘောတရားများသည် ပစ္စက္ခကိုသာမူတည်သည်။ အရှေ့တိုင်းသားတို့မှာ နောက်ဘဝအထိယုံကြည်သည်။ ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးဖြင့် အခြေခံသဘောတရားရှိသော အရှေ့တိုင်းသားတို့နှင့်ခြားနားစွာ ဉာဏ်နှင့်ဝီရိယကိုသာ အနောက်ဘက်မှ လက်ခံသည်။ ဉာဏ်အရာအရေးကြီးမှုကိုတော့ နှစ်ဖက်လုံးက တူညီစွာ လက်ခံကြသည်။ အတ္တဟိ အတ္တနော နာထော-မိမိကိုယ်သာ ကိုးကွယ်ရာ ဟူသည် ဉာဏ်ရှိပါက ကံကိုပင်ပြင်နိုင်ခြင်းကို သွယ်ဝိုက်၍ပြဆိုခြင်း ဖြစ်ပါသည်။

တစ်မိနစ်အရောင်းသမားမှသည် အချိန်ကာလနှင့်အမျှ အမြဲပြောင်းလဲနေသော ဖြစ်ပေါ်တိုးတက်မှုတစ်ခုအတွက် ကာလ၊ ဒေသ၊ အချိန်ကို လိုက်၍ နည်းနာနိဿယများ အမြဲပြောင်းလဲနေပြီး ယနေ့ခေတ်တွင်ရယူရန်မခက်တော့ပါ။ Transfer of Technology, Expertise, Education စသည်များသည် မျက်မှောက်ကာလအတွက် မခဲမယဉ်းတတ်မြောက်နိုင်ခွင့် ရှိသော်လည်း ရိုးစင်း၍ မိမိကိုယ်၌ရှိသောခံယူချက်သဘောတရားကိုမူ မှန်ကန်စွာ အသုံးချနိုင်ရန် ခဲယဉ်းကြပါသည်။ အသိမမှန်၍အခြေမခိုင်ခြင်းသာ ဖြစ်ပြီး အသိမှန်ပါကခဲယဉ်းသည်မဟုတ်ပါ။ အခြေမခိုင်ဘဲ



အလှအပတို့ဖြင့် သာမွမ်းမံထားသောအဆောက်အအုံကဲ့သို့သာ ဖြစ်နေပါမည်။ အခြေမခိုင်ပါက သက်တမ်းရှည်ကြာမည်လည်း မဟုတ်ပါ။ အမိုး၊ အကာ၊ ဆေးရောင်တို့မှာ အရေးမကြီးဟုယူဆရန် မဟုတ်မူဘဲ ရေရှည်တည်တံ့ရန် အခြေခိုင်ဖို့သာ ညွှန်းဆိုလိုခြင်းဖြစ်သည်။ ရူပဗေဒ၏တွေ့ရှိမှုတစ်ခုအပေါ် သက်သေပြနိုင်ရန် သင်္ချာဗေဒဖြင့် အသုံးချရသည်။ တစ်ဖန် ရူပဗေဒ၏တွေ့ရှိမှုများကလည်း ဗုဒ္ဓ၏ ဒေသနာတော်များကို ဖော်ထုတ်အတည်ပြုပြန်သဖြင့် ('သင်္ချာ၏ ဖခင်သည် ရူပဗေဒဖြစ်၍ ရူပဗေဒ၏ဖခင်သည် ဗုဒ္ဓ') ဟူ၍ ဆိုစမှတ်ဖြစ်ခဲ့ရသည်။ ဗုဒ္ဓက အလုံးစုံသောအရာတို့၏ တည်ဆောက်ပုံ၊ ဖြစ်ပေါ်တိုးတက်မှု၊ နိဂုံးနှင့် အခြေခံ သဘောတရားများကို ပြဆိုခဲ့ပြီးဖြစ်၏။ တွေ့ရှိချက်များအရ နှောင်းကာလရောက်သည်နှင့်အမျှ အသိပညာဉာဏ် တိုးတက်အခြေခံလာသည်နှင့်အမျှ မှန်ကန်ကြောင်း တွေ့ရှိရသည်ချည်း ဖြစ်သည်။

ရေရှည်တည်တံ့သော ဖြစ်ထွန်းမှုအတွက် အခြေခံမှန်ကန်မှု အထူးလိုအပ်ပါသည်။ အတတ်ပညာသည်ကား အသုံးချမှုနှင့် အချိန်ကာလအလိုက်ပြောင်းလဲတတ်ပြီး ယနေ့လူငယ်များနှင့် နောင်တစ်ခေတ်လူငယ်များ တူမည်မဟုတ်ပါ။ ထိုခေတ် ထိုအခါ၏ အတတ်ပညာသာအထိရောက်ဆုံးဖြစ်မည်မှာ သံသယရှိရန်မလို။ သို့သော် (မည်သည့်ခေတ်၊ မည်သည့်အချိန်၊ မည်သည့်နေရာတွင်မဆို ပြောင်းလဲခြင်းမရှိဘဲအမြဲမှန်ကန်နေမည့်အရာကား အရင်းခံအကြောင်းရင်းဖြစ်သော ကျွန်ုပ်တို့၏ ခံယူချက် (Concept) သာလျှင် ဖြစ်သည်။) တုံ့ပြန်တတ်သောသဘောနှင့် စွမ်းအင်တည်မြဲခြင်း (တစ်နည်း) ကံ-ကံ၏ အကျိုးတရားကိုအခြေခံသော နောက် ဖြစ်ထွန်းမှုကိုသာ ဖန်တီးသင့်ကြသည်။

■

www.burmeseclassic.com

www.burmeseclassic.com

# ဘဝဆိုသည်ပြောင်းလဲခြင်းဖြစ်၏

ဘဝအပေါ် အမြင်ဒဿနအမျိုးမျိုး ကွဲပြားနေတာ ဘမောင်သတိပြုမိပါရဲ့။ တချို့ကရုန်းကန်ခြင်း၊ တချို့ကတို တချို့ကခံစားခြင်း၊ ဘမောင်ကတော့ ပြောင်းလဲခြင်းရဲ့တစ်ပိုင် တစ်စလို့ ခြုံငုံခံစားမိတယ်။

ဟုတ်တယ်၊ ကိုယ့်အမြင်နဲ့ကိုယ်ပဲလေ၊ ရုန်းကန်နေကြရ သူတွေအတွက်လည်းမှန်တာပဲ၊ ခက်ခဲကြမ်းတမ်းစွာ ဖြတ်ကျော်ရ သူတွေအတွက်လည်း တိုက်ပွဲဆိုမမှားဘူး၊ ငွေကြေးပြည့်စုံ လောကီသုခကို အခြွေအရံဗလပွနဲ့ ခံစားနေကြသူတွေအတွ ကြတော့လည်း ဟုတ်ပြန်ရော၊ အပြောင်းအလဲတွေနဲ့ ပြည့်နေတ အတိတ်ကာလကို ပြန်ပြောင်းကြည့်ရင် ဘမောင် ခံစား ပြောင်းလဲခြင်းကိုလည်း တချို့ ငြင်းကြမယ်မထင်ဘူး။

ငယ်စဉ်ကတော့ 'တာတေဘမောင်'တဲ့၊ ထုံစံနဲ့ ရိုက်ပြီးသား၊ မျက်လှည့်ပွဲမှာဆိုလည်းဘမောင်ပဲ၊ ဇယ်ခုံမှာလည် ဘမောင်ပဲ၊ လက်ဖက်ရည်ဆိုင်မှာလည်း ဘမောင်ပဲ။ တေသလ မမေးနဲ့၊ ရုပ်ရှင်မင်းသားကြီး 'တာတေကြီး' ကတောင် အဘ ရလိမ့်မယ်၊ တက္ကသိုလ်ရောက်တော့ 'ပေါ်တော်မူဘမောင်' ဖြစ် တစ်ခါတစ်ခါမှ ကျောင်းတက်တတ်လို့၊ ဟုတ်တယ် ဘမော ကျောင်းသားဘဝကတည်းက စီးပွားရေးကို စိတ်ဝင်စားခဲ့တာ အလုပ်တစ်ဖက်နဲ့ဆိုတော့ ကျောင်း သိပ်မတက်ဖြစ်ဘူးပေါ့၊ အ



ငယ်ငယ်မှာ ဘမောင်ဖြစ်ချင်တာကကထိကကြီး၊ လေးတန်းနှစ် မှာ မိဘ စီးပွားပျက်တယ်၊ အမေ့ဆီက တောင်းသလောက်မုန့်ဖိုး ရတော့ဘူး။ ပူဆာတာများရင် ထိပ်ခေါက်ခံရတယ်။ ဘတ်စ်ကား ီးရတယ်။ အဲဒီအချိန်မှာ လူကြီးတွေ ပြောလေ့ပြောထရှိတဲ့ 'ီးပွားရေး' ဆိုတဲ့စကား ဘမောင်နားထဲ ရောက်လာတယ်။ ီးပွားရေးကို နားလည်ထားသင့်တယ်ဆိုတဲ့ ကလေးအတွေးလည်း ်လာတယ်။

ဘမောင်နဲ့ တစ်တန်းတည်း သူငယ်ချင်းက 'ဝင်းမြင့်' ။ ့မိဘတွေက တိုင်းရင်းဆေးတွေရောင်းတယ်။ မြစ်ဝကျွန်း ပါဘက် 'ဝင်းမြင့်' နောက် တကောက်ကောက်လိုက်ပြီး တပည့် ခဲ့ရတာ။ ဘမောင် မသွားတတ်မလာတတ်လို့ ကြောက်ကြောက်နဲ့ င်ထိတ်ခဲ့ရတာ။ ငွေသုံးရာနဲ့ရင်းပြီး 'ကုံကုမံ' ဝယ်၊ ပြီးတော့ န်ကုန်မှာ ပြန်ရောင်း၊ ရွှေတစ်ကျပ်သား တစ်ရာ့ရှစ်ဆယ်တုန်းက အမြတ်ရလိုက်တဲ့ နှစ်ရာ့ငါးဆယ်ကို ဒီနေ့ထိ စဉ်းစားမိရင် ရင်ခုန်နေတုန်းပဲ၊ ဘမောင်ရဲ့ ဦးဆုံးအတွေ့အကြုံကိုး။

ဘမောင် ခုနစ်တန်း-ရှစ်တန်းရောက်တော့ အဖေက ော်တော်ကား လေလံပွဲတွေကို ခေါ်ခေါ်သွားတယ်။ နောက် ဘမောင် တစ်ယောက်တည်း လုပ်တတ်သွားတယ်။ အဲဒီကျတော့ 'ကားဘမောင်' တဲ့၊ လေလံကားတွေကိုပြင်ဆင်ပြီး ပြန်ရောင်းတဲ့ အလုပ်က မြက်မြက်သက်သက် ကျန်တယ်လေ၊ ဆေးမှုတ်ရုံနဲ့တွဲတဲ့ ော်ဒီရုံကိုပါ ထောင်လိုက်တော့ လုပ်ငန်းလည်းတွင်၊ အမြတ်လည်း ျန်ပေါ့။ တချို့က 'ပြင်သစ်ဘမောင်' လို့လည်း ခေါ်ကြပြန်ရော။ က္ကသိုလ်ရောက်တော့ အရွယ်မရောက်တရောက် ရှိပြီပေါ့၊ ငယ်စဉ် က စီးပွားပျက်ခဲ့ဖူးတဲ့ အတွေ့အကြုံအရ ဘမောင် တစ်ခုခု ုပ်ချင်နေတာက ကြီးစိုးတာများတယ်။ အဲဒီတုန်းက မန္တလေး သံပစ်ရင် အစီးနှစ်ရာသုံးရာ၊ ဘမောင်တို့ အကြိုက်တွေ့တဲ့ပွဲပဲ၊

www.burmeseclassic.com

www.burmeseclassic.com



အနည်းဆုံး အစီးနှစ်ဆယ်ရအောင်ဆွဲပစ်တယ်။ Land Crusier က တစ်စီးမှ ပြင်ပြီး သုံးသောင်းကျော်ပဲ ကျတာ၊ အခုလို သိန်းထောင်မကျော်သေးဘူး။

ဆိုရှယ်လစ်ခေတ်တုန်းကစမ်းချောင်း၊ ကျောက်မြောင်းတို့ ဘက်မှာ ကန်ထရိုက်တိုက်တွေ ခေတ်ထခဲ့သေးတာ မှတ်မိမှာပေါ့။ ဆိုက်ကားသမားလည်း ကန်ထရိုက်ဖြစ်၊ ရှေ့နေလည်း ကန်ထရိုက် ဖြစ်တဲ့ခေတ်လေ။ ဘမောင်လည်း ဘယ်နောက်ကျလိမ့်မလဲ။ 'ကန်ထရိုက်ဘမောင်' အမည်ခံလိုက်ရသေးတယ်။ မဆလာပါးပါး အုတ်ကြားကြားနဲ့၊ ဟောတစ်လုံးဟောတစ်လုံး။ အခန်းတွေက ရောင်းရသလားမမေးနဲ့။ Site ထဲမှာအုတ်ပုံရင်ကိုပဲ စရန်ပေးတဲ့သူ ပေါ်လာပြီ။ ကျောင်းတုန်းက ဗိသုကာယူခဲ့တာဆိုတော့ ပုံစံက လက်ထဲမှာကိုဖြစ်နေပြီ။ အဲဒီတုန်းက ဘမောင်ရဲ့ရွှေခေတ်ပဲ။ တချို့ အမြင်ရှိတဲ့ကန်ထရိုက်တွေက ပုံစံလာအပ်ကြလို့ 'ဗိသုကာဘမောင်' လို့အမည်တွင်သွားသေးတယ်။

ဘဝဆိုတာ ပြောင်းလဲခြင်း။ ဟုတ်တယ်၊ မထင်တာတွေ လည်း ဖြစ်တတ်ကြတယ်၊ ထင်တာတွေကျလည်း မဖြစ်တတ်ပြန်ဘူး။ တက္ကသိုလ်ဘုန်းနိုင်စာတွေဖတ်ပြီး ပိုးထခဲ့တာ။ ဟိုရေးဒီရေးပေါ့။ သပြေမဂ္ဂဇင်းပေါ်ခါစမှာစာမူတစ်ခုပါလာလို့ ဝမ်းသာလိုက်တာ လေ မပြောနဲ့တော့။ ဟိုတစ်စသည်တစ်စ ရေးရင်းနဲ့ စာရေးဆရာ တစ်ယောက်ကို ရှဲဒိုးရေးဖြစ်ခဲ့သေးတယ်။ သိတဲ့သူတွေက 'ရှဲဒိုးဘမောင်' တဲ့။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တော့မယ်ဆိုပြီး ကိုယ်ပိုင်ကလောင်နဲ့ လုံးချင်းစာအုပ်ကို ထုတ်ဝေသူဆီပို့ဖြစ်တယ်။ နောက်ထွက်မယ့်စာအုပ်များကြော်ငြာမှာ ပါပြီးမှ ပင်တိုင်စာရေး ဆရာတစ်ယောက်က သတ်လို့ ဘမောင်စာအုပ် မထွက်ဖြစ်တော့ဘူး၊ စာမူကိုင်ပြီး သီလဝစာပေတိုက်ကို သွားပေးတယ်။ ကိုကျော်သန်းတောင် မှတ်မိမှာမဟုတ်တော့ဘူး။ နှစ်တွေ



ကြာပြီကိုး။ ထုတ်မယ်လည်းဆိုရော ကံက မျက်နှာသာမပေးပြန်ဘူး။ အိမ်ပြောင်းတိုင်း စာမူလေးတွေ အမှတ်တရထုပ်ပိုးခဲ့တာ ဘမောင် ဘို့ မှတ်မိသေးတယ်။

တစ်လောက ခေတ်ပုံအယ်လ်ဘမ်တွေကြည့်ရင်း အမှတ်မထင် တစ်ပုံကို သွားတွေ့လိုက်တယ်။ ဆူးလေဘုရားလမ်းမှာ ကြော်ငြာဆိုင်းဘုတ်ထောင်တုန်းက တွဲရိုက်ထားတာ။ ဒီနေ့စူပါ ဒါရိုက်တာမီးပွား (ကိုခင်ဇော်) ရယ်၊ မောင်မောင်လှမြင့်ဆီက လူအချို့ရယ်။ ဒီလိုနဲ့ပဲ ဘမောင်တို့ ပတ်ဘလစ်ရှာ ဖြစ်လာပြန်ခဲ့တယ်၊ ဒုပ်ပြတွေ စထုတ်တာပါ။ တစ်ချိန်က နာမည်ကြီး ကိုကိုမောင်တို့၊ မြတ်ဝင်းထိန်တို့စာအုပ်ပေါ့။ 'မင်းတို့ရဲ့ကေရာဇ်' ဆိုတဲ့နာမည်နဲ့ နာမည်ကြီးနှစ်ယောက်ကို တစ်အုပ်တည်း ပေါင်းထုတ်တာ၊ ညှိလိုက်ရတာလေ။ ကာဘာကိုဘယ်သူရေးမယ်၊ ရှေ့ပိုင်းကိုဘယ်သူ၊ နောက်ပိုင်းကိုဘယ်သူနဲ့၊ မီးပွားညှိမှပဲ ပြီးတော့တယ်။ ပြောလို့ ပြောတာမဟုတ်ဘူး၊ မီးပွားက ကူညီချင်တဲ့စိတ်တော့ အတော်ရှိတယ်။ ချစ်ဦးညိုနာမည်ကြီးတော့ ပတ်ဘလစ်ရှာဘမောင်တို့ စာအုပ် ထုတ်ချင်ရော။ စာမူစောင့်ရင်လည်း နှစ်ပေါက်အောင် စောင့်ရမယ် မဟုတ်လား။ သူ့ဝတ္ထုတိုတွေစုပြီးထုတ်ရင် မြန်မြန်ရနိုင်တယ်လို့ မီးပွားက အကြံပေးတယ်။ သူပဲ စာမူတောင်းပေးလို့ 'ကောင်းလှချည်လား ဒေါင်းမြကြည် နဲ့ ဝတ္ထုတိုများ' စာမူကို ချစ်ဦးညိုဆီကရခဲ့တာ။

စာအုပ်တွေ တန်းစီပြီးထုတ်တော့မယ်လည်းပြင်ရော မထင်တာတွေ ဖြစ်ခဲ့ပြန်တယ်။ ဘမောင် တပ်ထဲရောက်သွားတယ်။ အသက်ကြီးဘမောင်ဘဝမှာတော့ တော်တော်ကြာသွားတယ်။ သုံးနှစ်ကြီးများတောင်။ ကျောပိုးအိတ်လွယ်ပြီး ရှေ့တန်း စခန်းမှာလည်းနေဖူးတယ်၊ မိုင်းတောထဲလည်း ဖြတ်ဖူးတယ်၊ လက်နက်ကြီး အလုံးပေါင်း မရေနိုင်အောင် အနားမှာကျလို့

www.burmeseclassic.com



ခြေထောက်လည်း ဒဏ်ရာရဖူးတယ်။ ကျောမှာလည်း လက်နက်ကြီး ခတွေ တစ်ဒါဇင်လောက်ဝင်ဖူးတယ်။ အဲဒီတုန်းက သေပြီလို့ကို တွက်တာ။ တပ်မမှူးရဲ့ချီးကျူးစာ ကြေးနန်းလေးတော့ရခဲ့ပါရဲ့။

အသက်ကလေးရလာတော့လည်း ဘာသာရေးလေးမှီချင် လာတာ ဗုဒ္ဓဘာသာတွေရဲ့အလေ့ပါ။ ဈေးကွက်စီးပွားရေးလည်း ဖွင့်ရော ရာထူးတိုးလေးကို နှမြောတသရင်း ဘမောင်အငြိမ်းစား ယူဖြစ်ခဲ့တယ်ဆိုပါတော့။ ဒီတစ်ခါတော့ ကိုယ့်ဘာသာကိုယ်ပဲ ခေါ်လိုက်ပါတယ်လေ . . . 'အငြိမ်းစားဘမောင်ရေ' လို့ပဲ။

ဘာသာရေးလေးဖောင်းပေးမယ်လို့တွေးခဲ့တဲ့ ဘမောင် လေ၊ ဈေးကွက် စီးပွားရေးမှာ 'ကိုယ်စားလှယ် ဘမောင်' ဖြစ်ခဲ့ ပြန်သေးတယ်။ သားသမီးတွေရှေ့ရေး ကြည့်ပြီး 'Rep ဘမောင်' လုပ်နေရပြန်သေးတယ်။ ဝက်ဖြစ်ပြီ မဟုတ်လား၊ မစင်ကြောက် နေလို့ မရတော့ဘူးပေါ့။ စီးပွားရေးဆိုတာ ငယ်ငယ်ကတည်းက ဘမောင်ရဲ့အဖော် ဖြစ်လာတာ။ မဆိုးပါဘူး၊ ဒီဘဝက ဘမောင် ကို တော်တော်လေး အကျိုးပေးတယ်။ အဲဒီကပဲအားယူပြီး နိုင်ငံ တကာနဲ့ ဝင်ဆံ့သွားတာ။ အမြင်သစ်၊ အတွေးသစ်၊ လုပ်နည်း သစ်တွေရလာတာ။ ဘမောင်က ငယ်ငယ်ကတည်းက အတတ်မြန် တော့ ဈေးကွက်စီးပွားရေး လှိုင်းကို သာသာလေး စီးတတ်သွား တယ်။ Consultancy ဆိုတဲ့ အတိုင်ပင်ခံက တကယ့် Knowl- edge Age ရဲ့အသားပဲ။ အဲဒီကလည်း မြက်မြက်ကလေး ရတတ် တယ်။

ဈေးကွက်စီးပွားရေးလှိုင်းကိုစီးခဲ့တာ ဆယ်စုနှစ်တစ်ခု ကျော်ပြီဆိုတော့ ဘမောင် ငြီးငွေ့လာတာတော့အမှန်ပဲ၊ အေးအေး ချမ်းချမ်း ဘာသာရေးလေးနဲ့ ဟိုတစ်စဒီတစ်စစာလေးတွေရေးတဲ့ 'စာရေးသူ' ဖြစ်ချင်တာက ဘမောင်ရင်ထဲက ဖြစ်ချင်မှုအမှန်ပါ။ ဖြစ်ချင်တာနဲ့ ဖြစ်လာတာတွေက တစ်ထပ်တည်းကျချင်မှ ကျတတ်



ဘာကိုလည်း နားလည်ထားပါတယ်လေ။ မထင်တာတွေ ပြောင်းလဲ ဘတ်တဲ့ဘဝကိုလည်း တစ်ခါတလေအံ့ဩမိတယ်။ အမေရိကန်က ငှမ်းအင်ကုမ္ပဏီကြီး Enron အကြောင်း ဖတ်ရတော့ ပြောင်းလဲ ခြင်းနဲ့သခ်ါရသဘောတွေကို ပိုပြီးဆင်ခြင်မိတယ်။ Enron ဆိုတာက အများပိုင်ကုမ္ပဏီကြီးတစ်ခုဖြစ်ပြီး အမေရိကန်မှာ နံပါတ် ၇ ရတ်တဲ့ ဧရာမကုမ္ပဏီကြီးပါ။ CEO လုပ်တဲ့ 'ကင်လေး' ရဲ့ ရိုးသားမှုကြောင့် ဝန်ထမ်းနှစ်သောင်းဘဝအပြောင်းအလဲ ဖြစ်ခဲ့ရတယ်။ ချွေးနဲ့စာနဲ့စုပြီးဝယ်ခဲ့တဲ့ ရှယ်ယာတန်ဖိုးတွေဟာ ရှယ်ယာတစ်ခုကို ၈၅ ဒေါ်လာကနေ တစ်ဒေါ်လာ အောက်ကို ရောက်သွားတယ်ဆိုတော့ . . . ရှယ်ယာဈေးကွက်ကို စိတ်ဝင် စား လေ့လာသူတွေအနေနဲ့ ဘယ်လောက် ဆိုးဆိုးဝါးဝါး ဖြစ်သွားတယ်ဆိုတာ ကိုယ်ချင်းစာမိနိုင်ပါတယ်။ ကုမ္ပဏီဒေဝါလီ ခံလိုက်ရလို့ ဝန်ထမ်းနှစ်သောင်းကျော် အလုပ်ပြုတ်တဲ့အပြင် စုဆောင်းစိမ်ပါ ကုန်ရတာဟာ တော်တော်ဆိုးဝါးတဲ့အဖြစ်ပါ။ CEO လုပ်တဲ့ 'ကင်လေး' ကိုယ်တိုင် အမေရိကန်သမ္မတနဲ့ ရင်းရင်းနှီးနှီး နေနိုင်သူကနေ ရုံးတင်စစ်ဆေးခံရတော့မယ့် ဘဝကို တစ်မုဟုတ် ချင်း ပြောင်းသွားပါတယ်။

ပြီးခဲ့တဲ့တစ်ပတ်ကပဲ ဘမောင်နဲ့ သင်တန်းအပတ်စဉ် တစ်ပတ်တည်းတက်ခဲ့တဲ့သူငယ်ချင်း ဗိုလ်မှူးကြီးတစ်ယောက် အငြိမ်းစားယူတယ်။ တစ်ယောက်ကျတော့ ရာထူးတိုးသွားလို့ ဂုဏ်နာတောင်ပေးလိုက်သေး။ ပြောင်းလဲခြင်းတွေ . . .။ ဗုဒ္ဓကတော့ ဟောထားသား၊ အားလုံးဟာသင်္ခါရတဲ့၊ အနိစ္စဆိုတာအမြဲမရှိတဲ့။ အမြဲဖြစ်ပျက်နေတာ ပြောင်းလဲခြင်းတွေပဲလို့ ဘမောင်တော့ နားလည်တာပဲလေ . . . ဘဝမှာတောင်မှသံသရာနဲ့ပဲ။ တစ်ဘဝက တစ်ဘဝကို ပြောင်းလို့။ ဒီဘဝမှာတင် ခဏခဏပြောင်းနေရတဲ့ ဘမောင်ရဲ့ဘဝကို တွေးရင်းတွေးရင်း . . .

■

www.burmeseclassic.com

## အသိမှန်ရာ

လောကတွင် အသိနှင့်ပတ်သက်၍ ခွဲခြမ်းစိတ်ဖြာသော် ရိုးစင်းစွာပင် အသိမှန်သူနှင့်အသိမှားသူဟူ၍ တွေ့နိုင်မည် ဖြစ်သည်။ လူတို့၏ နေ့စဉ် ရုန်းကန်လှုပ်ရှားနေကြရမှု အားလုံးသည် အသိပေါ် မူတည်၍ ဆောင်ရွက်နေကြခြင်းသာ ဖြစ်သည်။ အသိ၏ ဦးဆောင်မှုအောက်တွင် ရုပ်ခန္ဓာကလိုက်နေရခြင်းသာဖြစ်သည်။

အသိမှန်ခြင်းတွင် သာမညအသိနှင့် ဝိသေသသိတို့ တစ်ထပ်တည်းကျခြင်း၊ ပဉ္စာရုံသိနှင့်ဓမ္မာရုံသိတို့ကို ရှင်းလင်းပြတ်သားစွာ ခွဲခြားနိုင်ခြင်း၊ ရှေ့အသိနှင့် နောက်အသိတို့ သဟဇာတဖြစ်ခြင်း စသောအင်္ဂါရပ်များ ပါဝင်သည်။ အသိတူကြသည်ဟုထင်ရသော်လည်း တစ်ဦးနှင့်တစ်ဦး အကောင်အထည်ဖော်မှုမတူ၍ ရလဒ်များမတူကြခြင်းမှာ တကယ် အသိမတူ၍ ဖြစ်သည်။ အသိနှင့်ပတ်သက်၍ ဗုဒ္ဓက နှစ်ထောင်ချီကပင် ခွဲခြမ်းစိတ်ဖြာပေးခဲ့ပြီး ဖြစ်သည်။ 'ဘေဒဉာဏ်'ဟုခေါ်သော စာပေသိသည် သိအပ်ရာနှင့်သိသူတို့ တစ်သားတည်း ဖြစ်မသွားသေးသော သိမှုမျိုး ဖြစ်သည်။ 'အဘေဒဉာဏ်'မှာမူကား သိသူသည် သိအပ်ရာနှင့်တစ်သားတည်းဖြစ်၍ သိခြင်း ဖြစ်သည်။

ယနေ့ Academic သမားများသည် သီအိုရီများကိုပိုင်နိုင်သော်လည်း လက်တွေ့လောကတွင် ဖြစ်ထွန်းအောင် မဆောင်



ရွက်နိုင်ကြရသေးခြင်းမှာ ဤအချက်ကြောင့်ဖြစ်ပေသည်။ 'ဘယ်လောက်သိသလဲ' 'ဘယ်အထိသိသလဲ' ဆိုသော အတိုင်းအတာက လက်တွေ့နယ်ပယ်၏ နဖူးတွေ့ဒူးတွေ့ တွေ့နေရသော ကန့်သတ်ချက်များ ဖြစ်သည်။

ယနေ့ကမ္ဘာကြီးကို စီးပွားရေးဥပဒေသများ လိုက်မမီတော့သောခေတ်ဟု တင်စားကြသည်မှာ ဆယ်စုနှစ်တစ်ခုခန့်ရှိလောက်ပြီဖြစ်သည်။ လက်တွေ့ နယ်ပယ်တွင် ရှင်သန်ရပ်တည်နေကြသူများလည်းရှိသေးရာ မျက်စိလည်ဖွယ်ရာ ဖြစ်လာသည်။ အကြောင်းမှာ သိမှုမတူကြခြင်းဖြစ်သည်။ ထဲထဲဝင်ဝင် မသိကြခြင်းလည်း ဖြစ်သည်။ (သာမန်သိမှုသည် အတွေးအခေါ်ကို စတင်မွေးဖွားပေးသည်။ အတွေးအခေါ်ကို အဖန်ဖန်သုံးသပ်ရာမှ အယူအဆဟူ၍ ပေါ်ထွက်လာပြီး ထို အယူအဆပေါ်မှ တကယ်သိမှုဖြစ်လာပါသည်။ သိမှုမှတစ်ဆင့် သိရှိသည့်အတိုင်း အကောင်အထည်ဖော်ယူသော ကျင့်ကြံဆောင်ရွက်မှုက လိုက်ပါလာသည်။) အခြေခံမှားလျှင် အယူအဆများ၍ သိမှုမှားနိုင်ပါသည်။ သိမှုမှန်ရန် အခြေခံကောင်းဖို့ လိုပါသည်။(ပညာနှင့်အတွေ့အကြုံသည် သိမှုမှန်နိုင်ရန်အတွက် အဓိကစွမ်းရည်ဖြစ်သည်။)

အကျိုးပေးခြင်း၊ သို့မဟုတ် ဖြစ်ထွန်းမှုတစ်ခုအတွက် အဆင့် သုံးဆင့် ရှိကြောင်း လူတိုင်းသိပြီး ဖြစ်သော်လည်း သုံးဆင့်လုံးမှန်ကန်၍ သဟဇာတဖြစ်ရန် လုပ်ဆောင်မှုပေါ်တွင် ကွဲပြားခြားနားကြသည်။ (၁) အလိုဆန္ဒ (ကာမ) (၂) ကြံစည်မှု ([illegible]ာ) နှင့် (၃) ဆောင်ရွက်မှု (ကမ္မ) ဖြစ်သည်။ အလိုဆန္ဒတူသော်လည်း သိမှုအပေါ်မူတည်၍ ကြံစည်မှုကွဲပြားကြပါသည်။ ကြံစည်မှုကွဲပြား၍ ထိုကြံစည်မှုကို အကောင်အထည်ဖော်သော ဆောင်ရွက်မှု (ကမ္မ) လည်း ကွဲပြားမည်ဖြစ်သည်။ အလိုဆန္ဒတူကြသော်လည်း မတူသောကြံစည်မှုများကြောင့် အောင်နိုင်သူ၊ ဆုံးရှုံး

www.burmeseclassic.com

www.burmeseclassic.com



သူများဟု၍ ဆန္ဒပြည့်ခြင်း၊ မပြည့်ခြင်းများ ဖြစ်လာကြရသည်။

ဗုဒ္ဓက ရှင်သာရိပုတ္တရာကို 'ဗဟုသုတများခြင်းသည် အာသဝေါများခြင်း၏ အကြောင်း (အတတ်များခြင်း)' ဖြစ်ပြီး 'အသိများခြင်းသာ အာသဝေါနည်းပါးခြင်း၏ အကြောင်း' ဟုဟော ထားခဲ့သည်။ အတတ်နှင့်အသိ မတူခြင်းကို ထင်ရှားစွာပြဆိုခဲ့ခြင်း ဖြစ်သည်။ 'တတ်' သည့်အဆင့်မှာသာ ရပ်တန့်နေသူများအဖို့ 'သိ' သည့်အဆင့်သို့ တတ်လှမ်းကြရန် ဖြစ်သည်။ 'သိ'သည့် အဆင့် ကသာ ရည်မှန်းချက်ပန်းတိုင်ကိုပို့ဆောင်ပေးနိုင်သည့် အရည် အချင်းအမှန် ဖြစ်ပါသည်။ 'တတ်' ခြင်း၊ 'သိ' ခြင်းကို မခွဲခြားနိုင်သူ အချို့ 'တတ်' သည်ကိုပင် 'သိ' သည်ဟူ၍ အမှတ်မှားကြရာ လက်တွေ့ နယ်ပယ်၌ အဆုံးအရှုံးများနှင့်ရင်ဆိုင်ကြရသည်။

တစ်နိုင်ငံနှင့်တစ်နိုင်ငံ စီးပွားရေးပုံစံ ပုံတူကူးချ၍ မရခြင်းသည် တတ်ခြင်းနှင့် သိခြင်းကို ထင်ရှားစွာမီးမောင်း ထိုးပေးသော ဥပမာတစ်ခု ဖြစ်သည်။ ပြောင်းလဲခြင်း မရှိခဲ့ပါက ယနေ့လူသားများ ဆက်လက်ဂုအောင်းနေရဦးမည်ဖြစ်ပြီး ပြောင်း လဲခြင်းသည်ပင် လူ့သမိုင်း၏ ထင်ရှားသောဝိသေသတစ်ခု လည်း ဖြစ်သည်။ လျင်မြန်စွာပြောင်းလဲနေသော ယနေ့ကမ္ဘာတွင် လူတို့သည် Progressive Knowledge ဟူသည့် လျင်မြန်သော အသိအဟုန်ဖြင့် ပြောင်းလဲနေကြပြီဖြစ်သည်။ အခြေခံကောင်းသူ များအတွက် ချမ်းသာမှုအဆင့်သို့ရောက်ရှိရန် Multiplication of Wealth ဟူသော ဆပွားစနစ်ဖြင့် ရယူရန်လွယ်ကူသော်လည်း De- veloping Countries ဟူသော ဖွံ့ဖြိုးဆဲနိုင်ငံများ၌ အခြေခံကောင်း များ မရယူနိုင်သေးသဖြင့် ဆပွားတိုးတက်မှုကို မကြံစည်နိုင် သေးရာ အသိများမှာ Static Knowledge ဟူသော တုံ့နှေးသည့် အသိ အဆင့်၌သာ ရှိနေကြပေသေးသည်ဟု သုံးသပ်နိုင်သည်။



အသိပညာနှင့်အတတ်ပညာများမှာ စစ်ပွဲတစ်ပွဲ၏ ...ားကောင်းများ ဖြစ်သဖြင့် ပြိုင်ဆိုင်နိုင်မှုစွမ်းရည်ကို ပေးသည်။ ...မ္ဘာကြီးတွင် နေ့စဉ် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ...သောစစ်မျက်နှာများ၌ အပြင်းအထန် ပြိုင်ဆိုင်နေကြရ၏။ ...ည်သည့်နိုင်ငံများက ပြိုင်ဆိုင်မှုစွမ်းရည်မည်မျှရှိကြောင်းကို 'Global Competitiveness Report' စစ်တမ်းကောက်ယူချက် အရ ...င်လန်၊ အမေရိကန်နှင့် ကနေဒါတို့က ရှေ့တန်းမှပါဝင်နေရာ ယူကြသည်။ အသိပေါ်အခြေခံ၍ အတတ်ပညာများ ပိုမိုပြည့်ဖြိုး ...အောင်လုပ်နိုင်ခဲ့ကြသောထိုစွမ်းရည်ထက် နိုင်ငံများ၏ 'ယှဉ်ပြိုင် ...နိုင်စွမ်း' ကို (၁) နည်းပညာ (၂) ပြည်သူ့ရေးရာအဖွဲ့အစည်းများ (၃) နိုင်ငံအဆင့် စီးပွားရေး တည်ငြိမ်မှု စသည်တို့ပေါ်အခြေခံ၍ ...နှစ်ဆက်တိုက် မည်မျှ စီးပွား ဖွံ့ဖြိုးတိုးတက်ခဲ့သည့်အပေါ် ...သုံးသပ်ချက်ဆွဲပါသည်။ ပြည့်သူ့ရေးရာအဖွဲ့အစည်းကို အဓိပ္ပာယ် ...ဆိုရာတွင် အစိုးရ၏အုပ်ချုပ်ပုံအုပ်ချုပ်နည်း၊ မသမာမှု အနည်း ...အများ၊ တရားရုံး၏ အဆုံးအဖြတ်များ မည်မျှမှန်ကန်မှု၊ ပညာ ...ရေးအထောက်အပံ့များ၊ ကျန်းမာရေး၊ အစိုးရ၏ ပြည်သူ့အပေါ် ...ည်မှုတာဝန်ယူကာကွယ်ပေးမှု စသည်တို့အပေါ်အခြေခံသည်။

နိုင်ငံအဆင့်စီးပွားရေးတည်ငြိမ်မှုကို Macro Economic Stability ဟူသောပေတံဖြင့် တိုင်းတာသည်။ လျော့ကန်သော ...တ်ကျက်၊ ငွေဖောင်းပွမှုနှုန်း၊ နိုင်ငံခြားငွေ ဖလှယ်မှု၊ အစိုးရ၏ ...ချေးနိုင်စွမ်း စသည်တို့ဖြင့် သုံးသပ်သည်။ ထိုထွင်အသုံးချမှုကို ... ၂၀ မျှတွင်သာ တက်တက်ကြွကြွလုပ်ဆောင်နေကြသည်ကို ...ရှုသဖြင့် တစ်ကမ္ဘာလုံးနိုင်ငံများဖြင့်အချိုးချသော် ၁း၁၀ ...ရှိသေးသည်ကို တွေ့ရသည်။

တစ်ချိန်က အမေရိကန်သမ္မတတစ်ဦးဖြစ်ခဲ့သော ...ိုင်စင် ...ဒါသည် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သူတစ်ဦး ဖြစ်ပြီး

www.burmeseclassic.com



ယနေ့အမေရိကန်၏ နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်ကို Black Eisenhower ဟုတင်စားသည်။ အမေရိကန်၏ ကမ္ဘာ့ဆိုင်ရာ မဟာဗျူဟာအပြောင်းအလဲသည် ယနေ့အသိအရ War to War မှ သွေဖည်ကာ Compaign Against Terrorism သို့ ပြောင်းလဲကျင့်သုံးလာပါသည်။ အခြားသော မဟာဗျူဟာ အပြောင်းအလဲများကိုလည်း လိမ္မာပါးနပ်စွာ ကျင့်သုံးလာ၍ မူဝါဒအသစ်ကို ပါဝဲမူဝါဒ (Powell Doctrine) ဟုတင်စားကြသည်။ နိုင်ငံရေးနည်းဖြင့် စစ်တိုက်ခြင်းဟု နားလည်ထားနိုင်သည်။

ဗုဒ္ဓဘာသာ၏အဆုံးစွန်အသိမှာ ကိလေသာကို ပယ်သတ်၍ နိဗ္ဗာန်ရောက်ကြောင်း ဖြစ်ပြီး လောကီလူသားများ၏အသိမှာမူ ချမ်းသာကြွယ်ဝရေး၊ အောင်မြင်ကျော်စောရေး၊ အခြေအရံပေါများရေး စသည်တို့ဖြစ်သည်။ ဗုဒ္ဓမတိုင်မီကပင် အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ကို သိရှိကြပြီးဖြစ်သော်လည်း နိဗ္ဗာန်သို့သွားလောက်သည့် လမ်းစဉ် ရှာဖွေမှုအဆင့်အထိ မရောက်ခဲ့။ ဗုဒ္ဓပင်လျှင် အသိမမှန်မီ စဉ်က ဒုက္ကရစရိယာ ခြောက်နှစ် ကျင့်ကြံရသေးသည်ဖြစ်သည်။

တစ်ဦးတစ်ယောက်၏ အသိမှန်မှု တန်ဖိုးသည် ထမ်းဆောင်သောတာဝန်နှင့် တိုင်းတာနိုင်မည် ဖြစ်သည်။ သာမန်အိမ်ထောင်ဦးစီးတစ်ယောက်၏ အသိမှန်ခြင်းသည် ထိုအိမ်ထောင်စုဝင်မိသားစုများ၏ အနာဂတ်သာယာလှပရေး ဖြစ်သကဲ့သို့ အဖွဲ့အစည်းတစ်ခု၏ခေါင်းဆောင် အသိမှန်မှုမှာ ထိုအဖွဲ့အစည်းကြီး၏ အနာဂတ် ဖြစ်ပါသည်။ အိမ်ထောင်ဦးစီး တစ်ဦး၏ အသိချွတ်ချော်မှုသည် မိသားစုဝင် လေးငါးဦး အတွက်သာ အကျိုးသက်ရောက်သော်လည်း ကမ္ဘာ့ လူဦးရေအများဆုံးဖြစ်သော တရုတ်ပြည်သမ္မတ၏အသိအောက်တွင် လူ သန်း ၁၃၀၀ ၏ အနာဂတ် ရှိနေပါသည်။



အမေရိကန်သမ္မတ၏ အသိမှတ်တစ်ဆင့်ချမှတ်သော မူဝါဒအောက်တွင် လူ သန်း နှစ်ရာတို့၏ကောင်းကျိုးဆိုးကျိုးကသာ ဘိုက်ရိုက်ထင်ဟပ်သော်လည်း မဟာအင်အားလွန်နိုင်ငံ ဖြစ်သဖြင့် ကမ္ဘာ့လူဦးရေ သန်းခြောက်ထောင်ကျော်၏ အကျိုးနှစ်ဖြာ သွယ်ဝိုက် ရိုက်ခတ်ခံရမည်မှာ မလွဲမသွေဖြစ်သည်။ ပိုမိုတာဝန်ကြီးသူ တစ်ဦး၏အသိမှာ ၎င်း၏သမိုင်းလည်းဖြစ်သည်။ အသိမှန်လျှင် သမိုင်းကောင်း၍ အသိမှားလျှင် သမိုင်းဆိုးမည် ဖြစ်သည်။ အသိမှားမှုပေါ် အခြေခံသော မူဝါဒကြောင့် ဗီယက်နမ် စစ်ပွဲဖြစ်လာခဲ့ပြီး ယင်း၏ ဆိုးကျိုးရလဒ်သည် ဆုံးဖြတ်ခဲ့သော အမေရိကန်သမ္မတတစ်ဦး၏ သမိုင်းတွင် အမည်းရောင် လွှမ်းခဲ့ရသည်။

အမေရိကန်၏ ယနေ့စီးပွားရေးတွင် Enron, Worldcom, Xerox စသော မဟာကုမ္ပဏီကြီးများ၏ တာဝန်ရှိ သူ CEO များ အသိလွဲချော်မှု၏ လုပ်ဆောင်မှုကြောင့် စတော့ဈေးကွက်ပျက်ခဲ့ရပြီး ထိုတာဝန်ရှိသူများ ဥပဒေကို ရင်ဆိုင်နေရပြီ ဖြစ်သည်။ ထိခိုက်နစ်နာမှုကိုခံစားခဲ့ရသော ဝန်ထမ်းနှင့် ရှယ်ယာရှင်များ အလွန်များပြားသဖြင့် ပြစ်ဒဏ်မှာ ပေါ့တန်မည်မဟုတ်ဟု သုံးသပ်ကြသည်။ (နောက်လိုက်များ အသိမမှန်လျှင် မထောင်းတာသော်လည်း ခေါင်းဆောင်များ အသိမှန်ရန်အရေးကြီးကြောင်း ပြဆိုသည်လည်းမည်၏။)

လောကီတွင်ကျင်လည်ကြသော လူတို့၌ တောင့်တခြင်း အမျိုးမျိုး ရှိ၏။ (၁) လွတ်လပ်စွာနေလိုခြင်း (၂) ကျန်းမာအသက်ရှည်လိုခြင်း (၃) စည်းစိမ်ဥစ္စာ ကြွယ်ဝလိုခြင်း (၄) ကျော်စောမှုရလိုခြင်း (၅) တန်ခိုးသြဇာအာဏာတို့ဖြစ်ကြသည်။ အသိရှိသူတို့သည် တတ်နိုင်သမျှနည်းလမ်းဖြင့် ရယူရန်ကြိုးစား

www.burmeseclassic.com

www.burmeseclassic.com



ကြသော်လည်း ဆန့်ကျင်ဘက်လားရာကိုလည်း ရှောင်ရှားနိုင်ကြ သည်။ အသိမရှိသူတို့မှာ အခွင့်အရေးကို အစွမ်းကုန် အသုံးချ နိုင်ကြသော်လည်း ဆန့်ကျင်ဘက်လားရာ၏ ဆိုးကျိုးများကို မမြင်နိုင်၊ စွန့်စားမှုထက်ကျော်လွန်သော လောင်းကစားဆန် ဆန်လည်း လုပ်ရန်ဝန်မလေးကြ။ (ဘဝနိဂုံးပိုင်းအထိ အသိ ရှိကြရန်ကောင်းသည်။)

အသိနှင့်ပတ်သက်၍အတိမ်အနက်ကို ဗုဒ္ဓက သုံးမျိုး ဟောခဲ့၏။ (၁) ရုပ်ဝါဒီများအားထားသော ပစ္စက္ခပမာဏ (မျက်မြင်ကိုယ်တွေ့) (၂) အတွေးအခေါ်ရှင်များ ပြုကျင့်သော အနုမာနပမာဏ (အကြောင်းအကျိုးဆက်နွယ်မှု) (၃) လက်တွေ့ သမားများ ကျင့်ကြံသူများဆောင်ရွက်နိုင်သော သဒ္ဒါကရဏပမာဏ (မျက်မှောက်ပြုမှု)။ လုံးဝအသိမရှိသူထက် အသိရှိသူက သာ လွန်မည်ဖြစ်ပြီး မိမိ၏အသိအဆင့်အတန်း မည်သည့်အထဲပါသည် ကို သိနိုင်မည်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကောင်းနိုးရာရာ နိုင်ငံရေးလမ်းစဉ်များဖြင့်ချီတက်ကြရာ တစ်ချိန်က ရုပ်ဝါဒီသမား များ ကြီးထွားခဲ့ဖူးပါသည်။ အရာရာကို ရုပ်ဝါဒတစ်ခုတည်းဖြင့် တိုင်းတာ၍မရသည့်အဆုံး ပြန်လည်ပြိုပျက်ခဲ့သည်။ ဦးဆောင်သူ တို့၏ အသိတိမ်းပါးမှုကြောင့် နှစ်ပေါင်းများစွာ ခေတ်နောက် ကျန်ခဲ့ရသော အမွေဆိုးကိုသာ ရရှိလိုက်ကြသည်။ (ပါးနပ်သော နိုင်ငံတို့က ခေတ်တစ်ခေတ်၏လိုအပ်ချက်၊ အများ၏ဆန္ဒနှင့် လိုက်လျောညီထွေစွာ ပြုပြင်ပြောင်းလဲ ဆောင်ရွက်နိုင်ခဲ့ကြသဖြင့် ရှေ့တန်းရောက်နိုင်ငံများအဖြစ် ရပ်တည်နိုင်ခဲ့ကြခြင်းသည် မူဝါဒချမှတ်သူတို့၏ အသိပညာကြောင့် ဖြစ်သည်။)

ဆောင်ရွက်မှုတစ်ခုပြုရာတွင် အသိသည် မှန်ကန်မှု၊ တန်ဖိုးအမြင့်ဆုံးကို ပေး၏။ (၁) အချိန်အခါနှင့်ပြည့်စုံမှု (ကာလသမ္ပတ္တိ)၊ (၂) ဒေသ၏ပြည့်စုံမှု (ဂတိသမ္ပတ္တိ)၊ (၃) ...င်ကိုအရည်အသွေးပြည့်စုံမှု (ဥပဓိသမ္ပတ္တိ)၊ (၄) ဆောင်ရွက် ...၏ထိရောက်ခြင်း (ပယောဂသမ္ပတ္တိ)။ မိမိ၏အသိသည် မည်မျှ ...ခုနိုင်စွမ်းကြောင်း သတိထားနိုင်ရန်ဖြစ်သည်။



ပျော်ရွှင်လို၍ အရက်သောက်ခြင်းကို မရည်ညွှန်းလိုသော် ...သည်း စိတ်ညစ်တိုင်းအရက်သောက်ကြသူများ စဉ်းစားရန် ဖြစ် သည်။ စီမံကိန်းချမှတ်၍ အကောင်းဆုံးလုပ်ဆောင်သော်လည်း ...အောင်မြင်သည့် အဖွဲ့အစည်းများ သတိမူသင့်သည်။ တကယ် ...သိမျှသိခြင်း၏အဆင့်ဖြင့် တိုင်းတာနိုင်သည်။ 'သိတော့သိပါတယ် ...သ' ဟူသောလူမျိုးများ တကယ်မသိသေးခြင်း ဖြစ်သည်။ တကယ် အသိ၏နောက်တွင် ပညာနှင့်ရဲစွမ်းသတ္တိက ကပ်ပါလျက်သား ...ခ်သည်။ အပေါ်ယံအသိဖြင့် တည်ဆောက်နိုင်သော်လည်း ...ရှည်စိတ်မချရသောအဖြစ်နှင့် ထဲထဲဝင်ဝင်သိ၍ ပညာသိဖြင့် ...သည်ဆောက်ကာ အမြင့်ဆုံးတန်ဖိုးရနိုင်ကြသော အဖြစ်တို့ တန်ဖိုး ...ားနားမှုကို သိရှိနိုင်ကြရန်ဖြစ်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## နားလည်ခြင်း

ရိုးစင်းသည်နှင့်အမျှ သိမ်မွေ့နက်နဲကျယ်ဝန်းသော အဓိပ္ပာယ်နှင့်လည်း ပြည့်စုံသည်။ တစ်ဦးထက်ပိုသော အဖွဲ့အစည်းမှသည် လူ့အသိုင်းအဝိုင်းတစ်ခုလုံး နားလည်မှုဖြင့် အခြေခံတည်ဆောက်ကြလေ့ရှိသည်။ လူငယ်ဘဝ သူငယ်ချင်းချင်း နားလည်မှုမှသည် မိသားစုနားလည်မှု၊ အဖွဲ့အစည်းတစ်ခုတွင်း အထက်အောက် နားလည်မှု၊ အုပ်ချုပ်သူနှင့်အုပ်ချုပ်ခံလူတန်းစား အပြန်အလှန်နားလည်မှုအထိ ကျယ်ပြောသည်။ ယဉ်ကျေးမှုမတူသော လူ့အသိုင်းအဝိုင်းနှစ်ခု ဆက်ဆံ၍ရခြင်းမှာ နားလည်မှုရှိသောကြောင့် ဖြစ်သည်။ အသိဉာဏ်ရှိသော လူမှုနယ်ပယ်တွင် နားလည်မှု တည်ဆောက်နိုင်သလို အမြင်ကျဉ်းမြောင်းစွာ တစ်ဖက်သတ်ရှုမြင်ပါက နားလည်မှု တည်ဆောက်၍ မရနိုင်။

နားလည်မှု (Understanding) သည် တစ်ရံတစ်ခါ သိတတ်မှု၊ စာနာမှုတို့ အပေါ်တွင် အခြေခံပြီး တစ်ခါတစ်ရံ ပစ္စက္ခအခြေအနေကို ကောင်းစွာသုံးသပ်နိုင်မှု အပေါ်တွင်လည်း အခြေတည်တတ်ပါသည်။ အပေါင်းလက္ခဏာဆောင်သော ရှုမြင်ခြင်းမှ ပေါက်ဖွားသည်ဟုလည်း ဆိုနိုင်မည် ဖြစ်သည်။ ရည်မှန်းချက်တူသော ပန်းတိုင်သို့ နှစ်ဖက် ရှေးရှုသည့်အခါ ကြားပြဿနာများ အဓိကမလိုအပ်ဟု ခံယူချက်ရှေ့ထားလျှင်လည်း ရနိုင်သော



အရာ ဖြစ်သည်။ နားလည်မှုကို အသိမှတစ်ဆင့် ရနိုင်သည်။ အသိနှင့်ပညာသည် ခေါင်းနှင့်ပန်းဖြစ်သဖြင့် ပညာအခြေခံသော အသိမှရသည့် နားလည်မှုသည် အရာရာကိုကျော်လွှားနိုင်သော အင်အား ရှိပေသည်။ ဘာသာရေးပြင်းထန်သော အစ္စလာမ် င်တစ်ဦးနှင့် ဗုဒ္ဓဘာသာ တရုတ်အမျိုးသမီးတစ်ဦး၏ အိမ်ထောင် နေသက် ရှည်ကြာစွာပြေလည်နေခြင်းသည် နားလည်မှု အခြေခံ ည်ဆောက်သောကြောင့် ဖြစ်သည်။ မိမိဘာသာမိမိ ကိုးကွယ်ခွင့် နားလည်မှုထားကြသည်။ မွေးလာသောကလေးအတွက်လည်း ဘက်လပ်စွာကိုးကွယ်မှုအခွင့်အရေး ပေးထားသည်။ နှစ်ဦးလုံး ခေတ်ပညာတတ်ကြပြီး လူမှုဝန်းကျင်နှင့် အလွန်ပြေလည်စွာ က်ဆံနိုင်ကြသောသူများဖြစ်၍ အသိအခြေခံမှာပင် သာမန် အတွေးထက်ပိုလွန်ပြီးဖြစ်သည်။ အသိသည်ပင် ခံယူချက်၊ နားလည် ု ချစ်ခြင်း၊ မုန်းခြင်းများကို ဖန်တီးထုတ်လုပ်ရာ ပင်မဖြစ်ပေသည်။

မိမိအိမ်ထောင် စတင်ခါစကမေးငေါ့ကြသူများ၊ အကျိုးလို ညောင်ရေသွန်းကြသူများ၊ ပစ်ပစ်ခါခါပြောရက်ကြသူများ အားလုံးတို့၏ အတွင်းရေးအပြင်ပါ မုန်တိုင်းများကို နှစ်အတန်ကြာ ရဖူးပါသည်။ ကိုယ့်လမ်းကိုယ်လျှောက်၊ ကိုယ့်ရည်မှန်းချက် ုယ်ဖြည့်ဆည်းရင်း အောင်မြင်မှုအတိုင်းအတာတစ်ခုထိ ရသော ခါ အားလုံးကိုလက်တုံ့ပြန်မည့်အစား နားလည်မှုတစ်ခုဖြင့်သာ ဆပ်လိုက်ပါသည်။ အတွင်းအပြင်မုန်တိုင်းများအစား လေပြည် ညင်းကို ပြန်လည် ရရှိပါသည်။ ဘာသာရေးရှုထောင့်ဖြင့် ဘာသော် ရေပွက် တစ်ခဏမျှသောဘဝတွင် နားလည်မှုဖြင့် ဆပ်နိုင်ကြမည်သာဖြစ်ပါသည်။ နားလည်ခြင်းသည် မေတ္တာ ကိုလည်း အခြေခံသည်ဖြစ်ရာ အလျားအနံထက် အသွား န်ရှိသည့်သဘောကို တွေ့နိုင်မည်ဖြစ်သည်။ တုံ့ပြန်မှုနှင့် ပြန်သက်ရောက်မှုတို့၏ သဘောတရားတခုလည်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အတ္တဟူသောကိုယ်ကျိုးသည် နားလည်မှုကိုဖျက်ဆီးရာဖြစ်၏။ အနတ္တကို နားလည်ခြင်းဖြင့် အတ္တကိုစွန့်လျှင် နားလည်ခြင်းကိုရနိုင်မည်ဖြစ်သည်။ ပညာအခြေခံသောအသိသည် အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုးကို ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသဖြင့် အတ္တကိုဖယ်ရှားစေပြီး အနတ္တသဘောကို နားလည်စေနိုင်စွမ်းရှိမည်ဖြစ်သည်။ တစ်ကမ္ဘာလုံးနားလည်မှုရှိကြလျှင် အေးချမ်းသာယာသော လူမှုဝန်းကျင်ကြီးတစ်ခု ဖြစ်ပေါ်လာမည်ဖြစ်သည်။ သို့သော် အသိအခြေခံလူသား များထက် အတတ်ပညာအခြေခံလူသားများဖြင့်တည်ဆောက်သော ယနေ့ကမ္ဘာတွင် နားလည်မှုသည် ဝေးကွာသည်ထက် ဝေးကွာလာခဲ့ပါသည်။ စာအုပ်အခြေခံအသိ၊ သီအိုရီအခြေခံအတတ်တို့က လောကသိ သိသောပညာနှင့် ရောထွေး ယောင်မှားကာ 'ကိုယ်ကျိုးစီးပွား' ကိုရှေ့တန်းတင်လာခြင်းအားဖြင့် အတ္တ၏ကျေးကျွန်များဖြစ်ကာ နားလည်မှုနှင့်အလှမ်းဝေးကွာရတော့သည်။

နားလည်မှုသည် အေးငြိမ်းရာနှင့် အမှန်တရားကို ရှာဖွေနိုင်သော ဝိသေသ ရှိသော်လည်း အတ္တအခြေခံ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒကြောင့် ဆန့်ကျင်ရာ ရလဒ်များကို ကမ္ဘာတွင် အများအပြားတွေ့နေရပြီ ဖြစ်သည်။ အီရတ် အရေးအခင်း သည် နားလည်မှုတည်ဆောက်မရခြင်းအခြေခံသောကြောင့် ကမ္ဘာ့သမိုင်းတွင် အလှည့်အပြောင်းတစ်ခုဖြစ်ခဲ့ရသည်။ တစ်ဖက်မှ အ အခြားပိုင်ဆိုင်ခြင်းဟူသော ကုလသမဂ္ဂ၏စည်းမျဉ်းကို အ အကွယ်ယူ၍ အတ္တအခြေခံ အနုတ်လက္ခဏာဆောင်သော တည်ဆောက်မှုများကိုပြုခဲ့သည်။ အခြားတစ်ဖက်မှလည်း အ အခြေခံ၍ 'ဖိနှိပ်မှု' နှင့် 'အများအပြား သေစေနိုင်သော လက်နက်ပိုင်ဆိုင်မှု' ကို အကြောင်းပြကာ စစ်ခင်းခဲ့သည်။ နှစ် နားလည်မှု မတည်ဆောက်နိုင်၍ တင်းမာမှုဖြစ်စဉ် အီရတ်



တာဝန်ရှိသူများက ကာလ-ဒေသ၏ ချိန်ခွင်လျှာညီမျှမှု အပေါ် သပ်မံ၍ နားလည်မှုလွဲခဲ့ပြန်သည်။ ရလဒ်က မိမိနိုင်ငံစစ်ရှုံး၍ တစ်ပါးသူ၏ခြယ်လှယ်ခွင့်ကို ပေးအပ်လိုက်ရခြင်း ဖြစ်သည်။ (မိသားစုတစ်ခုအတွင်း နားလည်မှုလွဲမှားလျှင် လေးငါးယောက်သောသူများသာ ထိခိုက်နစ်နာနိုင်သော်လည်း တာဝန်ရှိသူများ နားလည်မှုလွဲမှားပါက အပြစ်မဲ့သူအလုံးစုံပါဝင်သော တိုင်းပြည်တစ်ပြည်လုံး အတိုင်းအတာထိ အကျိုးသက်ရောက်နိုင်သည်ကို အီရတ်က သင်ခန်းစာ ပေးထားလိုက်ပြီ ဖြစ်သည်။) ပစ္စက္ခ အခြေအနေ၏အမှန်ကို လွဲမှားစွာသုံးသပ်ခြင်း၏ ရလဒ်လည်း ဖြစ်ပါသည်။

(အခြားသူများကိုနားလည်ခြင်းပြုနိုင်ရန် မိမိကိုယ်ကို ဦးစွာနားလည်ရန် လိုအပ်သည်။ မိမိကိုယ်ကိုနားလည်ခြင်း အမှန် ရှိသူများမှာ အခြားသူများနှင့် နားလည်မှုတည်ဆောက်ယူ၍ ယ်တော့မှ ရတတ်သည်မရှိချေ။) မိမိ၏ သိစိတ်၊ တစ်ခါတစ်ရံ လေ့ရှိတတ်သော မသိစိတ်အခြေခံများကို ဦးစွာ ခွဲခြမ်းစိတ်ဖြာ တတ်ရန်လိုသည်။ ရုပ်နာမ် အကြောင်း၊ မဂ်အကြောင်း ဖိုလ်အကြောင်း၊ နိဗ္ဗာန်အကြောင်း၊ ရွှန်းရွှန်းဝေအောင် ပြောတတ်ပြီး တတ်တာလုပ်နေသူ၊ လိုက်နာကျင့်ကြံမှု မရှိသူသည် မိမိကိုယ်ကို တင်နားမလည်ခြင်းဟု သုံးသပ်နိုင်မည်ဖြစ်သည်။ စာတွေ့ သိပြီး လက်တွေ့မရှိလျှင် စိတ်ထားတတ်မည်မဟုတ်သည်မှာ င်းပေ၊ ပတ်ဝန်းကျင်ကို မည်မျှဟန်ဆောင်ကောင်းစေကာမူ ကြွယ် ယနေ့ လူမှုအဖွဲ့အစည်းတွင် ဘေးက သိနှင့်ပြီး ဖြစ်နေ ည်ကို ဦးစွာနားလည်ရန် လိုအပ်ပါသည်။ သာမန်လူသည် ဆောင်အတတ်နှင့် အကယ်ဒမီရသူမဟုတ် ဆိုသည်ကို ားရန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိကိုယ်ကိုနားလည်ခြင်းတွင် အပြုသဘောဆောင် စိတ်အခြေခံနှင့် အပျက်သဘောဆောင် စိတ်အခြေခံတွင် ဘာကိုပိုင်ဆိုင်၍ အလေ့အထဖြစ်နေသည်ကို လေ့လာသင့်သည်။ အများလက်ခံနိုင်သည့် အပြုသဘောဆောင်စိတ်အခြေခံအဖြစ် ပြောင်းလဲခြင်းဖြင့် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်ရန် ပြုပြင်စီမံနိုင်သည်။ မိမိကိုယ်ကို အမှန်နားလည်ပြီ၊ ရည်ရွယ်ချက်ကိုလည်း နားလည်ပြီဆိုလျှင် အများနှင့်ဆက်စပ်သော ကိစ္စရပ်များ၌ နားလည်မှုတည်ဆောက်ရာတွင် ခက်ခဲတော့မည်မဟုတ်ပေ။

(မိမိကိုယ်ကို နားလည်ရာတွင် မိမိ၏အရည်အချင်းကိုဒုတိယနားလည်ရန် လိုအပ်သည်။) ငယ်စဉ်က စာတော်သည်ဟုထင်ရသော ကျောင်းသူတစ်ဦးကို တွေ့ခဲ့ဖူးသည်။ သဘောတရားထက် ကျက်မှတ်ခြင်းကိုသာ အလေးထားသော အရည်အချင်း မှန်သူကိုယ်သူမသိခဲ့။ ဆယ်တန်းအမှတ်ကောင်း၍ ဝါသနာမပါဘဲစက်မှုတက္ကသိုလ် တက်ခဲ့ရာ အလွတ်ကျက်မရသော အတွက်အချက်များက ကောင်းကောင်းဒုက္ခပေး၍ ဘာသာပြောင်းခဲ့ရသည်ကို ကြုံဖူးပါသည်။ မိမိအရည်အချင်းကို အမှန်နားမလည်ခြင်းဖြစ်သည်။ သူဌေးသားသည် အမွေရ၍ ချမ်းသာလာမည့်အမှန်သော်လည်း သူဌေးအရည်အချင်းမရှိကြောင်း၊ ဝန်ကြီးကားမောင်းသူသည် ဝန်ကြီးမဟုတ်ကြောင်း အရည်အချင်းမှန်ကိုနားလည်ရန် ဖြစ်သည်။ စီးပွားရေး လောကတွင်လည်း အလုပ်များရန်အဓိကလား၊ အမြတ်များရန်အဓိကလား ဆိုသည်ကိုနားလည်ရန်ဖြစ်သည်။(အလုပ်များများလုပ်နိုင်သော အရည်အချင်းထက် အမြတ်များများလုပ်ပေးနိုင်သော အရည်အချင်းကိုသာဖွံ့ဖြိုးပြီးနိုင်ငံများက အလေးထားသည်ကို သတိပြုမိရန် ဖြစ်သည်။) အပြောင်းအလဲတစ်ခုတွင်လည်းကောင်း၊ အကျပ်အတည်း တစ်ခုတွင် လည်းကောင်း မည်မျှကိုယ်ခံအားကောင်းသည်၊ ပြင်ဆင်မှု



နိုင်သည်၊ ရပ်တည်ရှင်သန်နိုင်သည် ဆိုသောအရည်အချင်းကိုလည်းနားလည်ရန်ဖြစ်သည်။

မိမိ၏ စိတ်အခြေခံနှင့် အရည်အချင်းအမှန်ကို နားလည်ပြီးပါက လူမှုဝန်းကျင်တစ်ခုနှင့် နားလည်မှုတည်ဆောက်နိုင်ပြီဖြစ်သည်။ အရည်အချင်းကောင်းသည် တည်ဆောက်နိုင်မှုအဟုန်ကို ရမည်ဖြစ်သည်။(နားလည်မှုသည် တစ်ခါတစ်ရံစာနာမှုမှလည်း အခြေခံပါသည်။) မွေးကတည်းက ခေါင်းဆောင် ဖြစ်ကြသူများ မဟုတ်ပါ။ (နောက်လိုက်ဘဝတွင်ခေါင်းဆောင်ကိုစာနာ၍၎င်း၏လုပ်ဆောင်မှုအပေါ် နားလည်ခြင်းဖြင့် နောက်လိုက်ကောင်းအဖြစ် မိမိကိုယ်ကို တည်ဆောက်သင့်၏။ မိမိခေါင်းဆောင်ကိုနားလည်မှုမပေးနိုင်သူ၊ စာနာမှုမရှိသူသည် အာယ်တော့မှ ခေါင်းဆောင်ကောင်းဖြစ်မည်မဟုတ်ချေ။) အသိမြင့်သော အချို့ လူငယ်များသည် ပြည့်စုံသောဘဝကိုပိုင်ဆိုင်သော်လည်း မိဘကို စာနာ၊ နားလည်မှု ပေးကြသည်။ ငယ်စဉ်က မိဘအပေါ် နားလည်နိုင်ကြသဖြင့် သားသမီးဘဝတွင် သားသမီးတာဝန်ကိုကျေပွန်ကြလျှင် တစ်ချိန် မိဘကောင်းများဖြစ်လာကြမည်မှာ မလွဲချေ။ အချို့လူငယ်များ ချို့တဲ့သော်လည်း မိဘကိုမစာနာ၍ မိုက်တွင်းနက်ကြသူများ တစ်ချိန် မိဘဆိုးများဖြစ်လာကြလျှင် ဆန်းသည်ဟုဆိုသာပါချေ။ မိမိကိုယ်ကိုအမှန်နားမလည်သူများ၊ အခြေအနေမျက်ကွယ်ပြုသူများ ဖြစ်လေ့ဖြစ်ထရှိသော သဘာဝတစ်ခုသာဖြစ်ပါသည်။ ငယ်စဉ်ကသူငယ်ချင်းတစ်ဦး၏မျိုးဆက် သုံးဆက်တိုင် ဝယာကြော်ရောင်းနေရသည်ကို ဝမ်းနည်းစွာ တွေ့ခဲ့ရဖူးသည်။ အသိမရှိခဲ့ခြင်းမှ အခြေခံသော အကျိုးရလဒ်များဖြစ်သည်။

ဘာသာရေးရှုထောင့်မှဆင်ခြင်လျှင်လည်း နားလည်ခြင်းသည် အပေါင်းလက္ခဏာ ဆောင်သဖြင့် ကောင်းသော ကံကို

www.burmeseclassic.com



ဖြစ်စေပါသည်။ အတ္တကိုဦးစားမပေးသည်နှင့် နားလည်ခြင်းနယ်ပယ်သို့ ချင်းနင်းဝင်ရောက်နေပြီဖြစ်သည်။ အဆုံးစွန်နားလည်ခြင်းကို ဗုဒ္ဓထံတွင်တွေ့နိုင်မည်ဖြစ်သည်။ အကြိမ်ကြိမ်မိမိအသက်ကို သေကြောင်းကြံခဲ့သူ ဒေဝဒတ်ကိုပင် နားလည်မှုပေးနိုင်စွမ်းသည် မေတ္တာအခြေခံ၍ ကရုဏာကြီးခဲ့ခြင်းကြောင့်ဖြစ်သည်။ (ဝေဘူဆရာတော်ကြီးထံ လှူခဲ့သော တန်ဖိုးကြီး အခင်းတစ်ထည်ကို သူခိုး ခိုးရာတွင် လမ်းမှားနေသဖြင့် ဆရာတော်ကိုယ်တိုင် ထွက်ပေါက်ညွှန်ပြပေးခြင်းသည်လည်း နားလည်မှုပေးခြင်း၏လက္ခဏာတစ်ရပ်ဖြစ်သည်။ 'သူ့ပစ္စည်းသူယူသွားတာပဲ' ဟူ၍ပင်အတိတ်အကြွေးကို ထပ်မံ နားလည်ပေးပြန်နိုင်သော ဆရာတော်ကြီး ဖြစ်သည်။)

(ရိုးရိုးနားလည်မှုမရှိခြင်းထက် ဟန်ဆောင်နားလည်ခြင်းက ကြီးစွာသော ဆိုးမွေကို ပေးတတ်ပါသည်။) ဝါဒသေ စွဲသောတစ်ချိန်က ကွန်မြူနစ်ရုရှားများသည် ဝါဒရေးရာမှားယွင်းနေပြီကိုအချိန်ကြာသည်နှင့်အမျှ သိလာပြီဖြစ်သော်လည်း အုပ်ချုပ်သူအချင်းချင်း နားလည်မှုဟန်ဆောင်ခဲ့ကြသည်။ အမှန်နားလည်လျှင်ပြောင်းလဲပြင်လွယ်လုပ်နည်းသစ်ဖြင့်အစားထိုးနိုင်သော်လည်းဟန်ဆောင်နားလည်မှုများကြောင့် နောက်ဆုံး ပေါက်ကွဲ၍ နိုင်ငံအစိတ်စိတ်အမြွှာမြွှာ ဖြစ်ခဲ့ရဖူးပေသည်။ ကွန်မြူနစ်ချင်းတူသော်လည်း တရုတ်တို့က အခြေအနေမှန်ကိုနားလည်ခဲ့၍ အုပ်ချုပ်မှုဖွဲ့စည်းပုံသာ ချန်ပြီး ဈေးကွက်စီးပွားရေး တကယ်သွားခဲ့သောကြောင့် ယနေ့ အရှိန်အဟုန်ဖြင့်ကြီးပွားချမ်းသာနေပြီ ဖြစ်သည်။ ဟန်ဆောင်နားလည်ခြင်း၏ ဆိုးမွေနှင့် တကယ်နားလည်ခြင်း၏ကောင်းမွေများဖြစ်သည်။ နားလည်ခြင်း၏ တကယ့် အနှစ်သာရသို့တိုင် ရောက်ရှိပြီး လောကီ-လောကုတ္တရာ နှစ်ဖြာ ပွားစည်းနိုင်စေရန် ရည်သန်ပါသည်။

■

## လူနပ်ချမ်းသာ

ရှေးကစီးပွားရေးမှာ အကန့်အသတ်ဘောင်တွင်းကသာဖြစ်သည်။ အသိပညာ၏အကန့်အသတ်၊ နည်းပညာ၏ အကန့်အသတ်နှင့် နယ်မြေဒေသ၏ အကန့်အသတ် ဘောင်တွင်းမှသာရောင်းဝယ်ဖောက်ကားခဲ့ကြခြင်း ဖြစ်သည်။ လမ်းပန်းဆက်သွယ်မှုကောင်းမွန်လာသည်နှင့်အမျှ မြို့ရွာချင်း ကုန်စည်ဖလှယ် ရောင်းဝယ်ဖောက်ကားမှုတိုးတက်လာပြီး ရေကြောင်းအသုံးပြုလာနိုင်သည့်အချိန်တွင် နိုင်ငံအချင်းချင်း ကူးသန်းရောင်းဝယ်သောခေတ်သို့ ရောက်လာရပေသည်။ လေကြောင်းကိုစိုးမိုးနိုင်သောအခါပိုမိုမြန်ဆန်သော ကုန်စည်စီးဆင်းမှုတို့ တိုးတက် ဖြစ်ပေါ်လာပြီးကွန်ပျူတာနှင့် IT ခေတ်တွင် ငွေကြေးဈေးကွက်ကိုပင် လူကိုယ်တိုင်မသွားရောက်ရတော့ဘဲ ရုံးမှာ အိမ်မှာပင်ထိုင်၍ စီးပွားရေးလုပ်နိုင်ကြပြီဖြစ်သည်။ နယ်မြေကန့်သတ်ဘောင်ကိုကျော်လွန်ပြီးနည်းပညာ၏အသီးအပွင့်တို့ကို ခံစားနေရခြင်း ဖြစ်သည်။ ယုတ်စွအဆုံး မော်တော်ကားပေါ်မှပင် လက်ကိုင်ဖုန်းများ၌ ထည့်သွင်းချိတ်ဆက်ထားသော ငွေကြေးဈေးကွက်၏ အညွှန်းကိန်းများအရစီးပွားရေးလုပ်နိုင်ပြီ ဖြစ်သည်။

ကမ္ဘာကြီးသည် ပညာအခြေခံခေတ်သစ်သို့ ချင်းနင်းဝင်ရောက်လာသည်နှင့် ကန့်သတ်မှုဘောင်များကို တစ်ခုချင်း

www.burmeseclassic.com

www.burmeseclassic.com



ချိုးမျှော်ကာ ပြိုင်ဆိုင်မှုလည်း ပိုမိုပြင်းထန်လာခဲ့သည်။ အသိပညာခေတ်တွင် ရှေးက အိပ်မက်ပင်မမက်ဖူးခဲ့သော နည်းပညာများ ပေါ်ထွန်းလာသည်နှင့်အမျှ အရာရာသည် ချိတ်ဆက်အမှီသဟဲပြုပြီးသားလည်း ဖြစ်လာသည်။ ပိုမိုတော်သော၊ လိမ္မာပါးနပ်သော ပညာရှင်များကိုအသုံးပြုပြီး ပိုမိုကောင်းမွန်သော အတွေးအခေါ်သစ်၊ အယူအဆသစ်များဖြင့် ဦးနှောက်စစ်ပွဲကို ဆင်နွှဲနေကြသော ခေတ်ဖြစ်သည်။ ပညာတန်ဖိုးကို အလေးအနက်သိလာကြသဖြင့် ပညာပိုမိုထက်မြက်စေရန် တက္ကသိုလ်ကောလိပ်နှင့် အထက်တန်းပညာရေးတွင် များများ Brain Storm လုပ်ခဲ့ကြရသည်။ သင်ရိုးမာတိကာပါ အတတ်ပညာ ဆည်းပူးရုံမက ဘွဲ့မရမမီမှာကိုပင် အသိပညာဆည်းပူးရာဌာနအဖြစ် တာဝန်ရှိသူတို့က ဖန်တီးစွမ်းရည်မြှင့်ပေးကြသည်။

အရာတိုင်း တစ်ခုနှင့်တစ်ခု ချိတ်ဆက်အမှီသဟဲပြုနေသဖြင့် စီးပွားရေးကို စီးပွားရေးရှုထောင့် သက်သက်ကသာ ကြည့်၍မရတော့၊ ပါးနပ်သူများက နိုင်ငံရေး၊ စစ်ရေး၊ လူမှုရေး ဘာသာရေး စသည်တို့၏ရှုထောင့်ကပါ ပြည့်စုံစွာ ထည့်သွင်းစဉ်းစားနေရပြီ ဖြစ်သည်။ ထင်ရှားသောအရေးအခင်းတိုင်းတွင် စီးပွားရေး၏ တက်ပုံ၊ ကျပုံကို သုတေသနပြုထားပြီး မိမိနိုင်ငံစီးပွားရေးတိုးတက်ရန် နိုင်ငံရေး အလှည့်အပြောင်း၊ စစ်ရေးအလှည့်အပြောင်းများကို လိုအပ်လျှင်လိုအပ်သလို ဆောင်ရွက်နေကြသောခေတ်လည်း ဖြစ်သည်။ အကန့်အသတ်ရှိသော စီးပွားယေလေးများမှတပါး နိုင်ငံတကာ ကော်ပိုရိတ်လုပ်ငန်းကြီးများမှာ တစ်ကွက်မှ အမှားခံ၍မရ၊ နိုင်ငံတကာအဆင့် စီးပွားရေး လုပ်ကိုင်ကြသူများ၊ ငွေကြေး ဈေးကွက်ကစားကြသူများမှာ အစိုးရတို့၏ နိုင်ငံခြားမူဝါဒ၊ အုပ်ချုပ်မှုအဖွဲ့၏စွမ်းရည်၊ နိုင်ငံတကာ ပါဝင်ပတ်သက်မှု စသောရှုထောင့်များကိုချန်လှပ်ခဲ့သည်ဟူ၍မရှိ



အစိုးရများမှလည်း စွမ်းရည် ထက်မြက်သော ကက်ဘိနက်များဖြင့် ...ည်းကာ ပညာဉာဏ်သန်စွမ်းသော အကြံပေးများကို အသုံးပြုလေ့ရှိကြရသည်။ တာဝန်ရှိသူတို့ အတွက်အချက်မှားယွင်းသည်နှင့် သမ္မတ၊ ဝန်ကြီးချုပ် ရာထူးများမှ အချိန်မရွေး ထွက်တော်မူ နန်းကခွာနိုင်ရသလို ထိုနိုင်ငံ၏ စီးပွားရေးအနာဂတ်လည်း မှေးမှိန် သွားနိုင်သည်။ ယခုခေတ်သည် ဒဏ်ရာရလျှင် ပေါ့ပါးနိုင်သည်မဟုတ်၊ အခန့်မသင့်က တစ်ခုလုံး ပြိုလဲသွားနိုင်သည့်ခေတ်ဖြစ်သည်။ ကိုယ့်ထက်ညံ့သူများထက် တော်ကြသည့်၊ နပ်ကြသည့်သူများသောခေတ်လည်း ဖြစ်သည်။

အင်အားကြီးနိုင်ငံများ စီးပွားရေးတုံ့ဆိုင်းလျှင်၊ နာလန်မထူလျှင် စစ်ပွဲ ဆင်နွှဲလေ့ရှိကြသည်။ မိမိနိုင်ငံတွင်း စစ်ဖြစ်လျှင်သာ ချွတ်ခြုံကျနိုင်ပြီး တခြားနိုင်ငံကို စစ်ပြုလျှင် ငွေကြေးလည်ပတ်စီးဆင်းမှု ပိုမိုကောင်းမွန်လာပါသည်။ အီရတ်ကို စစ်ပြုခြင်းသည် နိုင်ငံရေးအရသာမက စီးပွားရေးအရလည်းပါဝင်ကြောင်း လေ့လာသူတိုင်း သိပြီးဖြစ်၏။ စစ်ရေးသတင်းပေါ်မူတည်၍ ရှယ်ယာဈေးကွက်များ အတက်အကျဖြစ်၏။ အီရတ်စစ်ပွဲကြာရှည်မည်ဟု သတင်းထွက်ပေါ်စဉ် ရှယ်ယာဈေးကွက်များ ကျဆင်းသွားပြီး လျင်မြန်စွာ ပြီးဆုံးမည့်လက္ခဏာ ထွက်ပေါ်သည်နှင့် ဈေးကွက်ပြန်တက်ခဲ့သည်။ မည်မျှ မည်သို့ဆက်စပ်သည်ကိုပြခြင်း ဖြစ်သည်။ လေ့လာသုတေသနပြုထားကြသူလူနပ်များ ချမ်းသာကြသည်။

အီရတ်နှင့်အမေရိကန် သင့်တင့်မျှတမှု မရှိသဖြင့် အီရတ်၏ရေနံလုပ်ငန်းတွင် ရုရှားတို့အား အများအပြား ပေးထားသည်။ ပြင်သစ်မှလည်း ဒေါ်လာသန်းကိုးရာတန် ကန်ထရိုက်ချုပ်ဆိုဆဲဖြစ်သည်။ တရုတ်၏စီးပွားရေးကလည်း မနည်းလှ။ အီရတ်အပေါ်အရေးယူမှုသည် စီးပွားရေးအခြေခံ လုံးလုံးမဟုတ်သော်လည်း ဤအချက်က ရာနှုန်းတော်တော်များများ ဖြစ်ပါ

www.burmeseclassic.com



သည်။ အစိုးရ၏ ပေါ်လစီကို နားလည်ကြသူ လူနပ်များ ငွေကြေးကစားခြင်း၊ စတော့ရှယ်ယာ အသွင်း အထုတ်လုပ်ခြင်းဖြင့် အချိန်တိုအတွင်း ချမ်းသာနိုင်သော အခွင့်အရေး ဖြစ်သည်။ သာမန်ကုန်ရောင်း ကုန်ဝယ်ပြုခြင်းသည် အရင်းအနှီးနှင့် အချိန်များစွာပေးရသောလုပ်ငန်း ဖြစ်ပါသည်။ Commodity Trade ဟုခေါ်သော စီးပွားကူးသန်းမှုသည် ပညာထက် ခွန်အား စိုက်ထုတ်မှု အလေးတင်းသောလုပ်ငန်းမျိုး ဖြစ်သည်။ Service Industry ဟူသော ဝန်ဆောင်မှုလုပ်ငန်းများမှာ ငွေကြေးရင်းနှီးမှုထက် ဝန်ဆောင်မှုစွမ်းရည်၊ ပညာအကဲပိုလုပ်ငန်းမျိုးဖြစ်ပြီး ပိုမိုမြတ်စွန်းနိုင်သောလုပ်ငန်းလည်း ဖြစ်သည်။ Tourism ခရီးသွား လုပ်ငန်းသည် ကမ္ဘာ့အကြီးမားဆုံးလုပ်ငန်း တစ်ခုထဲ ပါဝင်လာပြီး အရင်းနည်းနည်း အမြတ်များများရသဖြင့် အတော်ဆွဲဆောင်နိုင်သော လုပ်ငန်းတစ်ခုအဖြစ် ရှေ့တန်းရောက်လာပါသည်။

Service Industry မှပင် အခန်း နှစ်ရာရှိ ဟိုတယ် တစ်လုံးသည် အခန်းပြည့်ဖြည့်လျှင် ကြိတ်နှုန်း လူ လေးရာကိုသာ ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်ပြီး Initial Investment အားဖြင့် တော်ရုံလူမရင်းနှီးမမြှုပ်နှံနိုင်သည့်လုပ်ငန်းမျိုးဖြစ်သည်။ အဆက်အသွယ်ကောင်းသော Tour Operator / Agent များမှာ အကန့်အသတ်မရှိသော လူဦးရေကို လက်ခံဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး အရင်းအနှီးအားဖြင့် ဟိုတယ်နှင့်ယှဉ်ပါက မဖြစ်စလောက်သာ ဖြစ်သည်။ အကျိုးအမြတ် အားဖြင့်လည်း ဟိုတယ်ထက် ပိုမိုသော အကျိုးအမြတ်ကို ရရှိကာ ဆုတ်တက်လွယ်သောသဘာဝလည်း ရှိသည်။ ပညာအကဲပိုလာသည့်သဘောနှင့် ယင်း၏သဘာဝနှင့် နှိုင်းယှဉ်နိုင်ရန် ဖြစ်သည်။ ပိုမိုပါးနပ်ကြသူတို့က နိုင်ငံရေး၊ စစ်ရေး အလှည့်အပြောင်းများပေါ် အခြေခံ၍ ငွေကြေးဈေးကွက်ကို ကိုင်တွယ်နိုင်ကြရာ ကြီးစွာသော အမြတ်အစွန်းကို ရရှိနိုင်ကြသည်။



အခြေအနေအရပ်ရပ်ကို မှန်ကန်စွာသုံးသပ်နိုင်ရမည် ဖြစ်သဖြင့် ပို၍အလေးကဲသော ပညာအခြေခံလုပ်ငန်း ဖြစ်သည်ကို သတိမူရန်ဖြစ်သည်။

(ပညာအခြေခံလုပ်ငန်း ပိုမိုပီပြင်လာလေ ဝန်ထမ်းနည်းနည်းဖြင့် အလုပ် လုပ်နိုင်လေ ဖြစ်သည်။) အခန်း နှစ်ရာရှိ ဟိုတယ်တစ်လုံးအတွက် အမြဲတမ်း လုပ်သား အနည်းဆုံး သုံးရာခန့် လိုအပ်သော်လည်း Tour Operator တစ်ဦးအတွက် ခရီးသည် ငါးရာကို ဝန်ထမ်း ၁၀ ခန့်ဖြင့် ကောင်းစွာကိုင်တွယ်သွားနိုင်မည် ဖြစ်သည်။ ငွေကြေးဈေးကွက် ကစားနိုင်ကြသော လူနပ်များမှာမူ လေးငါးယောက်မျှသော ဝန်ထမ်းဖြင့် နေရာမရွေး ဆောင်ရွက်နိုင်ကြသည်ကို လေ့လာခြင်းအားဖြင့် အားသာချက်၊ အားနည်းချက်နှင့် အကျိုးအမြတ်များကို တွေ့နိုင်မည်ဖြစ်သည်။ TV ဖန်သားပြင်ပေါ်တွင် ပေးနေသော အညွှန်းကိန်းများ သက်သက်ကို ကြည့်ရှုခြင်းဖြင့်တော့ လုံလောက်သော Data ကိုရနိုင်မည်မဟုတ်၊ နောက်ကွယ်က အချက်အလက် အများအပြားနှင့် အဆက်အသွယ်ကောင်းကောင်းရှိရန်တော့ လိုသည်။ အဖွဲ့အစည်းတစ်ခု၏ အတွင်းစည်းနှင့် အဆက်အသွယ်ရှိသော လူနပ်များ၏အခွင့်အရေးမှာ ဖန်သားပြင်ပေါ်က အများလေ့လာနိုင်ရန် ထုတ်ပြန်သော Information အချက်အလက်များနှင့်မတူပါ။

စတော့ဈေးကွက်တွင် ဂျာမန်ကုမ္ပဏီတစ်ခုနှင့် ဗီယက်နမ်တွင် စီမံကိန်းလုပ်ငန်းတစ်ခု လုပ်ရာ ဖန်သားပြင်ပေါ်တွင် သာမန် ၎င်း၏ရှယ်ယာတန်ဖိုးကိုသာ တွေ့ရမည်ဖြစ်ပါသည်။ သတင်းကို မှန်မစီးဆင်းစေဘဲ ကိစ္စပြီးသည့်အခါမှသာ ဝေါခနဲ လွှတ်လိုက်ပါသည်။ မိမိရသောကော်မရှင်ဖြင့် ၎င်းကုမ္ပဏီ၏ ရှယ်ယာအချို့ကို ဝယ်ထားကာ သတင်းစာရှင်းလင်းပွဲ လုပ်ပြီး တစ်ပတ်အကြာမှာ ပြန်ရောင်းလိုက်ခြင်းအားဖြင့် ကြီးစွာသော အမြတ်တို့ကို

www.burmeseclassic.com



ထပ်မံရရှိခဲ့ပါသည်။ သတင်း ထုတ်ပြန်ရာမှာတော့ နှုတ်ခမ်းနီဆိုး၊ ပေါင်ဒါရိုက်သော လုပ်ရပ်ကလေး နည်းနည်းတော့ ထည့်လိုက်ရပါသည်။ အရိုးစင်းဆုံးသောဥပမာတစ်ခုဖြစ်ပြီး လူနပ်များချမ်းသာပုံမှတစ်ခု ဖြစ်ပါသည်။ ENRON မှ ခပ်ဆန်းဆန်း ကိုယ်ကျိုးသက်သက် လုပ်ကြသော လူနပ်များကမူ အစစ်ဆေးခံခဲ့ကြရသည်။ သတင်းအမှားထုတ်လွှင့်၍ ကိုယ်ကျိုးသက်သက် ရှာသောကြောင့် ဖြစ်သည်။ ကျင့်ဝတ်တစ်ခုကို ဖောက်ဖျက်ခြင်း၊ Ethic ကို မလိုက်နာနိုင်လောက်အောင် လောဘတက်ခြင်းဟု သုံးသပ်နိုင်မည် ဖြစ်သည်။

နိုင်ငံရေးခေါင်းဆောင်၊ နိုင်ငံကိုဦးဆောင်သူများမှာ ပါးနပ်လိမ္မာ၍ ပညာရှိကြရပါသည်။ အီရတ်စစ်ပွဲတွင် ဂျာမနီ၊ ပြင်သစ်၊ ရုရှားမှခေါင်းဆောင်များ ပါးနပ်မှုမသန်စွမ်း၍ အနာဂတ်အခွင့်အရေးများ ကြီးစွာဆုံးရှုံးကာ ဖြစ်တင် ဝေဖန်မှုကိုလည်း ခံကြရမည်ဖြစ်ပါသည်။ ဥရောပမဟာမိတ်နိုင်ငံများ၏ သြဇာချိန်ခွင်လျှာ ထိန်းညှိရေး တစ်ခုတည်းကိုသာ အာရုံစူးစိုက်ခဲ့မှုကြောင့် ဖြစ်ပေသည်။ မဟာဗျူဟာမှားယွင်းမှု၏ရလဒ် ဟုဆိုသော် ရမည်ထင်ပါသည်။ တစ်ချိန်က ဒုတိယကမ္ဘာစစ်အပြီး ဥရောပတစ်ခုလုံးကို ဂျာမနီနှင့်ပြင်သစ်နှစ်နိုင်ငံကသာ အဓိကမောင်းနှင်ခဲ့ပါသည်။ ဓနသြဇာနှင့် နိုင်ငံရေးသြဇာလည်း ညောင်းခဲ့သူများ ဖြစ်ပါသည်။ ယနေ့ တစ်ဟုန်ထိုး တိုးတက်လာသော အမေရိကန်၏ချမ်းသာမှုနှင့် နိုင်ငံရေးသြဇာကို လျှော့ပေါ့တွက်မိပြီး Flexible Engagement ကိုမဆောင်ရွက်နိုင်သောကြောင့် နိုင်ငံရေးစစ်ကျွဲသူများဟု အများ၏ကင်ပွန်းတပ်ခြင်းကို ခံနေရပါသည်။ ရုရှားမှာ တစ်ချိန်က ပြိုင်ဘက်ဖြစ်ခဲ့ရပြီး အီရတ်စစ်ပွဲမတိုင်မီ ပြင်သစ်၊ ဂျာမနီတို့နှင့် မဟာဗျူဟာအရ ပေါင်းဖက်ခဲ့ရသဖြင့် ရရှိပြီး အီရတ်ရေး အကျိုးအမြတ် ကြီးစွာဆုံးရှုံးခဲ့ရသည်။ ကိုယ်ကျိုးစီးပွား (National



Interest) ကိုရှာဖွေရင်း မဟာဗျူဟာ မှားယွင်းခြင်း၏ ရလဒ်များ ဖြစ်ပါသည်။ တကယ်မနပ်ကြသူများဟုဆိုလျှင် ရနိုင်မည်ထင်၏။

တရုတ်ကို တကယ်ပါးနပ်သူဟု ချီးကျူးကြသည်။ စစ်ပွဲမတိုင်မီ Axis of G.F.R (Germany, France, Russia) နှင့်အတူ ကျယ်လောင်စွာဆန့်ကျင်ခဲ့သော်လည်း တရုတ်တို့၏ စတုတ္ထမျိုးဆက်သစ်ဖြစ်သော လက်ရှိဦးဆောင်သူတို့မှာ အခြေအနေမှန်ကိုသုံးသပ်နိုင်ခဲ့ကြသည်။ အမေရိကန်၏နိုင်ငံခြားရေးဝန်ကြီး Colin Powel တရုတ်သို့အလည်အပတ်ရောက်ရှိပြီးချိန်မှစ၍ အလွန်အကျူးမဆန့်ကျင်တော့။ တရုတ်နိုင်ငံတိုးတက်နေသည်ဆိုသော်လည်း (Adult) ဓနအင်အား အရွယ်မရောက်သေးပါ။ ဥစ္စာ၊ ပညာ၊ သြဇာ မပြည့်စုံသေးသဖြင့် အမေရိကန်ကိုမှီ၍ အကျိုးအမြတ် အများကြီး ထုတ်နုတ်နိုင်သေးသည်ကို သတိပြုမိဟန်ရှိသည်။

ရလဒ်မှာ အမေရိကန်လွှတ်တော်က အီရတ်စစ်ပွဲအပြီး ပြန်လည်တည်ဆောက်ရေးတွင် G.F.R မပါဝင်စေရ ဟူသော ဆုံးဖြတ်ချက်နှင့်အတူ ရေနံမှ အကျိုးအမြတ်များ ရုပ်သိမ်းခံရခြင်းဖြစ်သည်။ ထို့ပြင် အီရတ်အခြေပြု အရှေ့အလယ်ပိုင်း စီးပွားရေးများ အာမခံချက်လည်း မေးမှိန်ခဲ့ရပါသည်။ ဦးဆောင်သူတို့ နိုင်ငံရေးမူဝါဒမှားယွင်းမှုကြောင့် G.F.R မှ လုပ်ငန်းရှင်များ အခွင့်အရေး လက်လွှတ်ဆုံးရှုံးရခြင်း ဖြစ်သည်။ သွယ်ဝိုက်သောအားဖြင့် ထိုလုပ်ငန်းရှင်များက နိုင်ငံ၏ ဓနအင်အားကို ဖြည့်ဆည်းပေးသူများဖြစ်သည်။ ပါးနပ်မှုမပြည့်စုံခြင်းဖြစ်သည်။ Axis of Evil ဟုကင်ပွန်းတပ်ခံရသော နောက်တစ်နိုင်ငံဖြစ်သည့် မြောက်ကိုရီးယားမှာ အီရတ်စစ်ပွဲမစမီက အတော်ပင်လေသံပြင်းခဲ့သော်လည်း အမေရိကန်က အကျိုးအမြတ်မထုတ်ရန်နှင့် လိုအပ်လျှင် စစ်မျက်နှာ သုံးခုအထိ ဖွင့်လှစ်နိုင်ကြောင်း သတိပေးသည့်အခါ

www.burmeseclassic.com

www.burmeseclassic.com



လေသံ ပျော့သွားခဲ့သည်။ တကယ်ပါးနပ်မှုပြည့်စုံခြင်းလား ဆိုသည်ကို စောင့်ကြည့်ရန်ဖြစ်သည်။

လူနပ်ချမ်းသာဟူသည့်စကားပုံကို ရှေးရှေးကပင်ထားရှိခဲ့ပြီး ကွမ်းယာရောင်းရာမှစ၍ ငွေကြေးဈေးကွက်ချုပ်ကိုင်ထားကြသူများအထိ တကယ်ပင် လူနပ်တို့ချမ်းသာခဲ့ကြပါသည်။ အလည်လွန်ခြင်းမဟုတ်သည်ကို သတိပြုရန်ဖြစ်သည်။(ပါးနပ်ခြင်းတွင် အခြေအနေမှန်ကိုနားလည်ခြင်း၊ မိမိ မည်သို့ဆောင်ရွက်ရမည်ကို သိရှိခြင်း ဟူသောဝိသေသများ ရှိနေပါသည်။ ပညာအခြေခံသည် ပါးနပ်ခြင်းကို ဖြစ်စေပါသည်။) ပညာအခြေခံမှုဖြစ်ပေါ်လာသောပါးနပ်ခြင်း မရှိပါက စီးပွားရေး၊ နိုင်ငံရေးကို အတိုင်းအတာတစ်ခုအထိသာ ဆောင်ရွက်နိုင်မည် ဖြစ်ပေသည်။ နယ်ခြားမဲ့ ဖောက်ဝင်၊ ဖောက်ထွက်နေသော စီးပွားရေး၊ နိုင်ငံရေးဖြစ်ထွန်းမှု ရှိနေသော ယနေ့ကမ္ဘာတွင် ပညာအခြေခံရှိပြီး ပါးနပ်လိမ္မာကြရမည်လည်း ဖြစ်ပါသည်။ လူနပ်များသာ Changes ဟူသော အပြောင်းအလဲကို ဆောင်ရွက်နိုင်ကြပြီး 'ကွေ့နှင့်တော်သောတက်' ဖြင့်လှော်ခတ်နိုင်ကြသူများ ဖြစ်သည်။ 'လည်' ခြင်းတွင် 'Negative Sense' ရှိနေပြီးလိမ္မာပါးနပ်ခြင်းတွင် 'Positive Sense' ကလွှမ်းမိုးနေပါသည်။ 'လည်' သူများ 'နပ်' သည်ဟုအထင်ရှိလျှင် (Little Knowledge is Dangerous) 'သုတနည်းက အန္တရာယ်များ' ဟူသော ဆိုးမစကားအတိုင်း ဖြစ်နိုင်ပေသည်။ 'လျှောက်သော်လည်း မရောက်' ဟူသည့်အတိုင်း ခရီးမတွင် ဖြစ်ချိမ့်မည်။

ယနေ့မြန်မာများ အသိပညာအရင်းအနှီးထက် ဝီရိယအရင်းအနှီးမှာ ပို၍သန်စွမ်းကြသည်။ မိရိုးဖလာ ရောင်းဝယ်ဖောက်ကားမှုကို ခုံမင်တွယ်တာကြသည်။ စာရင်းဇယား၊ စာရွက်စာတမ်းကို ကြောက်ရွံ့ကြသည်။ စာနှင့်ပေနှင့် လုပ်တတ်သည်မလေ့သိပ်မရှိကြ။ ဥပဒေနှင့်အနေစိမ်းကြသည်။ Interview



…ခစ်ခုတွင် မန်နေဂျာတစ်ဦးက ၎င်းကုမ္ပဏီ အကြီးအကဲ၏ စားပွဲပေါ်တွင် ကွန်ပျူတာရှိသော်လည်း အသုံးချသည်ကိုမတွေ့ဖူးပါဟု ပြောသွားသည်ကိုအမှတ်ရမိသည်။ အစည်းအဝေးများတွင် အကြံဉာဏ်ကောင်းများကို ယူမလာနိုင်၊ နိုင်ငံခြားသားတို့နှင့် တွေ့လျှင် ချက်ကျသောမေးခွန်းမျိုး မထုတ်၊ Financial Policy နှင့် Accounting Policy ကိုပင် ခွဲခြားမသိ၊ နိုင်ငံခြားသားများ မြန်မာပြည်မလာမီ အူမချေးခါးမကျန် လေ့လာပြီးဖြစ်သော်လည်း ကိုယ်ကအခေါက်ပေါင်းများစွာသွားခဲ့သည့်တိုင် သူ့နိုင်ငံအကြောင်း ပိပိပြတ်ပြတ်လည်သိအောင် မကြိုးစား၊ Shopping နှင့်သာ ပြေသိမ့်ခဲ့ကြသည်သာများသည်။ ယုတ်စွအဆုံး သွားခဲ့သောနိုင်ငံ၏ သမ္မတ၊ ဝန်ကြီးချုပ်တို့၏ နာမည်ကိုပင် သတိမထားခဲ့ကြ။ Budgeting ကို အစိုးရများတွင်သာ လုပ်လေ့ ရှိသည်ဟု စွဲမှတ်ပြီး မိမိဦးဆောင်သောကုမ္ပဏီတွင် လက်တန်းခိုင်းလေ့ရှိကြသည်။ ပစ္စက္ခမျက်မြင်တန်ဖိုးများတွင်သာ မိန်းမောလေ့ရှိကြပြီး အနာဂတ်တန်ဖိုးနှင့် Tangible Value တို့ကို မျှော်မှန်းရကောင်းမှန်းမသိ။

(လိမ္မာပါးနပ်ခြင်းသည် 'လည်' ခြင်းမဟုတ်ပါ။ အခြေအနေမှန်ကိုသိရှိပြီး အနာဂတ်ကိုပုံဖော်နိုင်ခြင်းသာ ဖြစ်သည်။) အနာဂတ်ကာလကို မျှော်လင့်လုပ်ဆောင်နိုင်မှုအရည်အသွေး မရှိပါက ရေရှည်ရပ်တည်နိုင်မှုအား…ရပ်သိမ်းခံရမည် ဖြစ်သည်။ ၁၉၉၄ ခုနှစ်က ဗီယက်နမ်တွင် မန်နေဂျာတစ်ဦးကို ပျမ်းမျှ အမေရိကန်ဒေါ်လာနှစ်ရာမျှဖြင့် သုံးစွဲနိုင်သော်လည်း ယနေ့ကြိတ်နှုန်းအရ အငယ်တန်း မန်နေဂျာများ အမေရိကန်ဒေါ်လာငါးရာခန့်မှအထက် ရနေကြပြီ ဖြစ်ပါသည်။ အလုပ်သမားများခြင်းသက်သပ်အားစွမ်းရည်အရည်အသွေးကောင်းခြင်းသို့ ရှေးရှုသင့်ပြီဖြစ်သည်။ 'အမိန့် ချမှတ်နိုင်ရေးအတွက် ဆက်လက် တင်ပြအပ်ပါသည်' မှ 'မည်သို့ လုပ်ဆောင်နိုင်ရေးအတွက် အကြံပြု တင်ပြအပ်

www.burmeseclassic.com



ပါသည်' သို့ ရောက်အောင် မန်နေဂျာများ စွမ်းရည်ဖြည့်ဆည်းသင့်ပြီ ဖြစ်သည်။ မန်နေဂျာများတွင် Managerial Skill အပြင် မိမိဆရာကိုအကြံဉာဏ်ပေးနိုင်သော Adviser မျိုး ဖြစ်သင့်သည်။ 'မလုပ်၊ မရှုပ်၊ မပြုတ်' ဟူသော ဆောင်ပုဒ်သည် အဝေးကြီးမှာ ကျန်ခဲ့ပြီဖြစ်သည်။ မလုပ်လျှင်မရှုပ်သော်လည်း ဘဝအာမခံချက်တော့ ရှိမည်မဟုတ်ပါ။ တော်သော မန်နေဂျာများ တစ်ချိန်ကုမ္ပဏီပိုင်ရှင်ဖြစ်လာကြသည်မှာ ဒုနှင့်ဒေး ရှိခဲ့ကြပါသည်။ ရေဆန်လှော်ခြင်းသည် ပင်ပန်းသော်လည်း ရေ၏ သဘောတရားကို သိရှိသွားမည် ဖြစ်ပါသည်။ အခွင့်အရေးကြောင့် စီးပွားဖြစ်ခြင်းထက် စီးပွားရေးကို စီးပွားရေးကဲ့သို့ သိရှိခြင်းဖြင့် ပိုမိုအကျိုးများနိုင်ပါသည်။

လူ နတ် ချမ်းသာ သာဓုခေါ်နိုင်ရန် လူနပ်ချမ်းသာနိုင်ကြစေသောဝ်။

■

## ပြောင်းလဲခြင်းနှင့်တိုးတက်သောအသိ

အချိန်အခါမလပ်အမြဲပြောင်းလဲနေသဖြင့် ယနေ့တိုးတက်သောကမ္ဘာနှင့် အသိခေတ်သို့ရောက်လာရ၏။ အသိ မတိုးတက်မီက ရှင်ဘုရင်သေလျှင် အခြွေအရံ အလုံးစုံ လိုက်ပါသေကြရသည် ...ပင် ဓလေ့ထုံးတစ်ခုအဖြစ် ကျင့်သုံးရာမှ ယနေ့ အသိရှိလူသားများ ကမ္ဘာ့အဖြစ်အပျက်များကို ဝေဖန်သုံးသပ်နိုင်ကြပြီး သင့်လျော်ရာအဖြေ ထုတ်နိုင်ကြပြီ ဖြစ်သည်။ ပြောင်းလဲခြင်း (Changes) သည် သဘာဝတစ်ခု ဖြစ်သော်လည်း လူတို့၏တိုးတက်သောအသိမှဆောင်ရွက်မှုအရ ပိုမို အပြောင်းအလဲ မြန်ဆန်လာပါသည်။ လူသားသည်တိုးတက်မှုအဖြစ်ဆုံးနှင့် ဆုတ်ယုတ်မှုကိုလည်း ဖန်တီးသူဖြစ်ရခြင်းမှာ ၎င်း၏ အသိဆိုင်ရာအသုံးချမှုကြောင့် ဖြစ်သည်။ လူကို ဘာသာရေး စာပေတစ်ခု၌ ဤသို့ အဓိပ္ပာယ်ဖွင့်ဆိုသည်။

သိလျက်မသိသူ
မြင်လျက်မမြင်သူ
အသိဆုံးနှင့် မသိဆုံး
အသိရအခက်ဆုံးနှင့် အသိရအလွယ်ဆုံး
အတ္တအပြင်းပြဆုံးနှင့် ပရပြုဆုံး

www.burmeseclassic.com

www.burmeseclassic.com



ဆန့်ကျင်ဘက် အဆုံးစွန်အရည်အချင်းများကို ဤသို့ ပိုင်ဆိုင်ရသည်မှာ လူတွင်အသိရှိ၍ ဖြစ်သည်။ သတ္တလောကတွင် အခြားသတ္တဝါများ၌ ရှင်သန်ရေးနှင့် လိုအပ်ချက် ဖြည့်တင်းရေး ဟုသောအသိမျှလောက်သာ ရှိပြီး လူ၌ အမှားအမှန်ကို ဝေဖန် ပိုင်းခြားနိုင်သောအသိရှိသည်။ ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ် ပိုမိုရရှိလေ လူတွင်ပရိယာယ်ပိုမိုကြွယ်ဝလေဖြစ်သည်။ ထို့ကြောင့် 'အရိုးစင်းဆုံးနှင့် ပရိယာယ်အကြွယ်ဆုံး' ဟူသည်ပင် လူသားတို့ ထပ်မံပိုင်ဆိုင်လာသောအရည်အချင်းတစ်ခုဖြစ်သည်။

လောကနီတိနှင့်ဓမ္မပါလတရားများ မှန်ကန်ရခြင်းမှာ ဘုရားဟော၍မှန်ခြင်း မဟုတ်၊ လူ့ကျင့်ဝတ်နှင့်ပတ်သက်၍ အမှန်များဖြစ်သဖြင့် ဘုရားက ဟောခဲ့ခြင်းဖြစ်သည်။ ဗုဒ္ဓသည် အမှန်တရားကိုရှာဖွေတွေ့ရှိသူနှင့် လူသားတို့အား အမှန်လမ်းစဉ် ကိုညွှန်ပြခဲ့သူဖြစ်သည်။ လာမည့် နှစ်ထောင်ပေါင်းများစွာတွင် လူတို့ဖြစ်ပျက်မည့်အခြေအနေကို ကြိုတင်သိမြင်ခဲ့သဖြင့် ဗုဒ္ဓက ပိုင်းခြားဝေဖန်နိုင်သော အရည်အသွေးကို ရရှိစေခြင်းငှာ (ဝိဘဇ္ဇဝါဒ) ကိုချပေးခဲ့သည်။ ပိုင်းခြား ဝေဖန်နိုင်မှုသည်ပင် ပညာဖြစ်သဖြင့် ယနေ့ ပညာခေတ်သို့ ချင်းနင်းဝင်ရောက် လာသည် ဖြစ်သည်။ ဗုဒ္ဓက တိုင်းတာရန် ပေတံများ ထားခဲ့၏။ ပစ္စက္ခသိဒ္ဓ ခေါ် မျက်မြင်ကိုယ်တွေ့သိနိုင်ခြင်း၊ အနုမာနသိဒ္ဓ အာကပ္ပသိဒ္ဓ ခေါ် ဆင်ခြင်တွေးတော၍ ဖြစ်နိုင်မှုဖြင့် လက်ခံသိနိုင် ခြင်း၊ သဒ္ဓေယျသိဒ္ဓ ခေါ် ထင်ရှားပြခဲ့ပြီးသော အရည်အချင်းကို ယုံကြည်၍ လက်ခံသိရှိနိုင်ခြင်းတို့ဖြစ်သည်။ မိသားစုကို ချစ်ပါ ပါသည်ဟုပြောပြီး အိမ်ဦးခန်းထိုင်၍ တစ်နေကုန်အရက်သောက် ကာ ဘာမှမလုပ်သော အိမ်ထောင်ဦးစီး၏ စကားကို လက်မခံနိုင် တော့သည့် ဝေဖန်ပိုင်းခြားနိုင်သော ပညာခေတ်ဖြစ်ပေသည်။

စား၊ ဝတ်၊ နေ ရေး ဟူသော အခြေခံအသိမှ တိုးတက်



သောအသိကို ပိုင်ဆိုင်ကြသည့် တစ်ချိန်တည်းမှာပင် ကမ္ဘာသည် လျင်မြန်သောအဟုန်ဖြင့် ပြောင်းလဲ သွား၏။ မျက်မှောက်လူသား တို့ ပိုမို ပရိယာယ်ကြွယ်ဝလာကြသည်။ ပိုမို ကြီးဆသော လူသားများ က အသိလွှာတစ်ခုကို ဖောက်ထွက် သိမြင်လာကြရာမှ ကမ္ဘာ့ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးများ ကမောက်ကမဖြစ်ကုန်ရသည်။ ဥပဒေသလွန် စီးပွားရေးခေတ် ဟု တင်စားကြသည်။ နိုင်ငံရေး ကွင်းလည်း ခေါင်းစဉ်အမျိုးမျိုးအောက်တွင် မဟာဗျူဟာ၊ နည်းဗျူဟာ အမျိုးမျိုးပြောင်း၍ နိုင်ငံရေးစစ်ပွဲ၊ စီးပွားရေးစစ်ပွဲ အဖြစ် ဖန်တီးကြသည်။ လူတစ်ဦးချင်းမှသည် နိုင်ငံအလိုက် ချမ်းသာသူနှင့်ဆင်းရဲသူ ကွာဟမှု ပိုမိုလာကြသည်။ ပိုမိုပရိယာယ် ကြွယ်သူတို့ ကောင်းစားကြသည်။ မရေရာသောခေတ် (World of Uncertainty) မှ သောကခေတ် (World of Anxiety) သို့ ရောက်မှန်းမသိ ရောက်လာပြီဖြစ်သည်။

တစ်ဖက်မှလည်း ပညာခေတ် (Age of Knowledge) အတွင်း လူတို့၏ အသိနှင့်အတတ်များ အစွမ်းကုန်ပွင့်ဖြိုးလာရာ အချို့ကပညာကြောင့်ပူပန်ရသလော ဟူသောအမေးကို လက်ကိုင် ပြုခင် လာကြသည်။ ပညာကို တလွဲအသုံးချခြင်းကြောင့်သာ ဖြစ်ပါ သည်။ ပညာ၏ အားသာချက် သိသူတို့က အတ္တပြင်းသဖြင့် လူသားကျင့်ဝတ် (Ethic) ကိုဖျက်ဆီးခြင်းကြောင့်သာဖြစ်ပါသည်။ ဤသည်ပင် ပြောင်းလဲခြင်းတစ်ခုဖြစ်ပါသည်။ လူတို့၏ တိုးတက် သောအသိသည် အပေါင်းလက္ခဏာဆောင်သောအသိ (Positive and Progressive Knowledge) ဖြစ်သင့်သည်။ အာရုံခံစားမှု အဆင့်၊ ကိုယ်ကျင့်တရားအဆင့်နှင့် အသိတရားအဆင့်များရှိရာ အာရုံခံစားမှု အဆင့်ကို မကျော်လွှန်နိုင်သောကြောင့် ဖြစ်သည်။ ဆန္ဒလွန်ကဲကြသဖြင့် ကိုယ်ကျင့်တရားအဆင့်သို့ မရောက်နိုင်ကြ သေးခြင်းဖြစ်သည်။

www.burmeseclassic.com



လူသားများ၏အသိဉာဏ် ပိုမိုတိုးတက်လာကြသည် မှန်သော်လည်း အချို့က အနုတ်လက္ခဏာဆောင်ခြင်းဖြင့် တိုးတက်သိမြင်လာကြခြင်းဖြစ်သည်။ (အတ္တအခြေခံသဖြင့် လူသားသည် မိမိထက် သူများကို ပိုမိုစိတ်ဝင်စား (Extrovert) ဖြစ်ကြသည်၊ မိမိကိုယ်ကို သဘာဝကျကျ ပိုမိုလေ့လာကြည့်ရှုခြင်း (Introvert) ဖြစ်လျှင် ယနေ့ လူသားတို့၏ တိုးတက်လာသောအသိသည် ကမ္ဘာကြီးကို ငြိမ်းချမ်းသာယာစေမည် ဖြစ်သည်။ )

ဗုဒ္ဓက မုဒိတာပွားများရန်၊ မစ္ဆရိယခေါင်းပါးရန် အသိပေးခဲ့သော်လည်း ဗုဒ္ဓဘာသာထွန်းကားသော ဤဒေသတွင် အခြားသူတစ်ဦး၏ ဈေးခြင်းတောင်းကြား ကြက်ခြေထောက်ထောင်သည်ကို မြင်လျှင်ပင် မေးငေါ့တတ်သောအလေ့မှာ ဝမ်းနည်းဖွယ်ရာကောင်းလှသည်။ မုဒိတာမပွားနိုင်ခြင်းသည်ပင် တိုးတက်သော အသိစိတ် မဖြစ်ပေါ်နိုင်ခြင်း၏ အခြေခံအကြောင်းရင်းဖြစ်ပေသည်။ လူတွင် အဆင့်မြင့်သိစိတ်ဟူသော အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်ခြင်း (ပညာစိတ်) နှင့် အနာဂတ်ကို လှမ်းမျှော်ကြည့်နိုင်ခြင်းဟူသောအရည်အချင်းများ ပိုင်ဆိုင်ပြီး အခြားသောသက်ရှိသတ္တဝါများတွင် သာမန် အသိစိတ်နှင့် ခံစားမှု (အဆင့်နိမ့်သိစိတ်) သာရှိကြသည်။ အဆင့်မြင့်သိစိတ်ကိုပိုင်ဆိုင်သဖြင့်သာ လူ့ဘောင်၏ ပြောင်းလဲတိုးတက်မှုသည် လျင်မြန်သောအဟုန်ဖြင့် ရွေ့လျားနိုင်ခြင်းဖြစ်သည်။

တိုးတက်လာသောအသိများကြောင့် အယူအဆများလည်း အခြေခံမှုတစ်ဆင့် ပြောင်းလဲလာကြပြီး ကမ္ဘာနှင့် လိုက်လျောညီထွေ၍ အသာစီးရရန် ကြိုးစားကြသည်။ ကမ္ဘာ့စီးပွားရေးတွင် ယခင်က ကုန်သွယ်ရေးပိုငွေပြမှုဖြင့် အထက်စီးရရန်ကြိုးစားရာမှ Capital Flow / Monetarh Circuit ဖြင့် နိုင်ငံတစ်နိုင်ငံ၏ ဓနအင်အားကို တစ်မဟုတ်ချင်း ကြီးထွားစေခြင်း၊ အင်အားချည်းနှ



ခြင်း၊ နိုင်ငံရေးတွင် ရာစုနှစ်ပေါင်းများစွာကျင့်သုံးခဲ့သော အင်အားသည်သာအမှန် (Might is Right) မှ ယနေ့ အမှန်တရားသည်သာအင်အား (Right is Might) များအဖြစ်သို့ ပြောင်းလဲကျင့်သုံးလာကြသည်။ စစ်အင်အားသုံး ကိုလိုနီနယ်ပယ် ချဲ့ထွင်ခြင်းအစား စီးပွားရေး ချုပ်နှောင်မှုဖြင့် အာဏာစက်ဖြန့်ကြက်ခြင်း၊ လက်ယာစနစ်ကို အလဲထိုးခဲ့သော တန်းတူအခွင့်အရေး (Equal Rights) အယူအဆကို ယနေ့ တစ်ဦးချင်း အခွင့်အရေး (Individual Rights) ဖြင့်ပြောင်းလဲကျင့်သုံးလာကြသည်။

အတ္တလွန်ကဲမှု၏ ရလဒ်ကြောင့် သောကကမ္ဘာကို ငြိမ်းချမ်းစေရန် ကုလသမဂ္ဂမှ သမားရိုးကျ နိုင်ငံတကာ သံတမန်ရေးနည်းလမ်းများသုံးနေရာမှ ဘာသာရေးလမ်းစဉ်ဖြင့် ထိန်းကျောင်းရန် ဦးဂိုအင်ကာစသည့်ပုဂ္ဂိုလ်များနှင့် ဆွေးနွေးခြင်းများစသည်တို့သည် ထင်ရှားသောအပြောင်းအလဲများ၏ သာဓကများ ဖြစ်ကြပါသည်။

ပြောင်းလဲခြင်းကြောင့် တိုးတက်သောအသိများ ရရှိလာသကဲ့သို့ တိုးတက်သောအသိ၏ လုပ်ဆောင်မှုကြောင့် ပြောင်းလဲခြင်းများ တစ်ဖန် ဖြစ်လာရသည်။ အသိတိုးတက်မှုကြောင့် ပြောင်းလဲသွားသော ထင်ရှားသည့် တိုးတက်မှုတစ်ခုမှာ ယနေ့ ပြောနေကြသော Globalization ဟူသည့် ကမ္ဘာ့သွင်ပြင်လက္ခဏာဆောင်ခြင်းပင် ဖြစ်သည်။ အတတ်ပညာ၏ အသီးအပွင့် တစ်ခုဖြစ်သည့် Information Technology ဟူသော သတင်း လျင်မြန်စွာ ကူးလူး ရောက်ရှိမှုက ကမ္ဘာ့ရွာကိုဖန်တီးခြင်း၏ အခြေခံ ဖြစ်သည်။ အရှေ့အနောက်များ၏ ဖြစ်ပျက်မှုကို စက္ကန့်ပိုင်းအတွင်း အတားအဆီးမရှိ သိနိုင်ပြီဖြစ်သည်။

အကောင်းချည်းမရှိနိုင်သလို အဆိုးချည်းဖြင့်လည်း ရပ်တည်နိုင်သော သဘာဝမဲ့အယူအဆအရ ပြောင်းလဲခြင်းတွင်

www.burmeseclassic.com

www.burmeseclassic.com



အကောင်းနှင့်အဆိုး ဒွန်တွဲနေမည်သာ ဖြစ်သည်။ တိုးတက်သောအသိတွင်ပင် အပေါင်းလက္ခဏာဆောင်ခြင်းနှင့် အနုတ်လက္ခဏာဆောင်ခြင်းဟူ၍ ယှဉ်တွဲနေနိုင်မည်ဖြစ်သည်။ ရုပ်ဝတ္ထုဆိုင်ရာတိုးတက်မှုများ ထင်ရှားလာသလို စိတ်ပိုင်းဆိုင်ရာအရည်အသွေးလည်း ကျဆင်းနိုင်သည်။ မျက်မှောက်ခေတ်၏ယဉ်ကျေးမှု (Culture) ကိုစက္ကန့်ပိုင်းအတွင်း လက်ခံနိုင်သလို မိမိ၏ယဉ်ကျေးမှု (Tradition) များလည်း ကြာလျှင် ရောနှောရာမှ ကွယ်ပျောက်နိုင်လာသည်။ အတတ်ပညာများ၏ အံ့မခန်းတိုးတက်မှုဝဲဂယက်က ဘာသာရေး၏အဆုံးအမ၊ အသိတို့ကို ဖြည်းဖြည်းချင်း ဝါးမျိုစုပ်ယူသွားနိုင်သည်။

ပြောင်းလဲခြင်း၏ ထင်ရှားသော မြင်ကွင်းတစ်ခုကို အနီးအနားမှာပင် တွေ့နိုင်မည်ဖြစ်သည်။ တစ်ကမ္ဘာလုံး အာရုံအစိုက်ခံနေရသော တရုတ်ပြည်ဖြစ်သည်။ လျင်မြန်သောအဟုန်ဖြင့် ကမ္ဘာကပင်အံ့သြယူရသော အပေါင်းလက္ခဏာ ဆောင်သည့် တိုးတက်မှုတစ်ခုဖြစ်သည်။ တော်လှန်ရေးကာလအပြီး ခေတ်သစ်သမိုင်းတွင် တရုတ်ပြည်ကို မော်စီတုံးက ပထမမျိုးဆက်အဖြစ် ဦးဆောင်ခဲ့သည်။ တစ်ဖက်စွန်းရောက်ဝါဒကိုသုံးသပ်သိမြင်နိုင်ခဲ့ပြီး ဝန်ကြီးချုပ် ချူအင်လိုင်းက ကြားခံ၍ လမ်းကြောင်းတည့်ပေးခဲ့သည်။ ဒုတိယမျိုးဆက်ကို တိန့်ရှောင်ဖိန်က ဦးဆောင်ပြီး လမ်းကြောင်းအမှန်ပေါ်သို့ တင်ကာ မူဝါဒအသစ်များ ချမှတ်အကောင်အထည်ဖော်ခဲ့သည်။ တတိယမျိုးဆက်ကို လက်ရှိသမ္မတ ကျန်စီမင်းက ဦးဆောင်ပြီး စတုတ္ထမျိုးဆက်အတွက် ဟူဂျင်တောင်ကို လျာထားပြီး ဖြစ်သည်။ ယခုအချိန်ကိုပင် တရုတ်ကို အများက မဟာ ခုန်ပျံကျော်လွှားပြီးတိုးတက်သောကာလ (Great Leap Forward) ဟုတင်စားကြသည်။



စတုတ္ထမျိုးဆက်တွင် တရုတ်က ကမ္ဘာသို့ဖွင့်လှစ်မည့် နိုင်ငံရေး၊ စီးပွားရေး မျက်နှာစာတွင် အဓိကအားသာချက်များမှာ အတွေ့အကြုံရှိ ခေတ်သစ်ပညာတတ်များ ထည့်သွင်းခြင်း ဖြစ်သည်။ တစ်ယူသန်ဝါဒသမားများမပါဝင်ဘဲ အာရုံခံစားမှု အသစ် (New Sensory Inputs) ကို လိုက်လျောညီထွေစွာ တုံ့ပြန်နိုင်သူ (Oriental Response) များနှင့်သာ ဖွဲ့စည်းထားမည်ဖြစ်သည်။ ကမ္ဘာ့ဖြစ်စဉ်နှင့် လိုက်လျောညီထွေ ဆက်ဆံနိုင်စွမ်း (Limit of Adaptability) ရှိကြသူများလည်းဖြစ်ကြသည်။ ဝမ်ဂျာတောင်၊ ဒင်ချင်းဟောင်၊ လိုဂန်၊ လီဝူးဟွမ်တို့သည် ဟူဂျင်တောင်နှင့်အတူ တွဲဖက်တိုက်စစ်မှူးများအဖြစ် အတွေ့အကြုံ ဖြည့်ဆည်းနေကြပြီ ဖြစ်သည်။ တစ်ချိန်က ကွန်မြူနစ်ရင့်မကြီး တရုတ်ပြည်သည် အသိတိုးတက်မှု၏ရလဒ်ဖြစ်သော အပေါင်းလက္ခဏာ ဆောင်သည့် ပြောင်းလဲမှုတစ်ခုကို ကမ္ဘာသို့ ပြသလိုက်ခြင်း ဖြစ်သည်။ မှန်ကန်တိုးတက်သောအသိက လိုအပ်လျှင်မူဝါဒတစ်ခုကို ကမ္ဘာ့ခေတ်စနစ်နှင့် လိုက်လျောညီထွေရန် ပြုပြင်နိုင်ခဲ့ခြင်း ဖြစ်သည်။ တရုတ်၏ တိုးတက်သောအသိ နောက်ကွယ်မှ ပြောင်းလဲခြင်းသည် နိုင်ငံခြားရေးမူဝါဒကိုပင် ကောင်းစွာ ထင်ဟပ်ခဲ့၏။ ထိုင်ဝမ်ပြဿနာ အပေါ် ခေါင်းဆောင်သစ်များ အမြင်သည် ယခင်အမြင်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သွား၏။ အင်အားသုံးသိမ်းပိုက်သည့် အယူအဆမှ သင့်မြတ်စွာပြန်လည်ပေါင်းထုတ်ရေး အယူအဆကို ကျင့်သုံးလိုက်ခြင်းသည် များစွာ အပေါင်းလက္ခဏာဆောင်သည်ဟု သုံးသပ်နိုင်မည်ဖြစ်သည်။ ယခင်က စရိုက်နှင့်ကံကြမ္မာပေါ် အခြေခံသောအသိမှ ယနေ့ အတွေ့အကြုံနှင့်ကမ္ဘာ့ရှုထောင့်ရှိသည့် ဘဝဝန်းကျင်ပေါ် အခြေခံသောအသိအဖြစ် ပြောင်းလဲနိုင်ခဲ့ခြင်းက တရုတ်ကို ရှေ့တန်းရောက်စေခဲ့ခြင်း ဖြစ်ပေသည်

www.burmeseclassic.com

www.burmeseclassic.com





တိုးတက်လာသောအသိကို တစ်ဦးချင်းမှ ဦးဆောင်သူတို့တိုင် ထိန်းကျောင်းနိုင်ဖို့ လိုသည်။ ဗုဒ္ဓ၏မဇ္ဈိမပဋိပဒါသည် အစွန်းနှစ်ပါးကိုရှောင်ခိုင်းသော အလယ်အလတ်လမ်းစဉ်ဖြစ်သည်။ ဗုဒ္ဓသည် လူ့ဘဝနှင့်ကင်းလွတ်ပြီး ကောင်းကျိုးမပြုသော အသိသက်သက်ကို တန်ဖိုးမထား၊ မတိုက်တွန်းခဲ့။ အသိကိုဘဝတွင် လက်တွေ့အသုံးချပြီး ကောင်းကျိုးပြုစေခြင်းကိုသာ တန်ဖိုးထားခဲ့၏။ အားထုတ်ရန်လည်းတိုက်တွန်းခဲ့၏။ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ရှိသော်လည်း သမိုင်းမှန်ရန် လိုအပ်သည်။ ၎င်းသည်ပင် လူ့ကျင့်ဝတ်နှင့်လူ့တန်ဖိုးဖြစ်ကြောင်း အလေးအနက်ဟောခဲ့ပြီး ဖြစ်သည်။

တိုးတက်လာသောအသိကို ပညာဖြင့်ချုန်းအုပ်၍ ပညာသိသိလာလျှင် သိသူရော ပတ်ဝန်းကျင်ပါ ကောင်းသောပြောင်းလဲခြင်းသို့ သယ်ဆောင်နိုင်မည် ဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာ သိမှုများကိုသာ ဦးစားပေး၍ အတ္တထည့်ပေါင်းလျှင်မူ ထုဆစ်စဉ်တသတိမမူမိသော ပန်းပုရုပ်မှာ ပြီးသည့်အခါ မလှမပဖြစ်လာမည်မှာ မလွဲဧကန်ဖြစ်သည်။ သိမှုကို အပြန်ပြန်အလှန်လှန်သုံးသပ်ခြင်း အမှားအမှန် ဝေဖန်ပိုင်းခြားခြင်းဖြင့် ကောင်းသောပြောင်းလဲခြင်းများသို့ ရှေးရှုရန် ဖြစ်သည်။ အသိမြင့်သောလူသားများဖြစ်ပြီး ပတ်ဝန်းကျင်နှင့် ကင်းကွာ၍ မရသဖြင့်လည်းကောင်း၊ နောင်းခေတ်မျိုးဆက်များသို့ တန်ဖိုးရှိသောအတွေ့အကြုံ အမွေ ပေးနိုင်ရန်လည်းကောင်း၊ မှန်သောအသိနှင့် ကောင်းသောပြောင်းလဲခြင်းသို့ ဦးတည်သင့်သည်။

■

## အဆင့်မြင့်
## အမြင့်ဆင့်

'အဆင့်မြင့်' ဟူသော ဝေါဟာရကို ယနေ့ မြန်မာမှုနယ်ပယ်တွင် ဖောသီစွာ တွေ့ရလေ့ရှိသည်။ ဥပဒေပြဋ္ဌာန်းချက်မရှိသေးသဖြင့် သူသူငါငါအသုံးတည့်လွန်းပြီး စားသုံးသူတို့ တကယ်ငင်မှတ်လေ့ရှိကြသည်။ စံနှုန်းတစ်ခုထက် ကျော်လွန်မှသာ 'အဆင့်မြင့်' ဟူသောဝေါဟာရကို သုံးစွဲရန် သင့်လျော်ပြီး ထိုဆိုင်ရာ စံနှုန်းများ မည်သို့ရှိသည်ကို ပရိသတ်များ အခြေခံအားဖြင့် ဟုသုတရှိသင့်သည်။ 'အမြင့်ဆင့်' ခြင်းကို 'အဆင့်မြင့်' ခြင်းနှင့် ကွဲပြားစွာသိရန် ကောင်းသည်။

ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ နှစ်ခုလုံးတွင် 'အဆင့်မြင့်' ကြသူများနှင့် ထင်ယောင်ထင်မှား 'အမြင့်ဆင့်' ကြသူများ ရှိကြသည်မှာ လောက၏မမွတာ ဖြစ်ပါသည်။ သုတနှင့် ပညာအခြေခံရှိသူတို့က ကွဲပြားစွာသိရှိကြသော်လည်း ယေဘုယျအားဖြင့် အများစုက ခွဲခြားနိုင်စွမ်းမရှိသည်မှာ နေရာတိုင်း၊ ခြင်းတိုင်းဖြစ်သည်။ တင်ပြပုံ လိမ္မာပါးနပ်မှုက ရောထွေး စေမည်ဖြစ်သည်။ ဖြန့်ကြက်တွေးခြင်းဟု စာရေးဆရာတစ်ဦးက တင်စားခဲ့ပြီး ကျယ်ပြန့်စွာ ရှုထောင့်စုံကတွေးခေါ်စေခြင်း ဟုလည်း ဆိုလည်နိုင်မည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်တစ်လုံး အထပ်မြင့်ရုံဖြင့် အဆင့်မမြင့်ပါ။
အထပ်နိမ့်သော်လည်း အဆင့်မြင့်သော ဟိုတယ် အများအပြား
ရှိပါသည်။ ဟိုတယ်၏ အခြေခံအဆင့်များကို (Star Rating) ဖြင့်
နိုင်ငံတကာက သတ်မှတ်ထားပါသည်။ ကြယ်ငါးပွင့် ဟိုတယ်
အဆင့်ကိုသာ အဆင့်မြင့်ဟိုတယ်အဖြစ်သတ်မှတ်ပြီး ကျန်
ဟိုတယ်များမှာ အထပ်မြင့်လျှင် 'အမြင့်ဆင့်' သူများသာ ဖြစ်ေ
သည်။ အိပ်ခန်း၏အကျယ်အဝန်း လုံလောက်၍ အသုံးအဆောင်
(ပစ္စည်းများ၏အဆင့်အတန်း မြင့်မားသော်လည်း ဝန်ဆောင်မှု
လူစဉ်မမီလျှင် 'အဆင့်မြင့်' ဖြစ်လာမည် မဟုတ်ပါ။ 'လူ' အဓိက
ထားဝန်းကျင် ဖြစ်လာသည်နှင့်အမျှ ထိုလူသား၏လိုအပ်ချက်ကို
ဖြည့်ဆည်းနိုင်မှု မည်မျှပြည့်စုံသည့်အပေါ် အဆုံးအဖြတ်ပေးလေ့
ရှိပါသည်။ အိပ်ရုံ သက်သက် မဟုတ်တော့ဘဲ မိမိရုံးခန်း ရွှေ့လာ
သကဲ့သို့ အလုပ်လုပ်ကိုင်နိုင်မှု၊ အပန်းဖြေနိုင်မှု၊ ကျန်းမာရေး
လေ့ကျင့်ရန်အပြင် လုံခြုံမှုနှင့် အာမခံပြည့်စုံရန်လည်း လိုအပ်
သည်။ ယေဘုယျဥပမာမျှသာဖြစ်ပြီး အခြေခံစံနှုန်းကိုသိထားပါတ
'အဆင့်မြင့်' ခြင်းနှင့် 'အမြင့်ဆင့်' ခြင်း ခွဲခြားနိုင်ရန်ဖြစ်သည်။
'အဆင့်မြင့်' ခြင်းသည် ရုပ်ဝတ္ထုဆိုင်ရာတွင်သာမဟု
ပုဂ္ဂလိက အရည်အချင်း များတွင်ပါ ရောထွေးစွာ ထင်မှတ်မှားေ
ပါသည်။ ဆရာတော်ဦးဇောတိက၏ 'Quality of Life' ဟူသော
လက်သုံးစကားတွင် ဘဝ၏ အရည်အသွေးများပါ မြင့်မားပါမှ
'အဆင့်မြင့်' သောဘဝကို ပိုင်ဆိုင်မည် ဖြစ်သည်။ ကံငါးပါး မလုံခြုံ
ဘဲ လောကပါလတရားများမှ လွတ်ကင်းပြီး ရုပ်ဝတ္ထု ချမ်းသာမှုကို
'အဆင့်မြင့်' ဟုယူဆရန် 'သံသယ' အပြည့်ဖြင့် ရှိလိမ့်မည် ဖြစ်
သည်။ 'အမြင့်သို့' ဆင့်ကြသူများသာဖြစ်ပြီး 'အဆင့်မြင့်'ကြသူ
များမဟုတ်ချေ။ ညဘက်အိမ်တံခါးလာခေါက်မည်ကို စိုးရိမ်ရသူ
များ၊ မကောင်းမှုပြုခဲ့ခြင်း၏တုံ့ပြန်မှုကို စောင့်ဆိုင်းနေရသူများ



ဘဝ၏ ကောင်းသောအရည်အသွေးကို ရနိုင်ကြလိမ့်မည်မဟုတ်။
အတက်အကျမြန်ဆန်သော ယနေ့လူ့ဘောင်တွင် တကယ်
အဆင့်မမြင့်လျှင် အနာဂတ်သည် အာမခံချက် မရှိနိုင်ချေ။ သုတနှင့်
ညာကိုအခြေခံ၍ တည်ဆောက်သောကာလလည်းဖြစ်သဖြင့်
ညာအခြေမခံဘဲ 'အမြင့်ဆင့်' လျှင် အကျပို၍နာတတ်လေ့ ရှိမည်
ဖြစ်သည်။ ရုပ်ဝတ္ထု၏တိုးတက်မှုကို အာရုံစိုက်ကြသော်လည်း
စိတ်ပိုင်းဆိုင်ရာ၏ အရည်အသွေးများကိုလည်း မေ့ထား၍မရချေ။
အသက်ဝိညာဉ်သည် အဓိကဟုဆိုသော်လည်း အသိနှင့်ခံစားမှုက
လောကကို တည်ဆောက်နေခြင်း ဖြစ်သည်။ လူမိုက်တစ်ထောင်၏
မြှောက်စားမှုကို သာယာနေသည်ဟု ထင်မှတ်ခံရသူ တစ်ဦးသည်
ညာရှိတစ်ဦး၏ကဲ့ရဲ့မှုကိုကြားရသည့်အခါ တကယ့်အမြင်နှင့်
ဆန့်ကျင်သော စိတ်ပိုင်းဆိုင်ရာချမ်းသာမှု ရရှိမည်မဟုတ်ပါ။
ဘဝ၏အရည်အသွေးပြည့်စုံစွာ တကယ်မရရှိခြင်း ဖြစ်ပေမည်။
သိဒ္ဓတ္ထမင်းသားဘဝက နိမိတ်ကြီးလေးပါး တွေ့သည်နှင့်
ဘစ်ပြိုင်နက် လောကီချမ်းသာအလုံးစုံကို ဖြတ်တောက်ဖယ်ရှားပြီး
လောကုတ္တရာသို့ ခြွင်းချက်မရှိ ကူးပြောင်းသွားခြင်းသည် တကယ်
အဆင့်မြင့်သောနိဗ္ဗာန်ကိုရယူလို၍ ဖြစ်သည်။ အိမ်ရှေ့အရာ
စည်းစိမ်သည်လည်းကောင်း၊ မင်းစည်းစိမ်သည်လည်းကောင်း၊
ကြာမင်း၏စည်းစိမ်သည်လည်းကောင်း ရုပ်ဝတ္ထုဆိုင်ရာ၌
လောကတွင် အတုမရှိသော စည်းစိမ်များ ဖြစ်၏။ လောကုတ္တရာနှင့်
နှိုင်းယှဉ်လျှင်သာ အဆင့်နိမ့်သော်လည်း လောကီကိုမကုန်ခန်း
သေးမီကာလပတ်လုံး တောင့်တကြသူတို့၏ 'အဆင့်အမြင့်' ဆုံး
စည်းစိမ်များ ဖြစ်၏။ ဘာသာကြီးလေးရပ်၏ အဆုံးအမအဆုံး
သည် ရုပ်ဝတ္ထု၏အဆင့်မြင့်ခြင်းထက် ကျော်လွန်၍ နာမ်ပိုင်း
ဆိုင်ရာ အဆင့်မြင့်အရည်အသွေးများ ရယူရန် ရှေးရှု၏။
ဗုဒ္ဓဘာသာကမူ နိဗ္ဗာန်ကို အဆင့်အမြင့်ဆုံးသောပန်းတိုင်အဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ထားရှိ၏။ (လူတိုင်းနိဗ္ဗာန်မရနိုင်ကြသော်လည်း မဂ္ဂင်ရှစ်ပါး သစ္စာလေးပါးကို လိုက်နာ ကျင့်ကြံပါက စိတ်ပိုင်းဆိုင်ရာ အရည် အသွေးထူးများရရှိကာ 'အဆင့်မြင့်' ဆီသို့ တက်လှမ်းနိုင်လာ ကြမည်ဖြစ်သည်။)

လူမှုရေးနယ်ပယ်တွင်လည်းကောင်း၊ ဘာသာရေး နယ်ပယ်တွင်လည်းကောင်း၊ စီးပွားရေးနှင့်နိုင်ငံရေးနယ်ပယ် တွင်လည်းကောင်း အချို့သောသူများ တကယ်အဆင့်မမြင့် ပါဘဲနှင့် အယောင်ဆောင်တတ်ကြသည်။ အမြင့်ဆင့်ခြင်းမျှသာ ဖြစ်၍အရေးကြုံသည့်အခါ 'ကိုယ်မလုံ' ဖြစ်တတ်ကြသည်။ ၁၉၃၀ ခန့်က အမေရိကန် စီးပွားရေးအကျပ်အတည်း၊ ၁၉၉၇ အာရှ စီးပွားရေးအကျပ်အတည်းများတွင် 'အမြင့်ဆင့်' ၍ အယောင် ဆောင်သူများ ဘုန်းဘုန်းလဲ အကျနာကြသည်မှာ ဒုနှင့်ဒေးဖြစ် သည်။ Changes ဟူသော အပြောင်းအလဲမျှပင် လုပ်ဆောင်ရန် ကိုယ်ခံအားမရှိသဖြင့် 'အမြင့်ဆင့်' သူများအဖြစ် မြင်သာထင်သာ ရှိလာကြရလေသည်။

မျက်မှောက်နယ်ပယ်တွင် 'အဆင့်မြင့်' ဟုကင်ပွန်းတပ် သော နည်းပညာ အခြေခံပစ္စည်းများစွာ ထုတ်လုပ်ကြ၏။ အီရတ် အရေးအခင်းတွင် မည်မျှအဆင့်မြင့်စွာ တိုက်ပွဲဝင်ကြသနည်းဟူ လေ့လာသူများက အကဲခတ်ကြသည်။ အီရတ်တို့ သုံးသော ရုရှား လုပ် တင့်ကားနှင့် အမေရိကန်လုပ် Abrams MI - AI တင့်ကားတို့ ကို အရည်အသွေး အကဲဖြတ်ရာတွင် အမေရိကန်နည်းပညာသုံး တင့်ကားက အမှတ် ၁၂၄၅ မှတ်သုညဖြင့် အကဲသာ၏။ ဒုတိယ ကမ္ဘာစစ်တွင်းသုံးတင့်ကားနှင့် ယှဉ်လျှင် ရုရှားလုပ် ယနေ့တင့်ကား များက အဆင့်မြင့်မည်မှန်သော်လည်း မျက်မှောက်ခေတ် လိုအပ် ချက်နှင့်ယှဉ်လျှင် အမှတ်မပေးနိုင်တော့ချေ။ 'အဆင့်မြင့်' ဟူ



သည့်ရာတွင်ပင် ကာလ၏လိုအပ်ချက်၊ ဒေသ၏ လိုအပ်ချက်က အကန့်အသတ်ထားသေး၏။

၁၉၉၁-ကူဝိတ်၊ ၂၀၀၃-အီရတ်၊ ကိုဆိုဗို၊ အာဖဂန်နစ္စတန် အရေးအခင်းများသည် လေ့လာသူများအဖို့ မျက်မှောက်နိုင်ငံရေး တွေးခေါ်ပုံ၊ စစ်ရေးအခင်းအကျင်းနှင့် 'အဆင့်မြင့်' ခြေ့ကွက်များ ကို အရသာရှိစွာ တွေ့ရမည်ဖြစ်သည်။ တန်းတူအခွင့်အရေးဖြင့် အခြေခံလူတန်းစား (အများစု) ၏ဆန္ဒကိုဆွဲဆောင်နိုင်ပြီး အင်အား ရယူနိုင်သဖြင့် တစ်ချိန်ကကွန်မြူနစ်၊ ဆိုရှယ်လစ်များ ဖက်ရှင် ဖြစ်ခဲ့ရဖူးသည်။ ယနေ့ Human Right / Individual Right သည် လည်းနေ လေ့အောင်း မြင်းဇောင်း မကျန် ပီတိဖြာစေသည့် ကော်လံဖြစ်ပြန်သဖြင့် သည်လှံချက်ဖြင့်ပင် ကွန်မြူနစ်၊ ဆိုရှယ်လစ် များပြန်လည်ကျဆုံးခဲ့ရပြန်သည်။ ဒုတိယလှံချက်က နာလန်မထူနိုင် အောင် ထပ်ထိုးပြီးဖြစ်ရ၏။ ကူဝိတ်၊ ကိုဆိုဗို၊ အာဖဂန်နှင့် ယနေ့ အီရတ်သည် ဤ အကြောင်း ပြချက်ဖြင့်ပင် စစ်ဆင်မှုခံခဲ့ရခြင်းများ ဖြစ်သည်။

(စစ်သည် ဆောင်ရွက်ချက်တစ်မျိုးမျှသာဖြစ်ပြီး နိုင်ငံရေး လူမှုရေး၊ စီးပွားရေးနှင့် ဘာသာရေးရည်ရွယ်ချက်များ နောက်ကွယ် တွင်ရှိ၏။ နိုင်ငံတစ်ခု၏ အချုပ်အခြာအာဏာပိုင်စိုးမှု (Sover- eignty) ကို အခွင့်အရေး (Rights)၊ ကိုယ်ကျိုးစီးပွား (National Interest) ဟူသော အကြောင်းပြချက်များဖြင့် ပယ်ဖျက်၍ ကြောင်း လိမ္မာပါးနပ်စွာ ပြသခြင်းများ ဟုသဘောထားသော် ၏။) IT ခေတ်တွင် Globalization နှင့်အတူ Americanization က ဘွဲ့လျက်ပါလာပြီးသား ဖြစ်၏။ စစ်သက်ကြာမည်၊ အကျအဆုံး များမည်ဟု သုံးသပ်ကြသူများကို တစ်လခန့်အတွင်း အပြီးတိုက် ပြသွားခဲ့သည့်ပွဲလည်း ဖြစ်သည်။ စစ်ဦးကို ထုနှင့်မထားတော့ဘဲ ပါးပါးဖြင့်သာ ပြောင်းလွယ်ပြင်လွယ်ဖြစ်ရန်စီမံပြီး ထောက်ပံ့နှင့်

www.burmeseclassic.com

www.burmeseclassic.com



ဘမိန့်ပေးဌာနချုပ်တွင် ကွန်ပျူတာကိုင်သူများကိုသာ များများထား သောစစ် ဖြစ်သည်။ နိုင်ငံရေးမဟာဗျူဟာ ပြောင်းလဲလာသလို ခစ်ရေး၏နည်းဗျူဟာများ သဟဇာတမျှတစွာ ပြောင်းလဲလာခြင်း ဖြစ်ပေသည်။

မဟာဗျူဟာမြောက် အဆင့်မြင့်စွာတွေးခေါ်ကြသူများမှာ နိုင်ငံရေး အခင်းအကျင်းကိုသာ အချိန်ယူသော်လည်း စစ်ရေး အခင်းအကျင်းနှင့် နယ်မြေ သိမ်းပိုက်မှုတွင် ဗီယက်နမ်စစ်ကလို နှစ် ဆယ်နှင့်ချီ၍မကြာတော့၊ နိုင်ငံတစ်ခုလုံးကို တစ်လဟူသော ကာလတွင် ထိန်းချုပ်ပြီးသားဖြစ်၏။ အီရတ်စစ်ပွဲသည် အမေရိကန် သမ္မတအဖို့ ၎င်း၏ထိုင်ခုံနှင့်လဲရသော အလောင်းအစားတစ်ခု လည်းဖြစ်သည်။ အစ္စလာမ်ကမ္ဘာနှင့် ထိပ်တိုက်တွေ့ရသောပွဲကြီး လည်း ဖြစ်သည်။ EU နှင့် NATO အတွင်း ဩဇာလွှမ်းဆွဲပွဲလည်း ဖြစ်သည်။ မြောက်ကိုရီးယားကိုလည်း ခြောက်လှန့်ပြီး ဖြစ်သည်။ တစ်ချက်ခုတ်လျှင် အချက်ပေါင်းများစွာ ပြတ်သကဲ့သို့ အခန့် မသင့်လျှင် အမေရိကန်နိုင်ငံအတွက် အမည်းစက်နှင့်အတူ သမ္မတပါ ပြုတ်ကိန်းနှင့် ကြုံနိုင်ပေသည်။ အရေးအခင်းအတွင်း အမေရိကန်၏မဟာမိတ်နှစ်နိုင်ငံဖြစ်သော ပြင်သစ်နှင့် ဂျာမနီတို့ ရုရှားက ဖွဲ့ယူအမြတ်ထုတ်သွားခဲ့သည်။ အီရတ်ပြန်လည်တည် ဆောက်ရေးတွင် ကုလသမဂ္ဂကို အစိကအခန်းမှပါဝင်ရန် အဆိုပြု သည်။ အမေရိကန်နှင့် ကုလသမဂ္ဂ ထိပ်တိုက်တွေ့ရသောပွဲလည်း ဖြစ်သွားပြန်သည်။ အလှည့်အပြောင်းတစ်ခုဖြစ်ရန် ရည်ရွယ်ရင်း ရှိသည်မို့ ဤသို့ နောက်ဆက်တွဲ ပြဿနာများနှင့် တွေ့ကြုံရမည် မှန်း မျှော်လင့်ပြီးသားဖြစ်ဟန်တူသည်။

လူတွေ၏အသိဉာဏ် မြင့်လာသည်နှင့်အမျှ တွေးခေါ် နိုင်မှု အဆင့်အတန်းလည်း မြင့်မားလာသဖြင့် အဖွဲ့အစည်းများ၏ ဦးဆောင်သူတို့မှာ လုပ်နည်းလုပ်ဟန်သာမက အတွေးအခေါ်



သူအဆနှင့် အနာဂတ်အခင်းအကျင်းအတွက် ပြင်ဆင်မှုများမှာ ကယ် 'အဆင့်မြင့်' ရန် လိုအပ်လာပါသည်။ သာမန် တွေးခေါ် ကိုင်တတ်သူတို့မှာ သာမန်အဆင့်မျှ ဖြင့်သာ ကျေနပ်ကြ ဘော့မည် ဖြစ်သည်။ "အလကားပါ၊ ဒီလောက်နဲ့လည်း ရတာပါပဲ" သူများမှာ အတိုင်းအတာတစ်ခုအထိသာ မြင်နိုင်၍ ဖြစ်ပါသည်။ မ်းယာရောင်းသူအဖို့ လက်လီလက်ကား အထည်ဆိုင်အထိ ယအလေးထားကြိုးစား၍ရနိုင်သော်လည်း ငွေကြေးဈေးကွက် အခြားလုပ်ငန်းကြီးများအတွက်မူ ပညာ အခြေခံမှ ရပေမည်။ ယမည်မျှကဲ၍ ကြိုးစားသော်လည်း ငွေကြေးနှင့်ပတ်သက်သော ညာအခြေခံမရှိလျှင်၊ နိုင်ငံများ၏ ငွေကြေးလည်ပတ်ပုံနှင့် ကမ္ဘာ့ ငွေကြေးစီးဆင်းပုံကို မသိလျှင် အောင်မြင်စွာစွမ်းဆောင်နိုင်မည် ဟုတ်ချေ။ ပညာနှင့်အသိ၏ တန်ဖိုး လက်မခံသူများမှာ တကယ် အဆင့်မြင့်' ကြသူများ မဟုတ်ဘဲ ထင်ယောင်ကာ၊ 'အမြင့်ဆင့်' ကြသူများသာ ဖြစ်သည်။ တိုက်ပွဲကြီးတစ်ခုအတွက် သက်လုံကောင်း မည် မဟုတ်ပါ။

(ပြောင်းလဲလာသောခေတ်၏လိုအပ်ချက်အရ 'Traditional Thinking' မိရိုးဖလာအတွေးအခေါ်နှင့် 'Conventional Thinking' ဟူသော သာမန်အတွေးအခေါ်များမှာ လူရာဝင်တော့သည် ဟုတ်ချေ။ အယူအဆဟောင်းမှ သွေဖည်သော 'Lateral Thinking' ကိုအခြေခံ၍ မဟာဗျူဟာကျကျ 'Strategic Thinking' သို့ဘက်လှမ်းနိုင်မှ တော်ရုံကျသောခေတ်ဖြစ်ပါသည်။) မိမိကိုယ် အထင်ကြီးနေမည့်အစား မိမိထက် တော်သောသူများပါလား စိတ်ထဲမှတ်သင့်ပေသည်။ အောက်ပါပုံပြင်တွင် မည်သူက ဗျူဟာကျကျ တွေးတောသည်ကို ရိုးစင်းစွာ တွေ့ရမည် သည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိကိုယ်ကို လည်သည်ဟုယူဆသော ကိုလူလည်က မောင်အကို ငါးကျပ်တန်နှင့်ဆယ်တန် နှစ်ခုအနက် တစ်ခုကို ရွေးခိုင်းသည်။ ငါးကျပ်တန်အရွယ်က ဆယ်တန်ထက်ပို၍ ကြီးသည်။ မောင်အက ငါးကျပ်တန်ကိုသာရွေးသည်။ လူစုံလျှင် မကြာခဏရွေးခိုင်းတတ်ပြီး တုံးဟု ကွယ်ရာရှုတ်ချ၍ အောင်ပွဲ ခံတတ်သည်။ ဤသည်ကို မခံချင်သူတစ်ဦးက အရွက်ငယ်မှာ ပိုတန်ဖိုးရှိကြောင်း၊ အရွက်ငယ်ကို ရွေးသင့်ကြောင်း မောင်အကို ပြောရာ မောင်အက . . . "လုပ်ပါစေ၊ မကြာခဏ ရွေးခိုင်းမှ ကျပ် ပိုက်ဆံများများရမှာပေါ့၊ အရွက်သေးရွေးမိရင် တစ်ခါတည်း ရတော့မှာ . . ."

■

## ပညာသည့်သာ အနာဂတ်

ကဿပဘုရားလက်ထက်က ဆုကြီးပန်ခဲ့သော ရဟန်း ဘစ်ပါးနှင့် သာမဏေတစ်ပါးမှာ နှစ်ငါးရာ လွန်သောအခါ သာမဏေက ယောနကတိုင်း သာဂလပြည်တွင် မိလိန္ဒမင်းဖြစ်၍ ပညာအရာတွင် ကြီးစွာ ကျော်စောခဲ့သည်။ ဘုရင်မင်းမြတ်၏ ပညာတန်ခိုးရှိန်စော်ကိုဦးနှိမ်၍ အမြင်မှန်ရစေရန် ရဟန်းဘဝ လွန်၍ နတ်ပြည်မှ တန်ခိုးကြီးနတ်သားဖြစ်ကာ ထိုမှတစ်ဖန် ၎တေ၍ ပညာရှိနာဂသေန (ရှင်နာဂသိန်) ရဟန်းပြန်ဖြစ်သည်။ ရှေးဘဝက ဆုကြီးပန်ခဲ့သူများ ဖြစ်ပြီး ယခုဘဝတွင်လည်း ပညာ ကြီးမြင့်ကြသူများဖြစ်သဖြင့် ၎င်းတို့၏ ပညာပါအမေးအဖြေသည် အတုယူဖွယ် ကောင်းလှန်း၏။ သွယ်ဝိုက်အသုံးချတတ်လျှင် ယနေ့ စီးပွားရေးအဖွဲ့အစည်းများ၏ အမှုဆောင်အရာရှိချုပ်များ၊ မူဝါဒ အကောင်အထည်ဖော်သူများနှင့် အထက်တန်း မန်နေဂျာများ မည်သို့ပညာရှိသင့်၍ လိုက်နာသင့်သည်ကို သိကောင်းမည် ဖြစ် သည်။

မိလိန္ဒမင်း၏ တရားဆွေးနွေးရန်ဖိတ်မန္တကပြုခြင်းကို ရှင်နာဂသေနက "ပညာရှိတို့အနေဖြင့်သာဆွေးနွေးလို၏၊ မင်းစိုးရာဇာတို့အနေဖြင့်မဆွေးနွေးလို" ဟုတုံ့ပြန်ခဲ့၏။ မင်းကြီးက အကျယ်ချဲ့ရန်တောင်းဆိုရာ ရှင်နာဂသေနက "ပညာရှိတို့ စကား

www.burmeseclassic.com



ပြောသောအခါ အကြောင်းအားလျော်စွာ သွယ်ဝိုက်၍လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း၊ နှိမ်၍လည်းကောင်း၊ ဥပမာဖြင့်လည်းကောင်းပြော၏။ ထူးလျှင်ထူးကြောင်းပြော၏။ အမျက်ထွက်ခြင်းမရှိ၊ ဤသို့နည်းမျိုးသည် ပညာရှိတို့ဆွေးနွေးခြင်းမည်၏။ မင်းစိုးရာဇာတို့၏ဆွေးနွေးခြင်းမှာ ဝန်ခံအပ်သောအကြောင်းအရာ ချွတ်ယွင်းတိမ်းပါးခဲ့သော် ခွင့်မလွှတ်ကြ၊ အပြစ်ဒဏ်ပေးကြ၏။ ဤနည်းကား မင်းစိုးရာဇာတို့၏ ဆွေးနွေးခြင်းဖြစ်၏" ဟု ရှင်းပြ၏။ မိလိန္ဒမင်းကြီးကလည်း ပညာရှိဖြစ်သဖြင့် ပညာရှိနည်းဖြင့်သာဆွေးနွေးရန် ခွင့်ပြု၏။

(ယနေ့ အောင်မြင်ခြင်း၏ အဓိကတစ်ချက်ဖြစ်သော မြင်သာထင်သာရှိမှု (Transperancy) ကို တွေ့ရမည်ဖြစ်သည်။ အောက်ခြေကို ပြည့်စုံစွာတင်ပြခွင့်၊ ဆွေးနွေးခွင့် ပြုခြင်းဖြင့် အမှန်ကို ဦးဆောင်သူမှ သိရှိနိုင်မည် ဖြစ်သည်။)

မင်းကြီးနှင့်ရှင်နာဂသေနတို့ သဘောတူညီချက်ရပြီး အမေးအဖြေကိုစပြု၏။

"မေးလော့ မဟာရာဇ"

"မေးပြီးပါပြီ ဘန္တေ"

"ငါလည်း ဖြေပြီးပြီ မဟာရာဇ"

"သင် ဘာကိုဖြေသနည်း"

"သင် ဘာကိုမေးသနည်း မဟာရာဇ"

မည်မျှပညာရှိကြသည်ကို ဤမျှမေးခွန်းဖြင့် နှစ်ဖက်စမ်းသပ်ပြီးဖြစ်သည်။ (လုပ်ငန်းဦးဆောင်သူတို့ အမြော်အမြင်ရှိရန်ဖြစ်ပြီး မန်နေဂျာများကလည်း အရည်အချင်းရှိရန်ဖြစ်သည်ကို လုပ်ငန်းတာဝန်မပေးမီကပင် ကြိုတင် စမ်းသပ်သိရှိနိုင်ကြောင်း သာဓကကောင်းတစ်ခုဖြစ်ပါသည်။)



"ဗုဒ္ဓသည်အတုမရှိကြောင်း မည်သို့သိနိုင်မည်နည်း" ဟူသော မင်းကြီး၏ အမေးကို "ဟောကြားခဲ့သောတရားတို့၏ အဆီအနှစ်၊ အနက်အဓိပ္ပာယ်၊ အတိမ်အနက်ကို ပညာနှင့်ပိုင်းဖြတ်ခြင်းဖြင့် သိနိုင်သည်" ဟု ဖြေကြားခဲ့သည်။ (တစ်ဦးတစ်ယောက်၏ အရည်အသွေးကို လုပ်ဆောင်ခဲ့သောလုပ်ရပ်များ၏ အများလက်ခံနိုင်မှု၊ အကျိုးမည်မျှဖြစ်ထွန်းခဲ့သည် ဆိုသည်များနှင့် ပိုင်းဖြတ်နိုင်ပါသည်။)

(မိန်းမအားလုံးတို့သည် အကယ်၍ အခါအခွင့်နှင့် ဆိတ်ကွယ်ရာကိုရ၍ မိမိလင်နှင့်တူသော ဖိတ်မန်သူရှိလျှင် မကောင်းမှု ပြုမပြုကို မေးရာ "အမရာဒေဝီသည် ဆိတ်ကွယ်ရာ ရသော်လည်း မကောင်းမှုကိုမပြုရခြင်းမှာ လူတို့မှ ဆိတ်ကွယ်သော်လည်း နတ်တို့၏ဆိတ်ကွယ်မှုကိုမရကြောင်းနှင့် မိမိစိတ်၏ ဆိတ်ကွယ်မှုကို မရကြောင်းသိ၍ မကောင်းမှုကို မည်သို့မျှမပြု" ဟုဖြေကြားခဲ့သည်။)

ကိုယ်ကျင့်သိက္ခာသည်လည်းကောင်း၊ အရည်အသွေးသည်လည်းကောင်း အနည်းဆုံး မိမိကိုယ်ကိုမိမိ သိရှိတတ်ပါသည်။ သတင်းနှင့်ဆက်သွယ်ရေး ထွန်းကားသောဤခေတ်တွင် အများ အမှန်လုပ်ရပ်များသည် မည်သို့မျှဖုံးကွယ်၍မရအောင် လျင်မြန်စွာ သတင်းရောက်ရှိနိုင်ပါသည်။

ကုသိုလ်၊ အကုသိုလ်အရေး ဆွေးနွေးရာတွင် သစ်သီးနှင့် နှိုင်း၍ ဥပမာပေး ဖြေကြားခဲ့သည်။ ကုသိုလ်၊ အကုသိုလ်နှစ်ပါးလုံးသည် ပြုသည့်တစ်ခဏ ချက်ချင်းအကျိုးမပေးသော်လည်း သစ်သီးကဲ့သို့ အချိန်ကာလတစ်ခု လွန်မြောက်၍ မှည့်ဝင်းသည့် အခါ စားရန်အသင့်ဖြစ်သကဲ့သို့ အချိန်ကျမှ အကျိုးပေးကြောင်း ရှင်နာဂသေနက ဖြေကြားခဲ့သည်။ ချက်ချင်း အကျိုးမပေး၍ စိတ်မရှည်ကြသူများ အသိရနိုင်မည်ဖြစ်သည်။ ကောင်းမှုပြု၍

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားသော်လည်း ချက်ချင်း အသီးအပွင့်မခံစားရသူများ ဤသဘောနားလည်၍ ကြိုးစားရန်တာဝန်ရှိသည်ဟု နားလည်ထားနိုင်သည်။ မကောင်းမှုပြု၍ ချက်ချင်းတုံ့ပြန်မှုမရသူများကလည်း ထိုတုံ့ပြန်မှုကို ဘယ်တော့မှမရနိုင်တော့ဟု ဝမ်းသာမနေသင့်၊ ဆင်ခြင်တရားကင်းမဲ့၍ မကောင်းမှုများ အကျိုးပေးချိန်တန်လျှင် တန်းစီလာတတ်သည်ကို အထူးသတိရှိသင့်သည်။ ကောင်းမှုသည်လည်းကောင်း၊ မကောင်းမှုသည်လည်းကောင်း မိမိပြုခဲ့သည့်အတိုင်း တစ်ချိန် ပြန်လည်သက်ရောက်မည်ဖြစ်သဖြင့် မကောင်းမှုကိုကြိုတင်ရှောင်ရှားနိုင်ပြီး လိုသောကောင်းကျိုးအတိုင်း ကောင်းမှုကိုပြုထားသင့်သည်။

BURMESE CLASSIC .com

ပညာသည် အသက်အပိုင်းအခြားနှင့်မဆိုင်။ ငယ်ရွယ်သော်လည်း မည်မျှလေ့လာသည်၊ မည်သည့်ကဏ္ဍမှ ဦးဆောင်၍ မည်မျှအတွေ့အကြုံရှိခဲ့သည် အစရှိသည့် ကာယကံရှင်၏ ခံယူချက်ဆောက်တည်မှုတို့မှသာ အခြေခံသည်။ ဗုဒ္ဓလက်ထက်က 'သုဘဒ္ဒ' သည် ဗုဒ္ဓ၏သစ္စာတရားကို နာယူလို၍ အသက်ကြီးပြီး ဗုဒ္ဓဟု ကြွေးကြော်သော တိတ္ထိဆရာကြီးများထံ ချဉ်းကပ်ခဲ့ဖူးသည်။ ကိုယ်တိုင်လည်းအခံရှိထားသူမို့ တိတ္ထိဆရာကြီး ခြောက်ပါး၏ တရားမှ ခွာကာ တစ်ကိုယ်တည်းကျင့်ကြံသူ ဖြစ်သည်။

သိဒ္ဓတ္ထမင်းသား ဘုရားအဖြစ်ရတော်မူပြီ ဟုသော သတင်း ရသည့်အခါ ဗုဒ္ဓသက်တော်မှာ ၃၅ နှစ်သာရှိသေး၍ အကယ်မဖြစ်နိုင်ဟု တစ်ဖက်သတ် ယုံကြည်ထားသဖြင့် ၄၅ ဝါပတ်လုံး ဗုဒ္ဓဟောခဲ့သော တရားများကို မနာယူခဲ့။ မိမိထက် ငယ်ရွယ်သူမှာ ပညာမရှိနိုင်ဟု တစ်ဖက်စွန်းကျစွာ ယုံကြည်ထား၍ ဖြစ်သည်။ ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုခါနီးဆဲဆဲမှ တရားနာခွင့်ရ၍ သစ္စာလေးပါးနှင့် မဂ္ဂင်ရှစ်ပါးကို အမှန်မြင်ပြီး ရဟန္တာဖြစ်ခဲ့သူဖြစ်သည်။ အကယ်၍ သုဘဒ္ဒ၏ခံယူချက် ရှေးမဆွကပင် အမှန်ဖြစ်ခဲ့



လျှင် ၄၅ နှစ်စော၍ ရဟန္တာဖြစ်နိုင်ပြီး ဗုဒ္ဓနှင့်တွေ့ခွင့်မရခဲ့ပါကလည်း သံသရာတွင်လည်နေရဦးမည်သာဖြစ်သည်။(ပညာသည် အသက်အပိုင်းအခြားနှင့်မဆိုင် ထိုးထွင်းသိမြင်နိုင်သော စွမ်းရည်နှင့်သာ ဆိုင်ပါသည်။)အတွေ့အကြုံသည်သာ တစ်စိတ်တစ်ဒေသအားဖြင့် အသက်အပိုင်းအခြားနှင့်ဆိုင်သော်လည်း အသက်ကြီးသူများတွေ့ကြုံရသော အတွေ့အကြုံများသည် ယနေ့ဖြစ်ပေါ်တိုးတက်နေသော အတွေ့အကြုံများနှင့် တပ်အပ်မကျနိုင်တော့။ အသက် ၃၆ နှစ် မျှသာ ရှိသေးသော သိပ္ပံပညာရှင် Edward Witten ၏အဆိုပြုချက်များကို အခြားသော ပညာရှင်အဖိုးကြီးများ ...ရွှက်မခတ် အလေးအနက်ထားနေရခြင်းမှာ ထိုပညာရှင်ငယ်၏ ...ခင်ဆောင်ရွက်ချက်များကြောင့် ဖြစ်သည်။ ဆိုင်ရာ ဘာသာရပ်...ွင် မည်မျှ အသိဖောက်ထွက်သွားသည်ကိုပြသသော အရည်အချင်းလည်း ဖြစ်သည်။ Witten ၏ဖော်ထုတ်ချက်ကို သိပ္ပံပညာရှင်များက အရာခပ်သိမ်းတို့၏သီအိုရီ (Theory of Everything) ...ကင်ပွန်းတပ်ကြပြီး ယခင်က ကမ္ဘာကို ကိုင်လှုပ်ခဲ့သော ရီလေတီဗီတီသီအိုရီနှင့် ကွမ်တမ်သီအိုရီများကဲ့သို့ ကမ္ဘာကို အကြီးအကျယ် ...ခါစေဦးမည်ဟု နိမိတ်ဖတ်ထားကြသည်။

မဟော်သဓာကို မြန်မာ့သမိုင်းမှာ မသိသူမရှိသလောက် ...လိမ့်မည်။ မဟော်သဓာ၏ ပညာကျော်စောမှုသည် အသက် ...ဆယ်၊ ခြောက်ဆယ်မှ စခဲ့သည် မဟုတ်ပါ။ အဋ္ဌာရသဆယ့် ...ပ်ကိုသင်ကြားစဉ် ဆယ်ကျော်သက်ကတည်းက စတင်ခဲ့ခြင်း ...သည်၊ ထိုးထွင်းသိမြင်ခြင်း၊ အမှားအမှန်ကို ပိုင်းဖြတ်နိုင်ခြင်း ...ည် ပညာရှိတို့၏ အခြေခံဝိသေသများဖြစ်ပါသည်။ ချမ်းသာစွာ ...ပြီး သူဆင်းရဲများ၏ ဘဝကို အတွေ့အကြုံအဖြစ်မရခဲ့သော် ...ည်း ထိုးထွင်းသိမြင်နိုင်သဖြင့် သူဆင်းရဲတို့နှင့်ဆိုင်သော ...နာများစွာကို ဖြေရှင်းနိုင်ခဲ့ခြင်းမှာ ပညာသည်အတွေ့အကြုံ

www.burmeseclassic.com

www.burmeseclassic.com



လား၊ ထိုးထွင်းသိမြင်ခြင်းလား ဆိုသည်ကို ပြသရာရောက်၏။

ပညာသည် ရဲရင့်၏၊ သတ္တိရှိ၏၊ အမှန်တရားတွင်ရပ်တည်၏၊ ထောင်လွှားခြင်းမဟုတ်သော ဂုဏ်သိက္ခာကို မြတ်နိုးသည့်မာန ရှိ၏။ အမြဲတမ်းခေါင်းညိတ်တတ်ခြင်းလည်း မရှိ၊ ဦးဆောင်လိုသည့် ဝိသေသလည်း ရှိ၏။ 'စွမ်း' သူ ဖြစ်သဖြင့်လည်း 'မစွမ်း' သူများနှ တစ်တန်းတည်းမနေတတ်၊ တော်တိုင်းပညာမရှိကြသော်လည် ပညာရှိသူတိုင်းတော်ကြသည်။('ဘာ' လုပ်ရမည်ကို သိခြင်းသည် ပညာရှိများ၏ အရည်အချင်းဖြစ်ပြီး 'ဘယ်သို့' လုပ်ရမည်ကို သိသူများသည် 'လူတော်' တို့၏ အရည်အချင်းအဖြစ် ပညာရှိသူနှ လူတော်တို့ကို ခွဲခြားသိမြင်နိုင်သည်။)မန်နေဂျာကောင်းများသည အနည်းဆုံး လူတော်များဖြစ်သင့်ကြပြီး ပဲ့ကိုင်သူ၊ ဦးဆောင်သူမှာ တတ်နိုင်လျှင် ပညာရှိသင့်ကြသည်။ နည်းဗျူဟာသည် မန်နေဂျ များ၊ အုပ်ချုပ်ရေးအရာရှိကြီးများနှင့် သက်ဆိုင်ပြီး မဟာဗျူဟ သည် မူဝါဒကို ကိုင်တွယ်သော ယနေ့ CEO အမှုဆောင်အရာ ချုပ်များ၏တာဝန်ဖြစ်သည်။ မနေ့ကဘာဖြစ်ခဲ့၍ ယနေ့ မနက်ဖြန် ဘယ်လိုလုပ်ရမည်ကို နည်းဗျူဟာ အရည်အချင်းရှိသော မန်နေဂျာများ ကောင်းစွာသိသင့်ပြီး အနာဂတ် ရည်မှန်းချက် အောင်မြင်စေရန် ပုံဖော်သောမူဝါဒ ချမှတ်သူ ဦးဆောင်သူမှာ မဟာဗျူဟာမှန်ကန်ရန် အရေးကြီးသည်။ အနာဂတ်၏ အနီး ကာလကိုပင် စီမံခန့်ခွဲ၍ (Near Future, Future, Far Futu ဟူ၍ မဟာဗျူဟာချမှတ်သူများ ခွဲခြားတတ်ကြသည်။ ရည်မှန်းချက် နှင့် ဆောင်ရွက်ရမည့်ပမာဏပေါ် မူတည်သည်။ Walmart. Bi Gate စသော ကမ္ဘာ့ အကြီးဆုံး စီးပွားရေးအဖွဲ့အစည်းများနှ အမေရိကန်ကဲ့သို့သော မဟာအင်အားလွန် နိုင်ငံမျိုးတွင်မှ Gra Strategy ဟူသောအဂ္ဂဗျူဟာကို ချမှတ် ကျင့်သုံးလေ့ ရှိကြသည် ပုံဖော်မှုတွင်ပင် ဆယ်စုနှစ်တစ်ခုမျှ ကြာတတ်ပြီး သိမ်မွေ့လှ



သည့်အတွက်လည်း တစ်ဖက်မှ သိသာစွာမစေ့ငုမိနိုင်။ Bill Gate ၏ မူဝါဒ ကောင်းမွန်မှုကြောင့် ကွန်ပျူတာလောကကြီး တစ်ခုလုံး းချုပ်ခံရတော့မည့်အခြေသို့ ဆိုက်ရောက်ခဲ့ပြီး Anti Trust Law ဖြင့် ကာကွယ်ခဲ့ရသည်။ အမေရိကန်သမ္မတ J.F.K (ဂျွန်အက်ဖ် ကနေဒီ) ရေးခဲ့သော 1000 Days in White House တွင် အမေရိကန်၏ မဟာအင်အားလွန်နိုင်ငံဖြစ်ရေးအဂ္ဂဗျူဟာကို တွေ့ ရမည်ဖြစ်သည်။ နောင်းပိုင်းသမ္မတများ လိုက်နာကျင့်သုံးပြီး တစ်စတစ်စ ပုံဖော်ခဲ့ရာမှ နှစ်ပေါင်းလေးဆယ် ကြာသည့် ယနေ့ အချိန်တွင် သူတို့လိုချင်သည့်အခြေသို့ ရောက်ခဲ့ပြီး ဖြစ်တော့သည်။ သံသယ ပွားဖွယ်ရာ 11-Sept တိုက်ခိုက်မှုသည် မဟာဗျူဟာ တစ်ခုဖြစ်သလောဆိုသည့်အသံများ ယနေ့ ကြားနေရသည်။ မည်သို့ဆိုစေ အမေရိကန်သမ္မတတွင် အကြမ်းဖက်မှု ခေါင်းစဉ် အတွက် Blank Cheque ရရှိသွားပြီဖြစ်သည်။

BURMESE CLASSIC ရေရှည်ရပ်တည်နိုင်ရေးအတွက် မျှော်လင့်ချက်ထားလျှင် သိအခြေခံ ယနေ့ကမ္ဘာတွင် မိသားစုစားဝတ်နေရေးအတွက် ဆောင်သော အိမ်ထောင်ဦးစီးမှသည် စီးပွားရေးအဖွဲ့အစည်း း၏ ဦးဆောင်သူများအလယ် နိုင်ငံရေးဖန်တီးသူများ ကောင်း ထက်မြက်သော မဟာဗျူဟာ ရှိသင့်သည်။(ခေါင်းဆောင် မည်မျှ မ်းစေကာမူ နည်းဗျူဟာကို အကောင်အထည် ဖော်သည့် နေဂျာကောင်းများ မရွေးတတ်လျှင်လည်း ဘာမျှ အကောင် ထည်ပေါ်မည်မဟုတ်၊ လူကောင်းသည် ကောင်းရုံမျှဖြင့် မလုံ တော်သည့်အဆင့်သို့ တက်လှမ်းသင့်သည်။)မဟာဗျူဟာ သူတစ်ဦးချင်းစီ၏ အရည်အချင်း မည်မျှအရေး ကြီးသည်ကို သမ္မတဟောင်းယဲလ်ဆင်၏ ရွေးကောက်ပွဲ ရလဒ်က အခြေ ပြဖြစ်သည်။ မိမိ မြေ၊ မိမိလူထုတွင်ပင် အနိုင်ရရန်မလွယ်ချာ အခြေတွင် အမေရိကန်မှလူတစ်စု ရုတ်တရက် ရောက်လာပြီး

www.burmeseclassic.com



ယဲလ်ဆင်သမီးနှင့်အတူ ဖိုတယ် တစ်လုံးပေါ်တွင် တိုးတိုး
တိတ်တိတ် စီမံခန့်ခွဲသွားပြီး နေရာတစ်ခု ဖန်တီးပေးသွားနိုင်ခြင်း
သည် စွမ်းရည်အသုံးချခြင်းဆိုင်ရာမှာ နယ်မြေဒေသမရွေး
အလေးအနက် 'လုပ်နည်း' ကိုသိနေခြင်းသာ ဖြစ်သည် ဟူသော
အသိကို ရရှိစေမည်ဖြစ်သည်။

သံသရာသည် ဘဝပေါင်းများစွာနှင့် အတက်အကျတို့
ကိုယ်စားပြုပြီး တစ်ဘဝ၏အကောင်းအဆိုးများ ရောယှက်နေမှု
သဘာဝကိုနားလည်လက်ခံလျှင် တစ်ဦးတစ်ယောက်သည် 'တစ်
တည်းသော' လုပ်ဆောင်မှုပေါ် အားကိုး၍မရတော့။ ရည်မှန်းချက်
မြင့်မားသူများ၊ အင်ပါယာတည်ဆောက်လိုသူများ၊ Divisificati
ဟူသော လုပ်ငန်းဖြန့်ကြက်ဖို့ လိုသည်။ မိမိကိုယ်နှိုက်ကလည်း
အရည်အချင်းဖြည့်ဆည်းရန် လိုသည်။ မန်နေဂျာကောင်းများ
ရွေးတတ်ရန်လိုသည်။ မန်နေဂျာများကိုလည်း အမြင်ဖွင့်ပေး
ရဲရဲတင်ပြခွင့်ပြုရန်လိုသည်။ (ဦးဆောင်သူအနေဖြင့် စီးပွားရေး
လူမှုရေး၊ နိုင်ငံရေး၊ ပညာရေး တစ်ခုနှင့်တစ်ခု ဆက်စပ်ချိတ်ဆ
နေသည်ကို အလေးအနက်သိရန်လိုသည်။ မည်သို့ချိတ်ဆက်
သည်ကိုလည်း လေ့လာဖို့လိုသည်။ အသိကြွယ်လာသည့်ယနေ့ကမ္ဘာ
တွင် 'တစ်ခုတည်း' အနေဖြင့် ဘာမှ ရပ်တည်၍မရတော့ ဆိုသည့်
Concept ကိုလည်း လက်ခံတတ်ရန်လိုသည်။) အမြင့်မှန်းထ
ပညာလိုလေဆိုသည့်ဒဿနနှင့် ယုံကြည်မှုကိုလည်း လက်ကိုင်ထား
ရန်ဖြစ်သည်။ အထူးအခွင့်အရေးရခြင်း၊ ထီပေါက်ခြင်း၊ ကျော်
အောင်ခြင်းမှ ချမ်းသာခြင်းသည် တကယ့်အရည်အချင်းဟုတ်
မဟုတ်၊ ရေရှည်တိုက်ပွဲဝင်နိုင်သည့်သက်လုံ ရှိမရှိကိုလည်း
ပကတိမြင်တတ်ရန်ဖြစ်သည်။ ခေါင်းဆောင်ကောင်းအဖြ
ရည်မှန်းထားသူများကလည်း နောက်လိုက်ကောင်း၊ မန်နေဂျာ
ကောင်းများ ဖြစ်ရန်လိုသည်၊ နောက်လိုက်ကောင်းမဟုတ်သူများ



ဘ်ပေး၍ခေါင်းဆောင်နေရာရလျှင် ရေရှည်မြဲမည်မဟုတ်၊
မန်နေဂျာကောင်းများသည် မူဝါဒကိုအကောင်အထည်ဖော်ရန်
အရည်အချင်းရှိရမည်ဖြစ်ပြီး တစ်ဖက်မှလည်း မိမိအထက်ကို
အကြံဉာဏ်ကောင်းများ ပေးနိုင်ရမည်ဖြစ်သည်။ ကောင်းသော
အကြံဉာဏ်မပေးနိုင်သူသည် မန်နေဂျာဘဝမှာသာ ရပ်တန့်နေ
မည် ဖြစ်ပြီး တစ်ဆင့်မြင့်သောအခြေအနေသို့ ရောက်နိုင်မည်
မဟုတ်၊ တစ်ဦးတစ်ယောက်၏ အရည်အချင်းနှင့် အနာဂတ်သည်
အောက်ပါပေတံဖြင့်တိုင်းတာ၍ အနာဂတ်ကိုပုံဖော်နိုင်မည်
ဖြစ်သည်။

("ဘာလုပ်ခဲ့သလဲ"
"ဘယ်လောက်အောင်မြင်ခဲ့သလဲ"
"ဘယ်လိုအကြံဉာဏ်တွေပေးခဲ့သလဲ"
"ဘယ်လောက်သိနေသလဲ")

(Ref : ဦးသော်ဇင် - မိလိန္ဒ အမေးအဖြေ)

■

www.burmeseclassic.com

www.burmeseclassic.com

## တန်ဖိုး

အရာရာ၌တန်ဖိုးရှိ၏။ သူ့အတိုင်းအတာအလျောက် ဖြစ်သည်။ သက်ရှိ-သက်မဲ့ အလုံးစုံ ဖြစ်သည်။ တန်ဖိုးကို တွေ့ရှိ ခြင်း၊ တန်ဖိုးထားတတ်ခြင်းနှင့် မတွေ့ရှိခြင်း၊ တန်ဖိုးမထားတတ် ခြင်းသာ ကွာခြားသည်။ ခေတ်အခါ၏အသုံးချနိုင်မှု၊ အသုံးဝင်နိုင်မှု အပေါ် လိုက်၍ တန်ဖိုးအနည်းအများ ကွာခြားသည်။ တစ်သမတ် တန်ဖိုး ရှိသောအရာနှင့် ပြောင်းလဲတန်ဖိုးအရာ ဟူ၍ အကြမ်း အားဖြင့် ခွဲခြားနိုင်မည်။ အရည်အချင်းနှင့် ရှားပါးမှုသည် တန်ဖိုး၏ အခြေခံ အကြောင်းတစ်ပါး ဖြစ်သည်။

### လူ

သက်ရှိများတွင်တန်ဖိုးအမြင့်ဆုံး ဟူသည်ကို ငြင်းမည့်သူ မရှိ။ ရနိုင်ခဲသော ဘဝအဖြစ် တန်ဖိုးရှိခြင်း ဖြစ်သည်။ ဖန်တီးနိုင် သော စွမ်းရည်သည် လူ၏ တန်ဖိုးမြင့်အရည်အချင်းလည်း ဖြစ် သည်။ အခြားသက်ရှိများထက် အသိဉာဏ်ပိုခြင်းက လည်းကောင်း တန်ဖိုးဟူသည်ကိုပင် လူကသတ်မှတ်ခြင်းက လည်းကောင်း လူသည် သတ္တလောက၌ တန်ဖိုးအမြင့်ဆုံးဖြစ်သည်။ ယေဘုယျ အားဖြင့် အခြားအရာနှင့် နှိုင်းစာသော် တန်ဖိုးအမြင့်ဆုံးဟူ



သတ်မှတ်သော်လည်း လူတွင်ပင်လျှင် တန်ဖိုးအသီးသီး ကွာခြားရ ပြန်သည်။ ရွှေဟူသောသက်မဲ့တွင်ပင် အထည်ခတ် ၁၅ ပဲရည်နှင့် အခေါက်ရွှေတို့၏ တန်ဖိုး မတူနိုင်သကဲ့သို့ဖြစ်သည်။ သာမန် ဈေးသည်တစ်ဦး၏တန်ဖိုးနှင့် သမ္မတတစ်ဦး၏ တန်ဖိုးကို အတူ ထား၍ မရစကောင်း၊ ဈေးသည်တွင် သာမန်အသိဉာဏ်သာ ရှိခြင်း၊ စွမ်းဆောင်ရည်နည်းပါးခြင်းနှင့် ၎င်း၏ သက်ရောက်အကျိုးသည် မိသားစုတစ်ခုအပေါ်၌သာ ရှိခြင်းဖြစ်၍ သမ္မတတစ်ဦးမှာမူ ထိရောက်သော စွမ်းဆောင်ရည် ရှိခြင်း၊ ပညာရှိခြင်းနှင့် သက်ရောက်မှုသည် အုပ်ချုပ်သောတိုင်းပြည် တိုင်အောင် အကျိုး ဖြစ်စေခြင်းကြောင့် တန်ဖိုးမတူကြခြင်းဖြစ်သည်။ ဗုဒ္ဓ၏တန်ဖိုးမှာမူ အမြင့်မားဆုံးဖြစ်ပြီး လောကတစ်ခုလုံးနှင့် သက်ဆိုင် အကျိုး ကျေးဇူးရှိစေသည်။ ကမ္ဘာအသင်္ချေများစွာတွင်မှ တစ်ဆူသာပွင့်လေ့ ရှိပြီး ပါရမီ အဆင့်ဆင့် ဖြည့်ဆည်းရင့်ကျက်မှ ပွင့်တော်မူသော ကြောင့်လည်းဖြစ်သည်။

### သက်သေ၏တန်ဖိုး

တန်ဖိုးသတ်မှတ်ရာတွင် ဥပဒေကပါ လိုက်နာကျင့်သုံး သည်။ ဥပမာအားဖြင့် သက်သေ၏တန်ဖိုးကွာခြင်းသည် ကြီးစွာ သော ဆုံးဖြတ်ချက်ကို ပြောင်းလဲစေ၏။ အတည်ဖြစ်မစေ၏။ အဆုံးဖြတ်ချက်တစ်ခုကို ကြားနာရာတွင် သက်သေများ၏ တန်ဖိုးကို လိုက်နာသည်။ နေ့ဝင်ရီတရော လူသတ်မှုကိုမြင်ပါသည်ဟု သာမန် လူတစ်ဦး ထွက်ဆိုသည့် တန်ဖိုးနှင့် ဥပဒေ တတ်ကျွမ်းသူ တစ်ဦး၏ ထွက်ဆိုသော တန်ဖိုးများ မတူညီကြ။ မြင်နိုင်စွမ်းသော အကွာ အဝေး၊ ဖြစ်နိုင်ခြေရှိမှုနှင့် အခြားအချက်အလက်များကို သာမန် လူတစ်ဦးက ထည့်သွင်းစဉ်းစား၍ ထွက်ဆိုနိုင်ခြေ နည်းပါးပြီး ဥပဒေ ကျွမ်းကျင်သူတစ်ဦးမှာမူ "မြင်ပါသည်" ဟူသော နောက်

www.burmeseclassic.com

www.burmeseclassic.com



ကျယ်နှံ့ ဖော်ပြပါအချက်များကို ထည့်သွင်းစဉ်းစားပြီး ဖြစ်သောကြောင့် ထွက်ချက် 'တန်ဖိုး' မတူခြင်းဖြစ်ပါသည်။

**အချိန်၏တန်ဖိုး**

အချိန်တွင် တန်ဖိုးရှိကြောင်း သိကြသော်လည်း မည်မျှတန်ဖိုးရှိကြောင်း သိသည်ဟုဆိုရာဝယ် သံသယဖြစ်ဖွယ် ရှိသည်။ တန်ဖိုးသည် သက်ရှိသက်မဲ့တွင်သာမက ထိတွေ့ကိုင်တွယ်မစွမ်းသောအချိန်၌ပင် ရှိနေပါသည်။ ငယ်စဉ်က သင်အပ်သောပညာ၊ ရယူအပ်သော အတွေ့အကြုံများကို မယူခဲ့သူတစ်ဦးအနေဖြင့် ကြီးမှ ပညာထပ်လိုချင်ပါက ကန့်သတ်ချက်များစွာကြောင့် ရနိုင်မည်မဟုတ်တော့။ အချို့အရာများတွင် အချိန်သည် ကြီးစွာသော အခြေခံကန့်သတ်ချက်ဖြစ်၍ အချို့အရာများတွင် သာမန်ကန့်သတ်ချက်ဖြစ်သည်။ လုပ်ငန်းခန့်ထားခြင်း ကိစ္စရပ်များ၌ အသက်နှင့်ဆိုင်ရာဘဲ့ ကန့်သတ်ထားခြင်းသည် ဥပမာတစ်ခုဖြစ်သည်။ ကံပေး၍၊ ကြိုးစား၍ နိုင်ငံတကာ လုပ်ငန်းရှင်ကြီးတစ်ဦးဖြစ်လာသူသည် ထို့ထက် ပိုမို တိုးတက်လိုပါက အခြေခံပညာပြည့်စုံရမည် ဖြစ်သည်။ နိုင်ငံတကာ ဆက်ဆံရေး၌လည်း နောင်တရနိုင်၏။ သို့သော် ပြန်လည်ဖြည့်ဆည်းရန် အကန့်အသတ်များစွာရှိနေပြီ ဖြစ်သည်။ မိဘလက်ထက်ကချမ်းသာသော်လည်း မိမိလက်ထက် ဘဝဆုံးသည့်တိုင်ချမ်းသာရစေမည်ဟု မည်သူမျှ အာမမခံနိုင်။ ပညာသည် ငယ်စဉ်ဖြည့်ဆည်းရမည့်အရာ ဖြစ်၍ ငယ်စဉ်ကပင်ပြီးမြောက်သင့်သည်။

**ဂုဏ်ဒြပ်တန်ဖိုး**

မြင်ခြင်းငှာမစွမ်းသော၊ ကိုင်တွယ်ခြင်းငှာ မရသော ဂုဏ်ဒြပ်သည် သိခြင်းငှာ ရရှိပေသည်။ နှစ်ပေါင်းရာချီ၍



ထိန်းသိမ်းလာသော မာစီဒီး၏ဂုဏ်ဒြပ်သည် နိုင်ငံတကာတွင် သူကြွယ်စီး၊ သံတမန်စီးယာဉ်အဖြစ် နေရာယူပြီးဖြစ်သည်။ တိုယိုတာကား၏ အရည်အသွေးကောင်းခြင်းကို သံသယမရှိကြသော်လည်း မာစီဒီး၏ဂုဏ်ဒြပ်ကို မကျော်လွှန်နိုင်၍ Exclusive ကားအဆင့် မဝင်နိုင်သေး။ ဘဏ်ဥက္ကဋ္ဌ၏ စာထက်မတင်သော ခေါင်းညိတ်မှုတစ်ရပ်က ကိစ္စတစ်ခုကို စက္ကန့်ပိုင်းအတွင်းပြီးစေနိုင်ပြီး သာမန်လက်လုပ်လက်စားတစ်ဦး၏ ပြည့်စုံစွာစာထက်တင်သော စာချုပ်ပဋိညာဉ်ထက် တန်ဖိုးထားကြလိမ့်မည်မှာ ဘုသောဂုဏ်ဒြပ်၏ သက်ရောက်မှု 'ယုံကြည်ချက်' ကြောင့် ဖြစ်သည်။ အစိုးရအဖွဲ့တစ်ဖွဲ့ တက်တိုင်း နိုင်ငံခြားရေးရာ၊ စီးပွားရေးမူဝါဒကို ထုတ်ပြန်လေ့ရှိပြီး ၎င်းနှင့်ဆီလျော်သောလုပ်ငန်းများကို ကုန်သည်များက ပြင်ဆင်ကြခြင်းသည် ဂုဏ်ဒြပ်ကိုယုံကြည်တန်ဖိုးထား၍ ဖြစ်သည်။ ပြောင်းလွယ်ပြင်လွယ်ခြင်းသည် ခုဆီထမင်း၊ ခုတကလေးကြော်မဟုတ်။ ဂုဏ်ဒြပ် တန်ဖိုးရစေရန် ကြိုးစားခြင်းတစ်ခုတည်းမှ ရခြင်းမဟုတ်။ စောင့်ထိန်းခြင်း၊ တည်ကြည်ခြင်း၊ အကျိုးရှေးရှုခြင်းဟူသောအင်္ဂါရပ်များလည်း ပါဝင်သည်။ တရုတ်ကုန်သည်ကြီးများ မနက်လမ်းလျှောက်ရင်းစုဝေး၍ ထောင်ပြသော လက်ညှိုးအတိုင်း လိုက်လုပ်ကြသည်။ နေ့စဉ် စာချုပ်ချုပ်၍မရေး ယုံသူမျှလည်းစည်းမဖောက်၊ မိမိတို့၏ဂုဏ်ဒြပ်ကို ထိန်းကြသည်။ ဟုံ့ငွေလွှဲကို ကြီးစွာသောပမာဏဖြင့် တယ်လီဖုန်းထဲမှာ လုပ်ကြသည်။ စာချုပ်မရှိ၊ ဂုဏ်ဒြပ်အပေါ်ယုံကြည်မှုကြောင့် လုပ်နိုင်ခြင်းဖြစ်ကြောင်း သတိချပ်အပ်သည်။

**ပညာတန်ဖိုး**

ပညာတန်ဖိုးမရှိလျှင် မည်သူမျှမသင်၊ မိဘတိုင်း သားသမီးအပေါ် ဦးစွာထားသောစေတနာမှာ ပညာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



၃၀၀၀ ဒုတိယ၊ Knowledge Based Society ခေတ်တွင် ပညာတန်ဖိုးမှာ ယခင်ကထက် ပိုမိုထင်ရှားလာသည်။ တစ်ဦးချင်းသာမက နိုင်ငံချင်းပင် ပညာအခြေခံ နိုင်ငံရေး၊ စီးပွားရေးကို ထူထောင်လာကြသည်။ ပညာသည် ဆင်ခြင်နိုင်မှု၊ ခွဲခြားသိရှိနိုင်မှု အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်မှု၊ စောင့်ထိန်းနိုင်မှု အလုံးစုံကိုပေး သည်။ အထူးသဖြင့် ထိုးထွင်း သိမြင်နိုင်မှုသည် ပညာ၏စွမ်းရည် အထက်မြက်ဆုံးလက်နက် ဖြစ်သည်။ ပညာရှိရန် ပညာတတ်ဖို့ ဦးစွာလိုသည်။ ပညာတတ်ရန် ငယ်စဉ်ကပင် ပညာကိုသင်ရသည်။ ပညာတတ်ဖြစ်ရန် သင်ကြားပေးသော ဘာသာရပ်များသည် တဖြည်းဖြည်း အတွေးအခေါ်ကိုပေး၍ ရင့်ကျက်လာစေသည်။ အဖြေတစ်ခုရရန် စဉ်းစားတတ်လာ၏။ ငယ်စဉ်သင်ကြားသော ပညာသည် Formulated ဖြစ်၏။ Academic ဖြစ်၏။ ပညာတတ် ပြီး ပညာရှိရန်မှ လက်တွေ့နယ်ပယ်မှရသည်။ ဘဝသင်ခန်းစာမှ ပညာရှိအဖြစ် ပြောင်းလဲပေးသည်။ ပညာရှိသူတိုင်း ပညာတတ်ခဲ့ ကြသော်လည်း ပညာမတတ်ခဲ့သူများ ပညာရှိ မဖြစ်နိုင်။ ပညာမတတ်ဘဲ ပညာရှိဟု ကြွေးကြော်ပါမူ တိုင်းတာသောပေတံ အလျော့ကသာ ဖြစ်ပေမည်။ စဉ်းစားတွေးခေါ်တတ်သော အတွေး အကျင့်သည် ပညာရှိလာမည့် အခြေခံလမ်းကြောင်း ဖြစ်သည်။ မီးပူသည်ကိုကိုင်ကြည့်ရမည့်ခေတ်မဟုတ်တော့။ တစ်နေ့တစ်လုံး လျှောက်လျှင်လည်း ပုဂံကတော့ မပြေးပါ။ မိမိရောက်သည့်အချိန် တွင် နေရာမကျန်တော့ခြင်းသာ ဖြစ်ပါမည်။ ပညာ၏တန်ဖိုးသည် လောကနှင့်အမျှဖြစ်သည်။ ကောင်းသောလုပ်ငန်းများတွင်မနေ ထားနှင့်။ ရာဇဝတ်မှု ကျူးလွန်ခြင်းတွင်ပင် မိုက်မဲစွာကျူးလွန်မှု ကို တစ်ခဏချင်း ဖမ်းဆီး၍ရသော်လည်း ပညာတတ်များ ကျူးလွန် လျှင် သဲလွန်စ အလွယ်တကူမရ။



ဘယ်ကိုသွားမလဲ

လူလားမြောက်၍ ခြေစုံရပ်နိုင်အောင်ကြိုးစားသည့် အချိန်တွင် အလုံးစုံသောသူတို့ ဆုံးဖြတ်ရသည့် အဆုံးအဖြတ် ဖြစ်သည်။ မိမိ၏ သက်တမ်း၊ အချိန်အခါ၊ မိမိ၏လူမှုအဖွဲ့အစည်း အပေါ် မူတည်၏။ ထို့ထက် ပိုမိုတွေးတောပါမူ နောက် မျိုးဆက် သစ်အတွက် အထောက်အပံ့နှင့် အာဝါသတစ်ခုပေးနိုင်ခဲ့လျှင် ပို၍ကောင်းသည်။ တွေဝေတတ်သောပညာတတ် အနည်းငယ်မှအပ လျှောက်လမ်းမည့်လမ်းကိုရွေးနိုင်ရန် ပညာက ထောက်ပံ့သည်။ ပညာရှိသူအဖို့ မှန်ကန်သောလမ်းကို ရွေးနိုင်ကြသည်။ ပညာအားနည်းသူများမှာ ယနေ့ကိုသာကြည့်တတ်ကြသော်လည်း ပညာရှိများမှာ မနက်ဖြန်ပေါင်းများစွာကို ကြည့်နိုင်ကြသည်။ Life Plan ကို သုပ်ဆောင်ကြ၏။ Plan ရှိ၍ အမှားနည်းကြသည်။ မျှော်တွေးနိုင်ခြင်း၏ဆုလာဘ် ဖြစ်သည်။

အတက်အကျ

မတည်မြဲခြင်းနိယာမအရ မည်သူမျှ တစ်သမတ်တည်း အတက်နိုင်၊ မကျနိုင်၊ ပညာနည်းပါးသူမှာ အတက်တွင် ကံ၏အဟုန်သာ စီးတတ်ပြီး အကျတွင် ကံ၏အလိုသာ ကျကြသည်။ ကံ၊ ဉာဏ်၊ ဝီရိယတွင် ပညာဉာဏ်ရှိသူက ပို၍တက်အောင် ယူနိုင်ကြသည်။ ကျသည့်အခါတွင်လည်း သက်သာရုံ အစီအမံထားနိုင်ကြသည်။ အချိန်ကာလတစ်ခု ကျော်လွန်သည့်အခါ မတူသောဆုံးဖြတ်ချက် အဖြေကိုတွေ့ကြရမည် ဖြစ်သည်။ ထိုအချိန်သည် ... ပြန်လည်ဖြည့်ဆည်းခြင်းငှာ မစွမ်းသောအချိန် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## နောင်တမရဖို့

ငယ်စဉ်ကတည်းက တစ်ဦးနှင့်တစ်ဦး နေ့စဉ်ကွာခြားကြသည်။ ကျောင်းမြဲသူ၊ ကျောင်းပြေးသူ။ သတိရှိ၍ ကွာခြားမှုကို သိလျှင် 'ကြိုးစားမှု' ဖြင့်ဖြည့်ဆည်း၍ ပြုပြင်နိုင်သောအရာများ ရှိသလို ကွာခြားမှုကိုသတိမမူမိသော်လည်း ပြန်လည် ဖြည့်ဆည်းရန် မရသောအရာများလည်းရှိသည်။ မည်သို့ဆိုစေ ဆယ်စုနှစ်တစ်ခု သည် တစ်ဦးနှင့်တစ်ဦးကွာခြားမှု သိသာစေရန် လုံလောက်သော အချိန်ကာလ ဖြစ်သည်။ သာမန်ကိစ္စရပ်များ ကွာခြားမှုသည် မဆိုစလောက်ဟု သတ်မှတ်နိုင်သော်လည်း ဘဝ၏အဆုံးအဖြတ် ကိစ္စရပ်များတွင်မူ ဤကွာခြားမှု အတွက် 'နောင်တ' သည် မှတ်သားရန်မျှသာဖြစ်ပြီး လိုက်နာဖြည့်ဆည်းနိုင်တော့မည်မဟုတ်။ ပညာမဲ့သူ အတွက်မူ 'နောင်တ' သည် တန်ဖိုးကြီးစွာ ပေးရသော သင်ခန်းစာ ဖြစ်သည်။

## ပညာစစ်ပွဲ

စစ်ပွဲဟုဆိုသည်နှင့် ဓား၊ လှံ၊ ဆင်မြင်းခေတ်မှ သေနတ် ကျည်ဆံ၊ လေယာဉ်ခေတ်အထိ တစ်ဖက်နှင့် တစ်ဖက် သူကြေကိုယ်ကြေတိုက်ကြသည်ကိုသာ မြင်ကြမည်ဟု မျှော်လင့်သည်။ Conventional/ Tectical/ Strategic Warfare ၏ ရလဒ်သာဓကများမှ သင်ခန်းစာထုတ်နုတ်၍ ပညာတတ်နိုင်ငံများက သမိုင်း သင်ခန်းစာ ပြဋ္ဌာန်းစာအုပ်တွင် ပေထက်အက္ခရာ တင်ကျန်မည့် အဖြစ်ကို တတ်နိုင်သမျှရှောင်လွှဲကြပြီ ဖြစ်သည်။ ယမ်းငွေ့ဝေသော မြင်ကွင်းမျိုးကိုရှောင်ရှား၍ မျက်ရည်ပင်လယ်ဝေစေမည့်စစ်ပွဲတို့ စတင်နေကြပြီဖြစ်သည်။ ကြေးဝါထိပ်ဖူးတပ် ကျည်တစ်တောင့်က လူတစ်ဦးသာ သေစေနိုင်သော်လည်း ပလတ်စတစ်ကတ်တစ်ခုက တိုင်းပြည်တစ်ပြည်၏စီးပွားရေးကို ဘုန်းဘုန်းကျသွားစေနိုင်သည်။



စစ်ပွဲ၏ ကုန်ကျစရိတ်ကို တွက်ချက်၍ ၎င်း၏ပမာဏဖြင့် စီးပွားရေး စစ်ပွဲဆင်နွှဲပါက အမြင်ကောင်းပြီး ထိရောက်မှုပိုသည့် တန်ဖိုးကို ရလာပြီဖြစ်သည်။ ၁၉၉၇ အာရှ စီးပွားရေး ကပ်သည် Soros ၏ ထင်ရှားသော စီးပွားရေးစစ်ပွဲတစ်ပွဲအဖြစ် သာဓကကောင်းဖြစ်သည်။ ငွေကြေးကစားသူတစ်ဦးအနေဖြင့် 'ဆင်ခြေ' ပေး၍လည်း ကောင်းသည်။ သမိုင်းအမည်းစက်လည်း မထင်၊ အခြေမခိုင်၍ ကျတာပါဟု အပြစ်ပင်ဖို့သွားသေးသည်။ ပညာသုံးသော စီးပွားရေးစစ်ပွဲအဖြစ် မှတ်တမ်းဝင်သွားသည်။ အလွန်ကြီးမားသော တန်ဖိုးကို ပေးလိုက်ရသည့် သင်ခန်းစာလည်း ဖြစ်သည်။ နောင်တွင်လည်း ဤသို့ ပညာအခြေခံ Card War နှင့် Wire War စစ်ပွဲများသာ လာကြဦးမည်ဖြစ်သည်။

## ဘုရင့်နောင်နှင့်ဂျင်ဂျစ်ခန်

သမိုင်းမှတ်တမ်းဝင်စစ်ဘုရင်များဖြစ်သည်။ ဘုရင့်နောင်၏အင်ပါယာမှာ အာသံ၊ မဏိပူရမှသည် ယိုးဒယားနိုင်ငံ အယုဒ္ဓယအထိ ကျယ်ပြောပြီး ဂျင်ဂျစ်ခန်၏ အင်ပါယာမှာမူ တရုတ်မှသည် ဥရောပအထိ ကျယ်ပြန့်စွာ ဩဇာသက်ရောက်ခဲ့သည်။ စစ်ဘုရင်ဖြစ်သော်လည်း ဆင်ခြင်ထိုးထွင်းသိမြင်နိုင်သော ပညာရှိ စစ်ဘုရင်များ ဖြစ်သည်။ အာဏာစက် ဖြန့်ကြက်သော်လည်း ယခုခေတ်လို ဆက်သွယ်ရေး၊ လမ်းပန်း မကောင်းမွန်သည့်အတွက် တိုက်ရိုက် အုပ်ချုပ်မှုထားရှိခြင်း၏ အကျိုးဆက်များကို မျှော်တွေးနိုင်သဖြင့် ကိုယ်ပိုင်အုပ်ချုပ်မှုများ ပြန်လည်ပေးအပ်ကာ ပဏ္ဏာဆက်သစေသော စနစ်ကို ကျင့်သုံး၍ ဩဇာတည်စေခဲ့သော မင်းကောင်းများ ဖြစ်ခြင်းကြောင့် ချီးကျူးဖွယ်ရာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အရာရာဆင်ခြင်ပါ

ဆင်ခြင်ခြင်းသည်တွေဝေခြင်းမဟုတ်။ တစ်ကွာ၏အနည်းငယ်နှင့် တစ်လံ၏အဆုံးရလဒ်များကို ခင့်ချိန်ခြင်းသာ ဖြစ်သည် (အခြင်းအရာ တစ်ခုတည်းကိုသာ မူတည်ဆုံးဖြတ်လျှင်ရသော်လည်း အကြောင်းအချက်အများစုအပေါ် အခြေခံခြင်းက နောက်ဆက် ပြဿနာနည်း၍ အကောင်းဘက်ရှေးရှုနိုင်စေရာ ဖြစ်သောကြော ဖြစ်သည်။) ပြည့်စုံစွာ တွေးတောဆင်ခြင် ဆုံးဖြတ်ခြင်း၏ ရလ တန်ဖိုးမြင့်သည်ကို မငြင်းနိုင်။ ရလဒ်တန်ဖိုးမြင့်သည်နှင့်အ အဆုံးအဖြတ် ပေးရသူ၏ ဂုဏ်ဖြပ်တန်ဖိုး၊ ပညာတန်ဖိုးပါ မြင့်တ လာသည်။

ဦးဆောင်သူ

ဦးဆောင်သူအမျိုးမျိုးအနက် သာမန်အိမ်ထောင်စုတ ကို ဦးဆောင်သူမှသည် ဝန်ထမ်းသိန်းနှင့်ချီသောကုမ္ပဏီ ဦးဆောင်ရသူနှင့် သန်းနှင့်ချီသောနိုင်ငံတစ်ခုကို ဦးဆောင်ရ အဖြစ် အမျိုးမျိုးကွာခြားကြသည်။ တန်ဖိုးချင်းလည်းမတူနိုင မိမိ၏အဆုံးအဖြတ်၊ အယူအဆနှင့်အတွေးအခေါ်ကို အကော အထည်ဖော်ရာမှ ထွက်ပေါ်လာသောရလဒ်၏ တန်ဖိုးသည် နောက်လိုက်များ၏ အနာဂတ်နှင့်ပတ်သက်ပြွန် ဖြစ်သည်။ နောက်လို များ၏ မနက်ဖြန်သာ မဟုတ်၊ မိမိ၏မနက်ဖြန်လည်းဖြစ်၊ သမိုင်း လည်းဖြစ်သည်။ ကံပေး၍ ရှင်ဘုရင် ဖြစ်ခဲ့ရသော်လည်း မနေ မိုးလင်းမျက်နှာသစ်သည်မှ ကြက်တိုက်၊ ငှက်တိုက်၊ လောင်းကစ ကိုသာစိတ်ဝင်စားခဲ့သော ဘုရင်မျိုးလည်း ရှိခဲ့သလို မြန်မာနိုင်ငံ စည်းရုံးရေး၊ သာယာဝပြောရေး၌ မှတ်တိုင်ကောင်းများထူခဲ့သော အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားတို့လည်း ရှိခဲ့သည် ဘုရင်ချင်းတူသော်လည်း တန်ဖိုးချင်းကွာခြားကြသည်။



ချုံပေါ်ရောက်

'ဗိုင်းကောင်၍ချုံပေါ်ရောက်' ဟူသော စကားပုံသည် အကျိုးပေးသန်၍ မမျှော်လင့်ဘဲ အမြင့်သို့ရောက်ခြင်း ဖြစ်သည်။ နိုင်သောကံအရာက မိမိအား တစ်ချိန်ချိန်တွင် ကြီးဘွား ဘောင် သောနေရာသို့ရောက်စေနိုင်ပါသည်။ ချုံပေါ်ရောက်၍ အရ ပ်တက်၊ မကြိုးစားလျှင် ချုံအောက်ကျမည်မှာသေချာသည် သာရှိခဲ့ပါက ချုံပေါ်မှာ သာသာကလေး ဘဝဇာတ်ခုံကို ကပြနိုင် သည် ဖြစ်သည်။ ချုံပေါ် မရောက်ခင်က အရည်အချင်းများကို ဖြည့်ဆည်း သင့်သည်။

တန်ဖိုးရှိပါ

တန်ဖိုးမဲ့ခြင်းထက် တန်ဖိုးရှိခြင်းက သာလွန်သည် နိုင်သော်လည်း အမြင့်ဆုံးတန်ဖိုးသို့ရောက်အောင် မြှင့်တင်နိုင်ရန် အရေးကြီးသည်။ အရှိန်အဝါနှင့် အာဝါသတစ်ခုကြောင့် တန်ဖိုးရှိ သယောင်ထက်လည်း ပင်ကိုတန်ဖိုး ရှိသင့်သည်။ ဉာဏ်ပညာ မြင့်၍ တန်ဖိုးရှိခြင်း၊ ဝီရိယရှိ၍ တန်ဖိုးမြင့်ခြင်းများအပြင် အကျင့်သိက္ခာ နိုင်ရာ တန်ဖိုးသည်လည်း အရေးပါလှသည်။ တစ်ခုကောင်း၏ တန်ဖိုးသည် ဘက်စုံပြည့်စုံသောတန်ဖိုးကို မီနိုင်မည်မဟုတ်။

ထိုထိုသောတန်ဖိုးများကိုလည်း မိမိကိုယ်တိုင်ဆုံးဖြတ်၍ သည်မဟုတ်။ အများကသာသတ်မှတ်ဆုံးဖြတ်ခြင်း ဖြစ်သည် သဖယားသည် စိန်နှင့်တူခြင်းသာ ဖြစ်သည်၊ စိန်မဟုတ် ၏တန်ဖိုးကိုမရနိုင်။ စိန်သည်စိန်သာဖြစ်၏။ တန်ဖိုးအတု ရက်၊ တစ်မနက်ဖြင့်လုပ်ယူ၍ မရ၊ ကာလရှည်ကြာစွာ သော် ည်ကြရသည်။ မှတ်ကျောက်တင် ခံရသည်။ အများ၏ အဆုံး အဖြတ်ဖြင့်သာ တန်ဖိုးကိုသတ်မှတ်ကြရာသည်။ စိန်၏ အရည် အချင်း ရရန်မှာ စိန်သာဖြစ်ရမည် ဖြစ်သည်။

■

www.burmeseclassic.com

## ပြောင်းလဲခြင်း

ပြောင်းလဲခြင်းမရှိပါက လူဟူ၍ပင် ဖြစ်ပေါ်လာမည် မဟုတ်။ ရှေးခေတ် 'မှုန်မွှားရေသတ္တဝါ' မှ ကျောရိုးမဲ့ရေတစ်ပိုင်း ကုန်းတစ်ပိုင်း တွားသွားများသည် လူသားမျိုးနွယ်အစ၏ ပြောင်းလဲခြင်းအဦးအစ ဖြစ်သည်။ ကာလနှင့်ယှဉ်၍ အပြောင်းအလဲရှိလာသဖြင့် ကျောရိုးရှိကုန်းသတ္တဝါမှ ယနေ့ လူ ဟူ၍ ဖြစ်လာခြင်းဖြစ်သည်။ မဟာစကြာဝဠာအတွင်း လူထက် ပိုမို အသိဉာဏ်မြင့်မားသော တီထွင်ဖန်တီးနိုင်စွမ်းရှိ အခြား သတ္တလောကကို ဂြိုဟ်သားဟု ယေဘုယျလက်ခံထားသဖြင့် ယနေ့ ကမ္ဘာ့လူသားများ၏ပြောင်းလဲခြင်းသည် တစ်ချိန် ထိုသို့ဆန်ဆန် ဖြစ်လာနိုင်ဖွယ်ရာ ရှိသည်။ Changer on Explosion ဖြစ်၍ အရှိန်မြန်သည်ထားဦး အနည်းဆုံး နှစ် ထောင်-သောင်း မက ကြာမည်ဖြစ်သဖြင့် အနာဂတ်ကာလသည် ဝေးကွာလွန်း နေပါသေးသည်။ ပြောင်းလဲခြင်းသည် အချိန်ကာလနှင့်ယှဉ်တွဲ၍ အမြဲတစေ ရှိနေသည်ဟူသောအယူအဆ၏ ကြေးမုံတစ်ချပ်ကို ဆိုလိုခြင်းသာ ဖြစ်သည်။

သဘာဝမှုသည် ပြောင်းလဲခြင်းကိုလက်ခံသည်ဖြစ်ရာ ပြောင်းလဲခြင်းတွင်



- ကာလ
- ပတ်ဝန်းကျင်
- အသိဉာဏ်

တို့အပေါ်တွင်အခြေခံ၍ အဓိကဖြစ်ပေါ်လေ့ရှိသည်။ စေ့ဆော်ရာဌာနဟုဆိုနိုင်မည်ဖြစ်ပြီး ကာလ၏စေ့ဆော်မှုကြောင့် ဖြစ်ပေါ်သောအပြောင်းအလဲသည် ပတ်ဝန်းကျင်စေ့ဆော်မှုကြောင့် ဖြစ်ပေါ်သည်ထက် ယေဘုယျအားဖြင့်ကြာနိုင်ပါသည်။ ပတ်ဝန်းကျင်၏စေ့ဆော်မှုသည်လည်း အသိဉာဏ်အခြေခံ ပြောင်းလဲမှုထက် ပိုမိုကြာရှည်နိုင်သည့်သဘော ရှိပြန်သည်။ စေ့ဆော်ရာဌာနများ၏ သဘာဝအရ ပြင်းအားဒီဂရီမတူညီမှုကြောင့် ဖြစ်သည်။ တန်ဖိုးတွက်ချက်ရာတွင် အချိန်သည် အဓိကအကြောင်းရင်းတစ်ပါးဖြစ်သဖြင့်လည်း အထက်ပါအခြေခံကြောင့် ပြောင်းလဲမှုများတွင် အသိဉာဏ်အခြေခံ၏ပြောင်းလဲမှုသည် တန်ဖိုးအရှိဆုံး ဖြစ်ပါလိမ့်မည်။

ကာလအခြေခံပြောင်းလဲမှုတွင် ကမ္ဘာဦးအစမှနှစ်သန်းထောင်ချီတွင် ယနေ့၏တိုးတက်မှုမျိုး ဖြစ်သဖြင့် လူ့ဘဝသက်တမ်းတစ်ရာခန့်အတွက် အပြောင်းအလဲ သဘောကို 'ရှိသည်' ဟူသော အသိမှတပါး မိမိအတွက် များစွာအကျိုးဖြစ်ထွန်းသည်ဟု ယူဆနိုင်မည် မဟုတ်ပါ။ မျိုးဆက်များစွာအတွက်မှ အတိုင်းအတာတစ်ခု အထိ အကျိုးတရားတစ်ခုတော့ရနိုင်မည် ဖြစ်သည်။ (ဆာလောင်မှတ်သိပ်စဉ် နှမ်းတစ်လုံးစားရသောအစာနှင့် တူသည်) ပတ်ဝန်းကျင်စေ့ဆော်မှုကြောင့် ဖြစ်ပေါ်သော အပြောင်းအလဲသည် 'နွားကြိမ်တို' သကဲ့သို့သောသဘော ဆောင်ပြီး တွန်းအားပြင်းထန်မှု အသင့်သလောက်ရှိမည် ဖြစ်ပါသည်။ ဝန်းကျင်၏တောင်းဆိုမှု စေ့ဆော်မှုကြောင့် ပြောင်းရသည်ဖြစ်သဖြင့်လည်း မရွေ့ချင်ရွေ့ချင် ရွေ့ရသော 'ဘီး' နှင့်တူသည်။ (ဆာလောင်မှတ်သိပ်စဉ် ထမင်းလုတ်စာ စားရသောအစာနှင့် တူသည်)

www.burmeseclassic.com



အသိဉာဏ်အခြေခံ စေ့ဆော်မှုကြောင့် ဖြစ်ပေါ်သော ပြောင်းလဲခြင်းသည် တွန်းအားပြင်း အရှိန်ကောင်းသဖြင့် Changer Explosion ဖြစ်သည်။ လူ့ဘဝ သက်တမ်း တစ်ရာခန့်အတွင်း အနိုင်ရော၊ ကြိမ်နှုန်းပါရသည့်အပြောင်းအလဲ ဖြစ်သည်။ (ဆာလောင် မွတ်သိပ်စဉ်တွင် တစ်ဝမ်းစာပြည့် မွတ်သိပ်ခြင်းကို ဖျောက်နိုင်သည့်အစာပမာဏနှင့် တူသည်)

## ကာလအခြေခံပြောင်းလဲခြင်း

နှစ်သန်းပေါင်း ထောင်သောင်းအတွင်း သက်ရှိတို့၏ ဖြစ်စဉ်ပြောင်းလဲမှုကို ကြည့်လျှင် လူတစ်ဦး၏ သက်တမ်းအတွင်း သိသာထင်ရှားစွာ အကျိုးဖြစ်ထွန်းမှုကို တွေ့ရမည်မဟုတ်ချေ။ သို့သော် မျိုးဆက်ပေါင်း များစွာအတွက် တစ်စုံတစ်ခုသော အကျိုးတရားကို ထားခဲ့သည်မှာ အမှန်ဖြစ်သည်။ ကမ္ဘာဦးအစမှ ယနေ့အထိ ကာလအခြေခံပြောင်းလဲမှုဖြစ်စဉ်၏ တိုးတက်မှုကို တိုင်းတာရန်မဆိုထားနှင့်၊ ဗုဒ္ဓဖြစ်စဉ် ငါးရာငါးဆယ်နိပါတ်တော်နှင့် ဇာတ်တော်ကြီးဆယ်ဘွဲ့၏ဖြစ်စဉ် တစ်ခုစီမှာပင် တစ်ဘဝ ဗုဒ္ဓမဖြစ်ခင်ရလဒ်ကိုမြင်နိုင်သည်မဟုတ်သေး၊ ရှည်ကြာသော ကာလတစ်ခုစီကို ဖြတ်သန်းအရင်းပြုပြီးမှ နောက်ဆုံး ဗုဒ္ဓ ဖြစ်လာရခြင်းဖြစ်သည်။

ဒိဗ္ဗစက္ခုကို ဗုဒ္ဓမရမီ မည်မျှသောဘဝများစွာနှင့် မည်သို့ ပါရမီ ဖြည့်ဆည်းခဲ့ရသည်ကို အတပ်မပြောနိုင်သေး။ ကာလ အခြေခံသောပြောင်းလဲခြင်း၏ သဘာဝကို ထင်ရှားရန် ဥပမာပေးခြင်းသာ ဖြစ်သည်။ မျက်မှောက်ခေတ်ကာလတို အခြေခံ ပြောင်းလဲခြင်း (Changer of Short Period) ကို လေ့လာလျှင် ကျူးဘားနိုင်ငံနှင့် အာဖဂန်နစ္စတန်တို့သည် အခြားနိုင်ငံများကဲ့သို့ အပြောင်းအလဲ မလုပ်နိုင်သေးသဖြင့် အပြောင်းအလဲရေစီးတွင် ရှေ့တန်း



ရောက်နိုင်ငံများ၏ နောက်များစွာ နောက်ကျန် ဆင်းရဲနေကြရသေးသည်ကို တွေ့ရမည်ဖြစ်သည်။

## ပတ်ဝန်းကျင်အခြေခံပြောင်းလဲခြင်း

ပတ်ဝန်းကျင်အခြေခံသည် လူတစ်ဦးချင်းမှသည် နိုင်ငံတစ်ခုတိုင် သက်ရောက်နိုင်သည်။ 'မုဆိုးနားနီးမုဆိုး တံငါနားနီးတံငါ' သည် ပတ်ဝန်းကျင် စေ့ဆော် ဆွဲဆောင်သော ပြောင်းလဲခြင်းကို ထင်ဟပ်စေသည်။ သားသမီးများသည် ငယ်ရွယ်နုပျိုစဉ်တွင် ရေကဲ့သို့ ထည့်ရာခွက်ပေါ် ပုံသဏ္ဍာန် လိုက်တတ်ပါသည်။ အပေါင်းအသင်းများ၍ မူးယစ်ဆေးစွဲသွားသူများ ရှိသလို စာတော်သူများနှင့် အပေါင်းအသင်းဖြစ်၍ စာဖတ်ကျင့်ရသွားပြီး အင်ဂျင်နီယာ၊ ဆရာဝန်ဖြစ်သွားသူများသည်ဝန်းကျင်အခြေခံမှု ပြောင်းလဲခြင်းတစ်ခုအတွက် တွန်းအားများဖြစ်သည်။ ကွန်မြူနစ်၏ ခေါင်းကြီးများ ဖြစ်ကြသော ရုရှားနှင့်တရုတ်တို့သည်လည်းကောင်း၊ မဟာမိတ်နိုင်ငံဖြစ်သောဗီယက်နမ်သည်လည်းကောင်း Globalization ၏ ဖြစ်ပေါ်တိုးတက်မှု ပြောင်းလဲမှု ရေအလျဉ်တွင် လိုက်ပါ စီးမျောကြပြီဖြစ်သည်။ အပေါ်ထပ်အဆောက်အအုံ၏ နိုင်ငံရေး ချုပ်ကိုင်ထိန်းချုပ်မှုကိုသာ ချန်လှပ်ပြီး ကျန် အလုံးစုံကို ဝန်းကျင်နှင့် လိုက်လျောညီထွေစေပြီ ဖြစ်သည်။ ပတ်ဝန်းကျင်ကလည်း စေ့ဆော် ဆွဲဆောင်ပြီ ဖြစ်သည်။

ကွန်မြူနစ်စနစ်တစ်ခုပြီးတစ်ခုကျဆုံးနေသော ဝန်းကျင်တွင် အထီးကျန်မဖြစ်စေခြင်းအလို့ငှာ ကိုယ်တိုင် ပြောင်းလဲရပြီ ဖြစ်သည်။ ရှေ့ဆောင်ခဲ့သောနိုင်ငံ ဖြစ်၍ နိုင်ငံရေးရည်မှန်းချက်ကို စာရွက်ပေါ်မှာသာ အက္ခရာတင်၍ လက်တွေ့ လုပ်ငန်းများကို ပျော့ပျောင်းပေးနေရပြီဖြစ်သည်။ တစ်ဦးချင်းတွင် ပတ်ဝန်းကျင်အခြေခံ ပြောင်းလဲမှုသည် မိမိ၏အသက်အပိုင်းအခြားနှင့်

www.burmeseclassic.com



ကိုက်ရိုက်အချိုးကျစွာ ဖြစ်ပေါ်တိုးတက်ပါသည်။ ငယ်စဉ်က ပြောင်းလဲမှုတွင် ပတ်ဝန်းကျင်က စေ့ဆော်ခြင်း၊ ဆွဲဆောင်ခြင်း ကြောင့် ပြောင်းလဲရာ အသက်နှင့်အသိနုစဉ်ဖြစ်၍ ပတ်ဝန်းကျင်၏ သက်ရောက်မှုကို အလုံးစုံနီးပါးခံယူသည် ဖြစ်သည်။

စဉ်းစားချင့်ချိန် ဝေဖန်ပိုင်းခြားမှု မရင့်ကျက်သေးသည် ဖြစ်၍ မိဘများက ပတ်ဝန်းကျင်ကို ကောင်းသောအာဝါသအဖြစ် ဖန်တီးပေးရန်လိုသည်။ (မိဘသည် သားသမီး၏ အဦးအစဆရာ ဖြစ်သလို အနီးစပ်ဆုံးပတ်ဝန်းကျင်၊ အရင်းနှီးဆုံး ပတ်ဝန်းကျင်လည်းဖြစ်သည်။ ပေါ့ပေါ့နေ၍ အတွေးအခေါ် မရင့်ကျက်သော မိဘများ၏ နေ့စဉ် ပြောဆိုနေထိုင်ကျင့်သုံးမှုများသည် ဘဝကုန်သော မိမိထက် ဘဝအစဖြစ်သော သားသမီးများ၏ အနာဂတ်အစိတ်အပိုင်းဖြစ်သည်ကို လေးနက်စွာသိရန် လိုသည်။) ပညာကို တန်ဖိုးမထားတတ်သော၊ ဘဝကို မနက်စာ၊ ညစာမျှဖြင့် တိုင်းတာသော အနာဂတ်မရှိသော မိဘ၏ သားသမီးသည် ပေါ့ပေါ့နေ ပေါ့ပေါ့စား ဖြစ်လာသည်မှာ အနီးစပ်ဆုံး ဝန်းကျင်၏ စေ့ဆော်မှုအရ ဖြစ်ပေါ်သော သဘာဝတစ်ခု ဖြစ်သည်။ ဖယောင်းရည်ဖြစ်စဉ်က ထည့်သောခွက်၏ပုံသဏ္ဌာန်ကို လိုက်နာခြင်းလည်း မည်သည်။ အလေ့အကျင့် များခဲ့၍ ဖယောင်းရည်မခဲခင်မှာ ပြုပြင်လျှင်ပင် အတော်ခက်ခဲမည်မှာသေချာသည်။

အသက်ရ၍ ပတ်ဝန်းကျင်၏ပြောင်းလဲမှုကို ခံယူသည့် အခါ အသိဉာဏ်နှင့် အတွေ့အကြုံက တစ်ပိုင်းပါလာပြီဖြစ်၍ ဝန်းကျင်၏ပြောင်းလဲမှုသည် အလုံးစုံ၊ သို့မဟုတ် တစ်စိတ် တစ်ပိုင်းကိုမျှသာ လက်ခံတော့မည်ဖြစ်သည်။ မုဆိုးနားနေ၍ မုဆိုး ဖြစ်နိုင်သော်လည်း ရက်စက်သောမုဆိုးဖြစ်ချင်မှဖြစ်မည်ဖြစ်သည်။ လူသူဝေးရာ သူတော်စင်များနှင့် နေထိုင်ကျင့်ကြံသော်လည်း စကားအပြည့်ရချင်မှရမည်ဖြစ်သည်။ ပတ်ဝန်းကျင် အခြေခံ



ပြောင်းလဲမှုတွင် အလုံးစုံ၊ သို့မဟုတ် တစ်စိတ်တစ်ပိုင်း ပြောင်းလဲခြင်းသည် သဘာဝ ဖြစ်သည်။ တစ်ဦးချင်းတွင် အသက်နှင့် အသိဉာဏ်သည် ပြောင်းလဲခြင်းကို လက်ခံပေးနိုင်သော အခြေခံ အရည်အချင်းများ ဖြစ်ပြီး နိုင်ငံများတွင် အချိန်အခါနှင့် မည်မျှ ဆောင်ခဲ့ခြင်းများသည် ပြောင်းလဲခြင်းကိုလက်ခံပေးနိုင်သော ကန့်သတ်ချက်များ ဖြစ်သည်။

အသိဉာဏ်အခြေခံပြောင်းလဲခြင်း

အင်အားအကြီးမားဆုံး၊ အလျင်မြန်ဆုံးသော ပြောင်းလဲခြင်းသဘောတရားတစ်ခု ဖြစ်သည်။ အတွေးအခေါ် အယူအဆ တစ်ခုအပေါ်အခြေခံ၍လည်းကောင်း၊ ဖြစ်ပျက်စဉ်တစ်ခုအပေါ် အခြေခံ၍လည်းကောင်း၊ အသိဉာဏ်၏ စေ့ဆော်မှုကြောင့် ပြောင်းလဲခြင်းသည် ထုထည်အရလည်းကောင်း၊ အလျင်အရလည်းကောင်း၊ အင်အားအရလည်းကောင်း ပြောင်းလဲမှု အဟုန်ကြီးမားဆုံးဖြစ်ပါသည်။ (လောကတွင် အသိဉာဏ်သည် နက်နဲဆုံး၊ အသိမ်မွေ့ဆုံး၊ အင်အားအကြီးမားဆုံးများအပြင် သတ္တိဟူသော အရည်အချင်းတစ်ခု (Abstract Qualification) ပါဝင်မှုကြောင့် ဖြစ်သည်။) မိဘသဘောမတူသော အိမ်ထောင်ကို ပြုနိုင်ခြင်းမှာ သတ္တိကြောင့်ဖြစ်သည်။ နေရာအနှံ့ 'ခူးရကား' ဟု ထိုးနှိုက်နေသောဂျပန်များ ရှိနေလျက် တော်လှန်နိုင်ခြင်းမှာ လွတ်လပ်ရေးဟူသောအသိနောက် သတ္တိဟူသောအင်အား ရှိ၍ ဖြစ်သည်။ အနိမ့်ခံဘဝ ခြံစောင့်မှသည် ဂိုဒေါင်ထဲစာကျက်၍ အင်ဂျင်နီယာဖြစ်လာရခြင်းမှာ အသိဉာဏ်အခြေခံသောကြောင့် ဖြစ်သည်။ (အသိဉာဏ်ကို ယနေ့ 'ပညာ' ဟုခေါ်ပြီး တစ်ကမ္ဘာလုံးက Knowledge ဟု သတ်မှတ်ခံယူထားသည်။ အသိဉာဏ်သည် မှတ်ခြင်းပညာမဟုတ်ဘဲ သိခြင်းပညာဖြစ်သည်။ စဉ်းစားဝေဖန်

www.burmeseclassic.com



ပိုင်းခြားနိုင်သည်၊ မှားမှန်ကိုချင့်ချိန်နိုင်သည်၊ ထိုမှ ဆုံးဖြတ်နိုင်သော သတ္တိကိုပေးသည်။ ထမင်းနှစ်နပ်သည် လုံလောက်သောဘဝဟု သောအယူအဆမှ ခွဲထွက်စေသည်။ အနာဂတ်အတွက် ပစ္စုပ္ပန် သည်သာမှန်ကန်ခြင်းဟု သုံးသပ်နိုင်သောအမြင်ကို ရှိစေသည်။ အသိအပေါ်အခြေခံသော အမြင်မှ အနာဂတ်ကို မြင်နိုင်သော ဉာဏ်ကိုပေးသည်ဟု အသိဉာဏ်ကို တင်စားနိုင်သည်။ စင်ကာပူ တွင် ဆေးလိပ်မသောက်ရ နယ်နိမိတ် ပိုမိုကြီးထွားလာ၍ ဆေးလိပ် သောက်ခြင်းကို စွန့်လွှတ်ရခြင်းသည် ပတ်ဝန်းကျင်စေ့ဆော်မှု ကြောင့် ပြောင်းလဲမှုတစ်ရပ်ဖြစ်ပြီး တီဗီတွင် ဆေးလိပ်၏ဆိုးကျိုး များ မြင်ရ၍ အသိဉာဏ်၏ စေ့ဆော်မှုမှ ဆေးလိပ်ဖြတ်ခြင်းသည် တစ်ခဏအတွင်း ပြီးမြောက်၍ အင်အား နှစ်ခုကြောင့် ဖြစ်ပေါ် လာသော ပြောင်းလဲမှုအဟုန်ကို မှန်းဆနိုင်မည် ဖြစ်သည်။ အသိကြောင့်ပြောင်းလဲမှုဖြစ်စဉ်တွင် အသက်အပိုင်းအခြား ကာလဒေသရှိသော်လည်း အဟုန်ရှိ၍ကျော်လွှားနိုင်မည်ဖြစ်သည်။ မည်သို့ အသိရှိ၍ မည်သို့ ပြောင်းလဲမည် ဆိုခြင်းပေါ်သာ မူတည် သည်။

လောကီချမ်းသာမှုအတွက် အပြောင်းအလဲတစ်ခုရနိုင်ရန် ဉာဏ်ဓားပြတိုက်သော ရလဒ်နှင့် အခြေခိုင်ခိုင် မှန်မှန်ကန်ကန် လုပ်သော စီးပွားရေးအသိ၏ ရလဒ်သာ ကွာမည်ဖြစ်သည်။

## ပြောင်းလဲခြင်း

သဘာဝအရပြောင်းလဲခြင်းကို လူတို့နှစ်သက်လက်ခံကြ သည်မှာ မှန်သော်လည်း ပြောင်းလဲခြင်းမှန်ကန်ရန်လိုအပ်ပါသည်။ အပြုသဘောဆောင်သောပြောင်းလဲခြင်း ရှိသလို အပျက်သဘော ရှေးရှုသောပြောင်းလဲခြင်းများလည်း ရှိသည်။ မိဘ ဆိုဆုံးမသည်ကို ကလန်ကဆန်လုပ်ရာမှ အပျက်သဘောရှေးရှုသော ပြောင်းလဲ



ခြင်းများသည် မိမိအတွက်ရော ပတ်ဝန်းကျင်အတွက်ပါ ကောင်း ကျိုး မပြုသော ပြောင်းလဲခြင်း ဖြစ်သည်။

ကံငါးပါးလုံခြုံသူကို ကောင်းသူဟု လောကတွင်လက်ခံ သည်။ အများအကျိုး မပျက်စီးစေခြင်းကို ဘာသာကြီးလေး လုံးမှလက်ခံထားပြီးဖြစ်သည်။ ပြောင်းလဲမှုတစ်ခု မပြီးပြည့်စုံမီ လားရာကိုကြည့်ခြင်းဖြင့် ကောင်းသောပြောင်းလဲခြင်း၊ ဆိုးသော ပြောင်းလဲခြင်းကို အလွယ်တကူခွဲခြားနိုင်မည်ဖြစ်သည်။ လူ့လောက လက်ခံထားသော၊ အများစုကလက်ခံထားသောပြောင်းလဲခြင်းကို ဆက်လက်ပြီး ပြည့်စုံအောင်ဆောင်ရွက်သင့်ပြီး လက်မခံလျှင်မူ ပြုပြင်စဉ်းစားသင့်ပေသည်။ တစ်ကိုယ်ရေပြောင်းလဲမှုနှင့် ပုဂ္ဂလိက ပြောင်းလဲမှုဖြစ်စဉ်တို့တွင် Direction ကို ကြည့်ခြင်းဖြင့် အကောင်း အဆိုးကို တစ်ခဏချင်းခွဲခြားမှတ်ချက်ပေးနိုင်သော်လည်း သိမ်မွေ့ နက်နဲသောနိုင်ငံရေးနှင့်အထက်တန်းစီးပွားရေးတို့တွင်မူ မှောက် မှားနိုင်ကြရန် ရှိသည်။ ဥပမာအားဖြင့် ၁၉၉၇ အာရှစီးပွားရေး သည် ကောင်းသလိုနှင့် ဆိုးခဲ့သည်။ မြန်မာပြည်ဆောက်လုပ်ရေး တွင် ဝယ်လိုအားအမှန်ကို မသုံးသပ်နိုင်ခဲ့သဖြင့် အထိနာခဲ့ကြရ သည်။ တရုတ်နိုင်ငံသည် အသိဉာဏ်နှင့်ယှဉ်သော ပြောင်းလဲမှုကို နှစ် နှစ်ဆယ်ကျော်ကပင် စတင်ပြုလုပ်ခဲ့ကြပြီးဖြစ်၍ လားရာ မှန်သဖြင့်လည်း ယနေ့ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုကို အလုံးအခဲနှင့် ရနေကာ အင်အားကြီးနိုင်ငံ ဖြစ်ဖို့ တာစူနေပြီဖြစ်သည်။

တရုတ်ပြည်ကိုပြောင်းလဲခဲ့ပြီး ကွန်မြူနစ်စနစ်ကိုပင် အုတ်မြစ် ခိုင်မာစွာချခဲ့သည့် ဖခင်ကြီး မော်စီတုံးမှာ တစ်ချိန် အပြောင်းအလဲလုပ်ရန် လိုအပ်သည်ကို မိမိမသေခင်မှာပင် သိရှိ ခဲ့သူဖြစ်သည်။ အရှည်မျှော်တွေးနိုင်သူဖြစ်သဖြင့် မူဝါဒ အချို့ကို ပြောင်းလဲခဲ့ပြီး ချူအင်လိုင်းလက်ထက်တွင် ပညာတော်သင် အရေ အတွက် ထောင်သောင်းမျှကို စေလွှတ်နိုင်ခဲ့ပေသည်။ လားရာမှန်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် နှောင်းပိုင်းခေါင်းဆောင်များ အပြောင်းအလဲ ဆက်လ
ဆောင်ရွက်ကြရာမှ ယနေ့ တရုတ်သည် အမေရိကန်ကပ
သတိထားရမည့်အနေအထားသို့ ရောက်ခဲ့ပြီဖြစ်သည်။

အပြောင်းအလဲတစ်ခု၏ ထင်ရှားသောဥပမာတစ်ခုမှ
World Trade Centre တိုက်ခိုက်မှုကြောင့် တာလီဘန်တို့
ပြန်လည်တိုက်ခိုက်သောစစ်ပွဲ ဖြစ်သည်။ ယခင်က စစ်သဘောအ
ရန်သူကို တိုက်ရိုက်ရသာတာဝန်ရှိပြီး ယခုစစ်ဆင်ရေးတွင် ဗုံးကြဲပြ
ရိုက္ခာချပေးခြင်းဖြင့် ပြောင်းလဲလာသည်ကိုသတိပြုမိသည်။ ထို့ပြ
ရည်မှန်းချက်တစ်ခုကိုချေမှုန်းရာတွင် စစ်ရေးသက်သက်မျှမဟု
တော့ဘဲ ထောင့်စုံမှ ဆင်နွှဲတိုက်ခိုက်ခဲ့ခြင်းသည်လည်း အပြော
အလဲတစ်ခုဖြစ်ပေသည်။

မဟာ အင်အားလွန်နိုင်ငံ တစ်ခုတည်းသာဖြစ်သေ
အမေရိကန်ပြည်ထောင်စု၏ အမိကပစ်မှတ် သုံးခုသို့ တစ်ချိန်တည်
အတိုက်ခံလိုက်ရသော စက်တင်ဘာ ၁၁ ရက်နေ့၏ ဖြစ်ရပ်သည်
ပင် မဟာဗျူဟာမြောက်သော အပြောင်းအလဲတစ်ခုလား
ထင်မှတ်စရာဖြစ်လာရသည်။

လက်မြန်ခြေမြန်ရှိလှသော အမေရိကန်သည် မိမိအတို
ခံရပြီး ၂၇ ရက် ကြာမှ စစ်ဆင်ရေးကို စတင်ခဲ့သည်။ ရန်သူ
ငွေကြေးကို ထိန်းချုပ်ခြင်းဖြင့်လည်းကောင်း၊ အခြားထောက်
ပံ့ပိုးဖွယ်ရာရှိသည့်နိုင်ငံများကို ခြိမ်းခြောက်ခြင်းဖြင့်လည်းကောင်
ရန်သူအသက်ရှည်စေနိုင်မည့် အခြင်းအရာအားလုံးကို ရိုက်ချိုးပြီး
တိုက်ခိုက်ခြင်းသည် ခေတ်သစ်စစ်ပွဲတစ်ပွဲ၏ မဟာဗျူဟာမြော
အပြောင်းအလဲတစ်ခုဖြစ်ပါသည်။

မှန်ကန်ခြင်း၊ မှားယွင်းခြင်းကိုရလဒ်ဖြင့်တိုင်းတာကြသဖြ
အပြောင်းအလဲ မှန်ကန်ခြင်း ဟုတ်မဟုတ်ကို ရလဒ်ဖြင့်တိုင်းတာ
နိုင်မည်ဖြစ်သည်။ ဘယ်အရာမှ အလုံးစုံမမှန်၊ အချိန်ကာလတစ်



ဘွင်း၌သာ ရှင်သန်နိုင်သည် ဟူသောအယူအဆအရ ပြောင်းလဲ
သည် ထိုပြောင်းလဲသွားသောအချိန်အတွင်း၌ အကျိုးသက်ရောက်
ရှိမည်ဖြစ်သည်။

ယ်လိုပြောင်းလဲမှာလဲ

သိဒ္ဓတ္ထမင်းသားသည် သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူ
သော နိမိတ်လေးပါးကို မြင်သည့်ခဏ ဤပတ်ဝန်းကျင်စေ့ဆော်မှု
ပေါ် အသိဉာဏ်ဟူသော သံဝေဂတရားဖြင့် မင်းစည်းစိမ်ကို
လွှတ်ကာ အပြောင်းအလဲကြီးစွာဖြစ်ခဲ့၏။ ဤဖြစ်ရပ်တွင်
ဝန်းကျင်၏စေ့ဆော်မှုသည် တစ်ခဏတာမျှသာဖြစ်ပြီး မိမိ၏
သိဉာဏ် ဆင်ခြင်မှု အပေါ်သာ အဓိကအခြေခံထားသော
ပြောင်းလဲမှုဖြစ်၏။

တစ်ဖန် တောထွက်ရဟန်းပြု၍ ရှေးဦးဆရာများဖြစ်ကြ
တို့၏ တမကျင့်စဉ်ဖြင့် ဒုက္ကရစရိယာ ခြောက်နှစ်ကျင့်ကြံ၏။
အဖြစ်သို့မရောက်ခဲ့။ တစ်ဖန် ဒုတိယအကြိမ် အသိဉာဏ်ပေါ်
ခြေခံကာ မဇ္ဈိမပဋိပဒါဖြင့် အပြောင်းအလဲပြုခဲ့ရာမှ နည်းမှန်
ဗုဒ္ဓအဖြစ်ရောက်ခဲ့သည်။ ဗုဒ္ဓဘာသာသည် ဘာသာကြီး
စ်ရပ်အနေဖြင့် ရပ်တည်နိုင်ခဲ့သောရလဒ်ကို ရပြီဖြစ်သည်။

အပြောင်းအလဲတစ်ခုသည် ပတ်ဝန်းကျင်နှင့်အများစု
အတွက် အကျိုးပြုလျှင် သော်လည်းကောင်း၊ မိမိအတွက် အကျိုး
ကျေးဇူးများလျှင်သော်လည်းကောင်း ဆောင်ရွက်နိုင်သောကိစ္စ
သည်။ အချိန်ကာလသည် ကန့်သတ်ချက် တစ်ခု ဖြစ်သဖြင့်
ပြောင်းလဲခြင်းသည်မဖြစ်သင့်သော်လည်း ကြာရှည်မှု မဖြစ်သင့်
ယ်စဉ်ပညာသင်ရွယ်မှာ ပညာမဆည်းပူးဘဲ အသက်ကြီးမှ
ပြောင်းလဲလို၍ ပညာပြန်သင်ချင်လျှင် အချိန်ကာလ၏ ကွာများမှု
သဖြင့် ထိရောက်မှုအပြည့်ရှိမည်ဟု သုံးသပ်နိုင်မည် မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



တတိယအရွယ် တရားဘာဝနာ မပွားများခဲ့ဘဲ သေခါနီး… ဝိပဿနာကျင့်ချင်ပြန်လျှင်လည်း နောင်ဘဝအတွက် လား… ကောင်းမည်ကို အာမမခံနိုင်။

လူသည် အခြေခံအရ ရှင်သန်ရေးသည် အဓိကဖြစ်သည်… ထို့နောက် ပစ္စုပ္ပန်သည်အရေးကြီးပြန်သည်။ ထို့နောက် အနာဂတ်… တစ်ဖန် ရှည်လျားသောအနာဂတ်။ ဤအတွက် ပြောင်းလဲခြင်းမျာ… ကို ပြုလုပ်ကြရသည်။ အနာဂတ်ကောင်းနှင့် ရှည်လျားသော အနာ… ဂတ်များအတွက် ပစ္စုပ္ပန်တိုင်းတွင် အချိန်အခါနှင့်အညီ အပြောင်… အလဲလုပ်ကြရသည်။

〈ထမင်းနှစ်နပ်လူအတွက် ဘာမှဆိုဖွယ်ရာမရှိသော်လည်း… အနာဂတ်လူများအတွက် ပစ္စုပ္ပန်သည် အရေးကြီး၏။ အတိတ်မှာ… သည် တစ်ချိန်က အနာဂတ်ဖြစ်ခဲ့သည်ကိုလည်း မမေ့သင့်… အနာဂတ်သည် ပြောင်းလဲမှုတစ်ခုအတွက် ကြိုတင်ပြင်ဆင်ခွ… ရှိသောကာလတစ်ပါး ဖြစ်သော်လည်း အတိတ်သည် ပြန်လည်… ပြင်ဆင်ခြင်းငှာ မရနိုင်သောအချိန်တစ်ပါးဖြစ်သည်ကို သတိ… လျှင် ပြောင်းလဲခြင်းသဘောနှင့် မည်သို့ပြောင်းလဲကြသင့်သည်… အနီးမှာတွေ့ရမည်ဖြစ်သည်။〉

■

## ကိုယ့်ကိုယ်ကိုယ်ကိုး

အတ္တာဟိအတ္တနောနာထောသည် ကိုယ့်ကိုယ်ကိုယ်ကိုးရန် …ဒ္ဓက မိန့်ကြားခဲ့ခြင်း ဖြစ်သည်။ အရှင်မွေး၍ နေ့ချင်းကြီးနိုင်သော် …ည်း နောက်ဆုံး ဘဝတစ်ခုလုံးအတွက်ကိုးကွယ်ရာသည် …ကိုယ်သာ ဖြစ်သင့်သည်။ အဆုံးထိ အရှင်လည်း ရှိနိုင်မည် …တ်သလို အမှီတစ်ခု ထာဝရမိမိအတွက်ရှိနေမည်ဟု ဘယ်နတ် …ကြားမှ အာမခံမည် မဟုတ်ပါ။ ဒုက္ခကင်းဝေးရာနိဗ္ဗာန်လမ်းစဉ် …ရှာဖွေရင်း ဗုဒ္ဓကိုယ်တော်တိုင် ဆရာကြီးအဆူဆူကို ဆည်းကပ်ခဲ့ …သော်လည်း နောက်ဆုံး မဇ္ဈိမပဋိပဒါကို တွေ့ရှိကျင့်ကြံခဲ့ခြင်းဖြင့် 'အဆုံး၏ပန်းတိုင်' ကိုမူ ကိုယ့်ကိုယ်ကိုယ်ကိုးမှရမည် ဆိုသော …ခကကောင်းကို နှောင်းလူသားတို့အတွက် ထားခဲ့လေသည်။

အနောက်နိုင်ငံ၌ Teenage ဟုခေါ်သော ဆယ်ကျော် …က်ကာလ၌ မိဘ၏စောင့်ရှောက်မှုကို ခံခဲ့ကြသော်လည်း …င်းကျင်၏ ကောင်းသောစေ့ဆော်မှုများကြောင့် အချို့ ဆယ်ကျော် …က်မှာပင် ကိုယ့်အားကိုယ်ကိုးခဲ့ကြသည်။ မှီခိုသောစိတ်ကို အရွယ် …ရောက်မီမှာပင် စတင်စွန့်ခွာနိုင်ကြရသည်။ မြန်မာ လူမျိုးများ၌ …သို့မဟုတ်၊ မိဘများက အလွန်အမင်း ဂရုစိုက်ကြသည်။ …သာရေးနှင့်လူမှုရေး ရှုထောင့်ကကြည့်လျှင် အပေါ်ယံအားဖြင့် …ကောင်းသလိုရှိသော်လည်း မိဘများကိုယ်တိုင်က သားသမီးများကို

www.burmeseclassic.com

www.burmeseclassic.com



နှိုင်စိတ်လွန်ကဲအောင် အသိမဲ့စွာ သွတ်သွင်းပေးသလို ဖြစ်နေပေ သည်။ အရွယ်ရောက် အိမ်ထောင်ပြုသည့်အသက်ကို ပျမ်းမျှ နှစ်ဆယ့်ငါးဟုတွက်သော် ယနေ့မြန်မာလူမျိုးများ၏ အသိမဲ့ မှိုနှိုစိတ်အမြစ်တွယ်မှုသည် မျိုးဆက် နှစ်ဆက်သို့တိုင် အမြစ်တွယ် ခဲ့ပြီးဖြစ်သည်။ မှိုနှိုလိုသောဖခင်မှ မွေးသောသားသည် မှိုနှိုလို စိတ်များနေမည်မှာ ထူးဆန်းတော့မည်မဟုတ်ပါ။ ရှေးကလူများ သည် မျိုးဆက်သစ်တို့၏ဆရာဖြစ်၏။ (မိဘသည်သားသမီးများ၏ အမိအဘသာမဟုတ်ဘဲ လက်ဦးဆရာလည်းဖြစ်သည်။ မိဘများ၏ အငွေ့အသက်သည် သားသမီးများ၏ စိတ်ဓာတ်အပေါ် အနည်းနှင့် အများ သက်ရောက်မှုရှိကြ၏။ ဆရာဝန်ကြီးများ၏ သားသမီး အများစုသည် ဆရာဝန်များဖြစ်လာကြပြီး စစ်သည်များ၏ သားသမီးများစစ်သားဖြစ်လာကြသည်မှာ ငယ်စဉ်က ၎င်းတို့ အပေါ် သက်ရောက်ခဲ့သော ဩဇာ၏လွှမ်းမိုးမှုမှ 'ဖြစ်ချင်စိတ်' သန္ဓေတည်ခဲ့မှုကြောင့်ဖြစ်သည်။)

(ကိုယ့်အားကိုယ်ကိုးခြင်း၏ရလဒ်ကောင်းများကို လေ့လာ မိခဲ့ကြသော အနောက်နိုင်ငံမှ မိဘများက လူငယ်များ ကိုယ့်အား ကိုယ်ကိုးစေမည့်စိတ်ဓာတ်ကို ထည့်သွင်းပေးကြ၏။ အရည်အချင်း ကောင်းနှင့် ဦးဆောင်စိတ်ဓာတ်ရရန် ဝန်းကျင်သစ်ကို ဖန်တီး ပေးကြ၏။ နိုင်ငံခေါင်းဆောင်နှင့် ဆရာများကလည်း သင့်တော် မည့် နည်းလမ်းများကို စီမံကိန်းချပေးကြသည်။ အလုံးစုံသော လူများ ပညာရေးမှ စတင်ကြသည်ဖြစ်၍ ပညာရေးကဏ္ဍ၌ပင် အထက်တန်းကျောင်းပညာသင်ရာ၌ 'အတတ်ပညာ' နှင့်အတူ 'အသိပညာ' တို့ကို ထည့်သွင်းလမ်းကြောင်းပေးခဲ့ကြသည်။ ပုံသေ ကျက်မှတ်ခြင်းအလေ့အထမှ စာကြည့်တိုက်များသို့ သွားစေကာ 'လေ့လာ၊ ရှာဖွေ' တတ်သော အကျင့်ကောင်းများကို ဦးနှောက်ထဲ ရော၊ နှလုံးထဲပါ ထည့်သွင်းပေးကြသည်။ အချင်းချင်းဆွေးနွေး



အဖြေရှာစေခြင်းဖြင့် ငယ်စဉ်ကပင် Brain Storming ဟူသော ဦးနှောက်အလုပ်ပေးခြင်းကို အကျင့်ရစေသည်။ အချက်အလက်ကို မြေမြမ်းစာအုပ်စာပေဖြင့်ရနိုင်သော်လည်း အကြောင်းအရာတို့၏ 'သင့်၏၊ မသင့်၏' ဆိုသော တွေးခေါ်မြော်မြင်မှုတို့အတွက်မူ မိမိတို့၏ 'အသိ' မှသာရနိုင်ကြောင်း တစ်စတစ်စ လေ့ကျင့်ပျိုး ထောင်ရင်း အသိစွဲစေသည်။ ဆရာသင်ပြီး တပည့်တို့ မေးခွန်းထုတ် နိုင့်ပေးသည်။ တော်သည့်တပည့်တို့၏မေးခွန်းကို ဆရာများ အလူးအလဲ ခုခံဖြေကြားရသည်အထိ လေ့ကျင့်ပေးကြသည်။)

(Seminor, Workshop စသော ဟောပြောပွဲတို့၌ Speaker က ဟောပြောပြီး မေးသူမရှိခြင်းသည် ကောင်းသောလက္ခဏာ မဟုတ်ချေ။) 'မှားသွားမလား' ဟူသော စိုးရိမ်လွန်ကဲသောစိတ်သည် ကိုယ်ထူးကိုယ်ချွန်တို့၏အရည်အချင်းမဟုတ်၊ 'ပါမောက္ခ တစ် ယောက် ပြောတာပဲလေ၊ မှန်မှာပေါ့' ဟူသော တုံးတုံးချအတွေးက မိမိအရည်အသွေးအပေါ် ရွံ့အုပ်မြေလူးပေးခြင်းသာဖြစ်သည်။ မှန်ခြင်း၊ မှားခြင်းကို ငြင်းခုံနေခြင်းမဟုတ်ဆိုသည့် အတွေးတစ်စ ဝင်လျှင် တန်ဖိုးကြီးသောအရာတစ်ခုကို စတင် ထိတွေ့ကိုင်တွယ် ပြီဟု ယူဆနိုင်ပြီဖြစ်သည်။ ဘယ်မရာမှမမှန်ပါ။ ဘယ်အရာမှ မမှားပါ။ ကာလ၊ ဒေသ၊ အခြေအနေတို့ပေါ်တွင် မူတည်၍ ထိုအချိန်အခါရှိ လူအများစု လက်ခံရာကို အမှန်ဟုခံယူကြခြင်းသာ ဖြစ်သည်။

ယနေ့လူငယ်အများစု ပညာသင်ကာလဖြတ်ကျော်ပုံမှာ 'ကျက်မှတ်ခြင်း' အဓိက ဖြစ်နေပြီး ယုတ္တိသဘာဝနှင့် ချင့်ချိန် ရှာဖွေခြင်းကို လျစ်လျူရှုကြသည်။ သဘာဝကပေးထားသော ဦးနှောက်မှာ အမှန်နှင့်အမှားကို ဝေဖန်ပိုင်းခြားတတ်ရန်၊ စူးစမ်း ရှာဖွေရန်စသောအဖိုးတန်အသိကို ထုတ်လုပ်ရာဖြစ်ပါသည်။ အဖြည်းဖြည်း ပုံစံတကျ Robotic Brain ဖြစ်မှန်းမသိ ဖြစ်နေသည်

www.burmeseclassic.com

www.burmeseclassic.com



မှာ ဝမ်းနည်းစရာ လွန်စွာ ကောင်းလှပေသည်။ ယနေ့စက်ရုပ်များမှာပင် Humatic Brain ဟူသော စူးစမ်းရှာဖွေမှု၊ အမှားအမှန် ခွဲခြားနိုင်မှုတို့ကို အောင်မြင်စွာ ထည့်သွင်းလုပ်ဆောင်နေကြသော ခေတ်တွင် လူသားစင်စစ်က စက်ရုပ် ဦးနှောက်သို့ အဖြစ်မခံသင့်။ (အရာရာသည် မှီခိုစိတ်လွန်ကဲမှု၊ ကိုယ့်ကိုယ်ကိုယ်ကိုးစိတ် နည်းပါးမှုတို့မှ အခြေခံကြခြင်းဖြစ်သည်။ ထိုသို့ ကောင်းသောစိတ်များ ခေါင်းပါးသည်နှင့်အမျှ 'ကြောက်စိတ်' 'ရွံ့စိတ်' ယုံကြည်မှု နည်းပါးသောစိတ်များဖြင့် အပေါင်းအသင်းဖြစ်တတ်သည်။ အဖွဲ့အစည်းငယ်ကလေးများကိုပင် ဦးဆောင်ရန် စိတ်ဓာတ်မကြံ့ခိုင်တော့ပေ။ ဘာလုပ်လုပ် ငါ့ရှေ့မှာ ဘယ်သူရှိလဲ၊ ဘယ်သူ့နောက်က လိုက်ရမှာလဲဟူသော သိမ်ငယ်စိတ်က တဖြည်းဖြည်း နေရာယူလာမည်ဖြစ်သည်။) ထို စိတ်ဓာတ်အရင်းခံ အသိုင်းအဝိုင်းမှ ပေါက်ဖွားလာသောခေါင်းဆောင်၏ စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုမှာလည်း ရဲ့နှုန်းပြည့် ဖြစ်သည်ဟု အာမခံနိုင်မည်မဟုတ်ပါ။(မှတ်သားဖွယ်ရာ တစ်ခုမှာ ခေါင်းဆောင်တစ်ဦး တကယ်ပင် မည်မျှတော်နေစေကာမူလည်း နောက်လိုက်များ အရည်အချင်းမပြည့်ဝလျှင် လုပ်ငန်းအောင်မြင်မည်မဟုတ်ပါ။)

ကုန်သည်ကြီးများဟိုတယ် ဆွေးနွေးပွဲတစ်ခုတွင် ဦးဆောင်ဆွေးနွေးသူမှာ အထင်ကရပါမောက္ခတစ်ဦး ဖြစ်ပြီး အဖွဲ့အစည်းအတွင်း ဝန်ထမ်းများတိုးတက်ရေးမှာ ခေါင်းဆောင်တွင်သာ တာဝန်ရှိကြောင်း၊ ဦးဆောင်သူ အရည်အချင်း နည်းပါးသည်နှင့်အမျှ ဝန်ထမ်းမတိုးတက်နိုင်ကြောင်း ဆွေးနွေးသွားပါသည်။ ယေဘုယျသဘော ငြင်းဆိုရန်အကြောင်းလုံးဝမရှိပါ။ သီအိုရီအရလုံးဝမှန်ကန်သည်ဟု ခေါင်းညိတ်ရပါမည်။ စစ်သဘောအရ ခံစစ်နှင့်ထိုးစစ်ကို 'တစ်ဆ : သုံးဆ'ဟု ယေဘုယျ ဆိုထားသော်လည်း သုံးဆမက အင်အားသုံးစွဲခဲ့သည့်တိုင် မအောင်မြင်



သော ထိုးစစ်များ အများအပြားရှိခဲ့ဖူးပါသည်။ EQ ဟူသော Emotional Quotient စိတ်ဓာတ်အင်အားနည်းပါးနေသမျှ သင်ပေးတိုင်း တတ်နိုင်ကြပါ။ ဝန်းကျင်၏အခင်းအကျင်းက တစ်ကဏ္ဍရှိနေပါသေးသည်။ တစ်ဦးကောင်းလုပ်မရသော ဓာန့်သတ်ချက်များလည်း ရှိနေပါသေးသည်။ လုံးဝမရဟုဆိုလိုခြင်းမဟုတ်ပါ။ သင့်သည်အထိမရခြင်းကိုသာ မီးမောင်းထိုးပြလိုရင်း ဖြစ်ပါသည်။

ဆယ်စုနှစ်တစ်ခုကျော်ခန့်က ရုံးရှိဝန်ထမ်းများကို MCC ဆရာများဖြင့် သင်တန်းပေးခဲ့ဖူးပါသည်။ မိမိရုံးမှာ သင်တန်းခေါ်ပေးသဖြင့် ပိုမိုကုန်ကျခဲ့ပါသည်။ ထိုက်သင့်သလောက် အကျိုးရှိခဲ့ပါသည်။ သင်ကြားပေးသောဆရာများမှာ ယနေ့ ဘမည်ကြီးဆရာများဖြစ်၍ သင်ကြားမှုဘက်အပိုင်းတွင် 'ကျေနပ်ဆင့်' အထိ ရှိခဲ့ပါသည်။ ဝန်ထမ်းများ 'နာယူမှု' အပိုင်းမှာ 'အားမရအဆင့်ဖြစ်ခဲ့ရပါသည်။ မှီခိုစိတ်များလွန်းခြင်းနှင့် ကိုယ့်ကိုယ်ကိုယ်ကိုးစိတ် နည်းပါးခြင်းကြောင့်ဟု သုံးသပ်မိပါသည်။ 'အချိန်တန်လျှင်သာရတာပဲ' ဟူသောအခြေခံစိတ်က အားလုံးသောအရာကို ပိတ်ဆီးနိုင်စွမ်းရှိကြောင်း သတိပြုမိရပါသည်။ Incentive စနစ်ကို အလေးပေး၍ မူဝါဒကို ပြောင်းကြည့်ခဲ့ပါသည်။ ဝန်ထမ်းရာပေါင်းများစွာမှ လက်လေးချောင်းမျှသော ဝန်ထမ်းကိုသာ ကျေနပ်ဆင့်ဖြင့် ရခဲ့ဖူးပါသည်။ ရည်မှန်းချက်နှင့် စွမ်းရည်မြှင့်တင်မှု၌ အများစုမှာ Sustainable မဖြစ်ဟု သုံးသပ်နိုင်ပါသည်။ ထိုစဉ်က ဝန်ထမ်းတစ်ဦးတည်းရသော Bonus မှာ ကားဆယ်စီးမက တန်ဖိုးရှိသော်လည်း အခြား ဝန်ထမ်းများ (လေးလေးနက်နက်) အားမကျကြိုးစားခဲ့ကြသည်မှာ လွန်စွာ ဝမ်းနည်းဖွယ်ရာ ကောင်းလှပါသည်။

(မြန်မာလူမျိုးများ ဦးနှောက်အလုပ်ပေးခြင်းကို ကြောက်ရွံ့ကြပါသည်။ ငွေစာရင်းမဖတ်ဝံ့ကြပါ။ ဥပဒေအသုံးအနှုန်းကြား

www.burmeseclassic.com

www.burmeseclassic.com



ကျွံ့ ဝေးဝေးမှရှောင်ကြပါသည်။ Vision ဟူသောအမြင်ကို မိမိတို့ ဘဲပြောညှိသောစိတ်ဓာတ်များဖြင့် မိမိတို့ ဘာသာ ကန့်လန့်ကာ ချထားကြပါသည်။) 'ထမင်းဝေတ်၍သေသောမသာမရှိ' ဟူသော ဖျင်းသော အတွေးအခေါ်မျိုးဖြင့် အရာရာကို ရှုမြင်တတ်ပါသည်။ အသိနည်း၍ အခြေခံဝန်ထမ်းဖြစ်သော လူမျိုးများကို အပြစ်မဆို သာသော်လည်း အုပ်ချုပ်မှုပိုင်း၌ တစ်ပိုင်းတစ်စ ဝင်ရောက်ကြရ သော မန်နေဂျာများ ထိုစိတ်ဓာတ်မျိုး ကိန်းအောင်းတတ်သည်မှာ အနာဂတ်အတွက် ရင်လေးစရာတစ်ခု ဖြစ်ပါသည်။ 'ခိုင်း' မှ 'လုပ်' တတ်ခြင်းသည် ကောင်းသောအလေ့အထမဟုတ်ဘဲ ထိုမှတစ်ဆင့် 'ခိုင်း' လျှင် တောင်မှ 'မလုပ်တတ်' တော့သည့်အဆင့်သို့ မျိုးဆက်များ အရည်အသွေးညံ့သွားနိုင်ပါသည်။

မေတ္တာအခြေခံ ဗုဒ္ဓဘာသာလူမျိုးများ မစ္ဆရိယစိတ်ပိုမို ကိန်းအောင်းနေခြင်းသည် အလွန်ဝမ်းနည်းဖွယ်ရာ ဖြစ်ပေသည်။ ဘယ်လိုကြိုးစား၍ မည်သို့အောင်မြင်သည်ကို အားမကျဘဲ 'ဖြစ်မှာပေါ့ . . . ' ဟူသော မကောင်းမြင်ဝါဒ ခိုင်ခိုင်မာမာ အမြစ်တွယ်နေသည်ကို သတိပြုမိပါသည်။ အလုပ်အကြောင်း တိုးတက်ရာ တိုးတက်ကြောင်း တွေးခေါ် ကြံဆ ကြိုးစားနေကြရ မည်ထက် သူများအကြောင်း မကောင်းသောရှုထောင့်မှ ဆန့်ကျင်ဘက် လေ့လာနေကြခြင်းသည် မိုက်မဲမှုအဆုံးစွန်သော လူများသာ ဖြစ်ပါ၏။ 'ခွန်အားအရင်းပြု' လူမှုစနစ် ကျန်ခဲ့သည်မှာ နှစ်ဆယ်ပေါင်း များစွာ ဖြစ်ပေသည်။ 'ဉာဏအရင်းခံ' လူမှုဝန်းကျင်က ကမ္ဘာသစ်မှာ 'အသိနှင့်အတတ်' ကိုယ်ခံအားကောင်းရန် လိုအပ်ပါသည်။

ယနေ့ ကျယ်လောင်စွာအသုံးပြုနေသော Glabalization သည် ပညာအခြေခံ လူမှုအဆောက်အအုံသစ် ဖြစ်ပါသည်။



ယ်ခံအားမကောင်းသူများ ထိုလှိုင်းဂယက်တွင် လွယ်ကူစွာ ဝင်းနိုင်ပါသည်။ 'စစ်မှန်သောအရည်အချင်း' ကို Glabalization ကိုယ်စားပြုသည်ကို သတိကြီးစွာမူမိရန် ဖြစ်သည်၊ အဖေမရှိရင် မတော့ရှိမှာပဲ ဟူသော မလျော်အတွေးမျိုးကို [illegible] သောအချိန်ဖြစ်သည်။ အရာရာ အပြောင်းအလဲ လွန်စွာမြန်ဆန် သောခေတ်ဖြစ်၍ 'အဆင်သင့်' အနေအထားမရှိလျှင် 'အပြောင်းအလဲ' တိုင်း၌ ခါးသီးသောအတွေ့အကြုံများ၏ထိပ်ပုတ်ခြင်းကို ခံရမည် ဖြစ်သည်။ တစ်ချိန်က Singapore သည် တံငါရွာ သာသာမျှသာဖြစ်သော်လည်း အခက်အခဲ၊ စိန်ခေါ်မှုများစွာ ားက ဦးဆောင်သူနှင့် နောက်လိုက်များ ကိုယ့်အားကိုယ်ကိုး ဓာတ်ဖြင့် မဆုတ်မနစ်ကြိုးစားမှုဖြင့် ယနေ့ အထင်ကရ င်နေခြင်းသည် ယူသင့်သောသင်ခန်းစာ ဖြစ်ပါသည်။

လောကကြီးတစ်ခုလုံးသည် 'အပေးအယူ' သဘောတရား ဖြင့် တည်ဆောက် ထားပါသည်။ 〈တိုးတက်မှုတစ်ခုအတွက် ကြိုးစားခြင်း' ဟူသော ပေးဆပ်ခြင်းကို အခြေခံရပါသည်။〉 အလကားရသောအရာသည် 'စိတ်ကူး' ထဲမှာသာ ရှိပေသည်။ ကိုယ့်အားကိုယ်ကိုးသူများ ကိုယ့်ထူးကိုယ်ချွန်တတ်ကြပါသည်။ ရှာဖွေပါသည်။ လေ့လာပါသည်။ ကြိုးစား ဆည်းပူးပါသည်။ 'ငွေ' ထက် ပိုမိုအဖိုးအနဂ္ဃထိုက်တန်သော အရင်းအနှီးလည်းဖြစ်ပါသည်။

စံနှုန်းတစ်ခုဖြင့် မိမိကိုယ်ကို တိုင်းတာသင့်ပေသည်။ အရာရာလက်လှမ်းမမီသောဒေသတစ်ခုမှ လူတစ်ဦး ဖြစ်ထွန်းမှု ရှိခြင်းက ညံ့သလား၊ သို့မဟုတ် အရာရာလက်လှမ်းမီသော ဝန်းကျင်တစ်ခုမှ လူတစ်ဦး ဖြစ်ထွန်းမှုမရှိခြင်းက ပိုညံ့သလား ချိန်သောပေတံ ဖြစ်ပါသည်။

ကိုယ့်အားကိုယ်ကိုးခြင်းသည် မိမိဘဝကို မိမိတည်ဆောက် သော ဗိသုကာတစ်ဦးဖြစ်ပြီး မှီခိုသူများမှာ သူများထုဆစ်မှ ရုပ်လုံး

www.burmeseclassic.com



ပေါ်ရသော ပန်းပုရုပ်များသာ ဖြစ်ပါသည်။ ထုလုပ်သူပစ်ထားလျှင် ရုပ်လုံးမပေါ်ဘဲ 'ကံ' ဟူသော ယိုးမယ်ဖွဲ့ ယုံကြည်မှုတစ်ခု စေစားသမျှ ပြုသမျှ နုရသူသာဖြစ်သည်။ ထိုသို့ 'ပုံချ' လေ့ရှိသော 'ကံ' တရားသည်ပင် မိမိ၏ကြိုးစားမှုရလဒ် အသီးအပွင့်မျ ရင့်မှည့်ချိန်မှ ခံစားရလေ့ ရှိသည်ကို သိထားသင့်သည်။ မိမိ၏မှ စိတ်ဖြင့်ညှဲ့ဖျင်းမှုသည် မိမိဘဝ တစ်ခုမှာ ရုပ်တန့်ကွယ်ပျောက်သွ သည်မဟုတ်ဘဲ နောက်မျိုးဆက် သားသမီးတို့ကိုပါ ဆိုးဖေ ပေးခဲ့ခြင်းဖြစ်သည်ဟု နားလည်ထားသော် ကိုယ့်အားကိုယ်ကိ လိုသော စိတ်ဓာတ်ကို စတင်ပိုင်ဆိုင်လာနိုင်မည် ဖြစ်ပေသည် ‹တရုတ်သူဌေးများ သားသမီးတို့ကို အခြား ပွဲရုံများ၌ နှစ်အတန်ကြ အလုပ်လုပ်ခိုင်းသည်မှာ လုပ်ငန်းသဘောသိပြီး ကိုယ့်အား ကိုယ်ကိ တတ်သောစိတ်ဓာတ်ကို ပိုင်ဆိုင်ရန် ဖြစ်သည်။ သို့ဆိုလျှင် 'သူဌေ တော့ မဖြစ်ချင်ဘူး။ သူဌေးသားပဲဖြစ်ချင်တယ်' ဟူသော မှိုခိုစိ လွှန်ကဲသည့် လူချမ်းသာ သားသမီးများ စိတ်ဓာတ်အခြေ ပြောင်းလဲသင့်ပြီ ဖြစ်သည်။› ငွေတန်ဖိုးရှိသော ရှေးခေတ် ကုဋေရှစ်ဆယ် သူဌေးသား ခွက်ဆွဲ၍တောင်းစားရခြင်းသည် ကိုယ့်ကိုယ်ကိုယ်မကိုးနိုင်ခဲ့၍ဖြစ်ကြောင်း ထင်ရှားပါသည်။

နှောင်းလူက ရှေးလူ၏ဆိုးမွေကောင်းမွေကို ရယူရ ဖြစ်ပါသည်။ 'ပျက်အစဉ်ပြင်ခဏ' ဟူသော ဆိုရိုးစကားသည်လည် အစီပွာယ်မဲ့ပေါ်လာသည် မဟုတ်ပါ။ တစ်ချိန်က သားသ ဖြစ်ခဲ့သော ယနေ့မိဘများသည် ဖြတ်သန်းခဲ့သော အတွေ့အ ရယူခဲ့သော ဘဝအသိများဖြင့် နှောင်းလူသားများကို 'ကိုယ့်အ ကိုယ်ကိုးစိတ်' ထည့်သွင်းပေးနိုင်မည်ဆိုပါလျှင် Globalization သ လှပသော အိပ်မက်တစ်ခု ဖြစ်လာပါလိမ့်မည်။

■

## အနာဂတ်ဖြင့် ချမ်းသာခြင်း

ချမ်းသာခြင်းသည်သုခတစ်ပါးဖြစ်၍ မတပ်မက်သူရှိမည် ဟုတ်ပါ။ ဆင်းရဲခြင်းသည်သာ ဒုက္ခဖြစ်၍ မရယူလို သူ ှုဆွေးလိုသူသာရှိပါလိမ့်မည်။ မည်သို့ချမ်းသာမည်၊ မည်မျှ ချမ်းသာမည်ဟူသည်သာ မေးစရာမေးခွန်း ဖြစ်ပါသည်။ လူအပါ ဝင်လောကသည် ရုပ်နာမ်နှစ်ပါးဖြင့်ဖွဲ့စည်းထားသဖြင့် မိမိတို့၏ အသိအဆင့်အရ ရုပ်ဝတ္ထု ချမ်းသာမှုကို ဦးစားပေးကြသူများနှင့် စိတ်ပိုင်းဆိုင်ရာ ချမ်းသာမှုကို ဦးစားပေးကြသူများ အဖြစ်သာ ကွဲခြားကြသည်။ သဘာဝတရား တစ်ခုကို မမေ့သင့်ပါ။ မရရှိမီ ကောင့်တကြသော်လည်း ရရှိပြီးပါက တပ်မက်မှု ပြေပျောက်ကြ သည်။ ရှေးအခါက စိတ်ပိုင်းဆိုင်ရာ ချမ်းသာမှုကို ဦးစားပေးခဲ့ကြ သော်လည်း ယနေ့ခေတ်တွင် လူတိုင်းနီးပါးမျှရုပ်ပိုင်းဆိုင်ရာ ချမ်းသာမှုကို ဘဝ၏ ဦးစားပေးရာအဖြစ် ခံယူထားကြသည်။ ခေတ်၏ကျပ်တည်းမှု၊ အပြိုင်အဆိုင် ကြီးထွားမှု၊ ရုပ်ပိုင်းဆိုင်ရာ အသိတိုးတက်မှုတို့နှင့် အတ္တရှေ့တန်းရောက်လာမှုတို့ကြောင့် ယနေ့ခေတ်ကလို ရိုင်းပင်းကူညီမှုနည်းပါးလာသဖြင့် ရုပ်ပိုင်းဆိုင်ရာ ချမ်းသာမှုကို အဓိက ဖြေရှင်းပေးမည့် ငွေကြေး ကြွယ်ဝမှုကိုရရှိရန် ကြိုးစားဆုတ်မှုတို့သည် လူတိုင်း၏အိပ်မက်ထဲမှ ဆွဲမထုတ်နိုင်အောင် ကြနေသည်။ ချမ်းသာလိုခြင်းအတွက် မည်သူမျှအပြစ်ဆိုမည်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါ။ ထို ချမ်းသာလိုခြင်းသည် စိတ်ဆန္ဒသာဖြစ်၍ လက်တွေ့ကျကျချမ်းသာရန် မည်သို့ ဝီရိယထား ကြိုးစားရမည်ကိုသာ ရှာကြံကြရန်ဖြစ်သည်။ မှန်ကန်သော ကျင့်ကြံမှုဖြင့် ချမ်းသာလာကြသူများ ရှိသလို ဖြတ်လမ်းဖြင့် ချမ်းသာလာကြသူများလည်း ဒုနှင့်ဒေး ဖြစ်သည်။ အသိရင့်ကျက်သူတစ်ဦးအနေဖြင့် မည်သည့်လမ်းဖြင့် သင့်လျော်စွာဆောင်ရွက်ရမည်ကို အလွယ်တကူ သိရှိနိုင်သော်လည်း အသိနည်းသူ၊ ဆန္ဒဦးစားပေး လွန်ကဲသူများအနေဖြင့် လွယ်ကူစွာ ခွဲခြမ်းစိတ်ဖြာ၍ မရနိုင်ပါ။

'ချမ်းသာလျှင်ပြီးရော . . .' ဟူသော အတွေးရှိသူတို့ ကံကောင်း၍ ချမ်းသာနိုင်ခွင့်ရှိသော်လည်း ထိုချမ်းသာမှု မည်မျှ မြဲမြံသည်ကို လေ့လာသိရှိနိုင်ပေသည်။ မလျော်စွာသော နည်းလမ်းဖြင့် ချမ်းသာလာသူတစ်ဦးအတွက် ရုပ်ဝတ္ထုဆိုင်ရာ စည်းစိမ်ကို ရရှိနိုင်မည်ဖြစ်သော်လည်း စိတ်ပိုင်းဆိုင်ရာချမ်းသာမှုကို ရရှိနိုင်မည်မဟုတ်ပါ။ အရာရာသည် 'မျှတစွာ ဖြစ်သင့်သည်' ဟူသော ဘုရားဟောမဇ္ဈိမပဋိပဒါ ကို ယနေ့ဂုရုကြီးများဖြစ်ကြသော Adam Smith, Alvin Toffler တို့က တစ်နေ့ ဦးသုံးကြိမ် ချနေရခြင်းသည်ပင်လျှင် မည်သည့်လမ်းကြောင်းရွေးသင့်သည်ကို မဟာဗျူဟာအနေဖြင့် လူတိုင်း အတွေးထဲထည့်သင့်သောအချက်ဖြစ်သည်။ လူလည်းချမ်းသာ၊ စိတ်လည်းချမ်းသာ ခြင်းသည်သာ ရုပ်နာမ်နှစ်ပါး ချမ်းသာခြင်းနှင့် ပြည့်စုံခြင်းဖြစ်သည်။ ချမ်းသာခြင်းကို ပြည့်စုံကုံလုံခြင်းဟု ယေဘုယျ နားလည်သော် ပိုမို ပြည့်စုံသောအဖြစ်သည့်'အေးချမ်းခြင်း' သို့မဟုတ် 'ငြိမ်းအေးသောချမ်းသာခြင်း' သို့ တစ်ဆင့်တက်ရှေးရှုနိုင်မည် ဖြစ်သည်။ 'ရုပ်'ကိုဦးဆောင်သူသည် 'စိတ်' ဖြစ်သည်ဖြစ်၍ ထို 'စိတ်'ကိုတွန်းအားပေးသည်မှာ 'စေတသိက်' ဟူသော စိတ်အမျိုးအစားတစ်ခု ဖြစ်ပါသည်။ လူတိုင်းတွင် မွေးကတည်းက ဆိုင်ရာအသိဉာဏ်တို့ကို ပိုင်ဆိုင်



သာကြသော်လည်း ထိုအသိဉာဏ်ကို မည်မျှ၊ မည်သို့အသုံးချနိုင်သော စွမ်းရည်ပေါ်မူတည်၍ တစ်ဦးနှင့်တစ်ဦး ဘဝအဆင့်အတန်း ကွာခြားကြရသည်။ ဗုဒ္ဓက အောင်မြင်ခြင်းအတွက် 'ဆန္ဒ' သည် အရင်းခံအကြောင်းတစ်ပါးဖြစ်သည်ဟု ဟောခဲ့ပြီးဖြစ်သည်။ ဆန္ဒပြင်းထန်လျှင် အောင်မြင်မှုရရန် အခြေအနေတစ်ရပ်ကို ဦးစီးပြီးဖြစ်သည်။ ကျန်သောအခြေအနေအရပ်ရပ်အတွက်မူ 'အသိဉာဏ်' ဟူသောစွမ်းရည်ကို အသုံးချရန် ဖြစ်သည်။

ကိုယ်ရည်ကိုယ်သွေး ထက်မြက်ခြင်းမှာ ဗီဇနှင့် တချို့ဘစ်ဝက်ဆိုင်သော်လည်း လယ်သမား၊ အလုပ်သမားများ၏ သားသမီးတချို့ ကြီးပွားတိုးတက်ပြီး ပြောင်မြောက်စွာ တော်လာကြသည်ကိုလေ့လာလျှင် ဗီဇမှတစ်ပါး ကျန်အပိုင်းကို မိမိ၏အသိ၊ ဝီရိယ၊ ပညာများ အသုံးချပြီးမှ ရရှိလာကြောင်း တွေ့ရမည်ဖြစ်သည်။ ငယ်စဉ်ညံ့၍ ကြီးမှတော်လာ၊ ထူးချွန်လာကြသူများကို သုတေသနပြုလျှင် ထိုသို့ ကြိုးစား၊ ရှာဖွေ၊ စွမ်းရည်ထက်မြက်စေသော အဓိက မောင်းနှင်အားမှာ EQ (Emotional Quotient) ဖြစ်ကြောင်း တွေ့ရမည်ဖြစ်သည်။

EQ ကို ဆန္ဒနှင့်ရောထွေးတတ်လေ့ရှိကြပြီး ဆန္ဒမှာ Wish သာလျှင်ဖြစ်သည်။ လိုချင်မှု၊ တပ်မက်မှု၊ တောင့်တမှုမျှသာ ဖြစ်သည်။ ဆန္ဒမရှိသူထက် ဆန္ဒရှိသူက သာလွန်သော်လည်း (အရည်အချင်းတစ်မျိုး) ဆန္ဒကိုရင်ထဲမှာသာထား၍ ဘာမျှလိုက်မလုပ်လျှင် အိပ်မက်တစ်ခုမျှသာသောတန်ဖိုးသာရှိမည်ဖြစ်သည်။ (EQ တွင် အဓိကစေ့ဆော်မှုနှင့် အသိ ဟူသောအရည်အချင်းများပါဝင်ပြီး ဆန္ဒကိုမရပ်တန့်စေသော ဝီရိယဟူသည့်စွမ်းရည်များ ပါဝင်ပါသည်။) Sustainable Driving Force ဟူသည့် အမြဲမပြတ်သော မောင်းနှင်အားတစ်ခုဖြစ်ပြီး ဆန္ဒကို အိပ်မက်ထဲမှဆွဲထုတ်၍ လက်တွေ့ကျကျ အကောင်အထည်ဖော်သော စေတသိက် အင်အား

www.burmeseclassic.com

www.burmeseclassic.com



များ ပါရှိပါသည်။ လောကီသုခဖြင့်အရာရာပြည့်စုံသော မင်းစည်းစိမ်ကိုစွန့်လွှတ်နိုင်ခြင်းနှင့် ဒုက္ခရစရိယာကို ခြောက်နှစ်တိုင်မဆုတ်မနစ်ကြိုးစားနိုင်ခဲ့ခြင်းသည် သိဒ္ဓတ္ထမင်းသား၏ EQ ကြောင့် ဖြစ်သည်။

ပတ်ဝန်းကျင်တွင် အချို့ ကိုယ်ရည်ကိုယ်သွေး ထက်မြက်သော IQ (Intelligence Quotient) ရှိကြသူများ အတိုင်းအတာတစ်ခုမှာသာ ရပ်တန့်နေကြခြင်းကို တွေ့နိုင်မည်ဖြစ်သည်။ အချို့သူများမှာ IQ အနေဖြင့် အလွန်ထူးခြားစွာ မမြင့်မားကြသော်လည်း ပိုမိုဖြစ်ထွန်းအောင်မြင်နေကြရခြင်းမှာ ၎င်းတို့ကိုမောင်းနှင်ပေးသော EQ အရာ ကွာခြားကြ၍ဖြစ်သည်။ မည်မျှ Sustainable ဖြစ်သည်၊ ဆန္ဒကို ကာလသုံးပါးလုံးသို့ မည်မျှထိန်းသိမ်းသွားနိုင်သည် ဆိုသောအရည်အချင်း ဖြစ်သည်။ IQ ရော EQ ပါပြည့်စုံပါက ချမ်းသာမှု၊ အောင်မြင်မှုသည် လက်တစ်ကမ်းမှာပင်ဖြစ်တော့သည်ဟုဆိုလျှင်ရပြီ ဖြစ်သည်။ IQ သည်ထက်မြက်ခြင်းသဘောပါဝင်၍ EQ သည် အင်အားနှင့်အရှိန်ဟူသော ဝိသေသများ ရှိနေပါသည်။ IQ နှင့် EQ ပြည့်စုံသော်လည်း လမ်းကြောင်းမှန်ကိုသွားနိုင်ရန် အမိန့်ပေးညွှန်ကြားသူမှာ အသိပညာဟူသော ယနေ့ခေတ် Knowledge ဖြစ်သည်။(Knowledge ကို သုတဟုလည်းကောင်း၊ ပညာဟုလည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုကြပြီး အမှား-အမှန် ဝေဖန်ပိုင်းခြားနိုင်စွမ်း၊ ခွဲခြမ်းစိတ်ဖြာ သိမြင်နိုင်စွမ်းများ ပါဝင်ပါသည်။) တစ်ခု၊ တစ်ဘာသာတွင် ထူးချွန်သည့်သဘောမျိုးမသက်ရောက်စေခြင်း (Specialization) နှင့် အရာရာကို သိနားလည်စေလိုခြင်း ရည်ရွယ်၍ ယနေ့ပညာကို Knowledge ဟူသောစကားလုံးဖြင့် တင်စားကြခြင်း ဖြစ်ဟန်တူသည်။ အချို့က Practical Quotient ဟူသော လက်တွေ့ ဘဝဆောင်ရွက်ချက်များမှ အရည်အချင်းသည်လည်း အရေးကြီးသောကဏ္ဍ



တစ်ရပ်မှ ပါဝင်သင့်သည်ဟု အဆိုပြုထားကြပြန်သည်။

ပုဂ္ဂလိကပိုင်အရည်အချင်းတွင် ကိုယ်ရည်ကိုယ်သွေး ထက်မြက်ခြင်း (IQ) နှင့် စိတ်ပိုင်းဆိုင်ရာအရည်အသွေး မြင့်မားခြင်း (EQ) တို့ ပြည့်စုံသည့်အခါ ဘဝစစ်ပွဲတစ်ပွဲ တိုက်ရန် အသင့်အနေအထားသို့ရောက်ရှိပြီဟု တင်စားနိုင်မည် ဖြစ်သည်။(မည်သို့တိုက်ပွဲဝင်မည်၊ အသေအကျေအနည်းဆုံးနှင့် အလွယ်တကူအောင်ပွဲခံနိုင်မည်ကို ပညာက အဆုံးအဖြတ်ပေးပါသည်။ လမ်းကြောင်းရွေးချယ်ခြင်း၊ အမှားအမှန် ဆုံးဖြတ်ခြင်း၊ ဆုတ်၊ ဆက်ခြင်းစသော မဟာဗျူဟာများကို ပညာဖြင့် ထိန်းချုပ်ခုမှတ်ရမည် ဖြစ်သည်။) လောကီရှုထောင့်မှ စီးပွားရေးဆောင်ရွက်ကြသူများ၊ လုပ်ငန်းဆောင်ရွက်လိုစိတ် ပြင်းထန်စေခြင်းကို EQ က ဆောင်ရွက်ပြီး ထိုးထွင်းမှတ်သား လေ့လာတတ်မှု စွမ်းရည်ထက်မြက်ခြင်းကို IQ က လုပ်ဆောင်ပါသည်။ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ စိုက်ပျိုးရေး၊ ကုန်သွယ်ရေးကဏ္ဍများတွင် မည်သည့်ကဏ္ဍ၌ ပိုမိုတိုးတက်နေပြီး မိမိနှင့်မည်မျှကိုက်ညီကြောင်းကို Knowledge ဟူသော ပညာက ဆက်လက်စေခိုင်းဖြစ်ပါသည်။ အခက်အခဲတွေ့၍ စိတ်ပန်း၊ လူကြေဖြစ်ပြီး ရပ်နားခြင်း၊ မဆုတ်မနစ်သောဇွဲလုံ့လတို့ဖြင့် ဆက်လက်ဆောင်ရွက်ခြင်းတို့ကို EQ က လုပ်ဆောင်ခြင်းဖြစ်သည်။(စွမ်းရည်တို့၏ Function သဘောများသာဖြစ်ပြီး အကယ်စင်စစ် အားလုံးကို မောင်းနှင်သွားသည်မှာ 'အသိ' ဟူသောပညာသာ ဖြစ်သည်။) ရိုးစင်းထင်ရှားသော ဥပမာပြဆိုလျှင် မိမိရင်သွေးအတွက် တာဝန်ရှိသည်ဟု ခံယူသော အသိရှိသူ မိဘမှာ EQ နိုးကြားလာပြီး IQ မမြင့်သော်လည်း လုပ်သင့်သောအလုပ်ကို လုပ်သွားမှာဖြစ်သည်။ အသိမရှိသော မိဘမှာ တာဝန်ဟူသောခံယူချက် မရှိသဖြင့် လုပ်သင့်သောအလုပ်ကို လုပ်ဖြစ်မည်မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



ပိုမိုတွေးတော၊ အမြော်အမြင်ရှိသူတို့က လောကီ စီးပွားရေးမှ ချမ်းသာခြင်းကို ဆောင်ရွက်နိုင်ကြသည့် အပြင် လောကုတ္တရာ၏ချမ်းသာခြင်းကိုပါ ရရှိအောင် မျှော်မှန်းလုပ်ဆောင်နိုင်ကြသည်။ ငွေကြေးသည် ရုပ်ဝတ္ထုတို့၏ ချမ်းသာခြင်းကို ဖြည့်ဆည်းပေးနိုင်သည့်အရာဖြစ်သော်လည်း မည်သို့ ငွေကြေးရရှိခဲ့သည်ဆိုသော အကြောင်းရင်းခံတို့မှ စိတ်ပိုင်းဆိုင်ရာချမ်းသာမှုကိုပေးနိုင်သလို ဆန့်ကျင်ဘက် စိုးရိမ်ထိတ်လန့်မှုကိုလည်း ပေးတတ်ကြောင်း ကောင်းစွာသတိပြုမိကြရပါသည်။ မာစီဒီးကား နေ့ဘက်စီးပြီး ညဘက် ဘယ်သူတံခါးလာခေါက်မလဲ ဟူသော စိုးရိမ်စိတ်ရှိနေသူမှာ အကယ်ချမ်းသာသည့်သူဟု ဆိုနိုင်မည်မဟုတ်ပါ။ တစ်စုံတစ်ယောက်၊ သို့မဟုတ် တစ်ခုခုအပေါ် 'အမှီ' လွန်ပြီး ရုပ်ပိုင်းဆိုင်ရာချမ်းသာမှုမှာလည်း တစ်နေ့ရွှေ၊ တစ်နေ့ငွေ ဖြစ်သဖြင့် ပြည့်စုံသောချမ်းသာမှုဟု ယူဆ၍မရနိုင်ပါ။ ဤအကြောင်းခြင်းရာများကို ပညာက စိမ်ခန့်ခွဲ အဆုံးအဖြတ် ပေးပါသည်။ မိမိအသက်မိမိထံထားမည်လား၊ အခြားတွင် ထားမည်လား ဟူသောမေးခွန်း ဖြစ်ပေသည်။ မိမိကိုယ်ကိုဖန်တီးနိုင်ခွင့်တိုင်းသည် မိမိထံမှာသာရှိသင့်ပေသည်။

<ဖန်တီးနိုင်ခွင့်ရှိခြင်းသည် အနာဂတ်ပင်ဖြစ်သည်) 'အမှီခိုလွန်' တို့ဘဝမှာ 'မှီသည့်အရာ' အပြောင်းအလဲကြောင့် မိမိဘဝပျက်စီးရခြင်းသည် အနာဂတ် ပျက်စီးခြင်းပင် ဖြစ်ပါသည်။ ခပ်ညံ့ညံ့တွေးခေါ်သူ၊ အသိနုံ့နစ်သူတို့မှာ အဆင်ခြင်မဲ့သော 'တစ်မွန်းတည့်' အတွေးဖြင့် 'နောက်ဆုံး ငါးပိရည် ပြန်စားရတော့ရော ဘာဖြစ်မှာလဲ' ဟူသော ဆင်ခြေမျိုး ပေးတတ်ကြသည်။ 'ဘဝသုံးပါးတွင် ဘယ်ဘဝက အရေးကြီးဆုံးလဲ' ဟူသောမေးခွန်းသည် အသိနုံ့သူတို့အတွက် အဖြေလည်းဖြစ်သလို အမေးလည်း ဖြစ်ပါ၏။ ပုံမှန်ငါးပိရည်ဖြင့် ဘဝတည်ဆောက်ရာတွင် ဘာမှ



ဆူးခြားခဲ့သော်လည်း ကြက်သားကိုက်ပြီးမှ ငါးပိရည်ပြန်စားလျှင် ဘိတ်စာတတ်ရေးရာ ထိုးနှက်ခြင်းခံခဲ့ရပြီဖြစ်သဖြင့် 'သိပ်ဖြစ်သွားတာပေါ့' ဟုဖြေရန်လိုမည်မဟုတ်တော့ပါ။ (မိဘတစ်ဦး အနာဂတ်မဲ့လျှင် မျိုးဆက်သစ်တို့၏အနာဂတ်သည် မှေးမှိန်တတ်သည့် သဘောရှိပါသည်။ 'အမှီ' သည် ရှိသင့်သောသဘောဖြစ်သော်လည်း 'မှီခိုလွန်' ခြင်းသည် ကောင်းမွန် လျော်ကန်သော အဖြေတစ်ခု မဟုတ်ပါ။) ပတ်ဝန်းကျင်၊ အသိုင်းအဝိုင်းတွင် လူဖြစ်လာကြသည့်အတွက် အသိပေးသည့်သဘောဖြစ်သော်လည်း အနာဂတ်မဲ့အောင် မှီခိုခြင်းကို အလေးပေးခြင်းမမည်ပါ။

အရွယ်သုံးပါးတွင် ငယ်စဉ်ဘဝသည် မိဘအပေါ် လုံးဝမှီခိုရသည့် သဘာဝ ရှိသဖြင့် မိမိ၏ဖန်တီးနိုင်သော အခွင့်အရေး မိမိထံမှာမရှိပါ။ အသိဉာဏ်ရင့်ကျက်မှု မရှိသေးခြင်း၊ အတွေ့အကြုံနည်းသေးခြင်း၊ လောက၏အသိများနှင့် ချာနေသေးခြင်းနှင့် ခွန်အားမပြည့်စုံသေးခြင်းတို့ရှိနေသေးရာ ဆည်းပူးကာလ၊ လေ့လာကာလ၊ ရင့်ကျက်အောင်ကြိုးစားနေသည့်ကာလ ဖြစ်သဖြင့် ဘဝဟူသောစစ်ပွဲကို ရင်ဆိုင်နိုင်ရန် အသင့်မဖြစ်သေးသော ကာလဖြစ်ပါသည်။ အချို့စိတ်ဓာတ်ညံ့ဖျင်းကြသူများမှာ ဒုတိယအရွယ်လွန်၍ မိမိမှာပင်သားသမီးများရရှိစေကာမူ ဆက်လက်မှီခိုလွန်နေကြသည်ကို ဝမ်းနည်းဖွယ်ရာတွေ့ရမည် ဖြစ်သည်။ အချို့က ရင့်ကျက်သောအတွေးအခေါ်ကို စောစီးစွာရရှိကြပြီး ပညာသင်ကာလမှာပင် လောကကြီးနှင့်မိတ်ဆွေဖွဲ့ ရင်းနှီးပြီးဖြစ်၏။ အတွေးအခေါ် အယူအဆများ တောက်ပြောင်နိုးကြားလာပြီး ဘဝစစ်ပွဲကို ပြင်ဆင်နိုင်ကြပြီ ဖြစ်သည်။

ဒုတိယအရွယ်သည် ဘဝတိုက်ပွဲကို တစ်နည်းနည်းဖြင့် ရင်ဆိုင်တိုက်ရမည့် ဘဝတစ်ပါး ဖြစ်သည်။ ထိုက်သင့်သောအတွေ့အကြုံ၊ အယူအဆ၊ ပညာဉာဏ် ရရှိပြီး ဖြစ်သဖြင့် အနာဂတ်ကို

www.burmeseclassic.com

www.burmeseclassic.com



စတင်ပုံဖော်ရာဘဝလည်းဖြစ်သည်။ မိမိအနာဂတ် မိမိပိုင်ဆိုင်
နိုင်ရန်ကြိုးစားရင်း ဘဝတည်ဆောက်ကာ အတွေ့အကြုံများ
ဆက်လက်ဖြည့်ဆည်းရာအချိန် ဖြစ်သည်။ စိတ်ဓာတ်ခွန်အား
ခန္ဓာခွန်အားကို သဘာဝက 'အပြည့်အဝ' ပေးသောကာ
ဖြစ်သဖြင့် ဘဝတစ်ခုအပြောင်းအလဲဖြစ်ဖို့ ဆောင်ရွက်
အကောင်းဆုံးကာလလည်း ဖြစ်သည်။ စိတ်ဓာတ်ညံ့ဖျင်း
အောက်တန်းကျသူတို့က ထိုအရွယ်မှာပင် ဘဝကိုအရှုံးပေးသ
သဘောဖြင့် ရေစုန်မျှောကြသည်။ ပိုမို မျှော်မြင်နိုင်သူတို့
အဆုံးအရှုံးနည်းစွာဖြင့် ဘဝကို အောင်ပွဲခံကြ၏။ ဉာဏ်ကြီး
သူတို့က ဘဝစီမံကိန်းကောင်းများဖြင့် အဆုံးအရှုံးမရှိဘဲ ဘဝ
အောင်နိုင်ကြ၏။ အနာဂတ်အတွက် တစ်ဆင့်တိုး အိပ်မက်မ
နိုင်ကြ၏။ ပထမဘဝအရွယ်၏ အကြောင်းသည် ဒုတိယဘဝ
အကျိုးဖြစ်ပြီး ဒုတိယဘဝ၏ကြိုးစားမြော်မြင်ခဲ့မှု၏အကြောင်း
များသည် တတိယဘဝ၏အကျိုးများ ဖြစ်လာပါသည်။ ဒုတိ
ဘဝ၏ရလဒ်များသည် ဘဝတစ်ခုလုံး၏ အဆုံးအဖြတ်သဘော
လည်း ပါဝင်တတ်လာပါသည်။

တတိယအရွယ်၏အစသည် ရုပ်ခန္ဓာ စတင်ဆုတ်ယုတ်
ဖြစ်သော်လည်း စိတ်ပိုင်းနှင့် ဦးနှောက်၏ ဖွံ့ဖြိုးမှုမှာ 'အတ
သဘော ရှိနေပါသေးသည်။ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုအပိုင်းသ
တတိယဘဝ၏အစပိုင်းများ၌ ပိုမိုသင့်လျော်၏။ တည်ငြိမ်
ရင့်ကျက်မှုက အမှားနည်းစေသည့်ရလဒ်ကောင်းများကိုပေး
'ကာယဝန်ထမ်းခြင်း' ထက် 'ဉာဏဝန်ထမ်းခြင်း' ဘက် ကူးပြောင်း
သင့်သောအခါဖြစ်သည်။ ဒုတိယ အရွယ်၏ ရလဒ်ကောင်း
မှုတည်ပြီး တတိယအရွယ်၏အနာဂတ် ပုံဖော်ရပါသည်။ ရလ
မကောင်းပါက ပင်ပန်းဆင်းရဲမှု၏သက်ရောက်မှုသည် တတိ
အရွယ်သို့တိုင် ရိုက်ခတ်ပြီး 'ကာယဝန်ထမ်း' ခြင်းမှ ကင်းလွတ်



မည်မဟုတ်သေးပါ။ ကိုယ်ကိုယ်တိုင် 'ဉာဏ' ပိုင်းသို့ ကူးပြောင်း
သုံးမချနိုင်သေး၍ နောက်မျိုးဆက်များကိုလည်း ပညာနှင့်
သော အသိအလိမ္မာတို့ကို ပီပြင်စွာပေးနိုင်မည်မဟုတ်ပါ။
၏ အနာဂတ်သည် မိမိတစ်ဦးတစ်ယောက်တည်း၏ ကောက်
ကြောင်းမျှသာမဟုတ်ဘဲ နောက်မျိုးဆက်သစ်တို့၏ အထောက်အပံ့
သည်ကို နက်နက်နဲနဲသိရှိလျှင် လူတိုင်း အမြော်အမြင်နှင့်
စားကြလိမ့်မည်ဟု ယုံကြည်သည်။

တတိယအရွယ်၏ နှောင်းပိုင်းကာလသည် ရုပ်-နာမ်
ပါးဆုတ်ယုတ်ချိန် ဖြစ်သဖြင့် ပထမအရွယ်၏ အစကာလမှာ
သို့ ပြန်လည်မှီခိုရသည့်ဘဝသို့ ဒုတိယအကြိမ် ပြန်လည် ရောက်ရှိ
ခြင်းဖြစ်သည်။ ကွာခြားသည်မှာ ပထမမှီခိုကာလသည် မိဘ
ပေါ်ဖြစ်ပြီး ဒုတိယမှီခိုကာလ၏အခွင့်အရေးသည် မိမိထံမှာ
ကျန် သိပ်မရှိနိုင်တော့ချေ။ ဘဝကိုနိဂုံးချုပ်ရတော့မည့်
နောက်ဆုံးကာလလည်းဖြစ်သဖြင့် ဖန်တီးနိုင်မှုစွမ်းအားမရှိလျှင်
မှီခိုနေသည် ဘဝ၏နိဂုံးကို ကောင်းစေမည်မဟုတ်ပါ။ အရေးကြီး
သောအချိန်၏ နောက်ဆုံးစက္ကန့်များအထိ အနာဂတ်ကိုရှိသင့်၊
နေ့ခွဲထားသင့်သည်။

(ပထမအရွယ်တွင် မကြိုးစား၊ မသိမြင်ဘဲ လောကကြီးနှင့်
လိုက်ပါလိုက် နေ၍ ရေစုန်တွင် သာယာနေကြသူများ အနာဂတ်
ဆိုင်ကြမည်မဟုတ်ပါ။ ပထမအရွယ်တွင် အသိဉာဏ်ရှိပါက
'ရေဆန်' မဟုတ်သည့်တိုင် 'ရေ၏သဘော' နှင့် 'လှော်တက်' ၏
သဘောကိုလေ့လာသင့်သည်။ ဒုတိယအရွယ်သည် ဘဝ၏ တိုက်ပွဲ
အရွယ်တွင်ရှိနေပြီဖြစ်သဖြင့် 'ရေဆန်' ကို ကြိုးစားရမည့်အရွယ်
ပါသည်။ မိဘခုမ်းသာ၍ ရေစုန်မှာမျှောနေနိုင်သည့်တိုင်အောင်
အနာဂတ်မိမိပိုင်ဆိုင်ရေးအတွက် ရေဆန်ကို လှော်ကိုလှော်ရ
မည့်အချိန် ဖြစ်ပါသည်။)

www.burmeseclassic.com



(ချမ်းသာသောမိဘများက သားသမီးကို 'ရေဆန်' လျော်စေ ခြင်းမှာ ပင်ပန်းစေလိုသည့်ဆန္ဒမဟုတ်ဘဲ 'အရည်အချင်းကောင်း' များရရှိစေရန် ဖြစ်ပါသည်။) သူဌေးသားများကိုယ်တိုင် 'ရေဆန်' လျော်နေခြင်းမှာလည်း လောကသဘောကို ပိုမိုသိရှိပြီး 'ယုံကြည်မှု' ရရန်နှင့် 'မိမိအနာဂတ်' ကို မိမိကိုယ်တိုင်တည်ဆောက်လိုသော အတွေးအခေါ်ကောင်းများကြောင့် ဖြစ်ပါသည်။

(အပြိုင်အဆိုင်များသောခေတ်၊ ရုပ်ဝတ္ထု အံ့မခန်းတိုးတက် သောခေတ်၊ ပညာအခြေခံ အရာရာဆောင်ရွက်ရသောခေတ်တွင် မျိုးဆက်သစ်တို့သည် ပညာကို အရင်းပြု၍ အမြော်အမြင်ရှိစွာ ကြိုးစားသင့်သည်။) သင့်သောအရွယ်တွင်မှသာ မှီခိုသင့်ပြီး ထိုအမှီ အခိုကိုစောစီးစွာဖယ်ရှားနိုင်မှ အနာဂတ်ဖြင့်ချမ်းသာခြင်းကို ရရှိမည်ဖြစ်သည်။ အနာဂတ်မရှိသောဘဝသည် ပြည့်စုံသောဘဝ တစ်ခုမဟုတ်ပါ။ ချမ်းသာသောဘဝတစ်ခုလည်းမမည်ပါ။ အသက် ဖြင့် ခန္ဓာကိုယ်တစ်ခုဖြစ်လာသည် မှန်သော်လည်း ဘဝကို အသိဖြင့် တည်ဆောက်ကြောင်း သတိထားသင့်ပါသည်။ ထိုအသိနှင့်ပညာ သည်ပင် အနာဂတ်ကိုပုံဖော်ရာ ပန်းချီဆရာ၏ စုတ်ချက်များ ဖြစ်သည်ကို နှလုံးစွဲသင့်သည်။

(ရုပ်ဝတ္ထုဆိုင်ရာပြည့်စုံခြင်း၊ ဆင်းရဲခြင်းတို့ကို အထက် တန်းစား၊ အောက်တန်းစားဟု ခွဲခြားသောခေတ်မဟုတ်တော့ပါ။ ကံ၏အကျိုးတရားများ ပါဝင်နေ၍ မိမိ၏ဖန်တီးနိုင်မှု အလွန်ပြ ရှိနေ၍ ဖြစ်သည်။ ကောင်းမွန်သော စိတ်ဓာတ်ကို ထားရှိခြင်း မထားရှိခြင်းမှာ မိမိကိုယ်တိုင်ရွေးချယ်ပိုင်ဆိုင်နိုင်ခြင်းဖြစ်သည်။ လုပ်မရသော အရည်အချင်းကို အပြစ်ဆိုဖွယ် မရှိသော်လည်း မိမိတစ်ဦးတည်း ဆောင်ရွက်၍ရသော အလုပ်မျိုး၌ စိတ်ဓာတ် ကောင်းများ မမွေးမြူနိုင်သော လူတို့ကို 'အောက်တန်းစား' များ ဟုဆို၍ အပြစ်တင်လျှင် ခံယူရုံမျှသာရှိရပါမည်။ ထို့ထက်ပို၍



အခြေအနေ၊ အချိန်အခါပေးလျက်နှင့် ကြိုးစားလိုစိတ်ကင်းမဲ့ကာ ဘဝကို ထောင့်ဖြတ်ထားလျက် ရှင်သန်နေသောသူများကို 'အောက်တန်းစားဘဝ' များဟု ထောမနာပြုလိုပါသည်။

အခွင့်အရေးတိုင်း မျက်လုံးမှိတ်သုံးသင့်ပါသလား၊ အမှီ ခိုင်းကို အတိုင်းအဆမဲ့မှီသင့်ပါသလား ဟူသော မေးခွန်းအတွက် အထူးဖြေဆိုရန်လိုတော့မည် မဟုတ်ပါ။ (ကာလသုံးပါးနှင့်ညီညွတ်၍ အနာဂတ်မပျက်စီးလျှင် သင့်တင့်လျောက်ပတ်စွာလက်ခံသင့်ပြီး အနာဂတ်အတွက် အာမခံချက်မရှိလျှင် လုပ်သင့်သောအရာ မဟုတ်ဟု ကောက်ချက်ဆွဲနိုင်မည်ဖြစ်ပါသည်။) မိမိအကျိုးစီးပွား အတွက် အများ၏ပျက်စီးမှုပေါ် အခြေခံပြီးမှ ရရှိသည့်ရလဒ်မျိုး အတွက် အကုသိုလ် အကျိုးပေးချိန်ကို အနာဂတ်မှာ ပြန်လည် သက်ခံရယူရမှာဖြစ်သဖြင့် ထိုလူမျိုး၏ဘဝကို အနာဂတ်ဖြင့် ချမ်းသာသည်ဟု ဆိုနိုင်ပါမည်လား၊ အရွယ်နုစဉ်၊ အသိနုစဉ်က အနာဂတ်ကို မျှော်လင့်နိုင်မှု နည်းပါးသော်လည်း ဒုတိယအရွယ်၏ အသိပညာသည် အနာဂတ်အတွက် အကောင်းဆုံးဆေးစပ်သူ၊ ကောက်ကြောင်းဖော်သူ ဖြစ်သင့်ပေသည်။ ပစ္စုပ္ပန်၏ ဆောင်ရွက်မှု ခိုင်းသည် အနာဂတ်အတွက်ကြိုတင်ပြင်ဆင်မှုဖြစ်သည့်အပြင် အတိတ်၏သမိုင်းအမွေများလည်း ဖြစ်သည်။ ပြန်လည် သွားရောက် ပြုပြင်ခြင်း မစွမ်းတော့သော အတိတ်သည် သင်ခန်းစာအဖြစ်သာ ဆုတ်နုတ်ပြီး လွမ်းမောတသရန်မဟုတ်ပါ။ တစ်ချိန် အတိတ်ဖြစ် လာမည့်အနာဂတ်ကို ကြိုတင်ပြင်ဆင်ခြင်းတွင် ပစ္စုပ္ပန်၌ တာဝန် ရှိပေသည်။

'မထူးတော့ပါဘူး' ဟု ခံယူသူများတွင် အနာဂတ် မဆို ထားဘိ၊ ပစ္စုပ္ပန်ပင် ပျောက်ဆုံးနေသူများဖြစ်သည်။ စိတ်ဓာတ် ပျော့ညံ့သော အောက်တန်းစားများ ဖြစ်သည်။ အမှန်ကိုသိခြင်း ဘွင် အချိန်ကာလ မရှိပါချေ။ စောစီးစွာသိ၍ ပညာရှိလျှင်

www.burmeseclassic.com

www.burmeseclassic.com



ပိုမိုကောင်းမွန်သော်လည်း နောက်ကျစွာ 'သိ' ကြသူများသည် ဘဝဆုံးထိမသိကြသူများထက်စာလျှင် တော်သေးသည်ဟု ပြော၍ရမည်ဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာ ခွန်အားသန်စွမ်းမှုတွင် တစ်ဦးနှင့်တစ်ဦး ပြောစမှတ်မကွာခြားသော်လည်း စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုတွင် အဆများစွာ ကွာခြားနိုင်ပါသည်။ အသိအခြေခံပညာ ကွာခြားမှုတွင် ပြောဖွယ်ရာရှိမည် မမည်ပါ။ အတိုင်းအဆမရှိ တစ်ဦးနှင့်တစ်ဦးကွာခြားနိုင်သလို ခိုင်းနှိုင်း၍မရသည်အထိလည်း ကွာခြားသွားနိုင်ပါသည်။ 'လူနပ်ချမ်းသာ' ဟူသော စကားရပ်တွင် ပါးနပ်သူ၊ ပညာရှိသူများချမ်းသာကြသည်ကို ဖော်ညွှန်းလိုခြင်းဖြစ်သည်။ 'လူလည်ချမ်းသာ' ဟုပြောခြင်းမဟုတ်သည်ကို သတိမူမိလျှင် မည်သို့ ပါးနပ်ကြရမည်ကို သိရှိနိုင်မည်ဖြစ်သည်။ ပါးနပ် လျင်မြန်ခြင်းရှိလျှင် 'လူလည်' ဟု အလွယ်တကူအသုံးများသော မြန်မာမှုနယ်ပယ်တွင် ခွဲခြားစွာသိမြင်၍ မိမိကိုယ်ကို ပြုပြင်သင့်သည်။ လူလည်များသည် 'တစ်မွန်းတည့်' လုပ်ဆောင်သူများ ဖြစ်ပြီး အနာဂတ်ပီပြင်သောသူများ မဟုတ်ပါ။ ပါးနပ်သူများသည် ပညာအခြေခံ လူတန်းစားဖြစ်ပြီး အနာဂတ်ကို အိတ်ထဲထည့်ထားသူများသာ ဖြစ်ပါသည်။

'ပြည့်စုံခြင်း' ကိုကိုယ်စားပြုသော 'ချမ်းသာခြင်း' တွင် လောကီရှုထောင့်မှ ရုပ်ပိုင်းဆိုင်ရာချမ်းသာခြင်းကို ရှေးရှုကြပြီး လောကုတ္တရာရှုထောင့်မှမူ 'စိတ်ပိုင်း' ဆိုင်ရာ ချမ်းသာ၊ အေးငြိမ်းမှုကို ဦးစားပေးကြပါသည်။ လောကုတ္တရာချမ်းသာမှုတွင် လောဘ ဒေါသ၊ မောဟကို တတ်နိုင်သမျှစွန့်ပယ်ပါးလျားကြရင်း အေးငြိမ်းသည့်သဘောသက်ဝင်သော ချမ်းသာမှုကို ရှာကြံကြပါသည်။ ထမင်းနပ်မှန်ခြင်းအတွက် အာမခံ ရှိလျှင် လောကုတ္တရာချမ်းသာမှုကို ရှေးရှုနိုင်သော်လည်း ရုပ်ပိုင်းဆိုင်ရာတိုးတက်မှု ခေတ်တွင်



လောကီချမ်းသာအတွက် ရှန်းမထွက်နိုင်ကြသေးပါ။ မည်သို့ချမ်းသာမည်၊ မည်မျှချမ်းသာမည်ကို လေးလေးနက်နက်တွေးခေါ်ကာ အသိရှိရှိဖြင့် အနာဂတ်ရှိသောချမ်းသာမှုကို ရယူနိုင်ရန်သာ ဖြစ်ပါသည်။ ထိုသို့ ချမ်းသာခြင်းကိုသာ 'အနာဂတ်ဖြင့်ချမ်းသာသူ' ဟုဆိုနိုင်ပါမည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အကောင်းကျင့်မှ အကျင့်ကောင်းသည်

'အလေ့အကျင့်မှအလေ့အထသို့' ဟူသောဆောင်ပုဒ်သည် ကျင့်ကြံမှု ဖန်တစ်ရာတေလျှင် စွဲမြဲခြင်းသို့ ရောက်ရှိနိုင်ကြောင်း သတိပေးခဲ့ခြင်းဖြစ်သည်။ ကောင်းသော အလေ့အကျင့်ရော မကောင်းသော အလေ့အကျင့်ပါ ထိတွေ့ဖန်များလာလျှင် အလို အလျောက် တစ်စတစ်စစွဲမြဲလာမည် ဖြစ်သည်။ ကောင်းခြင်း မကောင်းခြင်းကို မိမိအသိမှ ခွဲခြမ်းစိတ်ဖြာပြီး ကောင်းသော အမှုအကျင့်များကို မွေးမြူသင့်သည်။ ချက်ချင်းရေတွင်းတူးပြီး ရေကြည် သောက်လိုသူများကို သတိပေးထားခြင်း ဖြစ်လေသည်။ လူတွင် ကောင်းသော စိတ် အရေအတွက်နှင့် မကောင်းသောစိတ် အရေအတွက်တွင် ကောင်းသောစိတ်အရေအတွက်က ပိုသော် လည်း စိတ်၏သဘာဝ သာယာမှုတွင်မူကား မကောင်းမှုသို့ ပျော်မွေ့တတ်သော သဘာဝ ရှိလေသည်။ 'တဏှာ' ဟုခေါ်သော သာယာခြင်း၊ တပ်မက်ခြင်း၊ သက်သောင့်သက်သာရှိခြင်းတို့ကို သဘာဝအားဖြင့် လူတိုင်း နှစ်သက်ကြ၏။ အသိဉာဏ်ရှိသူများက တွန်းလှန်နိုင်ကြပြီး အသိဉာဏ်နုံနဲ့သူတို့က ကောက်ကောက် ပါအောင်လိုက်ကြ၏။ ဘယ်သူမှ တတ်နိုင်လျှင် အပင်ပန်းခံ၍ ဘဝကို မတည်ဆောက်လိုကြသော်လည်း အသိ၏ စေ့ဆော်မှု ကြောင့် အခြေခိုင်၍ ကောင်းသောအနာဂတ်ကို ရစေရန် အပင်ပန်းခံကြရသည်။ ဝီရိယ ထားကြရသည်။



ဦးဘဖြူ လူကောင်းတစ်ယောက်ဟု ပတ်ဝန်းကျင်က အသိအမှတ်ပြုခြင်းတွင် တစ်ရက်၊ တစ်မနက်ဖြင့် ကျင့်ကြံ၍ ရလာသည်မဟုတ်ကြောင်း သတိထားသင့်သည်။ နှစ်ပရိစ္ဆေဒများ စွာ ကောင်းသောလူ့ကျင့်ဝတ်များကိုဖြည့်ဆည်းခဲ့ပါက ဦးဘဖြူကို အကျင့်ကောင်းသူ၊ လူကောင်းတစ်ဦးဟု ပတ်ဝန်းကျင်က သတ်မှတ် ခံမည် ဖြစ်သည်။ အကျင့်ကောင်းရန် အကောင်းကျင့်ခြင်းကို ရှည်လျားသော ကာလတစ်ခုဖြင့် ဖြတ်သန်းပေးဆပ်ရခြင်း ဖြစ် သည်။ ဦးမဲတူ လူဆိုးတစ်ယောက်ဟု သတ်မှတ်ခြင်းတွင်လည်း ကာလတစ်ခုအတွင်း ဦးမဲတူမကောင်းခဲ့ခြင်း ဖြစ်သည်။ မကောင်း ကြောင့် ကျင့်၍ အလေ့အထသဘော စွဲမြဲပါမှ မကောင်းသူဟု သတ်မှတ်ခြင်းသည်ကောင်းခြင်း၊ မကောင်းခြင်းတို့ကို မိမိမှ သတ်မှတ်၍ရသည်မဟုတ်ဘဲ ပတ်ဝန်းကျင်ကသာ ဆုံးဖြတ်ကြခြင်း ဖြစ်သည်။ ရံဖန်ရံခါတွင် ကောင်းသူများ ဆိုးသွားတတ်သလို မကောင်းသူများလည်း ကောင်းလာတတ်သောသဘာဝ ရှိတတ်ပါ သည်။ သတိပြုရန်မှာ လူကောင်းတစ်ယောက် ချက်ချင်းဆိုးလျှင် ပတ်ဝန်းကျင်က အလွယ်တကူ အသိအမှတ်ပြုနိုင်ကြသော်လည်း လူဆိုးတစ်ဦးကောင်းပါပြီဟုဆိုလျှင်ကား ပတ်ဝန်းကျင်က အလွယ် တကူ လက်ခံလေ့မရှိကြပါ။ လုံလောက်သော ကာလတစ်ခုအတွင်း ခံလည်းပေးဆပ်ရဦးမည် ဖြစ်သည်။ သို့တိုင်အောင် ခြွင်းချက်မရှိ လက်ခံပါလိမ့်မည်ဟု အတပ်မပြောနိုင်၊ အကောင်းနှင့် အဆိုး တို့၏သဘာဝမှာ အဆိုး၏ လွှမ်းမိုးမှု အာဝါသက အင်အားပိုမို များလာသည်။ ဆေးအမည်းတစ်ပုံးတွင်းသို့ ဆေးအဖြူတစ်စက် ကျလျှင် ဘာမှမဖြစ်သော်လည်း ဆေးအဖြူတစ်ပုံးတွင်းသို့ ဆေးမည်းတစ်စက်ကျလျှင်ကား ထင်ရှားစွာပျက်စီးတတ်သည့် သဘောပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အကျင့်ကောင်းခြင်း၊ ဆိုးခြင်းသည် အကျိုးရလဒ်
သဘောဖြစ်ပြီး အကောင်းကျင့်ခြင်း၊ မကောင်းကျင့်
ခြင်းများသည် အကြောင်းတရား ဖြစ်ပါသည်။ အကြောင်း
တရားကြောင့် အကျိုးတရားရရှိခြင်းကို အညမည
သဘောအရ အားလုံးလက်ခံပြီးဖြစ်သည်။ အသိရှိ
သော်လည်းအသုံးချမှု (Application) လိုက်န
ဆောင်ရွက်ခြင်းမရှိပါက အလိုရှိသောဆန္ဒကို ဘယ်တော့
မှ ရမည်မဟုတ်ပါချေ။ ဗုဒ္ဓလက်ထက်က အမေးတစ်
ရှိခဲ့ဖူးသည်။ "နိဗ္ဗာန်သွားရာ လမ်းကြောင်းကို ခြင်းချ
မရှိ သိရှိပြီးဖြစ်ကြောင်းနှင့် ထိုသို့ သိရှိရုံဖြင့် နိဗ္ဗာန်
ရောက်နိုင်၊ မရောက်နိုင်" အတွက် မေးသော မေးခွ
ဖြစ်သည်။ ဗုဒ္ဓက "မရောက်နိုင်"ဟု ရှင်းလင်းပြတ်သာ
မိန့်ကြားခဲ့ပါသည်။ သံကောင်းသော်လည်း မသွေး
ဓားကဲ့သို့ ဖြစ်လေသည်။ မူလအရေးကြီးသော
လည်း ကောင်းရန်လိုပြီး ဓားထက်အောင် အမြဲသွေး
ရန်လည်း လိုအပ်ပါသည်။ စီးပွားရေးတက္ကသိုလ်
ကထိကများ၊ ပါမောက္ခများသည် စီးပွားရေး၏ အခြေ
အကြောင်းခြင်းရာတို့အပြင် ကမ္ဘာ့စီးပွားရေး အခြေအ
များကိုပင် စေ့ငုစွာ တတ်ကျွမ်းကြသော်လည်း ကိုယ်
လုပ်ကိုင်သူများ မဟုတ်သဖြင့် လုပ်ငန်းရှင်များ ဖြစ်
ကြခြင်းသည် မည်မျှ ကိုယ်တိုင်ကျင့်ကြံရန် လိုအပ်သည်
ပြဆိုနေသောဥပမာဖြစ်ပေသည်။ အပြေးသမားတ
ကို နည်းစနစ်များ သင်ကြားပြသပေးသော နည်းပြ
သည် အကြောင်းတရားတို့ကို ကျွမ်းကျင်သူ ဖြစ်
လည်း ကိုယ်တိုင် ပြေးလမ်းပေါ်သို့ ခြေချမည့်သူ မ
သဖြင့် 'ပန်းဝင်' ဆုရရန်မဖြစ်နိုင်ပါချေ။ စနစ်လ



လေ့ကျင့်မှုလည်းရှိ၊ ကိုယ်တိုင်ပါဝင်သူလည်းဖြစ်ပါမှ
အကျိုးတရား၏သက်ရောက်မှုကို တစ်လုံးတစ်ဝ ခံစား
နိုင်မည် ဖြစ်ပေသည်။

(အကျင့်ကောင်းခြင်းသည် အတ္တကိုအခြေခံလေ့မရှိဘဲ
အနတ္တဟူသော 'ငါ' မရှိ အရည်အချင်းတစ်ပါး ဖြစ်သည်။) အလုံး
သောလူအများအနေဖြင့် ထိုအရည်အချင်း ရှိသင့်သည်မှန်သော်
လည်း ဦးဆောင်သူများတွင်မူ အခြေခံအားဖြင့် ရှိကိုရှိသင့်သည့်
အရည်အချင်းတစ်ခု ဖြစ်သည်။ ဦးဆောင်သူများ ခေါင်းဆောင်
ဖြစ်မီ အကောင်းကျင့်များများဖြင့် ကျင့်ဝတ်ကို လိုက်နာ
ဆည်းကျင့်ကြံပါမှ သန္ဓေတည်မြဲကာ အကျင့်ကောင်း အကျင့်
များ ရလာမည်ဖြစ်ပါသည်။ တော်ခြင်း၊ နောက်လိုက်များကို
မှန်ကန်ညွှန်ပြနိုင်ခြင်း စသည့် အရည်အချင်းများသည် ထပ်မံ
ရမည့်အရည်အသွေးများဖြစ်သည်။ ဦးဆောင်သူ အကျင့်
ကောင်းလျှင် အတိတ်ကံပေး၍ နေရာရသော်လည်း ထိုနေရာ
မမြဲတတ်ချေ။ အဖွဲ့အစည်းကြီးကြီးကို ဦးဆောင်ခဲ့ပါမူ
တစ်ရပ်လည်း ဖြစ်နိုင်ချိမ့်သည်။ အကျင့် ကောင်းခြင်းသည်
အတွက်မဟုတ်သဖြင့် 'အဆန်' သဘော ပါဝင်ပါသည်။
ကြောင့် အများကိုအကျိုးမယုတ်စေသဖြင့် ခြိုးခြံမှု၊ ခွင့်လွှတ်မှု၊
နာခံမှုများ ပါဝင်တတ်ပါသည်။ လောကီလူသားဖြစ်သဖြင့်
သော ကိလေသာ မကင်းသော်လည်း လူကျင့်ဝတ်ကောင်း
ပြင် လောကနှင့် အများ၏ လက်ခံနိုင်ဖွယ်ရာသော ဘဝကို
ဆောက်နိုင်မည်ဖြစ်သည်။ 'ငါ' အတွက် 'ငါ့ဖို့' 'ငါ့ဘဝသာ'
တစ်ဖက်သတ်အတွေးအခေါ်၊ တစ်လမ်းသွား အယူအဆ
အကောင်းကျင့်သူများနှင့် ဆန့်ကျင်ဘက်လားရာ
သည်။ လောကနှင့် ဆန့်ကျင်၍ လောကနှင့် လိုက်လျော
ဖြစ်သော 'ကျင့်ဝတ်' ဖြစ်သဖြင့် လောက၏ ယံကြည်

www.burmeseclassic.com



ခြင်းကို မလွှဲမသွေခံရမည် ဖြစ်ပါသည်။ ယနေ့ ကမ္ဘာကလက်မခံသော 'Win-Loss' အခြေအနေမျိုး ဖြစ်သည်။

အိမ်ထောင်စုတစ်စု၏ဝင်ငွေသည် စားသောက်ရုံသာ အခြေအနေ ရှိသော်လည်း အိမ်ထောင်ဦးစီးလက်တွင် စီးကရက်ကို မချခဲ့၊ စီးကရက်တစ်ဘူး ငါးရာကျပ်ခေတ်တွင် တစ်နေ့တစ်ဘူး သောက်သုံးသူ၏စရိတ်မှာ တစ်လလျှင် ဆေးလိပ်ဖိုး သက်သက် တစ်သောင်းငါးထောင်ကျပ်အတွက် အခြားမိသားစုဝင်များ ဝိုင်း၍ ချွေတာပေးကြနေရသည်။ အကောင်းကျင့်ခြင်းမဟုတ်၊ 'စာနာ တတ်မှု' 'နားလည်မှု' 'ပေးဆပ်မှု' စိတ်ဓာတ် မရှိသောသူများ အကောင်းမကျင့်နိုင်ကြချေ။ အိမ်ထောင်ဦးစီး ဖြစ်၍ မိသားစုဝင် များက အတွန့်မတက်ရဲကြသော်လည်း ပတ်ဝန်းကျင်က မေးငေါ့ ကြမည်မှာ ယုံမှားဖွယ်မရှိ။

ကမ္ဘာ့ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့သော ဟစ်တလာ လက်ထက်က 'ငါ' အတွက်ထက် ကျော်လွန်သော 'ငါ့ အဖနိုင်ငံ တော်' ဂျာမနီပြည်ကြီးအတွက် တစ်ရှုးထိုး လုပ်ဆောင်ချက်များ သည် အခြားနိုင်ငံများအဖို့ လက်ခံနိုင်ဖွယ်ရာမဟုတ်ခဲ့၍ သမိုင်း တွင် လူဆိုးတစ်ဦး ဖြစ်ခဲ့ရဖူးပါသည်။ ဂျာမန်သားတို့အတွက် သူ့ကို ကောင်း ဖြစ်နိုင်သော်လည်း ကမ္ဘာ့သမိုင်းအတွက် အမည်းစက်ဖြင့် အရုပ်ရေးခဲ့သူအဖြစ် မှတ်တမ်းတင်ထားခြင်းခံခဲ့ရပေသည်။ ခေါင်းဆောင်၏အဆင့်အတန်းနှင့် ၎င်း၏ ဩဇာလွှမ်းမိုးမှုအတိုင်း အတာ ကြီးမားကျယ်ပြန့်ပါက ပိုမိုကျယ်ပြန့်သော အတွေးအခေါ် များဖြင့် ပိုမိုကောင်းမွန်သောအကျင့်ကောင်းများ သိရန် လိုပေ သည်။ သံသရာဖြင့်တိုင်းတာပါကလည်း ပစ္စုပ္ပန်အကောင်းကျင့် ခြင်းများသည် ကောင်းသောကံများကို ဖြစ်ပေါ်စေမည် ဖြစ်ပြီး အကျင့်ကောင်းများရရှိလာပါက ထို ကောင်းသော 'ကံ' များ၏ အကျိုးပေးမှုကို ခံစားရမည်ဖြစ်သည်။ မည်မျှကောင်းအောင်



ကျင့်ခဲ့သည်၊ မည်မျှအားကြိုးခဲ့သည်ဆိုသည့်ရလဒ်ပေါ်မူတည်၍ သက်ရှိဘဝ၏ အနာဂတ်အပြင် နောင်ဘဝများသို့တိုင် အကျိုး ပေးမည်ဖြစ်သည်။

(တပင်ရွှေထီးသေရည်ဖြင့်ပျက်စီးစဉ် အိမ်ရှေ့မင်း ဘုရင့် နောင်အား နိုင်ငံ၏ ခနောင်ရေးအတွက် ထီးနန်းသိမ်းပိုက်ရန် အမတ်များ၏အကြံကို ဘုရင့်နောင်က လက်မခံခဲ့။ ကျေးဇူးတရား သိတတ်ခြင်း၊ သမိုင်းအမည်းစက် မထင်ကျန်စေခြင်းသည် အကောင်းကျင့်သူများ၏ စိတ်ပိုင်းဆိုင်ရာ အရည်အသွေး ဖြစ် သည်။ ဘုရင့်နောင်၏ ကောင်းကျင့်မှုများ အလေ့အထ ပိုင်ဆိုင် သောအခါ ထီးနန်းကို မင်းအဖြစ်ရရှိသည်နှင့် ယနေ့တိုင် သမိုင်း ဘမျက်နှာတွင် 'အကျင့်ကောင်း' သူမင်း၊ အရည်အချင်းရှိ 'မင်း' ဘစ်ပါးအဖြစ် ကျော်စောခဲ့ရပါသည်။ မင်းနှင့်ထိုက်တန်သော အကျင့်များရှိသဖြင့်လည်း နိုင်ငံတော်ကို စည်းလုံးညီညွတ်စေခဲ့၊ သာယာဝပြောစေခဲ့သော၊ အခြားတိုင်းပြည်များမှ လေးစားချစ်ခင် ခဲ့ရသောမင်းအဖြစ် မှတ်တမ်းဝင်ခဲ့ရပါသည်။)

'တော်ရန်၊ ထူးချွန်ရန်၊ ထက်မြက်ရန်' ဆိုသော အရည် အချင်းများသည်သာ သာမာန်ထက်ပိုသော အရည်အချင်းများ ဖြစ်ပြီး 'အကျင့်ကောင်းရန်' သည်ကား သာမာန်မျှသော အရည် အချင်းများဖြစ်၍ လူတိုင်း ပိုင်ဆိုင်နိုင်ကြရန်ဖြစ်သည်။ ဟိရိ၊ ဩတ္တပ္ပဟူသော မကောင်းမှုပြုရမည်ကိုရှက်ခြင်း၊ ကြောက်ရွံ့ခြင်း သည် လောက က လက်ခံထားသော ဖြဟ္မစိုရ်တရား ဖြစ်၍ ၎င်းနှင့် မဆန့်ကျင်လျှင်ပင် 'အကောင်းကျင့်သူ' အဖြစ် ရောက်လာနိုင်မည် ဖြစ်သည်။ အလုံးစုံကို 'ငါ' အတွက်ဟူသော အစွန်းရောက် အယူ အဆမှ ဖယ်ခွာနိုင်လျှင် 'အကောင်းကျင့်မှု' ၏ တစ်ဆင့်မြင့် အရည်အချင်း ဖြစ်သည်။ မိမိကိုယ်ကို ပတ်ဝန်းကျင်နှင့် လောကမှ ဘစ်ဦးသာဖြစ်ကြောင်း အသိရှိလျှင် အတ္တနှင့်ပရဟူသော သူ့အကျိုး၊

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အကျိုး မျှတစွာတွေးတောတတ်လာမည် ဖြစ်သည်။ ထိုအတွေးအခေါ်ကိုမျှတစွာမြင်ပြီး ကျင့်ကြံလာပါက ကြာသော် သန္တေအဖြစ်တည်မြဲကာ 'အကျင့်ကောင်းသူ' အဖြစ် အလိုအလျောက် ရရှိလာမည် ဖြစ်ပါသည်။ အသိသည် အမှားအမှန်ကိုရွေးချယ်နိုင်ရန် အရည်အချင်းကို ပေးပါသည်။ စိတ်ဆန္ဒလွန်ကဲမှုကိုနိုင်နင်းလျှင် အမှားအမှန်ကို အလွယ်တကူမြင်နိုင်မည်သာ ဖြစ်ပါသည်။ ယေဘုယျအားဖြင့် လူဟူသည် အတ္တကိုအခြေခံ၍ အမှားအမှန် မချင့်ချိန်နိုင်သော 'မောဟ' ဖုံးလွှမ်းတတ်သဖြင့် အကောင်းကျင့်နိုင်ရန် ခဲယဉ်းသလိုဖြစ်တတ်ပေသည်။ စိတ်၏သာယာမှုကို သဘာဝက ပံ့ပိုးသဖြင့် အကောင်းကျင့်နိုင်ရန်ခဲယဉ်းနေခြင်းသာ ဖြစ်သည်။ အသိကိုအသုံးချနိုင်လျှင် ပညာကိုရရှိနိုင်သော်လည်း၊ အသိကို အသုံးနည်းသူ၊ ပေါ့ပေါ့နေတတ်သူများအဖို့ ရှိသောလက်နက်ကို မသုံးသကဲ့သို့ ဖြစ်ရသည်။ သို့ဖြင့် 'အကျင့်ကောင်းသူ' များနှင့် ဆန့်ကျင်ဘက်သို့ဖြစ်နေကြရသည်။

'အကျင့်မကောင်း' ခဲ့သူများ 'အကောင်းကျင့်' လျှင် ခက်ခဲသော်လည်း 'အကောင်းကျင့်' ပြီးသူများ အလွယ်တကူ 'မကောင်းကျင့်' သူများ ဖြစ်နိုင်ကြပါသည်။ မျက်မှောက်ခေတ်၏ အရာရာအလွယ်တကူရစေမှု၊ နည်းပညာတိုးတက်မှု၊ လူမှု ဝန်းကျင် အခြေအနေ၏ဖိတ်ခေါ်မှုတို့သည် အဖြူမှအမည်းသို့ လွယ်ကူစွာ အရောင် ပြောင်းနိုင်ရသည်။ (အသိတစ်ခု ချွတ်ယွင်းခြင်းသည် အမှန်မှ အမှားသို့လည်းကောင်း၊ အကောင်းမှ အဆိုးသို့လည်းကောင်း အလွယ်တကူ အသွင် ကူးပြောင်းနိုင်၏။ ထို 'အသိ' ကို ချုပ်ကိုင်စေစားနိုင်သည်က 'သတိ' ပင် ဖြစ်သည်။ 'အသိ' နှင့် 'သတိ' ကိုမကွဲကွာစေသမျှကာလပတ်လုံး အမှား၊ အမှန်တို့ကို ဝေဖန်ပိုင်းခြားနိုင်စွမ်း ရှိလာမည်ဖြစ်ပြီး အကျင့်ကောင်း၊ အကျင့်တော်သူများသာ ဖြစ်လာကြမည် ဖြစ်ပါသည်။)



'အသွင်မတူ၊ အိမ်သူမဖြစ်' ဟူသော ဆိုရိုးစကားသည် 'အကျင့်' မတူသူနှစ်ဦး အတူတကွ ရှည်ကြာစွာ နေ၍မရခြင်းကို ရည်ညွှန်းပါသည်။ 'အကျင့်ကောင်းသူ' အချင်းချင်း မွေ့လျော်ကြမည်ဖြစ်သလို 'မကောင်းကျင်' ကြသူအချင်းချင်းလည်း မွေ့လျော်ကြမည်သာ ဖြစ်ပါသည်။ အဖြူအမည်းဆေးနှစ်ရောင်ကို ရောစပ်လျှင် ကွဲကွာနေကြမည် မဟုတ်ဘဲ အားကြီးရာ အရောင်က အားနည်းရာအရောင်ကို လွှမ်းမိုးမည်သာဖြစ်သည်။ ဆန့်ကျင်ဘက်ကျင့်ကြံကြသူနှစ်ဦး အတူတကွ ပေါင်းဖက်ရပါက အားကြီးရာက အားနည်းရာကို လွှမ်းမိုးမည်သာဖြစ်သည်။ သို့မဟုတ်ဘဲ လွှမ်းမိုးမှု ခံယူလိုခြင်း၊ သဟဇာတဖြစ်စွာလက်မခံခြင်း ဖြစ်ခဲ့ပါမူ သီးခြားခွဲထွက်၍ မူလ 'ကျင့်ကြံ' မှုတူရာတွင်သာ ရှင်သန်နိုင်မည်ဖြစ်သည်။ ကောင်းမှုအတွက် ကုသိုလ်ကစောင့်ကြိုနေတတ်ပြီး မကောင်းမှု အတွက် အကုသိုလ်က စောင့်စားထတ်ခြင်းသည် စွမ်းအင် တည်မြဲခြင်းနိယာမသဘောဖြစ်သည်။ ရုပ်ဝတ္ထုများ၏ စွမ်းအင် ထက် စိတ်၏စွမ်းအင်က မယှဉ်သာအောင်ကြီးမားသည်ကို ယနေ့ သက်သေပြရန်မလိုတော့။ ကျင့်ကြံမှုထက်ရုပ်ရောစိတ်ပါ စွမ်းအင် နှစ်ပါးစုပေါင်းရာ ဖြစ်သဖြင့် ကုသိုလ်နှင့် အကုသိုလ်များ ကြီးမား ကြသည်မှာ ယုံမှားသံသယရှိကြမည် မဟုတ်ပါ။ အကျင့်ကောင်း သူများ အကောင်းကျင့်ရာမှ ရသောရလဒ်မှာ 'ကုသိုလ်' တရားများ သာဖြစ်၍ အနာဂတ်သည်လှပသာယာမည်ဖြစ်သလို မကောင်း ကျင့်ကြံ သူများ၏ အနာဂတ်ကို အကုသိုလ်က စောင့်ကြို ပျက်စီးစေမည်မှာ မိမိတို့ပြုခဲ့သော စွမ်းအင်ဆိုင်ရာ တုံ့ပြန်မှုများသာ ဖြစ်သည်။

တစ်ဦးတစ်ယောက်၏အနာဂတ် မည်မျှလှပသည်ကို ထိုသူ၏ အကောင်းကျင့်မှုများမှ ပုံဖော်မည်ဖြစ်သဖြင့် ထို အကောင်းကျင့်မှုများက အများနှင့် မည်မျှသက်ဆိုင်အကျိုး

www.burmeseclassic.com

www.burmeseclassic.com



သက်ရောက်စေသည် ဟူသော ပမာဏအပေါ်တွင် မူတည်မည် ဖြစ်သည်။ အဆိုး ကျင့်ခဲ့သူများမှာလည်း ထိုသဘောရှိပြီး မိမိ၏ မကောင်းကျင့်ကြံမှု သက်ရောက်အားက အများအပေါ် မည်မျှ ပျက်စီးစေခဲ့သည်ဆိုသော အတိုင်းအဆရသာဖြစ်ပြီး ခံစား ပေးဆပ်ရမည် ဖြစ်သည်။ 'တူသောအကျိုးပေး' ဟူသော ဗုဒ္ဓ ဘာသာဝင်တို့၏ ယုံကြည်မှုအရ မိမိပြုခဲ့သော 'ကောင်းမှု' 'မကောင်းမှု' တို့ကို အချိန်ဟူသော အနာဂတ်မှာ ပြန်လည် လက်ခံရရှိရမည် ဖြစ်သည်။

တူသောအကျိုးထက် စွမ်းအင်တည်မြဲခြင်းနိယာမ တစ်ခု ဖြစ်၍ အနာဂတ်ကို မျှော်တွေးနိုင်သောအသိရှိသူများသည် ယုံကြည်စွာဖြင့် ကောင်းသောအကျင့်များကို ကျင့်ကြံသင့်ကြသည်။ သာမာန်လူတစ်ဦးအတွက်ပင်လျှင်အကောင်းကျင့်မှုသည် ဘ၀ တစ်ခု၏အနာဂတ်ဖြစ်လျှင် ဦးဆောင်သူများအဖို့ အကျင့်ကောင်း များအတွက် နတ်လူသာခုခေါ်နိုင်ဖွယ်ရာ ဖြစ်သည်။

■

## အနာဂတ်သို့ကြိုတင်ရောက်ရှိခြင်း

'Time Waits for No Man' ဟူသောအဆုံးအမသည် ချိန်က လူကို မစောင့်ခြင်းနှင့် အချိန်ကို အကျိုးရှိစွာ အသုံးပြုရန် က်တွန်းခြင်းဖြစ်သည်။ အချိန်သည် လောကဓမ္မတာအလျောက် ခုံရွေ့လျားနေသဖြင့် ရပ်တန့်၍မရနိုင်ဟု အားလုံးက တညီ ညွတ်တည်းခံယူထားကြပြီး ဖြစ်သည်။ အချိန်ကို ရပ်တန့်နိုင်ရုံ က အနာဂတ်သို့သွားရောက်၍ လိုရာတည်ဆောက်နိုင်သည်ဟု ဆိုတစ်ရပ် ရှိငြားအံ့၊ အံ့ဩခြင်းကြီးစွာဖြင့် မဖြစ်နိုင်ဟု တုံ့ပြန်ကြ မည်။

ကမ္ဘာကြီးသည် ၂၃½ ဖြင့် မိမိဝင်ရိုးပေါ်တွင် လည်ပတ် ည့်အပြင် လမ်းကြောင်းတစ်ခုဖြင့် နေမင်းကို ထပ်မံလည်ပတ် ည်။ လေယာဉ်ပျံတစ်စီးဖြင့် ကမ္ဘာ့အလျင်နှင့်တူစွာ Orbit မ်းကြောင်းတစ်ခုဖြင့် လည်ပတ်နိုင်သည်ရှိသော် မပြောင်း သောထိုအချိန်တွင်ရှိနေသည်ဟု သိပ္ပံပညာရှင်များက လက်ခံ းသည်။ ကမ္ဘာ့လည်ပတ်မှုအလျင်ထက် ပိုမိုသောအလျင်ဖြင့် းနိုင်သော် Time Difference အရ ထွက်ခွာခဲ့သောဒေသထက် သောအချိန်သို့ရောက်ရှိမည်ဖြစ်ပြီး ဆန့်ကျင်ဘက်သို့သွား သော် အတိတ်သို့ရောက်ရှိသည်ဟု ယူဆဖွယ်ရာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သိပ္ပံပညာ၏ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ဖြစ်သည်။ ရုပ်ဝတ္ထု တစ်ခုကိုအသုံးချ၍ အတိတ်နှင့် အနာဂတ်သို့ သွားရောက်ခြင်း ဖြစ်၏။

ရှေးကတန်ခိုးအရာဖြင့်သွားနိုင်ခဲ့သည်များကို ဘာသာ ကြီးများ၌ တွေ့ရမည်ဖြစ်သည်။ ဉာဏ်အရာဖြင့် မည်သည့် ယာဉ်ကိုမျှ စီးနင်းခြင်းမရှိဘဲ အနာဂတ်သို့ ကြိုတင်ရောက်ရှိနိုင် သည်၊ တည်ဆောက်နိုင်သည်ဟုဆိုလျှင် သာမန်အတွေးရှိသူတို့မှာ 'ဆေးရုံသို့သွားရန်လိုလောက်ပြီ' ဟု ကရုဏာစိတ်ဖြင့် စုတ်သပ်ကြ မည်မှာ မလွဲပါ။ ရုပ်၊ နာမ်နှစ်ပါးဖြင့် ခန္ဓာကိုယ်ကို တည်ဆောက် ကြသည်မှာ ငြင်းဖွယ်မရှိသလို အသိ၊ ပညာ၊ ဉာဏ် များဖြင့် ဘဝနှင့် လောကကိုတည်ဆောက်ကြသည်ဟုဆိုနိုင်လျှင်လည်း ငြင်းမည့်သူ ရှိမည်မဟုတ်ပါချေ။ ထိုအသိပညာများကပင် လူတစ်ဦး၏ ဘဝကောက်ကြောင်းနှင့် ကာလသုံးပါး၏သမိုင်းဖြစ်သည်ဟု ဆိုနိုင်သည်။ လောကနှင့်ဘဝကို တည်ဆောက်သော၊ ကာလ သုံးပါး၏ သမိုင်းကိုဖန်တီးသော ထိုအသိပညာဖြင့်ပင် အနာဂတ်သို့ သွားရောက်ခြင်း တည်ဆောက်ခြင်းဖြစ်သည်။

မည်သို့သွားရောက်၍ မည်သို့တည်ဆောက်မည်နည်းဟု မေးရန်ဖြစ်ပါသည်။ ဗုဒ္ဓက ကံ၊ ဉာဏ်၊ ဝီရိယ၊ ဆန္ဒတို့တွင် ဉာဏ်အရာ၏အင်အားကြီးမားပုံကို အကြိမ်များစွာ ဟောကြားခဲ့ပြီး ဖြစ်သည်။ သုမေဓာရှင်ရသေ့ဘဝကပင် နိဗ္ဗာန်ရရှိနိုင်ခွင့်ရှိခဲ့ သော်လည်း သုံးလောကထွန်းထားဘုရားရှင်အဖြစ် လောကသားတို့ ကို ကယ်တင်ရန် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်သော အနာဂတ်ကို ဉာဏ်အားဖြင့် မျှော်မှန်း၍ ပါရမီဖြည့်ကြိုတင် တည်ဆောက်ခဲ့ပေသည်။ ကံတရား၏ အင်အား အရှိန်အဟုန်ကို မည်သည်ကမျှမလွှမ်းမိုးနိုင်သည့် မှန်သော်လည်း အသိပညာ ရှိသည်နှင့် ကောင်းသောကံများ မွေးမြူ၍ အချိန်တန်ရင့်မှည့်



သောကာ အကျိုးကျေးဇူးကို ပညာဖြင့် ခံစားနိုင်ပါသည်။ ဉာဏ်သည် ကံကိုဖန်တီးနိုင်သည်ဟု ဆိုနိုင်ပါသည်။

အရွယ်သုံးပါးတွင် ပဌမအရွယ်၌ပညာသင်၍၊ ဒုတိယ အရွယ်၌ ဥစ္စာနှင့် အတွေ့အကြုံများကို ရှာကြံကြသည်၊ တတိယ အရွယ်၌ နောင်ဘဝအတွက် ပြင်ဆင်ကြရသည်။ ပညာသင်ခြင်း ဆိုလျှင် ဒုတိယအရွယ်ဥစ္စာရှာနိုင်ရန် ကြိုတင် ပြင်ဆင်ခြင်း ဖြစ်သည်။ သို့သော် သာမန်လူသားတို့ ယေဘုယျ ဆောင်ရွက်ခြင်း များသာ ဖြစ်သည်။ အနာဂတ်ထဲသို့ ထဲထဲဝင်ဝင် ရောက်ရှိခြင်း မရှိပါချေ။ ထင်ရှားသည်ဟုယူဆသော ဥပမာတစ်ခုမှာ လူတစ်ဦး သည် အသက် ၄၀ အရွယ်တွင် အများ ယေဘုယျသဘောရရှိ သည့် ပညာ၊ အတွေးအခေါ်၊ အတွေ့အကြုံကို ရရှိမည်မှာ ဘာမျှ ထူးခြားသည် မဟုတ်ပါ။ အခြားသူတစ်ဦးမှာ ကြိုးစားခြင်း၌ အသိနှင့် ပညာကို ကောင်းစွာအသုံးချနိုင်ခဲ့၍ သာမန် အများ အသက် ၄၀ ၌ရသော အတွေ့အကြုံ အတွေးအခေါ်နှင့် စွမ်းရည် များကို ထိုသူ အသက် ၃၀ အရွယ်၌ရရှိခဲ့သော်၊ ထိုလူတော်သည် သာမန် ထက် ဆယ်နှစ်မျှသော အနာဂတ်ခရီးသို့ ရောက်ရှိခဲ့ပြီးဟု ဆိုကြည်နိုင်ပြီ ဖြစ်သည်။ ထိုသူ ပြင်ဆင်၊ တည်ဆောက်ခဲ့မှုများသည် အနာဂတ်ကို ဝင်ရောက်၍ တည်ဆောက်နေခြင်း ဖြစ်သည်။ ဉာဏ်သည်ကို မည်မျှဆန္ဒရှိသည်၊ ဝီရိယထားသည်၊ ပညာမည်မျှ အသုံးချနိုင်သည်ပေါ်မူတည်၍ မည်မျှ အနာဂတ်သို့ကြိုတင် သွားရောက် တည်ဆောက်နိုင်သည်ဟု ချိန်မှန်းနိုင်မည်ဖြစ်သည်။

ခွန်အားအရာ၌ တစ်ဦးနှင့်တစ်ဦး ပြောစမှတ်မကွာခြား ကြသော်လည်း ပညာအရာ၌ သမိုင်းဝင်တမျှ ကွာခြားနိုင်ကြပါ သည်။ 'ဗုဒ္ဓ'ဟူသောအနက်သည် 'အတုမရှိပညာ' ဖြစ်သဖြင့် ဗုဒ္ဓ၏ လောကအမြင်များ၊ ကျင့်စဉ်များ၊ ဒေသနာများသည် နှစ် ၂၅၀၀ ကျော်သော အနာဂတ်ထိ ထဲထဲဝင်ဝင်ရှိနေပါသည်။ မြ ရာစုက

www.burmeseclassic.com



ပေါ်ထွက်ခဲ့သော ကွန်ဖြူးရှပ်စ်၊ ဆွန်ဇူးတို့၏ ပညာအခြေခံဒဿနများပင်လျှင် ယနေ့လူသားတို့ အသုံးပြုနေရဆဲ၊ တန်ဖိုးဝင်ဆဲဖြစ်၍ ပညာအင်အားနှင့် လောကရတနာများ ဖြစ်ခဲ့ပေသည်။ ဗုဒ္ဓ၏ဒေသနာများကား ဘဝတစ်ခုတည်းဟူသော အတိုင်းအတာထက် များစွာပိုမိုကျော်လွန်၍ နောင်ဘဝများသို့တိုင် ကြိုတင်ပြင်ဆင် တည်ဆောက်နိုင်သလို သံသရာဝဋ်ဆင်းရဲမှ ကင်းလွတ်သော သန္တိသုခ၊ နိဗ္ဗာန်သို့သွားရာ ပညာလမ်းကြောင်းအဖြစ် ဩဇာကြီးမားဆဲဖြစ်သည်။

သဘာဝတရားသည် တစ်ဦးနှင့်တစ်ဦး ခွန်အားအရာမှာ အလွန်အမင်း မကွာခြားစေရန် ဖန်တီးခဲ့သော်လည်း ပညာအရာတွင် အတိုင်းအဆမရှိ ကွာခြားနိုင်စေရန် ခွင့်ပြုထားခဲ့သည်။ မည်မျှထိုးထွင်းမြင်နိုင်သည်၊ မည်မျှပညာရှိသည်တို့တွင် တစ်ဦးနှင့်တစ်ဦး စွမ်းရည်ပမာဏ ဆီးစေ့နှင့်မြင်းမိုရ်မျှမက ကွာခြားနိုင်ကြပါသည်။ သို့ဆိုလျှင် လူတိုင်းသည် အလွန်အမင်းမကွာခြားသော ခွန်အားအရာပြိုင်ဆိုင်ခြင်းထက် ဉာဏ်ပညာစွမ်းရည်အရာတွင် ပြိုင်ဆိုင်ခြင်းက ပိုမိုခရီးရောက်ရှိလိမ့်မည် ဖြစ်သည်။ ဤအချက်ကိုသိရှိကြပြီး ဉာဏ်စွမ်းရည်ပြိုင်ဆိုင်ကြရာမှ ယနေ့ပညာခေတ်သို့ ရောက်ရှိ လာကြခြင်း ဖြစ်သည်။ အရာရာတွင် မည်မျှ ပညာကို အခြေခံသနည်းဟု အမေးရှိသော် . . . Knowledge Base Economy, Knowledged Community, Knowledged Political စသဖြင့် စီးပွားရေး၊ လူမှုအဖွဲ့အစည်းသာမက ပညာအခြေပြု နိုင်ငံရေးများအဖြစ် နေရာတိုင်း၊ အချိန်တိုင်းမှာကိုပင် ဖြစ်နေစေပါသည်။

(ပညာအခြေမခံခဲ့သူတစ်ဦးသည် အသက်မသေသော်လည်း ဘဝရှင်သန်နိုင်မည်မဟုတ်၊ အနာဂတ် သာယာမှုအတွက် အာမခံချက်ရှိမည်မဟုတ်သလို ပစ္စုပ္ပန်သည်လည်း အလှတရား



များနှင့် ကင်းကွာနေပါသည်။ ပညာသည်သာ ဘဝ၊ ပညာသည်သာ အကောင်းဆုံးလက်နက်၊ ပညာသည်သာအလုံခြုံဆုံးသောနေရာနှင့် ပညာသည်သာ အကြွယ်ဝဆုံးသောကျန်းမာရေး ဖြစ်သည်။ ပညာမဲ့ခြင်းသည် အသက်ရှိလျက်ဘဝသေခြင်းတစ်မျိုး ဖြစ်ပြီး အဖန်တီးခံဘဝမျှသာ ဖြစ်သည်။ ပညာရှိခြင်းသည် အနာဂတ်ရှိခြင်းဖြစ်ပြီး ဖန်တီးနိုင်စွမ်းရှိသော ဘဝပိုင်ရှင်များ ဖြစ်သည်။)

Brain Storming ဟူသည် ဦးနှောက်အလုပ်ပေးခြင်း ဖြစ်ပါသည်။ မသွေးသောဓား မထက်သည်မှာ ဓမ္မတာဖြစ်၍ အသုံးမပြုသော ဦးနှောက် ခပ်ချာချာ ဖြစ်မည်မှာလည်း သဘာဝတစ်ခုဖြစ်ပါသည်။ မြန်မာလူမျိုးအများစုသည် ခန္ဓာကိုယ်ပင်ပန်းမှုတွင်ခံနိုင်ရည်ရှိကြသော်လည်း ဦးနှောက်သုံးရမည်ကို ငြီးငွေ့ကြသည်။ သမထ-ဝိပဿနာ ကျင့်ကြံရာတွင် ပထမဆယ့်ငါးမိနစ်တွင် သွေးလေ မလျှောက်ခြင်း၊ စိတ်မတည်ငြိမ်ခြင်း စသော အခက်ခဲများကြုံရမည်မှာ ဓမ္မတာဖြစ်ပါသည်။ ထို ၁၅ မိနစ်ကို ကျော်လွန်နိုင်ခဲ့လျှင် အေးချမ်းမှုတစ်ခုကို စတင်ခံစားရမည်ဖြစ်ပြီး Brain Storming ဟူသော ဦးနှောက်အလုပ်ပေးခြင်းတွင်လည်း ခရီးမတိုးနိုင်သော စဉ်းစားမှု တစ်ခုကို ကြိမ်ဖန်များစွာ လေ့ကျင့်လျှင် ရလဒ်အသစ်၊ အသိသစ်များဖြင့် အလှအပများကို တွေ့ရမည်ဖြစ်သည်။ အလေ့အကျင့်၊ အတွေ့အကြုံမရှိဘဲ ဆုံးဖြတ်ချက်များ အားလုံးသာ မှန်နေပါလျှင် 'ပညာ' ဆိုသောအရာ ပေါ်လာမည်မဟုတ်ပါ။ တန်ဖိုးမရှိလျှင် ယနေ့ကျောင်းများ၊ တက္ကသိုလ်များ သည်း ပိတ်ထားရပါလိမ့်မည်။

(အမြဲတမ်း စဉ်စား၊ သုံးသပ်၊ တွေးခေါ်၊ ရှုမြင်နေခြင်းသည် Self Brain Storming ဖြစ်ပါသည်။ ပညာကို အသွားထက်စေသော အလုပ်လည်း ဖြစ်ပါသည်။)တွက်နေကျပုစ္ဆာတစ်ခုကို တွေ့လိုက်သကဲ့သို့ ပြဿနာတိုင်းကို အခြေခံကျကျ ရှုမြင်တတ်ကာ

www.burmeseclassic.com

www.burmeseclassic.com



အဖြေကိုအလိုအလျောက်ရရှိပြီး ဖြစ်ပါလိမ့်မည်။ အမှန်ကိုမြင်ခြင်း အကောင်းဆုံးသောနည်းလမ်းကို ရွေးချယ်တတ်ခြင်းတို့၌ သက်လုံကောင်းလာပါလိမ့်မည်။ ပညာသည် မောဟ၏ ဆန့်ကျင်ဘက်ဖြစ်၍ အမှား၊ အမှန်ကို ဝေဖန် ပိုင်းခြားတတ်နိုင်သော စွမ်းရည်ထူးများ ရှိနေပါသည်။ ပညာမဲ့သူများသည် အမှန်ကို မစဉ်းစားနိုင်သည်ဖြစ်၍ အမှားများများလုပ်လေ့ရှိပါသည်။ အမှားအမှန်ကိုပင် ခွဲခြားသိမြင်နိုင်သောကိုယ်ခံစွမ်းအား မရှိ၍ လုပ်သမျှအမှန်ဟုပင် ထင်တတ်ကြပါသည်။ မည်မျှ အမှားလုပ်နိုင်သနည်းဟု အမေးရှိသော် ကံပေး၍သမ္မတဖြစ်လာသော ယူဂန္ဒာသမ္မတ အေဒီအာမင်ပင်လျှင် လုပ်သမျှအမှားကိုအမှန်ထင်၍ သမိုင်းစာမျက်နှာ အရုပ်ဆိုးစွာထင်ကျန်ရစ်သည့်အဖြစ် ဖြစ်ခဲ့ရပါသည်။ ပညာမဲ့သူသည် လူမှုအဖွဲ့အစည်းကခွင့်မလွှတ်နိုင်သော အမှားမျိုးအထိ ကျူးလွန်နိုင်ကြပါသည်။ ဒေါသ၊ မောဟ၊ မစ္ဆရိယစကားများဖြင့် အပေါင်းအဖော်ပြုတတ်ပါသည်။

(အနာဂတ်ကိုမြင်နိုင်စွမ်းမရှိခြင်း၊ အကျိုးရလဒ်ကို မတွက်ချက်နိုင်ခြင်းတို့သည် ပညာမဲ့သူတို့၏ စရိုက်လက္ခဏာ ဖြစ်ပါသည်။ ကောင်းသောအကြံဉာဏ်ကို လက်မခံနိုင်ခြင်း၊ 'ငါ' သာမှန်သည်ဟူ အယူအဆရှိခြင်းတို့သည် ပညာမဲ့သူတို့၏အသိ အတိုင်းအဆ တစ်ခုဖြစ်သည်။) လှံစူးစူး၊ ဓားထက်ထက်ဖြင့် ယှဉ်ပြိုင်နေရသော ခေတ်တွင် ပညာမဲ့သူတို့၌ အကာအရံမဲ့နေကြ ရပါသည်။ တော်ရုံတတ်သိရုံမျှသာသောအရည်အချင်းများဖြင့် စွမ်းရည်လုံလောက်မှု မရှိတော့သောခေတ် ဖြစ်ပါသည်။ ပညာတန်ဖိုးကို ပညာရှိသူများသာသိကြပါသည်။ တန်ဖိုးထားကြပါသည်။ အလေးအနက်ပြု၍ အသိအမှတ်ပြုကြပါသည်။ (လောကကျင့်ဝတ်အရ အသက်အရွယ်ကြီးလျှင် ရိုသေမှုကိုသာရရှိမည် ဖြစ်သော်လည်း ငယ်လူမှာ တကယ်တော်လျှင် 'လေးစားမှု' ကို ရရှိမည် ဖြစ်ပါသည်။) ပညာ၏



အင်အားအတိုင်းအဆ ဖြစ်ပါသည်။ ရိုသေလေးစားမှုကိုခံယူရရှိရန် ကြိုးစားကြရမည်ဖြစ်ပါသည်။ ဖွံ့ဖြိုးတိုးတက်ပြီးသော စက်မှုနိုင်ငံများသည် ပညာအခြေခံခဲ့ပါသည်။ ပညာ၏အခက်အလက် ဖြစ်သော 'စက်မှုအတတ်' ဖြင့် နိုင်ငံတော်ကိုတည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ယနေ့ တရုတ်နိုင်ငံသည် ပညာတန်ဖိုးကိုထဲထဲဝင်ဝင် သိရှိပြီးဖြစ်သဖြင့် အနောက်နိုင်ငံမှ 'အဆင့်သင့် ပညာများ' ကို ရသလောက်၊ ရသည့်နည်းလမ်း ဖြင့် စီးဝင်စေခဲ့ပါသည်။

('မှန်ပြီ၊ ရပြီ' ဟု အတွေးတစ်စ ရပ်ခြင်းသည် ၊ မရပ်မနား ပြေးနေကြသော ပစ္စုပ္ပန်ကမ္ဘာကြီးတွင် 'စတင်နောက်ဆုတ်' နေသူ ဖြစ်ပါသည်။ 'များများတွေးခြင်း' သည်ပင်လျှင် တော်ရုံကျဖြစ်၍ မည်မျှ 'နက်နက်' တွေးခေါ်နိုင်သည်ဆိုခြင်းမှသာ 'ရှေ့တန်း' သို့ ရောက်ရှိမည်ဖြစ်ပါသည်။) လူ၏သဘာဝမှာ သက်သောင့်သက်သာ ရှိမှုအပေါ် ကျေနပ်သာယာတတ်ကြပေသည်။ အပင်ပန်းခံလိုစိတ် နည်းပါသည်။ အသိနှင့်ပညာက လှုံ့ဆော်သည်နှင့် ကြိုးစားမှု၊ ဝီရိယ တို့ကို စတင်ဖြည့်စွမ်းပါသည်။ (နေ့စဉ်နှင့်အမျှ နည်းနည်းစီ အပင်ပန်းခံခြင်းသည် တစ်ချိန် ပညာမဲ့၍ ချောက်ထဲကျသော သောက၊ ဒုက္ခထက် သာလွန်ကောင်းမွန်သောကြိုးစားမှု ဖြစ်သည်ကို သိနိုင်ပါသည်။ အသိဉာဏ်ရှိသောလူသားများဖြစ်၍ နေတတ်၊ ရှင်သန်တတ်၊ သေတတ်ကြရန် လိုအပ်ပါသည်။) အနာဂတ်အတွက် ကြိုတင်ပြင်ဆင်တတ်ကြရန် ဖြစ်ပါသည်။ ထို့ထက်ပို၍ အနာဂတ်သို့ သွားရောက်မွမ်းမံတတ်နိုင်ရန် ဖြစ်သည်။

အချို့သူများ ဆန္ဒရှိကြပါသည်။ ဝီရိယမဲ့၍ အကောင်အထည်ဖော်သည့် အဆင့်သို့ မရောက်ရှိကြပါ။ ဆန္ဒသည် ဆန္ဒအဆင့်၌ ရပ်မနေသင့်ပါ။ ဆန္ဒမရှိ၊ ဖြစ်ချင်မှုမရှိသောသူများထက်စာလျှင် တော်သေးသည်ဟု ဆိုဖွယ်ရာရှိသော်လည်း လေထဲ တိုက်အိမ်ဆောက်သူများ၊ စိတ်ဖြင့်အရုပ်ရေးသူများသာ ဖြစ်ပါ

www.burmeseclassic.com

www.burmeseclassic.com



သည်၊ အကောင်အထည်ဖော်ရာ၌ပင် မည်မျှ အသိနှင့် အတတ် ခေ အခြေခံသည်ဟူသော ရလဒ်များ ကွာခြားရဦးမည် ဖြစ်သဖြင့် ပညာသိ ပညာရှိဖြစ်ရန်ဖြစ်သည်။ ကုဋေရှစ်ဆယ် သူဌေးသား ခွက်ဆွဲရခြင်းသည် ပညာမဲ့ခြင်းကိုမီးမောင်းထိုးပေးသော သင်ခန်းစာ ဖြစ်သဖြင့် ယနေ့လူသားများ ပညာမဲ့လျှင် ဆိုဖွယ်ရာရှိမည် မဟုတ်ပါ။

(အတွေ့အကြုံသည်ပညာမမည်ပါ။ အတွေ့အကြုံများ၍ ဆင်ခြင်နိုင်သော စွမ်းရည်ကိုသာ ရရှိပြီး၊ ပညာကြီးသူများ အတွေ့အကြုံ အနည်းငယ်မျှဖြင့် ဖြစ်ထွန်း အောင်မြင်နိုင်ကြခြင်းသည် စွမ်းရည်နှစ်ပါး၏ကွာခြားမှုကို ပြသော ပြယုဂ် ဖြစ်ပါသည်။) မဟော်သဓာကိုပညာရှိအဖြစ်သတ်မှတ်သည့်အရွယ်မှာ အသက် ၇၀ ကျော်မှ သတ်မှတ်ခြင်းမဟုတ်ပါ။ ဆယ်ကျော်သက်အရွယ်မှာပင် ပညာရှိဟု တိုင်းကျော် ပြည်ကျော်၊ ကျော်ကြားသည်ကို လေ့လာလျှင် အတွေ့အကြုံထက် မြော်မြင်နိုင်သောစွမ်းရည်က ပိုမို သောကြောင့်ဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ အတွေ့အကြုံသည် လိုအပ်သောစွမ်းရည်တစ်ပါး ဖြစ်သော်လည်း တတ်သိလိမ္မာခြင်းဟူသော စွမ်းရည်ကသာ ပိုမိုကြီးမားကြောင်း ထင်ရှားသဖြင့် ယနေ့ လူငယ်များ အတွေ့အကြုံနည်း၍ လူတော်ပညာရှိဖြစ်ခွင့်ရှိကြောင်း သတ္တိမွေးနိုင်မည် ဖြစ်သည်။ အတွေ့အကြုံရှိ လူကြီးများကလည်း 'ဒီကောင်ငါ့ထက်ငယ်ပါတယ်' ဟူသော တလွဲ မစ္ဆရိယစိတ် ထားမည့်အစား သူ့အရွယ်မှာ သူလုပ်နိုင်သလို ငါရောလုပ်နိုင်ခဲ့သလားဟူ၍ ပြန်လည် ဆန်းစစ်သင့်သည်။ ဤသို့ဆိုခြင်းသည် စွမ်းရည် ထက်မြက်စေရန်သာရည်ရွယ်၍ 'ရှိသေမှု'ကိုမထီမဲ့မြင် ပြုရန် မဟုတ်ပါချေ။ (ဉာဏ်ရည်ထက်မြက်သောခေတ် ဖြစ်သဖြင့်လည်း အချို့အတွေ့အကြုံများကို လုပ်ကြည့်ပြီးမှရယူခြင်းထက် အတွေ့အကြုံရှိ လူကြီးများ အကြံဉာဏ်မှတစ်ဆင့် ရယူသင့်သည်။



ညာ၏ ထူးခြားသော အရည်အချင်းမှာ အမှားအမှန်ကို ခွဲခြား မြင်ပြီး အမှန်ကိုရွေးချယ်နိုင်စွမ်းရှိခြင်း ဖြစ်ပါသည်။ ထိရောက်မှု မ်းအား ပိုမိုခြင်းဖြစ်သည်။ အနာဂတ်ကို ပိုင်စိုးခြင်းလည်း ဖြစ်သည်။ အဖန်တီးခံမဟုတ်၊ ဖန်တီးရှင်များလည်း ဖြစ်သည်။) င့်သော အဖွဲ့အစည်းများနှင့် နိုင်ငံကို ဦးဆောင်မှုပေးသော ဒေါင်းချမှတ်သူများတွင် ယနေ့အခါ၌ မည်မျှ မြော်မြင်နိုင်စွမ်း ရှိသော ပညာတတ်များကို နေရာပေးလာကြခြင်းသည် မည်မျှ ညာရှိကို ရှေ့တန်း၌ တန်ဖိုးထားကြသည်ကို ပြခြင်းဖြစ်သည်။

ဥစ္စာကိုခိုးယူ၍ရပါသည်၊ အမွေဖြင့်လည်း ရယူနိုင်ပါ သည်။ ပညာကို ဆည်းပူးခြင်း၊ လက်ဆင့်ကမ်းခြင်း၊ မျှဝေခြင်း၊ င်ကြားခြင်းဖြင့်သာ ရယူနိုင်ပါသည်။ ရုပ်၊ ခန္ဓာမရှိသော ပညာ သည် ကိုင်တွယ်၍မရ (Abstract) သော်လည်း စွမ်းရည်ကြီးမား သည်။ တန်ဖိုးရှိရတနာ ဖြစ်ပါသည်။ အများအကျိုးအတွက် ဆောင်ကြဉ်းနိုင်ပါသည်။ အသိအခြေခံသော ပညာကမ္ဘာတွင် နှဆက်သစ်များ ပညာတတ်ရန် လိုအပ်ပါသည်။ ပညာ တတ်မှ င်ဆင့် ပညာကိုအသုံးချနိုင်သော ပညာရှိများ ဖြစ်လာကြပါ သည်။ သို့မှသာ အနာဂတ်ကို ကြိုတင်သွားရောက်၍ တည်ဆောက် င်သော ဗိသုကာများ ဖြစ်လာကြမည် ဖြစ်ပါသည်။

■

www.burmeseclassic.com

www.burmeseclassic.com

# သတိမူလျှင်

'သတိမမူ ဂုမြင်' ကို ငယ်စဉ်က ပေါ့ပေါ့ဆဆ တွေး
သော်လည်း တန်ဖိုးကြီး အမှားတစ်ရပ် ဖြစ်သည်ကို အသ
ရသည်နှင့်အမျှ ကျေးဇူးတင်ရပါသည်။ ပုံပြင်တစ်ခုမှာ မြင်းခွ
သံမှိုတစ်ချောင်း သတိမမူ မရိုက်မိသဖြင့် တိုင်းပြည် ဆုံးရှုံးရသော
ဖြစ်ရပ်ဖြစ်သည်။ တိုင်းပြည်ကို ရန်သူအဝိုင်းခံရသော အခြေအ
တွင် စစ်ကူအတွက် မဟာမိတ်သို့ ဆက်သားစေလွှတ်ရာ မြင်းခွ
သံမှိုမပြည့်စုံ၍ လိုရာခရီးမရောက် မြင်းသေပြီး စစ်ကူမရသော
ကြောင့် တိုင်းပြည်ဆုံးရှုံးရခြင်း ဥပမာဖြစ်သည်။ ရှုပ်ထွေး ခက်ခဲ
သိမ်မွေ့စွာမုန်တိုင်းထန်သော ယနေ့ကမ္ဘာ့စီးပွားရေး၊ နိုင်ငံရေး
စစ်ရေး အထွေအထွေတို့တွင် သတိတစ်ချက်သည် အသက်တ
သောတန်ဖိုးအထိသို့ပင် ရောက်ရှိနေရပေပြီ။ အရာရာအဘ
ဘက် ပြည့်စုံအောင် မတွက်ချက်ဘဲ ရည်မှန်းချက် ဖြည့်ဆည်း
တစ်ခုကိုသာ ဦးစားပေးဆောင်ရွက်မိလျှင် နောက်ဆက်တွဲပြဿနာ
(Consequences) များ၏တန်ဖိုးမှာ လွန်စွာကြီးမားမည်ဖြစ်သည်
အခန့်မသင့်လျှင် ဘဝဆုံးပါးနိုင်သည်။

ငယ်စဉ်က လူကြီးများ၏ 'ဒီကောင်ကြီးလာ
ထွန်းကားမယ့်ကောင် မဟုတ်ဘူး' 'ဒီကလေးကတော့ အား
ရလိမ့်မဟော့ . . .' ဟူသော အနာဂတ် မှတ်ချက်များ



ားခိုက်တွင် 'လွန်ရန်ကော' ဟု စိတ်ထဲမကျေမနပ် ဖြစ်မိသည်။
ဘို့အရွယ် ကိုယ်ရောက်သည့်အခါမှ ဟုတ်ပါလားဟု အသိရှိ
က်ခံလာပါသည်။ စိတ်နှင့်လူ၏သဘာဝ၊ အလေ့အကျင့်တို့ကို
ငှသဖြင့် ဘဝတစ်လျှောက် ဖြတ်သန်းခဲ့ရသော အတွေ့အကြုံ
း ပေါင်းစပ်ကာ Instinct ဟူသော အာရုံမှ ထွက်လာသည့်
ဘချက်များဖြစ်သဖြင့် ရာနှုန်းပြည့်ဟုမဆိုနိုင်သော်လည်း အမှန်
ားသည်ဟု ထင်မြင်ချက်ပေးနိုင်မည် ဖြစ်ပါသည်။ မိမိနှင့်
ကျောင်းနေဖက် အစ်ကိုဝမ်းကွဲတစ်ယောက် စာတော်သည်၊
က်ကောင်းသည်၊ သို့သော်လည်း ဘယ်တော့မှ မှတ်ချက်ကောင်း
ရှာခဲ့ သူကိုယ်စားစိတ်ထဲမှမခံချင်ခဲ့။ ထိုအစ်ကိုဝမ်းကွဲမှာ
ယ်စဉ်က ဉာဉ်ဆိုးကို သတိမူစွာမပြင်ဆင်ခဲ့၍ ယနေ့တိုင်
သာကစံ၏ လှိုင်းအောက်တွင် အလူးအလဲခံနေရဆဲဖြစ်သည်။
ဘ်ဝန်းကျင်သို့ ဝင်ဆံ့နိုင်ခြင်း မရှိခဲ့။ အဆုံးစွန် အထိမှာမူ
ောင်နှမအရင်းများနှင့်ပင် အဆင်ပြေစွာ ဆက်ဆံနိုင်ခြင်း မရှိသေး
ချေ။ စရိုက်တစ်ခုနှင့် ဉာဉ်ဆိုးကို သတိမမူခဲ့သောကြောင့်ဟုသာ
သုံးသပ်ချက် ပြုရပါလိမ့်မည်။

နိစ္စဓူဝ နေ့စဉ်လုပ်ငန်းဆောင်တာတို့တွင် သတိရှိစွာဖြင့်
ဆောင်ရွက်ကြသူတို့ နည်းပါးကြသည်။ မည်သို့ သတိရှိရမည်၊
ည်မျှသတိရှိရမည်ဟူသောမေးခွန်းတို့သည် မေးကောင်းသော
ေးခွန်းများ ဖြစ်ကြပါလိမ့်မည်။ အတုမရှိ ဗုဒ္ဓက 'အပ္ပမာဒေန
ပ္ပာဒေထ' ဟူ၍ အဆုံးအမထားခဲ့သည်။ မမေ့မလျော့၊ မပေါ့မဆ
ြင်းပြထက်သန် မှန်ကန်သောသတိတရားဖြင့် သီလ၊ သမာဓိ
ညာဟုဆိုအပ်သော သိက္ခာသုံးပါးတို့ကို ကိုယ်စီကိုယ်င ပြည့်ပ
ောင် ကြိုးစားအားထုတ်နိုင်ရန် ဖြစ်သည်။ လောကီ-လောကုတ္တရာ
ြာအတွက် ပြည့်စုံစွာ မှန်ကန်သောအကျိုးရရှိနိုင်ရန် 'သတိ'
ည် အခြေခံလိုအပ်သောအရည်အချင်း ဖြစ်ပါသည်။ 'သီလ၊

www.burmeseclassic.com



သမာဓိ၊ ပညာ' ဟုသုံးသည်နှင့် လောကုတ္တရာဘက်ရောက်သွား
သည်ဟု မှတ်ချက် မစောသင့်ပေ။ လောကီရေးရာနှင့် အတူ
လောကုတ္တရာ အတွက်ပါ အကျိုးထူးစေသည့်အခြေခံအရည်အချင်း
များ ဖြစ်ပါသည်။ လုပ်၍မဖြစ်လျှင် 'ပုံချတတ်လေ့ရှိသော'
အကြောင်း လေ့လာလျှင် ပညာရှိသည်နှင့် သီလ၊ သမာဓိတို့၏
စွမ်းအားကို မြင်ကာ ထိုအရည်အချင်းသုံးရပ်ဖြင့် 'ကောင်းသော
ကံများမွေးမြူ' ၍ရကြောင်း သတိမူမိမည်ဖြစ်သည်။ ပညာရှိသော်
လည်း ထိုပညာကိုအကျိုးဖြစ်ထွန်းရန် သီလ၊ သမာဓိဟူသော
အရည်အချင်း နှစ်ပါးဖြင့် ပေါင်းပေးရန် လိုအပ်ပါသည်။

အတိတ်ကံကောင်း၍ အကျိုးပေးခံနေရဆဲ သူများ
လည်း ထိုအကျိုးကို ဆက်လက်ခံစားနိုင်ရန် ပညာသတိ ရှိဖို့ လိုအပ်
ပါသည်။ မနေ့က မာစီးဒီးစီး၍ ယနေ့ ဘတ်စ်ကား တိုးစီးနေ
သူများကိုလေ့လာလျှင် သီလ၊ သမာဓိ၊ ပညာကို သတိဖြင့် အသုံး
မချခဲ့၍ ဖြစ်သည်။ မိမိဘဝလမ်းကြောင်းကို သတိဖြင့်မဖော်
လုပ်ခဲ့၍ဖြစ်သည်။ အတိတ်၏အကုသိုလ်များ အားကြီးလွန်း၍ 'ကျ
ခဲ့လျှင်ပင် ပညာသတိရှိပါက 'အကျ နာမည် မဟုတ်' ပါ
ပညာသတိသည် တက်လျှင် 'ပို၍မြင့်မြင့်' တက်စေပြီး ကျလျှင်
'အနာတရနည်းစွာ' ကျစေမည်ဖြစ်ပါသည်။('မည်သို့ သတိရှိရမည်'
ဟူသောမေးခွန်းအတွက် 'ပညာနှင့်ယှဉ်၍ သတိရှိရန်လိုသည်'
ဟူသောအဖြေသည် လျော်ကန်မည်ဟု ယူဆပြီး 'မည်မျှသတိ
ရှိရမည်' ဟူသော စောဒကအတွက် 'ဆောင်ရွက်မှု တိုင်း' မှာ
သတိရှိလျှင်ပိုကောင်းသည်ဟု အမြင်ဖလှယ်နိုင်ခွင့်ရှိမည် ထင်ပါ
သည်။)

သတိတရားသည် လောကီဘဝတစ်ခုလုံးအတွက်မျှသာ
တန်ဖိုးကြီးသည် မဟုတ်ဘဲ နောက်ဘဝအထိ အကျိုးများပါသည်။
'ဇောစိတ်' တို့၏သဘာဝနှင့် အင်အားကို လေ့လာမိသူတို့က



မည်သည့်'ဇော' က မည်သည့်ဘဝအထိ သက်ရောက်နိုင်သည်ကို
သိရှိကာ သေခါနီးအထိ သတိတရားအပေါ်အသိတရားထားနိုင်
ရန် ကြိုးစား ကြပါသည်။ ဘဝတစ်ခု တည်ဆောက်ရာတွင်
သတိတရားသည် အလုံးစုံထက် ပို၍ရှိသင့်သော အခြေခံ အရည်
အချင်း ဖြစ်ပါသည်။ ပိုမိုတိုးတက်သောသူတို့က 'Quality of Life'
ဟူသော ဘဝ၏တန်ဖိုး ပိုမိုရရှိစေရန် 'ပညာသတိ' ထားကြပါသည်။

သွားရာလမ်းတွင် အမှိုက်တွေ့လျက် မကောက်တတ်သူ၊
ဘာလုပ်လုပ် တစ်ခုခု ကျန်တတ်သူတို့၏ အနာဂတ်ကို ခန့်မှန်းနိုင်
မည်ဖြစ်သည်။ 'ကံ' ပေး၍ ခေါင်းဆောင်ဖြစ်ခဲ့လျှင်ပင် ပြည့်စုံစွာ
အုပ်ချုပ်နိုင်သော ခေါင်းဆောင်ကောင်း ဖြစ်မည်မဟုတ်ဘဲ ကာလ
တိုတစ်ခုအတွင်းဖြစ်လည်း ကျဆုံးမည်ကို ဗေဒင်မေးစရာလိုမည်
မဟုတ်ပါချေ။ တကျိုကျိုအော်နေသော ဟိုတယ်အဝင် ပင်မတံခါးကို
ပြုပြင်ရကောင်းမှန်းမသိသောမန်နေဂျာကို မိမိ လုပ်ငန်းထဲတွင်
တွေ့ခဲ့ဖူးပါသည်။ လူမှုရေး သံယောဇဉ်ဖြင့် နေရာပေးထား
သော်လည်း ထိုသောပြင်ဆင်မှုကို တာဝန်ရှိသည်ဟု သတိမမူမိ
သော မန်နေဂျာမှာ ဟိုတယ်တစ်ခု တိုးတက်ရန် ကောင်းစွာ
အုပ်ချုပ် ထိန်းသိမ်းနိုင်မည်ဟု မည်သူမဆို သံသယ ရှိမည်မှာ
သွဲမည်မဟုတ်ပါ။

အချို့ ဘဝနှင့်ယှဉ်၍သတိရှိကြသည်။ 'ဘဝနာ' ခဲ့သူများ
ဟု ပတ်ဝန်းကျင်က ကင်ပွန်းတတ်ကြသည်။ အချို့ တစ်ခဏ
သာမျှသာ သတိရှိကြသည်။ ငါးပိရည်ဖြင့် လက်ရည်တစ်ပြင်စီး
သားစဉ်က ဘာမှပြဿနာမရှိခဲ့ကြသော အိမ်ထောင်ရှင်များ
ကြီးပွားခါမှ လင်မယား တကျက်ကျက် ရန်ဖြစ်ကြရခြင်းသည်
'ဘစ်ခဏသတိ' ရှိကြသူများ ဖြစ်သည်။ သတိတရား အမြဲရှိသူတို့က
'ပညာသတိ' ဖြစ်ရန် ကြိုးစားကြသည်။ 'ပညာသတိ' သည်
ဘဝ၏တန်ဖိုးကို နေ့စဉ်နှင့်အမျှ ထပ်ဆောင်း ပေါင်းပေးနေသော

www.burmeseclassic.com

www.burmeseclassic.com



အရည်အချင်းတစ်ခု ဖြစ်ပါသည်။ သတိတရား၏တန်ဖိုးကို သတ်မှတ်၍ရသည်မဟုတ်ပါ။ မည်မျှ ပညာရှိစွာ ဆင်ခြင်အသုံးချနိုင်သည့်အပေါ် အတိုင်းအတာမဲ့ကွာခြားနိုင်ခွင့် ရှိကြပါသည်။ ငယ်စဉ်က ဆရာတစ်ဦး၏အဆုံးအမကို မှတ်သားခဲ့ဖူးပါသည်။ (အခက်အခဲသည် လူ့လောက၏ဓမ္မတာတစ်ခုဖြစ်၍ တွေ့လျှင် စိတ်ပျက်စရာ မဟုတ်ဘဲ မိတ်ဆွေတစ်ဦးကဲ့သို့ သဘောထားတတ်ရန် 'သတိ' လိုအပ်ကြောင်း အဆုံးအမဖြစ်ပါသည်။)အသက်ရ၍ လုပ်ငန်းပိုလုပ်သည်နှင့် အခက်အခဲများ တွေ့ရသည်မှာ အဆန်းတကြယ်မဟုတ်ပါ။ အထူးသဖြင့် တာဝန်နှင့်ဝတ္တရားများကို 'သိသလိုနှင့် မသိ' ကြသော ယနေ့ကာလတွင် ပို၍ပင်ပန်းကြောင်း အလုပ် တကယ်လုပ်သူတို့ သိကြပြီးဖြစ်ပါသည်။ ငယ်စဉ်က ဆရာ့စကားအရ ထိုထိုသော အခက်အခဲများကို 'မိတ်ဆွေ' အဖြစ် သဘောထားတတ်ခြင်းဖြင့် အေးချမ်းမှုကို ရယူနိုင်ခဲ့ပါသည်။

'ပညာသတိ' ရှိသူနှင့်မရှိသူ နေ့စဉ်ဘဝတန်ဖိုး ကွာခြားပါသည်။ 'ရက်' နှင့်တွက်လျှင် သိသာသော ကွာခြားမှု မဟုတ်သဖြင့် သတိမူကြလိမ့်မည် မဟုတ်ပါ။ 'ငါး' နှစ် 'ဆယ်' နှစ်ကြာသည့်အခါ သိသာထင်ရှားသော ကွာခြားမှုမျိုးကို တွေ့ရမည် ဖြစ်ပါသည်။ အချို့သောကွာခြားချက်ကို 'သတိ' ဖြင့်မူ၍ ကြိုးစားလျှင် လိုက်၍မီနိုင်သော်လည်း၊ အချို့ ကွာခြားသွားသောဘဝများကိုမူ တစ်သက်စာ လိုက်၍မီနိုင်တော့မည် မဟုတ်ပါ။ တန်ဖိုးကြီးသော သင်ခန်းစာဖြစ်၍ အဖိုးစားနား ပေးလိုက်ရသည့်တိုင်အောင် အသုံးချခွင့် မရှိလိုက်ရသော ဝမ်းနည်းစရာဘဝပင် ဖြစ်ရပေမည်။ အလုပ်တွင် 'သတိ' မရှိကြသူများကို 'ဘဝသတိ' ရှိကြသူများဟု ဆိုလျှင် သံသယမျက်လုံးဖြင့်ကြည့်ခြင်း ခံရပေမည်။ Manager နေရာ အလုပ်လျှောက်သူများ Interview တွင် Managerial Skill နှင့် ပတ်သက်သောမေးခွန်းများ မေးမည်မှာ သေချာပါသည်။ မန်နေဂျာ



တစ်ယောက်၏ Vision မည်မျှထက်သန်သည်ကို အလုပ်ခန့်သူက လေ့လာမည်မှာ မလွဲချေ။ မန်နေဂျာ၏ Duties & Responsibility ကိုမေးရန် မေ့ထားမည်မဟုတ်၊ သုတေသန ပြုချက်အရ ၈၀ ရာခိုင်နှုန်း၏ အထက်သော Manager များ Interview တွင်မှာပင် ဖြေနိုင်စွမ်းမရှိကြပါ။ မိမိအလုပ်နှင့် ဆိုင်သော မေးနိုင်သည့် မေးခွန်းများ ဖြေဆိုနိုင်ရန် လေ့လာဖို့ 'သတိ' မရှိခဲ့ကြသောကြောင့် ဖြစ်ဟန်တူသည်။

အချို့ Management နှင့်ပတ်သက်၍ သင်တန်းတက်ခဲ့ပြီးသူများ၊ စာအုပ်ထဲ သိမ်းထား၍ ဖွင့်ကြည့်ရန် 'သတိ မေ့' နေသူများ အများအပြားရှိနေဆဲ ဖြစ်ပါသည်။ လက်တွေ့လုပ်ငန်းနယ်ပယ်တွင် သင်ကြားခဲ့သောသင်ခန်းစာများ အသုံးချမှုဆိုင်ရာ လွန်စွာ အားနည်းနေသေးကြောင်း သတိပြုမိပါသည်။ တိုးတက်သည် ဆိုသောနိုင်ငံများတွင် 'မန်နေဂျာ' တစ်ဦးကို ရွေးချယ်ခန့်အပ်ပြီးသည်နှင့် အထက်အရာရှိက 'မူဝါဒ' ပေးရုံဖြင့် စိတ်ချနိုင်ပြီး အခြားလုပ်ငန်းအတွက် အာရုံထားနိုင်မည်ဖြစ်သည်။ မြေခြား၊ ရေခြားရှိ ရင်းနှီးမြှုပ်နှံမှုတို့ကို မန်နေဂျာကောင်းများအား အဝေးရောက်အုပ်ချုပ်မှုဖြင့် စိတ်ချစွာ လုပ်ငန်းတိုးတက်စေနိုင်ခြင်းသည် တာဝန်ရှိသူ Executive Level နှင့် တာဝန်ခံသူ ManagerLevel တို့ စွမ်းရည်ပြည့်ဝသောကြောင့်ဖြစ်သည်။ မိမိကိုယ်တိုင်က မြေခြားရှိ လုပ်ငန်းအပေါ် အနည်းဆုံးအချိန်၊ အနည်းဆုံး ကွပ်ကဲမှုဖြင့် ဝင်ငွေ ကောင်းစွာရနိုင်ခဲ့သော်လည်း မိုင်ဆယ်ဂဏန်းအတွင်းတွင်သာရှိသော လုပ်ငန်းများအပေါ် နေ့စဉ်နှင့်အမျှ အချိန်ပေး၊ ကွပ်ကဲမှုပေးနေရပြီး ဝင်ငွေမှာလည်း အားရဖွယ်မရရှိခဲ့ခြင်း ဖြစ်သည်။ Value for Time and Effort တွင် Efficiency နိမ့်ကျသည်ဟုဆိုရမည်ဖြစ်ပါသည်။ Seminor တစ်ခုတွင် ပါမောက္ခတစ်ဦးက နောက်လိုက်များကို တကယ်သင်ပါ၊ တကယ်တိုးတက်

www.burmeseclassic.com



ပါသည် ခေါင်းဆောင်မှာသာ တာဝန်ရှိသည်ဟု အဆိုပြုသွားပါသဖြင့် မိမိညံ့တာပဲ၊ တာဝန်ရှိတာပဲဟုသာ နှလုံးပိုက် လိုက်ရပါသည်။ ထဲထဲဝင်ဝင် တကယ်လုပ်နေသူများ၊ တကယ်တွေ့ကြုံနေရသော ထိုအခက်အခဲများမှာ စိန်ခေါ်မှုအဆင့်မှာရှိနေသည်ကို 'သတိ' လက်လွတ် မရှိသင့်ပါချေ။ 'သင်၍မတတ်နိုင်သော' အခြားအကြောင်းရင်းခံများသည် ကုမ္ပဏီတာဝန် ရှိသူတို့ လက်လှမ်းမမီသာ ကိစ္စရပ်များအဖြစ် ဖြေရှင်းရန်ကျန်ရှိနေပါသေးသည်။

(Manager များ Report တစ်ခုကို အထက်သို့ တင်ပြရာတွင် 'ဆက်လက် တင်ပြအပ်ပါသည်' ဟူသော မှတ်ချက်ဖြင့် အများစုကလုပ်ကိုင်ကြသည်။ အောက်မှ တင်ပြသော 'တင်ပြချက်' အပေါ် မန်နေဂျာများ၏ 'သုံးသပ်ချက်' နှင့် အထက်သို့ 'အကြံပေးချက်' ပါဝင်လေ့မရှိကြ။) မည်မျှပြောသော်လည်း လိုက်နာနိုင်ကြသော Manager ကောင်း အနည်းငယ်မျှသာတွေ့ပြီး အများစုမှာ 'သတိ' လက်လွတ်၍ 'ဒုံရင်း' ဖြစ်သွားကြသည်။ (အထက်ကို 'အကြံဉာဏ်ကောင်း' ပေးခြင်းနှင့် အောက်ခြေကို 'တာဝန်ခံ' ခြင်းသည် မန်နေဂျာများ၏ Range of Responsibilities ဖြစ်သည်။)(အပေါ်က လာသော မူဝါဒကို Plan ရေးဆွဲ၍ အောက်ခြေ ဆောင်ရွက်အောင်မြင်နိုင်သည်အထိ ဆောင်ရွက်နိုင်ရမည် ဖြစ်သည်။ လုပ်ငန်းတိုးတက်ရေးအပြင် ဝန်ထမ်းများ၏ ကိုယ်ရည်ကိုယ်သွေးမြင့်မားရေးတို့ အတွက်လည်း တာဝန်ရှိပေသည်။ အပေါ်က မူဝါဒချမှတ်နိုင်ရန် အချက်အလက် ရှာဖွေပေးခြင်းနှင့် အခြေအနေ အရပ်ရပ်အပေါ် သုံးသပ်တင်ပြချက်တို့သည် Manager တိုင်း၌ ရှိသင့်သောအရည်အချင်းဖြစ်ပါသည်။) 'ငါ ဒီလောက်တော့အနည်းဆုံးလုပ်ရမှာပါလား' ဟူသော 'သတိ' မရှိတော့သည်နှင့် 'ဆက်လက် တင်ပြအပ်ပါသည်' ဟူ၍ နောက်ပြန်ဆွဲသွားကြရခြင်း ဖြစ်ပါသည်။



သတိ၏တန်ဖိုးများသည် ထမ်းဆောင်သော တာဝန်လိုက် ကွာခြားကြသည်။ တာဝန်ငယ်အခြေခံ၍ ဝန်ထမ်းများသတိလက်လွတ်ဖြစ်သည်များကို Supervisor/ Manager များကဖြည့်ဆည်းနိုင်မည်ဖြစ်သော်လည်း Mid-Management ဟူသော အလယ်အလတ် အုပ်ချုပ်သူလူတန်းစား၏ 'သတိ' ကို အပေါ်က အမြဲတစေ ဖြည့်ဆည်းပေးမည်မဟုတ်ကြောင်း သိသင့်သည်။ လုပ်ငန်းအကောင်အထည်ဖော်သူများ ဖြစ်သဖြင့် 'သတိ' ၏ တန်ဖိုးအတော်အတန် ရှိလာပြီ ဖြစ်သည်။ အုပ်ချုပ်သူ လူတန်းစားများ၏ 'သတိ' သည်ကား ထိုအစုအဝေး၏ 'အနာဂတ်' ဖြစ်သဖြင့် တန်ဖိုးအမြင့်ဆုံးလည်း ဖြစ်သည်။ Manager များ၏ အကြံဉာဏ်ကို သုံးနိုင်စွမ်းသော 'သတိ' နှင့် မိမိကိုယ်တိုင် သုံးသပ်ချက်များ ရေးဆွဲရာတွင် ပါဝင်သင့်သော အဓိကအချက်များ ထည့်သွင်း တွက်ချက်ခြင်း 'သတိ' များ မပြည့်စုံ လက်လွတ်ခဲ့လျှင် ကြီးသော ဆုံးရှုံးမှုဖြင့် ပေးဆပ်ရမည်ဖြစ်သည်။ ဆုံးဖြတ်နိုင်ခွင့်ရှိသူဖြစ်သဖြင့် 'စုတ်တံ' နှာ 'ဆေးပါ' ပြည့်စုံသင့်သည်။

ဘဝတစ်ခုအောင်မြင်သူများ ပကတိအမြင်ဖြင့် သဘောကြော' သင့်သော 'သတိ' ရှိသင့်ကြသည်။ 'အရည်အချင်း' ပေါ်အခြေခံ၍ 'အောင်မြင်ခြင်း' လား၊ 'အခြေအနေ' ပေါ် အခြေခံ၍ 'အောင်မြင်ခြင်း' လား ဟူသော 'သုံးသပ်ချက်သတိ' ဖြစ်သည်။ အခြေအနေအရ အောင်မြင်ခြင်းကို အပြစ်ဆိုရန် မရှိသော်လည်း ထိုသူတွင် 'ပညာသတိ' ရှိပါက ထိုအောင်မြင်မှုကို ဆက်လက်ထိန်းသိမ်းနိုင်ရန် 'အရည်အချင်းသို့' ကူးပြောင်းသင့်ပေသည်။ အခြေအနေသည် ကာလတစ်ခု၏ အခြေအနေပေါ် တည်၍ ဖြစ်ထွန်း ပေါ်ပေါက်ရပြီး၊ ထိုအခြေအနေက မိမိဘဝဆုံးတိုင်အကျိုးပြုမည်ဟု အာမခံချက် ပေးထားသည် မဟုတ်ပါ။ အရည်အချင်းကသာ ဘဝဆုံးတိုင်အကျိုးပြုသွားမည်ဟူသော

www.burmeseclassic.com

www.burmeseclassic.com



အသိ သတိ ရှိသင့်သည်။

မည်သည့်လုပ်ငန်းမျိုးဖြင့်အောင်မြင်သနည်းဟု ဒုတိယ အရည်အချင်းစစ် ပေတံတစ်ချောင်း ကျန်ပါဦးမည်။ 'ကံ' ပေါ် အခြေခံသောလုပ်ငန်းလား 'ဉာဏ်နှင့် ဝီရိယ' ပေါ် အခြေခံသော လုပ်ငန်းလားဟူ၍ အကြမ်းဖျင်း ခွဲခြားနိုင်မည် ဖြစ်ပါသည်။ ('ကံ' သည်ပစ်ပယ်၍ရသောအရာမဟုတ်သော်လည်း လုပ်ငန်းတစ်ခုလုံး သည် ရာနှုန်းပြည့် ကံပေါ်အခြေခံလုပ်ငန်း မဖြစ်သင့်ပါ။ အနည်းဆုံး ၈၀ ရာခိုင်နှုန်းမျှ မကသော ပညာ၊ ဝီရိယအခြေခံ လုပ်ငန်း ဖြစ်သင့်ပါသည်။) မိတ်ဆွေတစ်ဦးမှာ ကျောက်တွင်း ကျောက်အောင် စဉ်က လင့်ခရူဇာသုံးစီးမျှ တစ်ပြိုင်နက်စီးခဲ့သော်လည်း ကျောက် တွင်း ကျောက်မထွက်သောအချိန်တွင် ခပ်ကုပ်ကုပ်ဖြင့် ရှောင်ဖယ် ဖယ် လုပ်နေခြင်းကို ကြည့်လျှင် 'ကံအခြေခံ' လုပ်ငန်းသည် မိမိဘဝကို မည်မျှ အရောင်ခြယ်နိုင်စွမ်းရှိသည်ကို တွေ့ရမည်ဖြစ် သည်။ အသိရှိလူသားများဖြစ်သဖြင့် 'အနာဂတ်' ကို မိမိထံမှာသာ ထားသင့်သည်။ လုပ်ငန်းရွေးချယ်မှု 'သတိ' ဟုဆိုလျှင် ရမည်ထင် သည်။

'သတိ' ဟုဆိုလျှင် 'ဒါလေးများ' ဟု ပြုံးစစဖြင့် တုံ့ပြန်ကြ မည်ဖြစ်သော်လည်း ထို 'သတိ' ကို တကယ် နေ့စဉ်နှင့်အမျှအသုံးချ ရာတွင် အလေ့အကျင့်မရှိသမျှကာလပတ်လုံး ခက်ခဲသည်ဟု ဆိုနိုင်ပေသည်။ ထားရမည့်'သတိ' များကို 'သတိ'ဖြင့် ပြန်၍ ဆင်ခြင်လျှင် 'ပညာသတိ' ဖြစ်ပြီဟု ယူဆနိုင်မည်ဟု ယုံကြည်ပါ သည်။ ဝိပဿနာအားထုတ်ရာတွင် စိတ်၏အခြေအနေကို 'သတိ' ဖြင့်ကြည့်၍ ရှေ့အသိကို နောက်အသိဖြင့် ထပ်မံသိရှိခြင်းဖြင့် စိတ်ရိုင်းတို့ ယဉ်ကျေးသိမ်မွေ့အောင် လုပ်ဆောင်နိုင်ခြင်းကို 'ပညာသတိ' ရပြီ ဟုဆိုသော် လောကီဆောင်မှုများတွင်လည်း အလားတူ အသုံးချနိုင်မည် ဖြစ်သည်။



မိမိ မည်မျှအရည်အချင်းရှိသည်ကို ပတ်ဝန်းကျင်ဖြင့် နှိုင်းယှဉ်လျှင် ပကတိအမြင်ရရှိမည် ဖြစ်သည်။ ထိုအသိကို ရရန် 'သတိ' ရှိရမည်ဖြစ်သည်။ မိန်းမော သာယာနေသူတစ်ဦးအတွက် ထိုအသိနှင့်သတိမျိုး ရှိနိုင်မည်မဟုတ်ပါ။ ပတ်ဝန်းကျင်ကို တစ်ခဏမျှ ဟန်ဆောင်၍ရသော်လည်း ထွက်လာသောရလဒ် (End Result) က အဖြေမှန်ကို ပေးပါလိမ့်မည်။ မိမိ ကိုယ်ကိုမူ ဟန်ဆောင်၍ မည်သူမျှ ရကြမည်မဟုတ်ပါ။ ထို ကွာခြားချက် နှစ်မျိုး၏ 'အသိ' သတိရှိသူများသည် မိမိလုပ်ရပ်များ ထိရောက်မှု ရှိ မရှိ အမြဲတမ်းသုံးသပ်သောသတိ ရှိလာမည် ဖြစ်ပါသည်။ သတိမရှိသူ ထက် 'သတိ' ရှိသူက ပိုမို ကောင်းမွန်ပါသည်။ သတိကို 'ပညာသတိ' သို့ ပြောင်းလဲနိုင်လျှင် မူကား လူတော်များ ဖြစ်လာ ကြပါလိမ့်မည်။

■

www.burmeseclassic.com

www.burmeseclassic.com

## လူ၊ သို့မဟုတ် အနာဂတ်ဖြင့်ရှင်သန်သူ

လောကကဖန်တီးခဲ့သော သတ္တဝါများအနက် လူသည် တစ်ဦးတည်းသော 'အနာဂတ်ဖြင့် ရှင်သန်သူ' ဖြစ်သည်။ အနာဂတ်ဖြင့်ရှင်သန်နိုင်ရန်လည်း အခြားသော သတ္တဝါတို့နှင့် မတူသော အသိနှင့်အတွေးခေါ်ကို ထူးထူးခြားခြား သဘာဝက ထည့်ပေးထား၏။ အသိနိမ့်သတ္တဝါများကိုတိရစ္ဆာန်ဟုသတ်မှတ်ပြီး အသိထူးလူကို သတ္တဝါထဲမှ ဆွဲထုတ်ကာ လူဟုသတ်မှတ်သည်။ လူမှလွဲ၍ အခြားသတ္တဝါတို့တွင် အသိရှိသော်လည်း ဉာဏ်ရည်နိမ့်ပါးလွန်း၍ 'အသိနိမ့်' သတ္တဝါများသာ ဖြစ်ကြသည်။ 'အသက်ရှင်သန်ရေး' အဓိက ဖြစ်သော 'အိပ်၊ စား၊ ကာမ' သုံးမျိုးဖြင့်သာ ဘဝရပ်တည်ကြသော 'အသိနိမ့်' သတ္တဝါတို့သည် လောက၏အဖြည့်ခံများသာ ဖြစ်ကြပေသည်။ တစ်ချိန်က လူသားများပင် 'အသိနိမ့်' သတ္တဝါဖြစ်ပြီး ၎င်းမှ ခွဲထွက်ကာ ယနေ့ 'အသိမြင့်' လူသားဟူ၍ ဖြစ်လာပြီး 'အိပ်၊ စား၊ ကာမ' ဟူသော တာဝန်ထက်ကျော်လွန်၍ လောကကို တည်ဆောက်သူများ၊ အလှဆင်သူများအဖြစ် ရပ်တည်လာကြသည်။

လူတွင် အသိထူးဖြစ်သောအသိဉာဏ်ရှိသဖြင့် ကြိုတင်မျှော်တွေးခြင်း၊ ပြင်ဆင်ခြင်းစသော အနာဂတ်နှင့် ပတ်သက်၍



အိပ်မက်များကိုယ်စီရှိကြရသည်။ ၎င်းက လူဘဝသည် မည်မျှတန်ဖိုးရှိကြောင်းကို သုံးဆယ့်တစ်ဘုံအနက် အထက်-အောက် ဆင်း၍ရပြီး ဘုရားဖြစ်ခွင့်ရှိရာတစ်ဘုံတည်းသောလူ့ဘုံအဖြစ် အလင်းရောင် အသိပေးခဲ့ပြီး ဖြစ်ပါသည်။ တန်ခိုး၊ ဣဒ္ဓိပါဒ်အရာတွင် အားနည်းသော်လည်း ပညာဉာဏ်နှင့် အသိဆိုင်ရာအသုံးချမှုတွင် လူ့ဘဝ တစ်ခုတည်း၌သာ ကျယ်ပြန့်၊ နက်ရှိုင်းစွာအသုံးချနိုင်ကြောင်း၊ ကံ၊ ဉာဏ်၊ ဝီရိယဟူသည့်တန်ဖိုးသည် လူ့ဘဝ တစ်ခုတည်း၌သာ အမြင့်ဆုံးတန်ဖိုး ရနိုင်ကြောင်း မြွက်ကြားခဲ့ပြီးဖြစ်ပါသည်။ လူ့ဘဝ၏ရခဲပုံကိုလည်း မိုးပေါ်ကအပ်တစ်စင်းနှင့် လူ့ပြည်က အပ်တစ်စင်း ဆုံရန် မည်မျှခက်ခဲပုံနှင့် နှိုင်းယှဉ်ခဲ့ပြီးဖြစ်ပါသည်။ သို့သို့ ရခဲလှသောဘဝ၊ အသိဉာဏ်ဆိုင်ရာအသုံးချမှု အမြင့်ဆုံး တန်ဖိုးရနိုင်သော တစ်ခုတည်းသောလူ့ဘဝကို ပိုင်ဆိုင်ကြသူများ တွင် ကိုယ်ပိုင်အရည်အချင်းကို မည်မျှအထိ အသုံးချနေကြကြောင်း ခလေ့လာရန် ကောင်းပေသည်။

'လူချင်းတူသော်လည်းအသက်ရှုပုံမတူ' ဟူသော ရှေးက ေကားရပ်သည် အသိဉာဏ်ဆိုင်ရာ အသုံးချမှု ကွဲပြားခဲ့ကြကြောင်း ပြယုဂ်ဖြစ်ပါသည်။ အသိမတူသူများ ခံယူချက်တူမည် မဟုတ်ကြပါ။ အိပ်မက်များလည်း ကွဲပြားကြပါလိမ့်မည်။ အနာဂတ်၏ အလင်း အမှောင်သည်လည်း ကွဲပြားကြပါလိမ့်မည်။ အတ္တအခြေခံ လောဘ ၏သားကောင်များ ဖြစ်ကြသဖြင့် မည်မျှနက်ရှိုင်းစွာ အတ္တကို အခြေခံသည်၊ လောဘ၏အရှိန် မည်မျှကြီးမားသည်ပေါ်မူတည်၍ အသက်ရှူကွဲပြားနေကြရခြင်းဖြစ်ပေသည်။ 'ငါ' ဟူသော အခြေခံ အတွေးဖြင့် လောကကို ရှုမြင်တတ်သော လူတွင် 'သူ' ဟူသော အတွေးဘက် ကူးပြောင်းနိုင်လျှင် စိတ်ပိုင်းဆိုင်ရာအရည်အသွေး ခင်ဆင့်မြင့်တက်သူဟု ကောက်ချက်ဆွဲနိုင်မည် ဖြစ်သည်။ ဆက်ပို၍ 'လောက' ဟူသော အမြင်ရှိသူမှာ ကာလသုံးပါး၏

www.burmeseclassic.com

www.burmeseclassic.com



အပံ့အပိုးကို ရရှိပြီး အမြင့်ဆုံးသော စိတ်ပိုင်းဆိုင်ရာ အရည်အချင်းကို ပိုင်ဆိုင်သူဖြစ်လာပါလိမ့်မည်။ 'ဆုကြီးပန်' မဟုတ်လျှင် မဇ္ဈိမပဋိပဒါဖြင့် 'ငါ' 'သူ' နှင့် 'လောက' ကို အမြင့်ရှုထောင့် သုံးမျိုးမှ မျှတစွာ ရှုမြင်သင့်၏။

လူ့သဘာဝမှာ မိမိဘက် သာသာထိုးထိုးစဉ်းစားတတ်၏။ 'အကောင်း' ကို ဗေဒင်ဆရာကဟောလျှင် အဆုံးစွန် အကောင်းထိ မျှော်လင့်အိပ်မက်တတ်လေ့ရှိကြပြီး၊ 'အဆိုး' ကိုဟောလျှင်မူ 'အဆိုးဆုံး' အထိ မမျှော်လင့်ကြချေ။ ဗုဒ္ဓမှတစ်ပါး အကောင်းဆုံးသူ၊ အတော်ဆုံးသူ၊ အပြည့်စုံဆုံးသောသူ မပေါ်သေး၍ ရွှေထီးဆောင်းခဲ့စဉ်ကို အလွန်အမင်း မတပ်မက်သင့်တော့ပေ။ ပိုကောင်းပိုတော်၊ ပို၍ပြည့်စုံသောသူများ တစ်ချိန်ချိန်မှာ ပေါ်ထွက်လာဦးမည် ဟူသော ခံယူချက် ရှိသင့်ပေသည်။ 'ပစ္စုပ္ပန်ကို တည့်တည့်ကြည့်' ဟု ဗုဒ္ဓက ဆုံးမခဲ့၏။ ပစ္စုပ္ပန်သည်သာ မိမိ၏အရေးကြီးသော အခင်းအကျင်းဖြစ်၍ တစ်ချိန် ပစ္စုပ္ပန်အဖြစ်ရောက်လာမည့် အနာဂတ်ကို ကြိုတင် ပြင်ဆင်သင့်သည်။ ကလေးဘဝမှ တစ်စတစ်စ ရင့်ကျက်သည်နှင့် စူးစမ်းလိုခြင်း၏ သဘာဝကို စတင်ရရှိမည် ဖြစ်သည်။ စူးစမ်းလိုခြင်းသည် စတင်၍ ဦးနှောက်အလုပ်ပေးခြင်း (Brain Storming) ဖြစ်ပါသည်။ အတွေ့အမြင်များမှ အတွေးအခေါ်ကို ဖြစ်တည်စေပါသည်။ အတွေးအခေါ်တို့ အဖန်ဖန်စုတည်ရာမှ 'မှန်' သည် 'မှား' သည်ဟူသော 'ခံယူချက်' အဖြစ် ရွေ့လျော သန္ဓေတည်လာပါသည်။ တချို့ မသိစိတ်မှာ ပုံရိပ်စွဲမြဲနေပြီး တချို့ 'သိစိတ်' 'မသိစိတ်' နှစ်မျိုးလုံးမှာ ခံယူချက်ဟူသော 'အနာဂတ်ကို ပုံဖော်မည့်' အသိပုံရိပ် စွဲမြဲတတ်လာပါသည်။ 'မျှော်လင့်ခြင်း' 'တောင့်တခြင်း' များသည် အသိရှိလူသားများ၏ အနာဂတ်ဆိုင်ရာ အိပ်မက်ဖြစ်သည်။ အနာဂတ်ဖြင့် ရှင်သန်ခြင်းတစ်မျိုး ဖြစ်သည်။ အနာဂတ်ကိုပုံဖော်နိုင်သူများရှိသလို အနာဂတ်



မဲ့စွာဖြင့် လောက၏ အဖန်တီးခံဘဝမျှနှင့် နိဂုံးချုပ်ကြရသူတွေသည်း 'ဒု' နှင့် 'ဒေး' ဖြစ်သည်။ 'မျှော်လင့်' 'တောင့်တ' မှုသည် အသိရှိလူသားတို့နှင့် စပ်ဆိုင်သဖြင့် အပြစ်ဆိုဖွယ် မရှိသော်လည်း ပစ္စုပ္ပန်၏ ပကတိအခြေအနေကို လျစ်လျူရှုရန် မသင့်ချေ။ မိမိ၏ ဥာဏ်ရည်နှင့် ကာလ၊ ဒေသတို့၏အခြေအနေကိုလည်း ပကတိမြင်တတ်ရန် ဖြစ်သည်။ အနာဂတ်ကို ကြိုတင်မြင်နိုင်သူတို့သည် အိပ်မက်လှလှမက်နိုင်ကြပြီး၊ ပစ္စုပ္ပန်ကိုပင် နိုင်နင်းအောင် မကိုင်တွယ်နိုင်သူတို့အဖို့ အနာဂတ်အိပ်မက် ကောင်းကောင်းမက်လိုခြင်းသည် သဘာဝကျမည် မဟုတ်ပါချေ။ 'ဖားတူ၍ခရကို ခုန်ခိုင်း' ခြင်းသည် အိုင်ပျက်ရန်အရေးမြင်၍ ဖြစ်သည်။ ချမ်းသာမည်ဟူသော ဗေဒင်အဟောတွင် အာဖရိက တိုက်ဒွိမွေးသူအဖို့ 'Wal–mart' 'Bill Gatc' တို့လောက် မှန်း၍ရမည်မဟုတ်၊ 'အကောင်း' သည် လောက သဘာဝအရ 'အဆန်' သဘောဖြစ်၍ တက်လျှင်တောင်မှ အမြင့်ဆုံးသို့ မှန်းထားရန် မသင့်ပေ။ 'အဆိုး' သည် 'အစုန်' သဘော ဖြစ်၍ 'ကျ' လျှင် အဆုံးစွန်အထိ 'ကျ' သွားနိုင်သည့်သဘာဝကို မေ့မထားသင့်ပါ။

'ကံ ဉာဏ်၊ ဝီရိယ' သုံးပါးတွင် မိမိ ရာနှုန်းပြည့်ပိုင်ဆိုင်သည်က ဉာဏ်နှင့်ဝီရိယ' ဖြစ်ပြီး 'ကံ' အရာတွင် 'တစ်ဝက်ပိုင်' 'တစ်ဝက်မပိုင်' ဖြစ်ပါသည်။ ကံ၏အချို့တစ်ဝက်ကို ယခုဘဝတွင် မွေးမြူ၍ ရသော်လည်း စွမ်းအင်တည်မြဲခြင်းနိယာမအရ ယခင်ဘဝများက ပြုခဲ့သော ကုသိုလ်၊ အကုသိုလ်များကြောင့် ဖြစ်လာမည့် 'စွမ်းအင်' သို့မဟုတ် 'ကံ' တစ်ဝက်ကိုမူ မြင်ရသည် မဟုတ်၍ လူ့ဘဝ၏ ပေါ်မြူလာထဲ ထည့်သွင်းရနိုင်မည် မဟုတ်။ အသိမြင့်သူတို့က ကြိုးစားမှုကို မလျှော့ကြသော်လည်း အဖြေ၏ တစ်ဝက်ကိုမူ စွမ်းအင် (ကံ) ၏ ဖန်တီးမှုရလဒ်အဖြစ် မျှော်လင့်ကြခြင်းဖြင့် စိတ်သက်သာရာ ရနိုင်ကြပေသည်။ 'အနာဂတ်' ဟူသည် ကာလ

www.burmeseclassic.com

www.burmeseclassic.com



သုံးပါးအနက် ရောက်မလာသေးသော ကာလတစ်ပါး ဖြစ်သည်ဟု နားလည်ထားကြပြီးဖြစ်သည်။ ရောက်မလာသေးသော ကာလအတွက် မည်မျှကွာဝေးသောအနာဂတ်အထိ ကြိုတင်ပြင်ဆင်ထားနိုင်ပါသလဲ ဟူသောမေးခွန်း ရှိလာပါက အဖြေအမျိုးမျိုး ကွဲပြားနိုင်ပါမည်။ နှစ်အနည်းငယ်မျှသော အနာဂတ်အတွက် ကြိုတင်မျှော်လင့် ပြင်ဆင်ကြသူများနှင့် ဘဝဆုံး အချိန်အထိ ဟူသော အနာဂတ်အထိ ကြိုတင်ပြင်ဆင်ထားကြသူများ ကွဲပြားကြပါလိမ့်မည်။ ဗုဒ္ဓက 'သံသရာ' ဟူသော စက်ဝန်းဒေသနာကို ဟောကြားခဲ့ပြီးဖြစ်သည်။ လောကီ၊ လောကုတ္တရာ နှစ်ဖြာကို စဉ်းစားအသိ ရှိသူတို့က နောက်ဘဝသစ်များဟူသော 'အနာဂတ်သစ်' များ အထိ ကြိုတင် ပြင်ဆင်ထားနိုင်ကြရလေသည်။ လောကီသက်သက် ကျင်လည်သူတို့မှာ လောကီချမ်းသာကိုသာ ရရှိမည်ဖြစ်၍ လောကုတ္တရာဘက် မသွားနိုင်သမျှ ကာလပတ်လုံး လောကုတ္တရာ ချမ်းသာကို ရရှိနိုင်မည် မဟုတ်ပါချေ။ ဝိပဿနာဉာဏ် ရှိကြသူတို့က နိဗ္ဗာန်မရောက်နိုင်ကြသေးသည့်တိုင် 'အနာဂတ်သစ်' 'ဘဝသစ်' များအတွက် ကြိုတင်မျှော်လင့်ဖြည့်ဆည်းကြသည်။ အတိတ်က 'ကံ' များကို ပြုပြင်၍မရသဖြင့် ယခုပြုသောကံများသည် အနာဂတ်တွင် အတိတ်တစ်ဖန်ပြန်ဖြစ်မည်ဖြစ်သဖြင့် ယခုကတည်းက ကောင်းသောကံများကို ပြု[illegible]ခြင်းဖြင့် 'ကံအပင်' စိုက်ပျိုးထားလိုက်ကြပါသည်။

အနာဂတ်မဲ့ခြင်းသည် အသက်ရှင်လျက် ဘဝသေသူမျာ[illegible] ဟု ဥပမာဖြင့် တင်စားလေ့ရှိကြသည်။ အနာဂတ်ရှိရန် ကြိုးစား[illegible] သည်။ မျက်ကန်းကြိုးစားခြင်းနှင့် ပညာရှိစွာ ကြိုးစားကြ[illegible] ဟူ၍သာ ကွာခြားမည်ဖြစ်သည်။ မည်သူမဆို အနာဂတ်[illegible] ရှင်သန်လိုသူများသာ ဖြစ်ကြပေသည်။ ကောင်းသောအနာဂတ်[illegible] အလုံးစုံက ထက်သန်စွာ မျှော်လင့်ကြမည် ဖြစ်သော်လည်း အချို[illegible]



[illegible]ါးသီးသောအနာဂတ်ဖြင့်သာလျှောက်လှမ်းကြရသည်ကို တွေ့ရ[illegible]သည်ဖြစ်သည်။ ကံ၊ ဉာဏ်၊ ဝီရိယ အနက် ဉာဏ်အရာအသုံးချ[illegible]တွင် ချွတ်ချော်တိမ်းပါးမှုကြောင့် ဖြစ်သည်။ ဝီရိယအရ မပြည့်စုံ[illegible]ကြောင့် ဖြစ်သည်။ ငါးသုံးကောင်ဇာတ်လမ်းတွင် ကံယုံလွန်ငါးနှင့်[illegible]ရိယလွန်ငါး နှစ်ကောင် သေရပြီး ဉာဏ်ရှိသောငါးတစ်ကောင်သာ အသက်ရှင်ရခြင်းသည် ဉာဏ်အရာကမည်မျှ အရေးကြီးသည်၊ အဆုံးအဖြတ်ပေးသည်ကို ပြသောဥပမာ ဖြစ်သည်။

အချို့က ဖဲ့စ္စပြုပွန်သာအရေးကြီးသည်၊ အနာဂတ်ကို [illegible]င်သလိုရင်ဆိုင်မည်ဟု လွဲမှားစွာခံယူကြသည်။ ဒီဘဝကောင်းရင်[illegible]ီးရော၊ နောက်ဘဝ ဘယ်ရောက်ရောက်၊ ဘာဖြစ်ဖြစ်ဆိုသော [illegible]ူများလည်း မနည်းချေ။ မည်မျှကြိုးစား၍ ဝီရိယထားသော်လည်း [illegible]ကျေနပ်ဖွယ်ရာအဆင့်ဖြင့် မအောင်မြင်ကြခြင်းမှာ ယခင်ဘဝ၏ အကုသိုလ်စွမ်းအင် အရှိန် သက်ရောက်မှုကြောင့်ဟု သဘောပေါက်[illegible]ှင် ထိုအယူအဆကို စွန့်လွှတ်နိုင်မည်ထင်ပါသည်။ 'ဘာဖြစ်ဖြစ်[illegible]ူ'သောခံယူချက် ထားသည်နှင့် Win-Win Situation၊ ကိုလွန်ဆန်ပြီး [illegible]ဘ္ဘာများပြီဖြစ်၍ လောကကိုလည်းကောင်း၊ အခြားသူတစ်ဦးဦးကို [illegible]ည်းကောင်း နစ်နာထိခိုက်စေမည်မှာ လွဲမည်မဟုတ်၊ ကံမှ[illegible] လာသောကုသိုလ်၊ အကုသိုလ်သည် စွမ်းအင်တစ်မျိုးဖြစ်သဖြင့် [illegible]စွမ်းအင်၏ သက်ရောက်မှုကို အနှေးနှင့်အမြန် ပြန်လည်ခံစား[illegible]ည်မှာ ဧကန်ဖြစ်ပါသည်။ ယနေ့ စီးပွားရေး၊ နိုင်ငံရေးတို့၌ [illegible]တားလာသော 'Win-Win' ပုံစံသည် ရှေးကပင် ဘုရားဟော[illegible]သော အတ္တနှင့်ပရကို ပြန်လည်ဖော်ထုတ်ခြင်း ဖြစ်ပါသည်။ [illegible]သုိလ်လည်းရ၊ ဝမ်းလည်းဝ' ဟူသောဆောင်ပုဒ်သည် အတ္တနှင့် [illegible]ဘစွာကျင့်ကြံနိုင်ရန် ဆုံးမစကား ဖြစ်ပါ၏။

လိမ်လည်၍ချမ်းသာသောသူကို လေ့လာလျှင် ရုပ်ဘ္တ[illegible] [illegible]သာမှုကို တွေ့ရမည်ဖြစ်သော်လည်း 'ဘယ်နေ့ အချိမ်ပေါ်

www.burmeseclassic.com



မ ' ဟုသော စိုးရိမ်စိတ်က စက္ကန့်နှင့်အမျှဖိစီးနေသည်ကိုလည်း ဆင်တူ တွေ့ရမည် ဖြစ်သည်။ အလိမ်ပေါ်၍ ဥပဒေဖြင့် အရေးယူ ခံရသည့်အခါ ရုပ်ဝတ္ထုချမ်းသာမှုတို့ကိုစွန့်ခွာကာ ထောင်နန်းစံ ရလျှင် အနာဂတ်ကို မိမိဘာသာ အဆင်အခြင်မဲ့စွာဖန်တီးခဲ့၍ ဟု သနားသူရှိနိုင်မည်မဟုတ်၊ အသက်ဖြင့် မနက်ဖြန်ပေါင်းများစွာ ဖြတ်သန်းခြင်းကို 'အနာဂတ်' ရှိသူဟု သတ်မှတ်ကြသည်မဟုတ်ပါ။ (လှပသောဘဝဖြင့် အနာဂတ်ကိုဖန်တီးနိုင်သူကိုသာ အနာဂတ်ဖြင့် ရှင်သန်သူဟု သတ်မှတ်နိုင်မည် ဖြစ်ပါသည်။) သို့ဆိုလျှင် အနာဂတ် ဖြင့် ရှင်သန်သူများ၌ ဘဝတန်ဖိုး (Quality of Life) ရှိမည်ဖြစ်ပြီး ဆန့်ကျင်ဘက်သူတို့၌ ဘဝတန်ဖိုးရှိမည်မဟုတ်ချေ။ ချမ်းသာမှုဟု ဆိုရာ၌ ရုပ်ပိုင်းဆိုင်ရာပြည့်စုံခြင်းနှင့် စိတ်ပိုင်းဆိုင်ရာပြည့်စုံခြင်း ပါဝင်ပါမှ ပြည့်စုံသည်ဟုဆိုနိုင်မည် ဖြစ်ပါသည်။ တစ်နည်းဆိုလျှင် အနာဂတ်၏တန်ဖိုးသည် ဘဝတန်ဖိုးဖြစ်ပြီး အဓိပ္ပာယ်ရှိစွာဖြင့် ဘဝတည်ဆောက်နိုင်သူများကို ရည်ညွှန်းရမည် ဖြစ်ပါသည်။

တတ်ခြင်းသည်သိခြင်းမဟုတ်ချေ။ 'သိပါတယ်' ဟူ၍ ပြောပြီး လိုက်နာကျင့်သုံးနိုင်ခြင်း မရှိလျှင် တကယ်သိသူ (ပညာ ရှိသူ) မဟုတ်ဟု ရှေးကတည်းက ဆိုခဲ့ပြီးဖြစ်ပြီး တတ်ခြင်းမျှသာ ဖြစ်ပေသည်။ တတ်ခြင်းကို လိုက်နာကျင့်သုံးခြင်းဖြင့် 'သိ' ခြင်းသို့ ရောက်ရှိပြီး ပညာအဖြစ် သန္ဓေတည်မည် ဖြစ်ပါသည်။ အသိမဲ့စွာ 'အတတ်' ဖြင့် အနာဂတ်ကို ဖန်တီးမှာလား၊ အသိရှိစွာဖြင့် 'အတတ် အခြေပြု' အနာဂတ်ကို တည်ဆောက်မှာလား ဟူ၍မေးလျှင် ဒုတိယအဆိုသည် လုံခြုံမှုကို ပေးစွမ်းသဖြင့် အသိရှိစွာ အနာဂတ် ကိုတည်ဆောက်လိုသည့်သူများသာ ဖြစ်ပါလိမ့်မည်။ အတတ်သည် အမှားအမှန်ကို ဝေခွဲနိုင်စွမ်းမရှိပါ။ ဆင်ခြင်တုံတရားလည်းမရှိပါ။ အသိတွင် ပညာကပ်ပါပြီးဖြစ်၍ ထိုစွမ်းရည်တို့ကို ပိုင်ဆိုင်သဖြင့် လုံခြုံသောဘဝကို ရရှိပိုင်ဆိုင်စေမည်ဖြစ်ပါသည်။ အတတ်ပညာ



ဖြင့် အနာဂတ်ကိုတည်ဆောက်၍မရဟု ဆိုလိုသည် မဟုတ်ဘဲ လုံခြုံမှု အာမခံချက် မည်မျှရှိသည်ကိုသာ အရေးတကြီး စဉ်းစားရန် ဖြစ်ပါသည်။ (ဦးဆောင်သူများသည် အသိပညာရှင်များသာ ဖြစ်လေ့ရှိပြီး လက်တွေ့အကောင်အဖော်သူ အတတ်ပညာရှင်များ မှာ ဦးဆောင်သူများ၏ စီမံမှုအောက်တွင်မှာသာ ရှိနေကြခြင်းသည် အသိနှင့်အတတ်တို့၏ ကွာခြားချက် ဖြစ်ပါသည်။ အတတ် ပညာရှင်တို့က ကိုယ်တိုင် အတတ်ပညာ အသုံးချအကောင်အထည် ဖော်ရသော်လည်း အသိပညာရှင်များက အတတ်ပညာရှင် အစု အဝေးကို စီမံကွပ်ကဲခြင်းဖြင့် ကိုယ်တိုင် လက်တွေ့လုပ်ဆောင်ရန် မလိုချေ။ ဦးနှောက်များကို ဦးနှောက်တစ်ခုက စေစားခြင်း၊ ဖန်တီးခြင်းဖြစ်၏။ )

အနာဂတ်ရှိသူတစ်ဦးသည် သန်စွမ်းသောအပင်ကြီး တစ်ပင်နှင့်လည်း အလားတူ၍ အများအတွက်လည်း အရိပ် ပေးနိုင်မည်ဖြစ်သည်။ အပင်သန်စွမ်းသဖြင့်လည်း တော်ရုံဖြင့် လဲပြိုနိုင်ချေ။ အနာဂတ်မဲ့သူတစ်ဦးသည် မိမိကိုယ်ကိုပင် လုံခြုံမှု အာမခံချက်မရှိသဖြင့် သူတစ်ပါးကို အရိပ်ပေးနိုင်ဖို့ ဝေးစွ. . . ကိုယ့်ကောင်းဖို့ကိုပင် စိတ်ချရသည်မဟုတ်ပါ။ ရုပ်-နာမ် နှစ်ပါး ပြည့်စုံရာ အလုံးစုံကို သတ္တဝါဟု ပညတ်ပြီး အသိမြင့်သူကို လူဟူ၍ လည်းကောင်း၊ အသိနိမ့်သတ္တဝါများကို တိရစ္ဆာန်ဟု လည်းကောင်း လောကတွင် သမုတ်ကြသည်။ အသိမြင့်ပါသည် ဟူသောအသိုင်း အဝိုင်းတွင် ပါဝင်သူတစ်ဦးအနေဖြင့် အခြေခံအသိမျှကိုတော့ ပိုင်ဆိုင်သင့်ကြပေသည်။ သို့မှသာ အနာဂတ်ဖြင့်ရှင်သန်သူ၊ ဘဝကောင်းကောင်း၊ ဆေးကောင်းကောင်းဖြင့် ရေးနိုင်သူ ဖြစ်ပါ လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

## ယုံကြည်မှု

- ပြောပြီးလုပ်သူ
- မပြောဘဲလုပ်သူ
- ပြောလည်းမပြော၊ လုပ်လည်းမလုပ်သူ
- ပြောပြီးမလုပ်သူ၊

ထိုသူ လေးဦးအနက် 'မည်သူကိုနှစ်သက်ပါသနည်း' ဟူသောအမေးအတွက် တတိယနှင့် စတုတ္ထသူကို အလုပ် လုပ်နေ ဆန္ဒရှိသူတို့ ရွေးချယ်မည်မဟုတ်ဟု ယူဆပါသည်။ ဘာကြောင့် လက်မခံပါသလဲဟုဆန်းစစ်လျှင် အရည်အချင်းနှင့် ပြည့်စုံသည်ဟု မယူဆ၍ဟု ဖြေကြမည်ထင်ပါသည်။ တချို့က မပြောဘဲလုပ်သည့် သူကို နှစ်သက်ကြမည်ဖြစ်ပြီး၊ တချို့က ပြောပြီးလုပ်သွားသူတို့ ပို၍သဘောကျကြမည် ဖြစ်ပါသည်။

- ဘာကြောင့် မပြောဘဲလုပ်သည့်သူကိုနှစ်သက်ရပါသနည်း။
- ဘာကြောင့် ပြောလည်းပြော၊ လုပ်လည်းလုပ်သည့်သူကိုရော နှစ်သက်ရပါသနည်း။

စာအဖြစ်ဖတ်ရသည့်အခါတွင် မပြောဘဲလုပ်သူကို သဘောကျသူ ပိုများနိုင်၍ လက်တွေ့တွင် ပြောလည်းပြော လုပ်လည်းလုပ်သူကို မျက်မြင်တွေ့ရသည့်အခါ ပို၍လက်ခံသူများ



သိမ့်မည်။ အထူးလျှို့ဝှက်ချက်ရှိသော လုပ်ငန်းအချို့မှတစ်ပါး 'ပြောပြီးလုပ်သူ' တွင် လုပ်ငန်းအောင်မြင်အောင် လုပ်ဆောင်နိုင်သောအရည်အချင်း (Performance) ပြည့်စုံသည့်အပြင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု (Confidence) ရှိ၍ ပြောပြီးလုပ်နိုင်ခြင်းကို တွေ့ရမည်ဖြစ်သည်။ အရာမပြီးခင်ကပင် ယုံကြည်မှုရှိ၍ မလုပ်ခင် ပြောနိုင်သူအဖြစ် တွေ့ရမည်ဖြစ်သည်။ (မပြောဘဲလုပ်သူမှာ လုပ်ငန်း မပြီးခင်၊ မလုပ်ခင် ယုံကြည်မှုအပြည့်အဝရှိသည်ဟု ယူဆရန် သံသယရှိပါသည်။) 'ပင်ကိုအေးဆေးလို့ပဲ' ဟူသော ဝင်းလွတ်ခွင့်သည် တင်းကျပ် ပြည့်နိုင်မည် မဟုတ်ချေ။ ပင်ကို အေးဆေးသူများပင် လုပ်ငန်းများလာသည့်အခါ၊ ကြီးထွားလာသည့် အခါတွင် အေးဆေးသောစရိုက်များ ပျောက်ကွယ်သွားရတတ်လေ့ ရှိပါသည်။ Aggressiveness ဟူသော တွန်းတွန်းတိုက်တိုက် လုပ်လိုသောစိတ်ဓာတ် ပါးလျား၍မရသောခေတ်ကာလ ဖြစ်သဖြင့် ပင်ကိုအေးလျှင် လုပ်ငန်းကြီးကြီး လုပ်မရနိုင်ပါချေ။ ခြွင်းချက် အဖြစ် အလွန်ကံကောင်း၍ ထက်မြက်၊ ရိုးသားသော မန်နေဂျာများ ရသောဦးဆောင်သူတို့မှာ တစ်ရာတစ်ယောက်မျှသာ အေးဆေးစွာနေနိုင်မည် ဖြစ်ပါသည်။

ဆန္ဒရှိလျှင် လုပ်ငန်းတစ်စိတ်တစ်ဒေသပြီးစီးသည်ဟု ယုံကြည်ထားကြပါသည်။ ဆန္ဒသည် 'ဖြစ်ချင်မှု' အမျိုးအစားသာ ဖြစ်၍ 'ယုံကြည်မှု' ဟူသော တန်ဖိုးမြင့်အရည်အချင်း မဟုတ်သေး ပါ။ ယုံကြည်မှုအပြည့်အဝရှိသူမှာ လုပ်ငန်းတစ်ဝက် ပြီးသည် ဟူသောအဆိုကို တကယ်ဖြတ်သန်းကြုံတွေ့ဖူးသူတို့က ငြင်းမည် မဟုတ်ကြပါ။

'ဘာကြောင့်ယုံကြည်ပါသလဲ' ဟု အမေး ဆက်ရှိလျှင် 'အရည်အချင်း' ရှိသောကြောင့် ယုံကြည်ပါသည် ဟု တစ်ဖက်မှ ဖြေပါလိမ့်မည်။ အရည်အချင်းကောင်းတို့သည် မွေးကတည်းက

www.burmeseclassic.com

www.burmeseclassic.com



ခြေပြည့်အိုးလိုပါသည်မဟုတ်ချေ။ ပတ်ဝန်းကျင်၏ စေ့ဆော်မှု မိမိ၏ ကိုးစားမှုတို့ကို အရင်းတည်ကာ ထိုက်သင့်သော လုပ်ငန်းများကို လုပ်ဆောင်ခဲ့ဖူးခြင်း ဟူသော အတွေ့အကြုံတို့မှ ပွားများလာသော ကိုယ်ရည် ကိုယ်သွေး တစ်မျိုးသာ ဖြစ်ပါသည်။ ကံကိုယုံ၍ ဆူးနင်းသူမှာ ဆူးစူးခံရမည်မလွဲပါ။ ကံအရာ မဟုတ်ဘဲ ဉာဏ်အရာ နည်း၍ဖြစ်ကြောင်း ရှေးက ပုံပြင်များဖြင့် ဆုံးမစာထားခဲ့ပြီး ဖြစ်ပါသည်။ ယုံကြည်မှုရှိသူတို့မှာ လွယ်လွယ် ဆူးနင်းသူများ မဟုတ်ချေ။ ယုံကြည်မှုဟုဆိုရာ၌ မျက်ကန်းယုံကြည်သူများ ပါဝင်နေသည်မဟုတ်ပါ။ အသိဖြင့် ယုံကြည်သူများကိုသာ ဆိုလိုပါသည်။

သူဌေးသားဩဇာညောင်းခြင်းသည် စိန်နားကပ်ကြောင့် ပါးပြောင်ခြင်းသာ ဖြစ်၍ သူဌေးမရှိလျှင် ဩဇာညောင်းမည် မဟုတ်တော့ချေ။ 'ငါမှငါ' ဟု ဆက်လက် ယုံကြည်လျှင် 'မိုက်မဲသော ယုံကြည်မှု'၊ သို့မဟုတ် 'အယူမှားမှု' တစ်ခုသာ ဖြစ်ပေလိမ့်မည်။ သူဌေးကဲ့သို့အရည်အချင်းရှိသော သူဌေးသားများတွင်သာ ယုံကြည်မှုရှိကြ၍ အရည်အချင်းမဲ့သူဌေးသားများ၏ ယုံကြည်မှုမှာ အသိတရားမဲ့ယုံကြည်မှု၊ သို့မဟုတ် မျက်ကန်းယုံကြည်မှုများသာ ဖြစ်ပါသည်။ အလကားပဲတင်းယုံကြည်၍ မရပါ။ မိမိအရည်အချင်းနှင့် လုပ်ငန်းပေါ် ထိန်းကွပ်နိုင်မည့်အရည်အသွေး ရှိသောကြောင့်သာ ယုံကြည်မှုရှိရခြင်း ဖြစ်ပါသည်။ ယုံကြည်၍ ပြောရဲလာပါသည်၊ ထို့မှ 'ပြောပြီးလုပ်သူ' ဖြစ်လာပါသည်၊ ရဲရဲတောက်လည်း ဖြစ်ပါသည်။

မိမိကိုယ်ကိုယုံကြည်သူများမှာ မမိုက်မဲကြပါ။ ကာလ ဒေသ၊ အခြေအနေကို အမှန်ပကတိ မြင်နိုင်စွမ်းသူများ ဖြစ်ပါသည်။ ဘဝ၏ တိုက်စစ်နှင့် ခံစစ်သဘောကိုလည်း စေ့ငုနိုင်ကြပါသည်။ အတက်အကျသဘော တို့ကိုလည်း နားလည်ထားလေ့



ရှိကြပါသည်။ ယုံကြည်မှုကြောင့် ပို၍မြင့်မြင့်တက်လေ့ရှိကြပြီး ကျလျှင်လည်း ဘဝကို ရင်ဆိုင်နိုင်စွမ်းရှိကြသူများ ဖြစ်လေ့ရှိကြပါသည်။ 'ဝန်' နှင့် 'အား' သဘောကို သိထားသူများဖြစ်သဖြင့် နည်းသည့်'ဝန်' အတွက် မည်မျှသော 'အား' သုံးရမည်ကို နားလည်သဘောပေါက်ထားသဖြင့်လည်း ယုံကြည်မှုရရှိထားကြခြင်း ဖြစ်သည်။ အသိအခြေခံ ယုံကြည်မှုရှိကြသူများမှာ မိမိ၏ မျက်မှောက်အခြေအနေနှင့် ဆီလျော်သော ဘဝတိုက်ပွဲမျိုးကိုသာ ရှာဖွေတိုက်ခိုက်လေ့ ရှိကြပါသည်။ တောင်ဖြိုလိုသော် ခါးသန်မသန် ဦးစွာဆန်းစစ်တတ်ကြပါသည်။

အချို့ 'ကံ' ပေး၍ အောင်မြင်ဖြစ်ထွန်းကြပါသည်။ 'ယုံကြည်မှု' ရှိပါသလား ဟု မေးလျှင် ခပ်အမ်းအမ်းဖြစ်နေပါလိမ့်မည်။ တစ်ဝက်တော်သည်ဟု သုံးသပ်နိုင်ပါသည်။ အချို့ အခြေအနေကို သုံးသပ်နိုင်မှုမရှိဘဲ 'ရင်မော့'၊ 'ခါးကော့' တတ်ကြသည်။ မိုက်မဲသောသူဌေးသားများကဲ့သို့ဖြစ်ပြီး အကျပိုနာကြသူများ အဖြစ် နှောင်းပိုင်းကာလများတွင် ဒုနှင့်ဒေး တွေ့နိုင်မည်ဖြစ်ပါသည်။ မွေးသည်မှ သေသည်အထိ ကုသိုလ်ကံ မပြတ်တမ်း အကျိုးပေးသူ မမွေးဖွားသေးပါ။ လောကဓမ္မတာကလည်း ဘယ်တော့မှ ခွင့်ပြုမည်မဟုတ်ပါ။ အတိတ်ကံကို ပစ္စုပ္ပန်ကံများဖြင့် ဆက်၍ သိမ္မာပါးနပ်စွာ ဘဝကိုကျော်ဖြတ်၍ ခရီးရှည်နှင်ကြသူများသာ ဖြစ်ပါသည်။

'ဘယ်လောက်ယုံကြည်ပါသလဲ' ဟုမေးလျှင် ကိုယ့်ကိုယ်ကိုယ်ယုံကြည်သူများမှာ ရောက်ဆဲမတူညီသောအောင်မြင်မှုများမှ အတိုင်းအတာတစ်ခုထိသာဟု ဖြေကြပါလိမ့်မည်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်နှင့် ရောက်ဆဲခရီးတို့ကို ချင့်ချိန်နားလည်သဘောပေါက်ခြင်း ဖြစ်ပါသည်။ အတိုင်းအဆမဲ့မော်ကြွားလျှင် မျက်ကန်းယုံကြည်မှုဟု စုတ်သပ်နိုင်ပါသည်။ (စကားပြောတင်းမာခြင်းသည်

www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်မှုလက္ခဏာ မဟုတ်ဘဲ မောက်မာထောင်လွှားခြင်း ဝိသေသသာဖြစ်ပါသည်။) အခြေအနေအရ အောင်မြင်ခြင်း၊ အထောက်အပံ့ကောင်း၍ အောင်မြင်ခြင်း၊ အသိနှင့်ယှဉ်၍ ကြိုးစားမှုကြောင့်အောင်မြင်ခြင်း စသော ထိုသူ ဖြတ်သန်းရင်းနှီးခဲ့ရသည့် ဘဝမှတ်တိုင်များကို ကြည့်၍ ပတ်ဝန်းကျင်က ဆုံးဖြတ်နိုင်ကြမည် ဖြစ်ပါသည်။

(အပြောရွှန်းရွှန်းဝေသော်လည်း ဘာမှမလုပ်ကြသူများမှာ အကယ်စင်စစ် မိမိကိုယ်ကိုမယုံကြည်သူများ ဖြစ်ပါသည်။ ပတ်ဝန်းကျင်တွင် အတော်များများ တွေ့ရလေ့ရှိသော လူတန်းစားလည်း ဖြစ်ပါသည်။ တစ်ထောင်နှင့်လုပ်၍ရသော အလုပ်ကို တစ်သောင်းဖြင့် တမ်းတလိုကြပါသည်။ ဘယ်တော့မှ ဆန္ဒပြည့်မည့်သူများဟု ယုံကြည်ရန်အကြောင်း မရှိပါ။)

(ယုံကြည်မှုဟုဆိုရာတွင် မိမိကိုယ်ကို ယုံကြည်မှုရှိရန် လိုသလို တစ်ပါးသူက မိမိအပေါ် ယုံကြည်မှုရှိရန်လည်း အရေးကြီးပါသည်။) ကိုယ်ပိုင်ယုံကြည်မှုအတွက် 'ငါ' ဟူသောအတ္တက သာသာထိုးထိုး အလေးပေးသော်လည်း အများ၏ ယုံကြည်မှု ရရန်မှာမူကား 'သူ' ဟူသော အများ၏အမြင်ကြည်လင်ဖို့လိုသည်။ သူတို့ဘက်မှ ကြည့်လျှင် ထိုသူများ၏ 'သူ' သည် မိမိကို အလေးတင်းမည်မဟုတ်ချေ။ (မိမိကိုယ်ကို 'ကိုယ်ပိုင်ယုံကြည်မှု' ရရန် တစ်ရက်၊ တစ်မနက်ဖြင့် ပြီးမြောက်သည် မဟုတ်၊ လုပ်ငန်း အောင်မြင်မှု၊ ပတ်ဝန်းကျင်ကလက်ခံမှုတို့၏ ထပ်တလဲလဲ ရလဒ်ကို ရပါမှ 'ကိုယ်ပိုင်ယုံကြည်မှု' ကို ရရှိခြင်းဖြစ်ပါသည်။) အများ၏ ယုံကြည်မှုကို ရရှိရန်အတွက် မည်မျှကြာရှည်စွာ ကောင်းခဲ့သည်၊ မည်သည့်လုပ်ငန်းများ အောင်မြင်ခဲ့သည်၊ ပတ်ဝန်းကျင်နှင့်မည်မျှ သဟဇာတဖြစ်ခဲ့သည်နှင့် အတ္တ ပရ အပါအဝင် စာရိတ္တပိုင်း စသောအရည်အချင်းများ မှတ်ကျောက် အတင် ခံနိုင်ရပါမည်။



အများ၏ယုံကြည်မှုကို ရရှိရန် ပို၍ ခက်ခဲမည် ဖြစ်ပြီး၊ စိတ်၏ ပြောင်းလွယ်ပြင်လွယ်သော အခြေအနေကို ပတ်ဝန်းကျင်က ထည့်သွင်းတွက်ချက်မည်မှာမလွဲပါ။ လွယ်ကူစွာ အကဲခတ်နိုင်သော အခြေအနေတစ်ရပ် ရှိပါသည်။ (မိသားစုအတွင်း အထက်အောက် ယုံကြည်မှုမရသူအတွက် ပတ်ဝန်းကျင်၏ ယုံကြည်မှုကို ရရန် အကြောင်းမရှိပါ။)

(မိမိကိုယ်ကိုမှမယုံကြည်သူများသည် လူ့ဘဝ၏ အကြီးမားဆုံးသောဆုံးရှုံးမှုနှင့် ရင်ဆိုင်ရသူတစ်ဦးအဖြစ် သတ်မှတ်နိုင်မည် ဖြစ်သည်။ တန်ဖိုးအနည်းငယ်သာ ကွာသော်လည်း ပတ်ဝန်းကျင်၏ ယုံကြည်မှုကို မရသူမှာလည်း ဘဝသေသူများသာဖြစ်လေ့ရှိကြပါသည်။ အနီးစပ်ဆုံးပတ်ဝန်းကျင်ဖြစ်သော နောက်လိုက်တို့၏ ယုံကြည်မှုကိုမရသော ခေါင်းဆောင်၊ ဇနီး၏ယုံကြည်မှုကိုမရသော ခင်ပွန်း၊ သားသမီး၏ယုံကြည်မှုကိုမရသော မိဘနှင့် မိဘ၏ ယုံကြည်မှုကိုမခံရသော သား သမီးများ စသည်တို့၏ အနာဂတ်သည် လှပမည်မဟုတ်သလို အခြားလူမှုအဖွဲ့အစည်း၏ ယုံကြည်မှု ရရန် မျှော်မှန်းနိုင်မည်မဟုတ်ပါ။)

(လေးစားခြင်းသည် ယုံကြည်မှု၏ အစိတ်အပိုင်းတစ်ခုအဖြစ် သဘောထားနိုင်မည် ဖြစ်သည်။) ချစ်စရာကောင်းသော မြန်မာ့ထုံးတမ်းစဉ်လာအရ အသက်ကြီးသူများ ရိုသေမှုကို အလိုအလျောက်ရရှိနိုင်မည်ဖြစ်သော်လည်း 'လေးစားမှု' က တခြားဖြစ်သည်ကို သတိမူသင့်သည်။ အသက်ငယ်သော်လည်း အရည်အချင်းပြည့်ဝပါက 'လေးစားမှု' ကိုရနိုင်စွမ်း ရှိကြောင်း သတိမူကြပြီး ဖြစ်ပေမည်။ 'ရိုသေလေးစားမှု' နှစ်မျိုးလုံးကိုရရှိနိုင်ပါက ကောင်းထက်အလွန် ဖြစ်မည်ဖြစ်ပြီး အသက်ကြီးသူရော၊ အသက်ငယ်သူရော အားလုံး အရည်အချင်း တစ်မျိုးတည်းနှင့် လိုချင်သော အရာကို မရနိုင်ကြောင်း သိသာစေပါသည်။ အရည်အချင်း၊ စွမ်းရည်

www.burmeseclassic.com

www.burmeseclassic.com



ကို့အပေါ်လေးစားရာမှ အကျင့်သီလနှင့် ပြည့်စုံသောအခါ 'ယုံကြည်မှု' အဆင့်သို့ တိုးတက်သွားတတ်ပါသည်။

မိဘများဖြစ်လင့်ကစား မိဘဝတ္တရားငါးပါးကို မဖြည့်ဆည်းကြသူများမှာ လောက၏တာဝန်ကို ထမ်းဆောင်ရင်း သားသမီး ရလာသော်လည်း အဖေ-အမေ မျှသာ ဖြစ်ချေပါမည်။ အနှ ဂိုဏ်းဝင်မိဘဖြစ်အောင် ဖြည့်ဆည်းရမည့် တာဝန်ဝတ္တရားများကို ဖြည့်ဆည်းပါမှ ယနေ့ အတွေးအခေါ်ကွန့်မြူးတတ်သော လူငယ်များအတွက် ပြည့်စုံ၍ဂုဏ်ဒြပ်ရှိသောမိဘများ ဖြစ်လာပြီး သားသမီးများ၏ ယုံကြည်လေးစားမှုကို ရရှိနိုင်မည်ဖြစ်သည်။ ဘာသာရေး အဆုံးအမ လွှမ်းမိုးသော နိုင်ငံများ၌ မထင်ရှားသော်လည်း အနောက်နိုင်ငံများ၌ ထင်ရှားစွာ 'ယုံကြည်မှု' စွန့်လွှတ်ရသော အဖေ-အမေ များ အများအပြား ရှိနေပါသည်။ ထိုနည်းတူစွာ အခြေအနေပေး၍ အဖွဲ့အစည်းတို့ကို ဦးဆောင်ရသော ပုဂ္ဂိုလ် ခေါင်းဆောင်တို့မှာ ပြောချင်ရာ ပြော၍ လုပ်ချင်ရာ လုပ်နေလျှင် မလွဲသာ မရှောင်သာ၍သာ ထို အဖွဲ့အစည်းတွင် နောက်လိုက် ဝန်ထမ်း လုပ်နေရသော်လည်း ကွယ်ရာ၌ ပြုံးစစဖြစ်နေကြမည်ကို မြင်ယောင်သင့်သည်။ သူ့ဆန်စား၍ 'တစ်ဝက်မျှရဲ' နေကြခြင်းသာ ဖြစ်ပါလိမ့်မည်။

အသိအမြင်များသောခေတ်ဖြစ်သဖြင့် မိမိကသာ လိုက် မလုပ်လျှင်နေရမည်၊ ဦးဆောင်သူ၏ အရည်အချင်းမှန်ကို အောက်ခြေက အကဲဖြတ်ပြီးသား ဖြစ်နေတတ်ပါသည်။ စာအုပ် ဖတ်၍ သာလိကာလို လူအထင်ကြီးအောင် ပြောနေခြင်းလား တကယ်တတ်၍တကယ်လုပ်နေခြင်းလားကို ယနေ့ အောက်ခြေ လူတန်းစားမှ ခွဲခြား သိမြင်နိုင်စွမ်း ရှိနေသည်ကို မမေ့သင့်ပါ။ မလွန်ဆန်နိုင်၍ မပြောခြင်းသာ ဖြစ်ပါသည်။ မိမိကိုယ်ကို ယုံကြည်သူများမှာ တကယ်အရည်အချင်းရှိကြသဖြင့် အောက်ခြေ



ဒ်သမ်းများနှင့် မန်နေဂျာများ လက်ခံနိုင်သော အလုပ်မျိုးသာ ၍ ညီမျှသော အပြောမျိုးသာ ပြောတတ်ကြပါသည်။ ပန်းထိမ် တ်သေးသော်လည်း ရွှေခိုးနည်း အလျှင် တတ်ထားကြသော ခေတ်ကာလဖြစ်သည်ကို မှတ်သားထားသင့်ပါသည်။

(မှန်ကန်သော 'ယုံကြည်မှု' ကို ရာဇဝင်တွင် ဘုရင့်နောင် ောင်ဖျက်၍ တိုက်ခဲ့သောစစ်ပွဲတွင် တွေ့နိုင်ပါသည်။ ခေါင်းဆောင်၏ အရည်အချင်းပေါ် ငယ်သားများ၏ ယုံကြည်မှုနှင့်အတူ ငယ်သားများ၏ အရည်အချင်းပေါ်လည်း ခေါင်းဆောင်၏ ယုံကြည်မှုကို အပြန်အလှန်မီးမောင်းထိုးထားသော 'ယုံကြည်မှု' အခြေခံတိုက်ပွဲဖြစ်ပါသည်။ ဘုရင့်နောင်နေရာမှာ ပုဂံမင်း ဖြစ်ခဲ့လျှင် ဖောင်ဖျက်သော်လည်း ငယ်သားများ၏ စိတ်ဓာတ် ကစဉ့်ကလျားဖြစ်ကာ တိုက်ပွဲအောင်နိုင်ရန် မဖြစ်နိုင်သလို ထိုတိုက်ပွဲမှ ငယ်သားများမဟုတ်ဘဲ အရေးပေါ်စုဆောင်းလာသည့် စစ်သည်များဖြစ်ခဲ့လျှင်လည်း ဘုရင့်နောင်ကလည်း ဖောင်ဖျက်လိမ့်မည် မဟုတ်ပါ။ အရည်အချင်းရှိ ခေါင်းဆောင်ကောင်း ဖြစ်သဖြင့် နောက်တို့၏စိတ်ဓာတ်ကိုမြှင့်ကာ ပန်းတိုင်တစ်ခုတည်းအဖြစ်သာ မြင်စေခဲ့ခြင်းကြောင့် စစ်ပွဲအောင်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ဘုရင့်နောင်၏ ဦးဆောင်နိုင်သောအရည်အချင်းပေါ် နောက်လိုက် များမည်မျှ 'ယုံကြည်' သည်ထက် 'ကိုးစားခြင်း'၊ 'ကြည်ညိုခြင်း' စသော စိတ်ပိုင်းဆိုင်ရာ အရည်အသွေးတို့ကြောင့် နောက်လိုက်များ 'သေရဲ၊ နေရဲ' စိတ်ဓာတ်မျိုး မွေးနိုင်ကြခြင်း ဖြစ်ပါသည်။)

မိမိကိုယ်ကို 'ယုံကြည်မှု' သည် ကောင်းမွန်သောတစ်ဦးပိုင် အခွမ်းသတ္တိပေါ်အခြေခံ၍ ရနိုင်သော်လည်း အများထံမှ မျှော်လင့်သော 'ယုံကြည်မှု' သည် ထို့ထက်လွန်သော အရည်အချင်းများ ရှိဦးမည် ဖြစ်ပါသည်။ နောက်လိုက်များအပေါ် ဖြည့်ဆည်းသင့်သော ဝတ္တရားများကို ဖြည့်ဆည်းပေးနိုင်မှသာ အများ၏

www.burmeseclassic.com

www.burmeseclassic.com



'ယုံကြည်မှု' ကို ရနိုင်မည်ဖြစ်သည်။ ရိုးရိုးသင်ရိုးပါဓာကိုသာ တာဝန်ကျေသင်လေ့ရှိသော ဆရာနှင့် ပဲ့ပြင်ဆုံးမမှု၏ ကရုဏာထားရှိမှု ထပ်ဆောင်းပေးသောဆရာ နှစ်ဦးတွင် ဒုတိယဆရာကို 'ယုံကြည်မှု' ပိုကြသည်မှာ တာဝန်အပြင် ဝတ္တရားကိုပါ ဖြည့်ဆည်းခဲ့၍ဖြစ်သည်။ တာဝန်သည် သတ်မှတ်ပေးအပ်ချက် ဖြစ်၍ ဝတ္တရားသည် လောက၏ မဖော်ပြသော်လည်း လုပ်သင့်သောအလုပ်တစ်ခု ဖြစ်ပါသည်။

(မကြာခဏ ကျင်းပလေ့ရှိသောမှား Senninor များ၊ Workshop များ စသော ဟောပြောပွဲများတွင် ပရိသတ်က မေးလေ့မေးထ မရှိကြခြင်းမှာ ဝမ်းနည်းဖွယ်ရာ ကောင်းလှပါသည်။ မိမိကိုယ်မိမိ ယုံကြည်မှုလျော့နည်းခြင်းကြောင့် ဖြစ်သည်။) အများအလယ်တွင် ပြောဆိုနိုင်မှုအတွေ့အကြုံနည်း၍လည်း ဖြစ်သည်။ အမြင် ဖလှယ်ကြသည်ဖြစ်၍ ဆွေးနွေးသူ မှန်ရမည်ဟု ဘယ်ပညာရှင်တို့ကမှ ပညတ်မထားခဲ့ပါ။ ဟောပြောသူလည်း အပြည့်အဝမှန်ချင်မှ မှန်နိုင်မည်ဖြစ်ပါသည်။ နှစ်ပေါင်း တစ်ရာ ခန့်မှန်းသည်ဟု ယူဆခဲ့သော သိပ္ပံအကျော်အမော် အဲလ်ဘတ်အိုင်စတိုင်း၏ သီအိုရီကို ယနေ့ ထောက်ပြနေကြပြီဖြစ်ပါသည်။ အမြင်ဖလှယ်ခြင်း အတွေ့အကြုံမျှဝေခြင်းများမှတစ်ဆင့် အရည်အချင်း ထပ်ဆင့်တည်ဆောက်နေကြသည်ဟု ခံယူသင့်သည်။ )

ကိုယ်ပိုင်ယုံကြည်မှုသည် ယေဘုယျ မိမိစွမ်းရည်ပေါ်ခြုံငုံယုံကြည်မှုသာဖြစ်၍ အောက်ခြေမှ တင်ပြချက်ကို ငြင်းဆိုသော အရည်အချင်းမဟုတ်ပါ။ (အသိရှိ ယုံကြည်ကြသူများသည် မိမိ၏ စွမ်းရည်များ General သဘောဆောင်သည်ကို မေးလေ့ မရှိကြဘဲ အောက်ခြေမှတင်ပြသော Specific Issue တို့ကို အလေးဖေးစဉ်းစားလေ့ ရှိကြပါသည်။ )အစွန်းရောက် ယုံကြည်ကြသူများက လက်ခံလေ့မရှိကြဘဲ အခြေလွတ်လေ့ရှိတတ်ကြပါသည်။ ပကတိ



အမြင်ကို မြင်နိုင်ခြင်းသည် အရည်အချင်းတစ်ခု ဖြစ်၍ အသိဖြင့် ယုံကြည်ကြသူများ ဆန္ဒစွဲဖြင့် သာသာထိုးထိုး မြင်လေ့မရှိကြပါ။ မျက်ကန်းယုံကြည်ကြသူများက ဆန္ဒပေါ်အခြေခံ၍ Over Under Estimate လုပ်လေ့ရှိကြပါသည်။

လုပ်နေဆဲ၊ အဖြေမထွက်သေးခင်မှာ အမှန်ယုံကြည်သူနှင့် အမှားယုံကြည်သူ နှစ်ဦး ကွာခြားသည်ဟု အမြင်မရှိနိုင်သေးသော်လည်း အချိန်ကာလတစ်ခုကို ကျော်ဖြတ်ပြီးသည်နှင့် ထွက်ပေါ်လာသောအဖြေက ဘယ်သူများ၍ ဘယ်သူမှန်သည်ကို မှတ်ချက်ပေးပြီးသား ဖြစ်နေပါလိမ့်မည်။ တစ်ချိန်က အခြေအနေ၏ ပံ့ပိုးမှုကြောင့် တော်သည်ဟု ယူဆသော ပညာရှင်တစ်ဦး ရှိခဲ့ဖူးသည်။ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုအပြည့်အဝရှိသောသူလည်း ဖြစ်ပါသည်။ အဆင့် ၂ ဘဝဖြင့် တကယ်တော်ခဲ့သော ပညာရှင်နှင့် အတူ အင်္ဂလန်တွင် အတူပညာသင်ကြားရာ ဒုတိယလူက ရှုံးတံဆိပ်ရခဲ့သောဖြစ်ရပ်ကို သိမြင်ခွင့် ရခဲ့လျှင် 'အမှန်ယုံကြည်မှု' ကိုသာ ထားသင့်ကြောင်း အသိတရားရနိုင်မည် ဖြစ်ပါသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အမြင်မရှိ ဘဝမဖြစ်

Vision ဟူသော 'အမြင်'သည် နှစ်ပေါင်းထောင်ချီစဉ်မှ ယနေ့အထိ တာဝန်ရှိကြသူတို့ အရေးတကြီး ဦးစားပေးလုပ်ဆောင်ဖြည့်ဆည်းရသော အရည်အချင်းတစ်ရပ်ဖြစ်သည်။ တာဝန်ရှိသူတို့မှ္သာမဟုတ်ဘဲ သာမန် လက်လုပ်လက်စားများမှ လူလတ်တန်းစား၊ သူကြွယ်များအထိ 'အမြင်' ကို ဦးစားပေးကြရသည်ဖြစ်သည်။ စီးပွားရေးပညာရပ်တွင် Vision ကို ပိုမိုကျယ်ပြန့်စွာ အဓိပ္ပာယ်ဖွင့်ဆိုကြပြီး အများနှင့် ဆိုင်ရာတွင် 'အမြင်'စွမ်းအားသည် ယေဘုယျကျစွာ သက်ဆိုင်ပေသည်။

'အမြင်' နည်းလျှင် 'အသိ' နည်း၍ အုပ်ချုပ်ခံလူတန်းစားဖြစ်ခဲ့ရသည်ကို 'ကျွန်ခေတ်'က သက်သေခံခဲ့ပြီးဖြစ်သည်။ သက်ဦးဆံပိုင်ခေတ်တွင်လည်း မြန်မာဘုရင်များ 'အမြင်နည်း' 'အသိနည်း' ခဲ့ကြ၍ တစ်ပါးကျွန်ဖြစ်ခဲ့ရပြီးချေပြီ၊ ယုံကြည်ရာ၊ ကောင်းနိုးရာရာအားကိုးတကြီးဖြင့် ကြောက်စိတ်ကို အခြေခံ၍ ကိုးကွယ်ခဲ့ကြသော နတ်ဆိုး၊ နတ်ကောင်းတို့ နေရာတွင် သိပ္ပံနည်းကျ၍ သန့်ရှင်းသော ထေရဝါဒကို ရှင်အရဟံက အစားထိုးနိုင်ခဲ့ခြင်းသည် ဘာသာရေးဆိုင်ရာ ကြီးစွာသော 'အမြင်' တစ်ရပ် တော်လှန်မှုဖြစ်ခဲ့သည်၊ အနော်ရထာမင်းနှင့် သူ၏ မှူးကြီးမတ်ကြီးများ၊ မိုင်ထောင်ချီ၍ သာသာနာပြုခဲ့သော ဗုဒ္ဓ၏ သားတော် ရှင်အရဟံတို့၏ ကျေးဇူးလွန်စွာကြီးမားလှချေသည်။



တောခေါင်ခေါင်မှ တက်လာသော လူငယ်လုပ်သားတစ်ယောက်၏ အတွေ့အကြုံမှာ ဝမ်းနည်းဖွယ်ရာ ဖြစ်သည်။ ယင်းသို့ ဘတ်စ်ကား ရောက်လာရာ ကလေးများ မမြင်ဖူး၍ ဝိုင်းအုံကြည့်ကြရသည့်ပြင် အသံကျယ်စွာအော်တတ်သော သတ္တဝါ ဆင်၍ မျက်များချကျွေးဖူးကြောင်း သူ၏အတွေ့အကြုံနှင့် ယှဉ်၍ ပြောပြချက်ကို မှတ်သားခဲ့ဖူးသည်။ ဘုန်းကြီးကျောင်းငယ်တစ်ကျောင်းရှိကြောင်းသိရ၍ လောကအမြင် မရှိနိုင်သော်လည်း ဘာသာရေးအရ တော်ပါသေးသည်ဟူ၍သာ သက်ပြင်းချနိုင်ရပေသည်။

ခေတ်သည် တစ်စတစ်စတိုးတက်လာရာ စား၊ ဝတ်၊ နေရေးထက်ပိုမိုသော အခြေခံလိုအပ်ချက်များ ရှိလာရပြီဖြစ်သည်။ ပညာ၊ ဉစ္စာတို့ကို ဖန်တီးနိုင်သည့် 'အသိ'ဟူသော အရည်အချင်း ရရှိစေရန် 'အမြင်'ကို တတ်နိုင်သမျှ မျက်လုံးကျယ်ကျယ်ဖွင့်ထားရသောခေတ် ဖြစ်လာရပေပြီ။ (နိစ္စဓူဝ တောင်ယာခုတ်၊ လယ်လုပ်၍ ဘာမှပိုမမြင်နိုင်သော ပတ်ဝန်းကျင်မှ လူများ နှစ်ပေါင်းဘယ်လောက်ကြာကြာ တိုးတက်မလာနိုင်ကြသည်မှာ 'အမြင်' မရှိနိုင်၍ ဖြင်သည်။ တီထွင်ဆန်းသစ်မှု နေ့စဉ်နှင့်အမျှ ထိတွေ့နေကြရသော မြို့နေလူတန်းစားများ ပို၍တိုးတက်နေကြရခြင်းမှာ 'အမြင်'များ၍ 'အသိ' များရာမှ သုတများလာကြရသောကြောင့်ဖြစ်သည်။)

('အမြင်'မှ 'အသိ' ဖြစ်ပေါ်၍ 'အသိ' အခြေခံဆည်းပူးလေ့လာရာမှ 'ပညာ'ကို ရနိုင်ကြပြီး တိုးတက်မှုကို ဖန်တီးနိုင်ခြင်းသည် Set Process ဖြစ်ပေသည်။) ဧရာမ ကျောက်တုံးကြီးများဖြင့် တည်ဆောက်ခဲ့သော ပိရမစ်များကို ကြည့်လျှင် ထိုစဉ်က အုပ်ချုပ်ခံ 'ကျွန်'များ၏ အသိအမြင်နှင့် 'အုပ်ချုပ်သူ' ဘုရင်များ၏ အသိအမြင် မည်မျှကွာခြားကြောင်းသတိပြုမိနိုင်မည်ဖြစ်သည်။ Gap of Knowledge သည် Different Vision ပေါ်မူတည်၍ အုပ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



သူ လူတန်းစား၏ အသိနှင့် အုပ်ချုပ်ခံလူတန်းစားတို့၏ အသိများ ကွာလွန်းပါက တိုင်းပြည်နောက်ကျန်ခဲ့ခြင်းဟူသော ရလဒ်ကိုသာ ရနိုင်မည်ဖြစ်သည်။

စစ်မှုထမ်းဆောင်စဉ်က ကရင်ပြည်နယ်အတွင်းပိုင်း ကျကျသို့ ရောက်ဖူးခဲ့ရာ 'ဦးအောင်ကျော်'ဟူသော လူရည်လည် တစ်ဦးကို တွေ့ခဲ့ရဖူးသည်။ ရွာသားများနှင့်မတူ အမြင်ရှိစွာ ပြောနိုင်ဆိုနိုင်၍ စကားလက်ဆုံကျမိရာ၊ ၎င်း၏ 'အမြင်'ကို စီးပွားတစ်ရပ်အဖြစ် 'ရိုက်စား'လုပ်နေသူ တစ်ဦးဖြစ်ကြောင်း တောကြီးမျက်မည်းတွင် အံ့သြစွာတွေ့ခဲ့ရသည်။ ရိုးသားသော တောင်သူများ၏ ဘိုးစဉ်ဘောင်ဆက် သိမ်းဆည်း၊ လက်ဆင့်ကမ်းခဲ့သော လက်ဝတ် ရတနာများ၊ ရှေးဟောင်းပစ္စည်းများကို လိမ်မှာသလို ဆွဲဆောင်သိမ်းသွင်းယူငင်ရင်း တစ်ဖက်နိုင်ငံသို့ ရောင်းချခြင်းဖြင့် ဝင်ငွေဖြောင့်နေသောလူတစ်ဦး ဖြစ်သည်။ ယခင် သစ်တောဝန်ထမ်းတစ်ဦးဖြစ်ခဲ့ပြီး၊ တာဝန်အရ သွားရောက်ရာမှ 'လုပ်ကွက်' တွေ့ခဲ့သူဖြစ်သည်။ အမြင်နည်းသူများအပေါ် အမြင်ရှိသူများ၏ 'ရိုက်စား' ကွက်မှ တစ်ခုဖြစ်ပေသည်။

ရှေးအခါက ကိုလိုနီနယ်ချဲ့ခြင်းသည် သယံဇာတနှင့် လုပ်အားပိုင်ဆိုင်မှုမှတစ်ဆင့် ဓနကြွယ်ဝနိုင်ရေးအမြင်ရှိခဲ့မှုကြောင့် ဖြစ်သည်။ ခေတ်သစ် အယူအဆတွင်မူ ထပ်တိုးရည်ရွယ်ချက်များ ပါဝင်လာပါသည်။ ပြင်သစ်၊ ဂျာမန်၊ အင်္ဂလန်တို့၏ တစ်ခေတ်တစ်ချိန်· တန်ခိုးရှိန်စော်ကြီးခဲ့ရင်း တစ်ဖန် ကျဆုံးခန်းတို့ကိုသင်ခန်းစာယူခဲ့ပြီး မိမိ၏ တန်ခိုးသြဇာနှင့် အတတ်ပညာအမြဲတမ်း ရှေ့ရောက်နိုင်ရေးဟူသော 'အမြင်'များပါ ထပ်ပေါင်းထားပါသည်။ (အတတ်ပညာနှင့် အသိသည် တန်ခိုးသြဇာနှင့် နဂို ဖန်တီးနိုင်သော 'အမြင်'ကို ရှိခဲ့ကြသောကြောင့်ဖြစ်သည်။)



Bill Gate ၏ Microsoft က ကွန်ပျူတာနယ်ပယ်တွင် မည်သို့ကြီးစိုးနိုင်သည် ဟူသောအမြင်ရှိခဲ့၍ လိုက်နာလုပ်ဆောင်ခြင်း ကမ္ဘာ့ နံပါတ်တစ်အချမ်းသာဆုံးဖြစ်ခဲ့သလို၊ အခြားကုမ္ပဏီများမှလည်း ဤသို့ ဆက်လက်လွှတ်ထားလျှင် မဟာဗျူဟာကောင်းရှိမှုနှင့် အခြေခံကောင်းမွန်မှုကြောင့် အခြားကုမ္ပဏီများ စီးပွားကွက် ပျောက်နိုင်သည်ကို ရိပ်စားမိသော တန်ပြန် 'အမြင်' ရှိခဲ့ကြကာ ဥပဒေဖြင့် Microsoft ကို ကုမ္ပဏီနှစ်ခု ခွဲထုတ်ခြင်းဖြင့် 'အမြင်' ပြိုင်ခဲ့ကြသည်မှာ မဟာဗျူဟာ အားစမ်းမှုပြိုင်ပွဲတစ်ခုအဖြစ် စိတ်ဝင်စားဖွယ်ရာ ကောင်းခဲ့ရပေသည်။

ခေတ်သစ်ကမ္ဘာ၏ ပညာအခြေခံ ရှင်သန်မှုသည် ရှေးကလို ရိုးရိုးမြင်၊ လွယ်လွယ်တွေး၍ ရတော့သည်မဟုတ်။ တစ်လံတစ်တောင်လောက်မြင်လျှင် အမြင့်သို့ ရောက်နိုင်ဖွယ်ရာမရှိ၊ မိဘဆက်ထက်ကချမ်းသာ၍ အမွေရသော သားသမီးများ၊ ၎င်းတို့ဆက်ထက်တွင် ကျဆုံးသွားကြရသည်မှာ သူတို့ခေတ်နှင့်လျော်ညီစွာ မတွေးခေါ်၊ မမြင်နိုင်၊ မလုပ်နိုင်ကြ၍ဖြစ်သည်။ လမ်းသွားရင်း အမှိုက်တစ်စကို ကောက်သွားရမှန်း 'အမြင်' မရှိသူ တစ်ဦးသည် လူအများကို အုပ်ချုပ်နိုင်သော အရည်အချင်း မရှိသည်မှာ ဆန်းသည်မဟုတ်။ သူဌေးသားတော်တော်များများ အမိန့်ပေးတတ်ခြင်းသည် အုပ်ချုပ်မှုပညာတစ်ရပ် တတ်မြောက်သည်ဟု လွဲမှားစွာ ယုံကြည်နေတတ်ကြခြင်းသည် ဆုတ်ယုတ်ရာ လမ်းကြောင်းပေါ်သို့ ရောက်ရှိနေသည်ကို သိမြင်ကြဟန်မတူ။ သူဌေးသားသည် 'အာဏာ' မရှိသော်လည်း ထိုက်သင့်သောအဖေအားကိုး 'သြဇာ' ရှိနေသေး၍ 'မှန်ကန်'သော ဆုံးဖြတ်ချက်နှင့် အမိန့်မဟုတ်စေကာမူ ဝန်ထမ်းများ မလွန်ဆန်ဘဲ လုပ်ဆောင်ပေးတတ်သော သဘောသဘာဝရှိသည်ကို သိရှိဖို့ကောင်းသည်။ 'ကြောက်'၍ လုပ်ပေးရခြင်း

www.burmeseclassic.com

www.burmeseclassic.com



သည် 'မှန်' ၍လုပ်ပေးရခြင်း မဟုတ်သည်ကို သတိမမူမိလျှင်၊ တစ်ချိန် ကျဆုံးမည်ကို ဗေဒင်မေးရန်လိုမည်မဟုတ်ပါ။

ကြိုးစားလိုသောစိတ် ရှိသူများ၊ ဘဝကို အလေးအနက်ထားသော စိတ်ဓာတ်ကောင်းရှိသူများမှာ အခြေခံအမြင်မရှိသော်လည်း 'အမြင်' 'အသိ' ဖွင့်ပေးသူများနှင့် တဒင်္ဂတွေ့ခွင့်ရလျှင်ပင် ကိုယ့်လမ်းကိုယ်ဖောက် ကိုယ့်ခြေထောက်ကိုယ်ရပ်နိုင်ကြရသည်။ စိတ်ဓာတ်အောက်တန်းကျသူများ၊ ပေါ့ပေါ့နေပေါ့ပေါ့စား၍ အချောင်စိတ်ရှိသူများမှာ မည်မျှ 'အမြင်' ဖွင့်ပေးပေး၊ 'အသိ' ပေးပေး ဖြစ်မလာကြပေ။ ဆင်းရဲချမ်းသာမှုသည် ကံတရားနှင့် တစ်စိတ်တစ်ပိုင်း စပ်ဆိုင်သည်ဖြစ်၍ လုပ်တိုင်းမဖြစ်သော်လည်း မဆုတ်မနစ် ကြိုးစားကြသူများမှာ 'အထက်တန်း'စားများဟု သတ်မှတ်ပြီး စိတ်ဓာတ်ညံ့ဖျင်းသူများ၊ ကံတရားနှင့် မဆိုင်သော ပြင်လျှင်ရသည့် ကိုယ်တိုင်ပိုင်ဆိုင်သော 'စိတ်ဓာတ်'ကို မပြုပြင်သူများကို 'အောက်တန်းစား' ဟုသမုတ်လျှင် 'နာ'ရန်မသင့်ပေ အကြိမ်ကြိမ် သင်ကြား၊ အမြင်ဖွင့်ခံရသော်လည်း တိုးတက်မှုမရှိသူ လေ့လာရန်အခြေအနေကောင်း၊ ရေကန်အသင့်ကြာအသင့်ရှိသော်လည်း ကြိုးစားလိုစိတ်ညံ့ဖျင်း၍ မတတ်မြောက်သူအချို့ကို တွေ့ခဲ့ ခဲ့ပါသည်။ 'အောက်တန်းစား' ထက် 'ပို၍နိမ့်ကျသူ' များ ဖြစ်ပေသည်။ ကံတရား၏ လွှမ်းမိုးမှုနှင့် မဆိုင်သော 'ကိုယ်ပိုင်စိတ်ဓာတ်' မပြင်နိုင်ခြင်းသည် ထိုထက်ညံ့သော သူများကို ရှာဖွေနေရန်မလိုတော့။

'မမြင်လျှင်မသိ'ဟုဆိုလျှင် 'ဒါလေးများ'ဟု လွယ်လွယ် တုံ့ပြန်တတ်သူများ ၎င်းတို့၏ဘဝ တိုးတက်မှုမရှိခြင်းသည် ထို 'ဒါလေးများ' ဟူသော ပေါ့ပေါ့တွေးတတ်မှုကြောင့်သာဖြစ်သည်။ လေးလေးနက်နက်တွေးရန်ကိုပင် မမြင်သူများသည် ဘဝကို မည်မျှ



တည်ဆောက်မည်မှာ စဉ်းစားရန်ပင်မရဲ၍ ဘဝတစ်ခုလုံးကိုပင် ှင် 'ဒါလေးများ' နှင့် အဆုံးသတ်လေ့ရှိကြသည်။

သိဒ္ဓတ္ထမင်းသားသည် မင်းစည်းစိမ်ခံစား၍အရွယ်ကောင်း ခြံမှာပင် သူအို၊ သူနာ၊ သူသေနှင့် ရဟန်းကို တစ်ခဏမြင်မိရာမှ ဘဝ်ဆင့်တက်ကာ သံသရာဒုက္ခကိုပါမြင်မိ၍ နိဗ္ဗာန်လမ်းကို ကျင့်ကြံရင်း ဗုဒ္ဓဘာသာ သာသနာတော်ကို ထူထောင်နိုင်ခဲ့ခြင်းမှာ 'အမြင်' စူးရှခဲ့သောကြောင့်ဖြစ်သည်။ တွေ့သော်လည်း 'မမြင်' နိုင်ကြသူများမှာ ကြိုတင်မှန်းဆ၍ အနာဂတ်ကို ကြည့်ရှုတတ်သော 'အမြင်'မရနိုင်ပေ။ အနာဂတ်ကို မမြင်နိုင်လျှင် အနာဂတ်ဖြင့် တည်ဆောက်သောဘဝကို လှပအောင်ခြယ်မှုန်းနိုင်မည် မဟုတ်၊ ခန်းကျင်၊ သားသမီး၊ မိသားစု အနည်းဆုံးဖြင့် ဘဝရှင်သန်ကြသော အိမ်ထောင်ဦးစီးများ 'အမြင်' နိမ့်ကျလွန်း၍ မိသားစု နိမ့်ပါးကြရခြင်းအတွက် ထိုအိမ်ထောင်ဦးစီးမှာ တာဝန်ရှိပေသည်။

'အမြင်' မရှိလျှင် 'အသိ' နိမ့်၍အတွေးအခေါ် အယူအဆများ ခေတ်နှင့် အံဝင်မည်မဟုတ်၊ တောင်ယာလုပ်ကိုင်သူ မိဘတို့ သားသမီးအပေါ် ကျွေးနိုင်လျှင်တာဝန်ကျေပြီ ဟူသော 'အသိ' သည် အမြင်မရှိခဲ့၍ အပြစ်ဆိုရန် မရှိခဲ့သော်လည်း မြို့နေလူတန်းစားတို့ ထိုအတွေးအခေါ်မှမလွန်မြောက်လျှင် ထို တောင်ယာလုပ်သူထက် ညံ့ဖျင်းသည်ဟု သတ်မှတ်နိုင်မည်ဖြစ်သည်။ ဘဝ င်ခွဲ့တိုးတက်ရန် 'အမြင်'နှင့် အသိတို့သည် မဟာအထောက်အပံ့ များဖြစ်ပြီး ထူးထူးခြားခြား 'အမြင်' မရှိနိုင်လျှင်ပင် 'အခြေခံအမြင်' လောက်တော့ ရှိသင့်ကြသည်။ အခြေအနေပေး၍ ဝန်းကျင် ကောင်းတွင် ရှင်သန်ရသူတို့ 'အမြင်' နုံချာလျှင် ဝမ်းနည်းဖွယ်ရာ ကောင်းမည်ဖြစ်သည်။

'အမြင်'မှ 'အသိ'သို့ တိုးတက်လာပြီး ထိုအသိကို အလုပ် း 'Brain Storm' လုပ်ရာမှ အတွေ့အကြုံများ ပါဝင်လာကာ

www.burmeseclassic.com

www.burmeseclassic.com



ငံ့မိုကျယ်ပြန့်သော 'အမြင်'ကို တိုးတက်ရရှိမည်ဖြစ်သည်။ တစ်ခုနှင့် တစ်ခု ပံ့ပိုးထောက်ပံ့နေသည် ဖြစ်၍ 'ဆပွား' အရည်အချင်းများ ရကာ 'ဒုံရင်း' အမြင်နှံ့ချာသူတို့နှင့် ကွာချင်တိုင်းကွာသွားနိုင်ပြီ ဖြစ်သည်။/သန်စွမ်းသော်လည်း၊ တောင်းစားသူတို့ မိမိတို့၏ ရင်သွေးများကို ထို တောင်းစားသူဘဝထဲ သွတ်သွင်းကြသူများမှာ သူညအောက်ထိအမြင်မရှိသူများ ဖြစ်သည်။)ထို့ထက်ဆိုးသူများမှာ ခေတ်ပညာလည်းတတ်၊ မိဘကလည်း အထောက်အပံ့ပေးပြီး မကြိုးစားဘဲ ဘဝကို ရေပေါ်ဆီဖြင့်တည်ဆောက်ကြသူများဖြစ် သည်။(အခြေအနေမပေး၊ အခွင့်အရေး မရရှာ၍ ဖြစ်မလာသူတို့ကို အပြစ်ဆိုဖွယ်မရှိသော်လည်း အခြေအနေပေးပြီး၊ အခွင့်အရေး အနားမှာရှိနေသူများ ဖြစ်ထွန်းမလာကြခြင်းမှာ အမြင်၊ အသိ လွန်စွာနိမ့်ကျသောကြောင့် ဖြစ်သည်။ ကိုယ်တိုင်ပိုင်ဆိုင်သော 'စိတ်ဓာတ်' ညံ့ဖျင်းကြလွန်းသောကြောင့် ဖြစ်သည်။)

ငွေကြေးတန်ဖိုးရှိသောခေတ်က ကုဋေရှစ်ဆယ် သူဌေး သားပင် မွဲတေ၍ ခွက်ဆွဲရသေးလျှင်၊ ယနေ့ခေတ် 'အမြင်မဲ့' သူဌေးသားများ ချောက်နှုတ်ခမ်းမှာ လျှောက်နေသည်တု သုံးသပ်နိုင်မည်ဖြစ်သည်။ ကြမ်းတမ်းခက်ထန်စွာ ယှဉ်ပြိုင်၍ ရှင်သန်မှုအတွက် ကြိုးစားနေရသော မျက်မှောက်ခေတ်တွင် သာမန်အမြင်ပင်လျှင် 'တန်း'မဝင်တော့။ စူးရှ၊ နက်နဲ၊ ထိုးထွင်း၍ သစ်လွင်နုပျိုသောအမြင်များ အစားထိုးဝင်ရောက်နေပြီဖြစ်သည်။

ကမ္ဘာ့စီးပွားရေးသည် သာမန်ကုန်ရောင်းကုန်ဝယ်ခေတ် မဟုတ်တော့၊ နိုင်ငံတစ်ခုကိုပင် ပြိုလဲပျက်စီးအောင် ဖန်တီးနိုင် သည့်ခေတ်ဖြစ်နေသည်။ ပညာရေးတွင်လည်း သာမန်စာသင်ခန်း တွင်း သင်ရိုးပါဖြင့် မလုံလောက်တော့၊ ပညာလွန်အတွေးအခေါ် များဖြင့် ရှေ့တန်းရောက်ရန် ကြိုးစားကာ အယူအဆသစ်များ အစားထိုးလာပြီးဖြစ်သည်။ နိုင်ငံရေးတွင်လည်း သာမန်သာယာ



ပြောရေး၊ အေးချမ်းရေးဖြင့် တင်းတိမ်မနေကြတော့ချေ။ စစ်မတိုက် ဘဲ ကမ္ဘာ့အနှံ့ဩဇာလွှမ်းမိုးရေး၊ အခြားတစ်နိုင်ငံကို ပြုပြင်စီမံနိုင် ရေး စသော 'အမြင်'များဖြင့် ခေတ်သစ်ကို တည်ဆောက်နေကြပြီ ဖြစ်သည်။ အရာရာ အဟုန်ကြီးစွာဖြင့် ပြောင်းလဲနေသောခေတ် တွင် အနာဂတ်ရှိရေးအတွက် ကံတရားကို ယိုးမယ်ဖွဲ့နေသည်ထက် (တောထွက်မှာလား) (အမြင်ရှိတော့မှာလား) ကို စဉ်းစားသင့်ကြ ပြီဖြစ်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

# လွန်သွားသလား

တူသောအကျိုးပေးဆိုတာများ . . . တကယ့်ကို ဟုတ်တယ် . . .။ ကျုပ်ဆိုတဲ့ဘမောင်၊ တစ်ခါတလေမှ မြို့ထဲထွက်ဖြစ်တာ။ ပိုက်ဆံမရှိလို့ အိမ်ထဲကုပ်နေတာများတယ်။ တစ်ခါဆို တစ်ခါ လောက်ကို စိတ်ပျက်မိပါရဲ့။ အဆိုးဆုံးက ဒရိုင်ဘာယာဉ်မောင်းတွေ။ ဘာတွေဖြစ်ကုန်ကြပြီလဲလို့တောင် မေးရမလိုဖြစ်တယ်။ ယာဉ်စည်းကမ်း လိုက်နာရကောင်းမှန်း မသိတော့ဘူးလားထင်ရတယ်။ ရပ်ချင်တဲ့နေရာမှာ ရပ်တယ်၊ ထွက်ချင်သလိုထထွက်တယ်။ ပြီးတော့ ကွမ်းသွေးက တဗျစ်ဗျစ်နဲ့ ကားကြီးတွေများ မောင်းလိုက်ကြတာ ဂျက်လေယာဉ်က 'အဘ'ခေါ်ရတော့မယ့်အတိုင်း။ ယာဉ်ထိန်းတွေ ရှေ့မှာကို လုပ်ချင်သလို လုပ်နေကြတာနော် . . . မယုံရင် မဟာဗန္ဓုလလမ်းပေါ်က ၃၈ လမ်း ၃၉ လမ်းထိပ် သွားကြည့်၊ ကားကို ဘယ်လောက်စနစ်တကျရပ်ထားလဲဆိုတာ တွေ့ရလိမ့်မယ်။ လမ်းကို ကန့်လန့်ဖြတ်မလောက်နီးပါး ရပ်ထားတာတောင် တွေ့နိုင်တယ်။ သူတို့ကို မကျေနပ်တဲ့မျက်လုံးနဲ့များ သွားမကြည့်လိုက်နဲ့၊ အရိုက်ခံသွားရနိုင်တယ်။ အနည်းဆုံး အစိမ်းလိုက် အကင်လိုက် စားတော့မလောက်နဲ့ ပြန်အကြည့်ခံရမှာ သေချာတယ်။

တစ်ရက် အိမ်ဘေးကရုံးကားတစ်စီးနဲ့ အဖော်ခေါ်[illegible]



[illegible]ိုက်သွားမိပါတယ်။ အနိဋ္ဌာရုံတွေ တန်းစီတွေ့လိုက်ရ[illegible] [illegible]ဒီ ၃၈ လမ်းနဲ့ ၃၉ လမ်းကြားမှာပဲ ဘတ်စ်ကား [illegible] [illegible]ထပ်ရပ်ထားတယ်၊ နောက်ကကားတွေ ကျော်မရတော့ဘူး . . .၊ [illegible]ကြောင့်ရပ်ရပ်၊ လမ်းဘေးရပ်' ဆိုတာကို တော်တော်လိုက်[illegible] [illegible]ပဲ။ တော်တော်ကြာတာနော်၊ ယောက္ခမပိုင်လမ်းလို့များထင်နေ[illegible]လားမသိဘူး . . .။ ဘမောင်တို့ ရှေ့ကဆလွန်းကားက ဟွန်းတီး[illegible]ယ်ခိုင်းတယ်။ စပယ်ယာက မျက်စောင်းတစ်ချက်ထိုးပြီး အရေး[illegible]ဘင်မစိုက်ဘူး။ နောက်တစ်ခါ ဟွန်းတီးပြီး အချက်ပေးပြန်ရော။ [illegible]ယ်ယာက သူ့ကားရှေ့ ကွမ်းသွေးပျစ်ခနဲထွေးပြီး အရေးမစိုက်[illegible]သို မျက်နှာလွှဲပစ်လိုက်တယ်။ မိုက်ရိုင်းတာ၊ တော်တော်မိုက်[illegible]ဘာ။ ထပ်တောင်စော်ကားလိုက်သေးတယ်။ ဘမောင်ရင်ထဲ [illegible]ခနဲတောင် ဖြစ်သွားတယ်။ ဗုဒ္ဓဘာသာထွန်းကားတဲ့ ယဉ်ကျေး[illegible] မြန်မာလူမျိုးတဲ့၊ ဒီကောင်တွေကျမှ ပျက်ရတော့မှာလား။ [illegible]ဘရက် ဘမောင်နှုတ်က ဒေါသကို မဆီးတားနိုင်လို့ ထွက်သွား[illegible]

"သေရင်တောင် ကောင်းကောင်းသေရမယ့်ကောင်တွေ [illegible]ဘူး"။ လွန်သွားသလား၊ တောင်းပန်ပါတယ်။ မြင်ကွင်းက [illegible]က်တန်းကျလွန်းလို့။ မကြာခင်မှာပဲ နှစ်ထပ်ရပ်ထား[illegible] [illegible]ကြီးထဲက အတွင်းတစ်စီးကထွက်ဖို့ ဂီယာထိုး ဘီးစလိမ့်လိုက်[illegible] အခုမှပဲ လိုရာသွားနိုင်တော့မှာပါလားလို့ သက်ပြင်းချနိုင်[illegible]တယ်။ ဘမောင်သက်ပြင်းက တစ်ဝက်မှာပြန်ရပ်သွား[illegible]၊ [illegible]ဘိုလဲသိလား၊ ကွမ်းသွေးတဗျစ်ဗျစ်နဲ့ အပြင်က[illegible] [illegible]ကိုက်အထွက်မှာ ကားချင်းချိတ်မိသွားရော၊ နှစ်က[illegible] [illegible]ရော၊ ဒရိုင်ဘာရောဆင်းလာပြီး တစ်ယောက်[illegible] [illegible]ရင်း အချင်းများလိုက်ကြတာ ဘုရားပွဲတော်[illegible] [illegible] ဘယ်သူမှလည်း ဝင်မဆွဲရဲဘူး။

www.burmeseclassic.com



'ခွပ် . . . ခွပ် . . . ခွပ်' နဲ့ ရိုက်လိုက်ကြတာ ကွမ်းသွေးတဗျစ်ဗျစ်နဲ့ စပယ်ယာ ကတ္တရာလမ်းပေါ်မှောက်သွားတယ်၊ မျက်လုံးတစ်ဖက် ထွက်သွားတယ်နဲ့တူတယ် . . . သွေးတွေရွှဲနေတာပဲ၊ ကွမ်းသွေးထွက်တာအားမရလို့ ကိုယ့်သွေးနဲ့ပါ လမ်းပေါ်လူးသွားလိုက်သေးတယ်။

တူသောအကျိုးပေးနော်။ တော်တော်ကြောက်စရာကောင်းတာ၊ နောက်ဘဝမကူးဘူး။ နောက်နေ့ သတင်းရလိုက်တယ်၊ ဆေးရုံမှာပဲဆုံးသွားပြီတဲ့။ သေရင်တောင် ကောင်းကောင်းသေရမှာမဟုတ်ဘူးလို့ ညည်းလိုက်တာ ဘမောင်လွန်သွားပြီထင်တယ်၊ မေတ္တာစူးခြင်း တစ်မျိုးပေါ့။

× × ×

ကျုပ်သားအလတ်ကောင်၊ မအူမလည်နဲ့ တတ်သလို နပ်သလိုလုပ်ရင်း မိန်းမရလာတယ်။ သူ့အဆင့်နဲ့ရတဲ့ မိန်းမက ဘယ်အတန်းစားထဲက ဖြစ်မှာလဲ။ ကျုပ်မေးမနေတော့ပါဘူး၊ ဘမောင်တို့ မိသားစုက သိပ်ချောင်လည်လှတာမဟုတ်ဘူး၊ ကျုပ်က အထည်စက်ရုံမှာ ဝန်ထမ်းကြပ်လောက်ဆိုတော့ လခလေးက နှစ်သောင်းလောက်ပဲရတာ။ ဗိုတာတိုင်လေးဘာလေးနဲ့ပေါင်းမှ နှစ်သောင်းခွဲလောက်။ မနက်ဆို ကျုပ်မိန်းမက လမ်းဆုံမှာ ခေါက်ဆွဲသုပ်၊ ကြာဆံသုပ် အရောင်းထွက်ရင်း ဒီကောင်တွေကို လူဖြစ်ပါစေတော့ဆိုပြီး နှစ်ပေါင်းများစွာ ရုန်းကန်ကျွေးနေရတာ။ အသက်က နှစ်ဆယ်မပြည့်သေးဘူး။ မိန်းမကရလာပြီ၊ ဘယ်လောက် အလိုက်သိလိုက်တဲ့ကောင်လဲ။



ချွေးမဆိုတော့လည်း သမီးပဲပေါ့၊ အေးအတူပူအမျှထားဖို့ဘမောင်က ဇနီးသည်ကို ဖျောင်းဖျယူရတယ်။ လေဒီဘမောင်ကအစာသိပ်ကြေချင်တာမဟုတ်ဘူး။ မတတ်နိုင်ဘူးလေ၊ ဖြစ်ခဲ့ပြီးပြီပဲဟာ။

ဒီခေတ်ကလေးတွေ အံ့ဩဖို့ အလွန်ကောင်းတယ်နော်။ ကျုပ်ဖြင့် ယုံတောင်မယုံချင်ဘူး။ မယုံချင်ပေမယ့် လက်တွေ့ဖြစ်နေတော့ အသားတဆတ်ဆတ်တုန်ပြီး မချင့်မရဲဖြစ်ရုံက လွဲပြီးယုံလိုက်ရတယ်။ အဓိကက ကျုပ်သားပဲ။ အသိမရှိဘူး၊ ပညာမဲ့တယ်။ လက်ကြော၊ ခါးကြောမတင်းဘူး၊ လောကကို ကန့်လန့်ဖြတ်နေတတ်တယ်။ မိဘကို စကားပြောရင်လည်း ပြေပြေပြစ်ပြစ်မရှိဘူး။ မိန်းမရလို့ တစ်လတောင်ရှိသွားပြီး ဘယ်မှာမှ အလုပ်ကိုဟုတ်တိပတ်တိ မလုပ်ပြန်သေးဘူး။ အိမ်ပြန်လာရင် အနံ့ကလေးကဘသင်းသင်းနဲ့။

အိပ်ရာကထတော့ ကြည့်ဦး၊ မနက်ဆယ်နာရီခွဲကျော်မှပြီးရင် ဟင်းအိုးဖလှန်တော့တာပဲ၊ တံမြက်စည်း တစ်ချက်တောင်လှည်းဖော်မရတဲ့သူကို ကျုပ်တို့က ချွေးမတော်နေရတာ၊ စဉ်းစားသာကြည့်။ တစ်ရက်ပေါ့၊ နေမြင့် အိပ်ရာကထ စားစရာအဆင်သင့်မဖြစ်လို့တဲ့ အိုးကိုခြေထောက်နဲ့ကန်သံ ကြားလိုက်ရတယ်။ ကျုပ်သားမဟုတ်ဘူးနော်၊ သူ့မိန်းမက ကန်ပစ်လိုက်တာ။ ကျုပ်စိတ်ထဲ 'ထောင်း' ခနဲ ဒေါသထွက်သွားတယ်။ သူ့အတွက် ကြောင်အိမ်ထဲမှာ ကောက်ညှင်းပေါင်းချန်ထားပါတယ်။ စော်ကားတာ၊ အဆုံးစွန်အထိ စော်ကားတာ။ 'ကံကြီးထိုက်တော့မှာပဲ'၊ ရင်ထဲမှာပဲဖြစ်သောတဲ့ ညည်းတွားမှုပါ။ လည်ချောင်းအရောက်မှာ ဘမောင်ကြိုးသားပြီး ပြန်မျိုချပစ်လိုက်ပါတယ်လေ။ ဘမောင်လွန်သွားသလား၊ ဘမောင်တို့က တစ်မင်္ဂတစ်ဖိုလ် ရသေးတာမဟုတ်ဘူး။ ပုထုဇဉ်ဆိုတော့ ခံစားချက် နည်းနည်းတော့ ပါတတ်သေးတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဘမောင်တို့ငယ်ငယ်တုန်းက အမေကဆုံးမဖူးတယ်၊ အနန္တောအနန္တ ငါးပါးကို ဘယ်တော့မှ မပြစ်မှားနဲ့တဲ့၊ ကံကြီးထိုက်တတ်တယ်တဲ့။ ဘမောင်တို့ ငယ်ငယ်က မလိမ္မာခဲ့ပါဘူး။ ဝန်ခံပါတယ်။ ဒါပေမဲ့ အနန္တောအနန္တငါးပါးနဲ့ ကျေးဇူးရှင် ဆရာတွေကိုတော့ ဘယ်တော့မှ မစော်ကားဘူး။ မလိမ္မာခဲ့လို့ ဘမောင်တို့ ဒီဘဝနဲ့ ကျင်လည်နေရတာ၊ ဘဝက ချောင်လည်လှတာမဟုတ်ဘူး။ တစ်နေ့လုပ်မှ တစ်နေ့စားရတာ၊ အသိနောက်ကျနေပြီ၊ နောင်တကို နောက်ကျမှရတော့ ငယ်ငယ်က မသင်လို့မတတ်ခဲ့တဲ့ ပညာနဲ့ ဘယ်လိုလုပ်စားလို့ရမှာတုံး။ ကာယအားကိုးလုပ်ငန်းဆိုတာက အကန့်အသတ်နဲ့ မတတ်လို့မလုပ်နိုင်၊ မလုပ်နိုင်လို့မရ၊ မရလို့လူ မွေးသူမွေးမပြောင်။ ဒီဘဝက ရုန်းမထွက်နိုင်တော့ဘူး။

တစ်ရက်ပေါ့၊ ညဘက် အိမ်ကို ရ. ဝ. တနဲ့ ရဲသားနှစ်ယောက် ရောက်လာတယ်။ ကျုပ်လန့်သွားတယ်၊ အေးအေးချမ်းချမ်းနေတတ်တဲ့ ဘမောင်တို့မိသားစုဆိုတာ ‘ရဲ’နဲ့ ဆက်စပ်စရာရှိတာမဟုတ်ဘူး။ ‘မခိုင်ရှိလား’တဲ့၊ ပြဿနာတော့စပြီလို့ ဘမောင်သိလိုက်တယ်။ ‘မခိုင်’ဆိုတာက ကျုပ်ချွေးမ၊ ဟိုကောင့်မိန်းမပေါ့။ ကျုပ်ဖြန့်ရှက်လိုက်တာလေ၊ လဲပြီးသေချင်စော်နံသွားတယ်။ ကျုပ်သားက ပြန်မရောက်သေးဘူး၊ ကျုပ်ချွေးမကို လက်ထိတ်ခတ်ပြီး ရဲစခန်းခေါ်သွားကြတယ်။ ကလေးမကလည်း တရှုံ့ရှုံ့နဲ့။ ဘာကြောင့်လဲသိလား။ ကျုပ်ဘယ်လိုပြောရမှန်းတောင်မသိဘူး။ တည်းခိုခန်းတစ်ခုမှာ တခြားသူနဲ့ပျော်ပါးရင်း ပစ္စည်းလစ်လာလို့တဲ့။ လောကကြီး ဘာတွေဖြစ်ကုန်ပြီလဲ။ ဘမောင် နားမလည်နိုင်တော့ဘူး။ ကျုပ်သား ဆိုတဲ့ကောင် ပြန်လာရင်ရော ဘယ်လိုပြန်ပြောရမှာတုန်း။ ဘုရား . . . ဘုရား . . . ဘုရား . . .

× × ×



ကျုပ်ဆိုတဲ့ဘမောင် ငယ်ငယ်တုန်းက မိဘကို မစော်ကားခဲ့ပေမယ့် စိတ်ချမ်းသာအောင်တော့ ထားခဲ့တာမဟုတ်ဘူး။ အဖေနဲ့အမေက သူဌေးကြီးတွေမဟုတ်ပေမယ့် တော်တော် ချောင်လည်ခဲ့တယ်။ လိုလေသေးမရှိ ဘမောင်ကို ထားနိုင်ခဲ့တယ်။ တစ်ဦးတည်းသောသားဆိုတော့ ဖူးဖူးမှုတ်ပဲ၊ ပြည်သူပိုင်မသိမ်းခင်က စိန်ဂွန်းလိုကျောင်းမျိုးမှာထားခဲ့တာ။ အဲဒီတုန်းက ကျောင်းအိပ်ကျောင်းစားဆိုတော့ ဘမောင်မပျက်စီးသေးဘူး။ ပြည်သူပိုင်သိမ်းလို့ ကျောင်းတော့လည်းပြောင်းရော။ ဒီဘဝလိုဖန်လာဖို့ အလယ်တန်းကျောင်းသားဘဝမှာ ကျောင်းစပြေးဖြစ်ခဲ့တယ်။ အဖေ-အမေရှိရင်ဘဝသက်လုံး အေးအေးလူလူရှိလိမ့်မယ်လို့ အတွေးတိမ်ခဲ့တယ်။ ပညာ တစ်ပိုင်းတစ်စနဲ့ မိန်းမယူလိုက်တော့ ဘမောင်ဆယ်တန်းမအောင်တော့ဘူး။ ပညာမဲ့လို့ မတွေးတတ်၊ မမြင်တတ် ဘမောင်ဘဝဟာ တစ်သက်လုံးအတိုင်းအတာနဲ့ ပေးဆပ်နေရတယ် ဆိုပါတော့။ ပညာ မပြည့်စုံခဲ့တော့ အတွေးနဲ့အသိက မပီပြင်တော့ဘူး။ ရှေ့သိပ်မကြည့်တတ်တဲ့ ဘမောင်ဟာ ကလေးနှစ်ယောက်မွေးအပြီးမှာ အဖေရော၊ အမေရော ရှေ့ဆင့်နောက်ဆင့် ဆုံးသွားကြတယ်။

ကျန်ခဲ့တဲ့စီးပွားရေး ဘယ်လိုလုပ်ရမှန်းမသိတဲ့ ဘမောင်၊ အဖေတို့ဆုံးပြီး သုံးနှစ်အတွင်းမှာ အိမ်ရောင်းလိုက်ရတယ်။ ကလေးက နောက်နှစ်ယောက်ထပ်ထွက်နေပြီ။ ဒါကြောင့် တတ်သိ သူကြီးတွေက ပြောကြတာ၊ စီးပွားဖြစ်ဖို့ ခက်တယ်တဲ့ အဲဒီစီးပွားရေးကို ထိန်းနိုင်ဖို့က ပိုခက်တယ်တဲ့။ ပညာခေတ်မှာ ဘမောင်နဲ့ ပညာအားက သံချေးတွေ အလိမ်းလိမ်းတက်ပြီး ခုတ်မရဘူး။ ယောက်လောက်ကလေးမွေးအပြီးမှာ ဘမောင်တို့ဘဝဟာ ဒု ပိုင်း တဲစုတ်ဘဝကို ရောက်သွားတော့တာပဲ။ ကိုယ့်အသိ င်းတော့ ကိုယ်ကလေးကိုလည်း ထိထိရောက်ရောက်မသင်နိုင်၊

www.burmeseclassic.com

www.burmeseclassic.com



ဥက္ကာမပြည့်တော့လည်း ဩဇာကမညောင်း၊ အရွယ်ကရလာတော့ ခိတ်ဓာတ်ပိုင်းကြွခိုင်မှုကလည်း ချည့်နဲ့လာပြီ။ တစ်ခါတစ်ခါ ကိုယ်ငယ်ငယ်က ကားစီးခဲ့တာအမှတ်ရပြီး ကိုယ့်သားသမီးတွေကိုလည်း စီးစေချင်တယ်။ မိဘဆိုတာ သားသမီးအပေါ် ချစ်တာချင်းတွေတူပေမယ့် ပညာအခြေခံပြီး အသိပေးနိုင်တာချင်းမတူပါလားဆိုပြီး ဘမောင် ယူကျုံးမရဖြစ်မိတယ်။ အတိတ်ကို လွမ်းပြနေတာမဟုတ်ပါဘူး။ ဘဝနဲ့ရင်းပြီး ရတဲ့ သင်ခန်းစာကို ကြည်ဖြူစွာ လက်ခံနေခြင်းပါ။

ကိုယ် အသုံးမကျခဲ့တော့ သားသမီးအပေါ်လည်း အထောက်အပံ့က ပြည့်စုံအောင် မပေးနိုင်တော့ဘူး။ တချို့အမွေတွေက ပေးဆပ်ရခြင်းနည်းပေမယ့် တချို့အမွေတွေက ဘဝနဲ့ချီပြီးပေးဆပ်ရတာမျိုးဆိုတာ ဘမောင် အသက်ရလာမှ သိရတာ။ တစိမ့်စိမ့်ခါးတဲ့အရသာမျိုး၊ ဝါးလေခါးလေ။ သကာလောင်းရင်တောင်မှ မပျောက်နိုင်လောက်တဲ့အခါးမျိုး။

'မြေနိမ့် လှံစိုက်' တဲ့၊ 'ကံဆိုး မိုးရွာ' တဲ့၊ ငယ်ငယ်က အမှတ်မဲ့ သူများပြောတဲ့ အဲဒီစကားတွေရဲ့ အရသာကို ဘမောင် အခု ထဲထဲဝင်ဝင်ခံစားတတ်နေပြီ။ ပြီးတော့ရှိသေးတယ်။ 'တူသော အကျိုးပေး' တဲ့။ လောကကြီး အတော်ဆန်းကျယ်တာ ဘမောင်ယုံနေရပြီ။ ကိုယ့်အလှည့်ကျတော့ နွဲ့လို့လည်းမရတော့ဘူး။ ဖူးဖူးမှုတ် တစ်ဦးတည်းသားကို ချစ်လိုက်ရတဲ့ အဖေနဲ့အမေဟာ ဘမောင်ကြောင့် စိတ်သိပ်ချမ်းသာရာရတယ်လို့ မကြားမိခဲ့ဘူး။ ပညာတစ်ပိုင်းတစ်စနဲ့ မိန်းမလွယ်လွယ်ယူပစ်တဲ့ ဘမောင်စိတ်ကြောင့် အမေအိပ်ရာထဲလဲဖူးခဲ့တယ်။ အသိနည်းသူရဲ့မိန်းမက အသိဘယ်ကြွယ်ဝမှာတဲ့တုံး။ ကျုပ်မိန်းမက ငယ်ငယ်တုန်းက ကျုပ်ချွေးမအတိုင်းပဲ၊ အဲသလောက်တော့ မရိုင်းဘူးပေါ့။ မကျေနပ်ရင် လူကြီးလူငယ်မသိ ခြေဆောင့်တာကလွဲလို့ ဟင်းအိုး ခြေနဲ့တော့မကန်ခဲ့ဘူး။ ကလေးနှစ်ယောက်မွေးပြီး အသိလေးနည်းနည်းငြိမ်သွားတယ်။

'တူသော အကျိုးပေး' ဆိုတာကို စဉ်းစားမိတိုင်း ဘမောင်ကြက်သီးတဖျန်းဖျန်းထရတယ်။ ရင်ထဲမှာလည်း ခံစားရတယ်။ ဘယ်အတိုင်းအတာအထိများ အကျိုးဆက်လိုက်နေဦးမှာလဲ လို့လည်း တွေးမိတယ်။ ဆုတ်မရ၊ နုတ်မရ၊ ပြင်မရဆိုတာမျိုးလို့ ထင်တာပဲ။

"ဟေး . . . မခိုင်ရေ . . . ကိုယ်ပြန်လာပြီ"

သားလတ် အိမ်ထဲပြေးအဝင်နဲ့အတူ ပါလာတဲ့အသံပါ။ ကျုပ်ဆိုတဲ့ဘမောင် အိပ်မက်တစ်ခုက လန့်နိုးလာသလိုပဲ. . . ။ ကျုပ် ဘာကို ဘယ်လို ပြောရမှာလဲ။



■

www.burmeseclassic.com